

# ဂမ္ဘီရဆန်းကြယ်

ဝတ္ထုများ

မြွေလူသား၏ကျိန်စာ

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပဉ္စ ဂုဏံ အဟံ ဝန္ဒာမိ

ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ - မြွေလူသား၏ကျိန်စာ

| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၃၇၀၀၅၁၁ |
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၉၈၈၀၅၀၈ |
| ထုတ်ဝေခြင်း | - ပထမအကြိမ်၊<br>၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၆၅၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဒေါ်မြင့်မြင့်တင်<br>(မြင့်သီဂီပုံနှိပ်တိုက်)<br>အမှတ် (၂၀၈)၊ လမ်း -၃၀၊<br>ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - ဦးလှနိုင် (မြိတ်စာပေ)<br>အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)<br>အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။ |
| စီစဉ်သူ | - ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | ထွန်းဦးစာပေ (မန္တလေး) |


# ဂမ္ဘီရဆန်းကြယ်

## ဝတ္ထုများ

---

# မြွေလူသား၏ ကျိန်စာ

## မာတိကာ

## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ
## မြေလူသား၏ကျိန်စာ


| | | |
|---|---|---|
| ၁။ | မောင်မောင် (မြန်မာပြည်) | လျှို့ဝှက်ဂျပန်ရတနာသိုက် |
| ၂။ | အောင်သင်းမိုး | ရေနှစ်လေသူ |
| ၃။ | ထိန်းထက်ဇော် | ပင်လယ်စုန်၏ကျော့ကွင်း |
| ၄။ | ဝင်းဆွေ | သစ်ခွမာယာ |
| ၅။ | မြရှုန်းသက် | ဘိုမနှင့် မြူမ |
| ၆။ | မောင်မြင့်မား (ဘိုကလေး) | တောအ၏လျှို့ဝှက်ချက်နှင့် မုဆိုး၏စရိုက် |
| ၇။ | ဝင်းဆွေမြိုက် | မြေလူသား၏ကျိန်စာ |
| ၈။ | ရွှေနီ (ချစ်ကြည့်မြေ) | သာကျင်ပဲ့သာနှင့် ဂမုန်းပုံသေမြစ် |
| ၉။ | သီဟထိပ်ဆင်စော | ဂမ္ဘီရနှာရိုလေး |
| ၁၀။ | ဖေ့ဘိုးမောင်မောင် | သုံးဘဝ ဝဋ်ကြွေး |



ပြဟာဘလေ

အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။
ဖုန်း-၇၀၄၄၉၀



မောင်မောင် (မြန်မာပြည်)

# လျှို့ဝှက်ဂျပန်ရတနာသိုက်

သည်ကိစ္စသည် ဖြစ်ရိုးထုံးငံမဟုတ်ပေ။ သို့သော် သားလေးစကားစပြောတတ်သည်နှင့်အဖေ၊ အမေဟု မခေါ်သေးပဲ ၊မပီကလာနဲ့ ဂျပန်တွေကော၊ ထွေးမောင်တွေကောဆို၏။ သားလေးပုံစံကလည်း မကျေမချမ်းဖြစ်လေဟန် မျက်မှောင်ကုပ်ကာငို၏။

မမယ်ခလည်း အထိတ်တလန့်ဖြစ်မိကာ. . .။

"တော့. . . ကိုစံပ"

"ဘာတုန်းကွာ"

"သားလေးအဖြစ်က မရိုးဘူးထင်တယ်တော်"

"အေးကွ. . ငါလည်း ထင်မိပါရဲ. . . ရှင်မ"

"ဘဘုန်းထံ ခေါ်သွားပြချင်တယ်တော်"

"ဟုတ်တာပ၊ ဘဘုန်းကအတတ်သိတာပဲဟ၊ သွားကြမယ်"

"ဟ. . မလာစဖူး စံပနှင့်မယ်ခတို့ပါလား၊ မင်းတို့ရဲ့သားဖိုးစံ

ထူးကိစ္စပဲထင်ပ"

"ဘဘုန်းဘယ်လိုလုပ်သိသလဲဘုရား"

"အိမ်း! မင်းတို့က အမှတ်မထင်ပဲ နေကြတာကိုးကွယ့်၊ ဒီကလေးမွေးတုန်းက ငါ့ဆီခေါ်လာပြီး နာမည်မှည့်ခိုင်းတုန်းကတည်းက ငါသတိထားမိခဲ့တယ်၊ သူ့ရဲ့ ကျောကုန်းပေါ်မှာ အမှတ်မည်း အဝိုင်းကြီးပါလာကတည်းကပေါ့"

"အဲတော့. . ဟုတ်တာပေါ့တော့်"

"အေး. . အဲဒီဟာတွေမြင်ကတည်းက ဘဘုန်းရင်ထိတ်သွားမိတယ်"

"ကျွန်မတို့သားလေး အပမှီတာလား ဘဘုန်းရယ်"

"ဟဲ့. . ဒကာမမယ်ခ၊ တလွဲမတွေးလေနဲ့၊ အခု နင်တို့သားလေးက ဘာဖြစ်နေလို့တုန်းကွယ့်"

"သားလေးစကားစပြောလာတော့ အဖေတို့၊ အမေတို့ မပီကလာ မဆိုပဲ ဂျပန်တွေကော၊ ထွေး
တွေကော ပြောတော့တာဘဘု
မျက်မှောင်ကုပ်နေလိုက်တာမျ
ကြီးလေးကျနေတာပဲဘုရား"

"အိမ်း. . အိမ်း၊ ငါတွေး
တာ မှန်နေပါကလား"

"ဘယ်လိုဖြစ်လို့ပါလဲဘု

"အင်း. . မင်းတို့ကလေ
သာမန်လူမဟုတ်ဘူး၊ သူဟာ လူ
စားပဲကွယ့်၊ စစ်ကြီးပြီးတာမှ
ကြာသေးလို့တုန်း၊ အဲဒီတုန်းက
ခဲ့လို့ ဂျပန်တို့၊ ဘာတို့သူပြောနေ
ပဲ၊ အပအမှောက်ပယောဂတော့
ဟုတ်ပေဘူးကွယ့်"

"ဟာ. . ဟုတ်ပါရဲ့ ကိုစ
ကျုပ်တော်. . သားလေးနေ့စေ့လ
ကြီး မွေးခါနီးမှာ လူတစ်ယောက်
နောက်ကျောဘက်က သွေးသံရဲရဲ
ကျုပ်တို့ဆီမှာ နေပါရစေလို့ပြော
ခွင့်တောင်းတယ်တော့၊ ကျုပ်လည်

"ဒကာမလေးက နေခွင့်
ခဲ့တယ်မဟုတ်လား"





"မှန်ပါ့. . ဘဘုန်းရဲ့"

"အိမ်း. . အဲဒါပဲ၊ မင်းတို့
က လူဝင်စားပါပဲ၊ ဘာမှတော့
ပေဘူး၊ ငါမှာချင်တာက သူ့ကို
မှ မကျွေးလေနဲ့ဟုတ်လား၊ စ
တော်တော် ပြောတတ်လာရင်
ပြန်ခေါ်ခဲ့၊ အခုတော့ ခေါ်သွား
တော့၊ ဘာမှမဖြစ်ဘူး၊ သွားကြ
တော့"

မောင်ဖိုးစံထူးလေးသည်
ကလာပီကလာ စကားဆိုတတ်
ခဲ့၏။ တစ်ခါတစ်ရံတော့ ဂျပန်
း ထွေးမောင်တွေ၊ သတ်မယ်ဟု
တတ်၏။ ကလေးစိတ်ဝင်နေပါက
မေတို့ အဘတို့ခေါ်ပေသည်။ ဘ
န်းမှာသည့်အတိုင်း ကြက်ဥ၊ ဘဲဥ
အစ မကျွေးခဲ့ပေ။ ဘဘုန်းက
ားစံထူးရဲ့ အတိတ်ဘဝကို သိချင်
နေခဲ့၏။

နောက်(၆)လကြာသည့်အ
တွင်တော့ သားလေးစံထူးက သူ
အတိတ်ဘဝအကြောင်းကို လူသူမရှိသည့်အခါမှ ပြောဆိုတတ်၏။ ဘဘုန်းထံ ခေါ်သွားပြရပြန်သည်။ ဘဘုန်းက သားလေးစံထူးအား သူ၏အခန်းထဲသို့ ခေါ်သွားခဲ့ပြီး. . ။

"ကဲ. . စံပန်နှင့်မယ်ခတို့ နင်တို့သားကို ထားခဲ့ဦး၊ တော်ကြာမှ လာခေါ်လှည့်ဟုတ်လား"

"မှန်ပါ့ဘုရား"

အရှင်ဦးဝိစာရသည် လူဝင်စားသူငယ်လေးစံထူးအား သူ့အခန်းထဲသို့ခေါ်ကာ ထန်းလျက်၊ ငှက်ပျောသီးများချကျွေး၏။ သူငယ်၏ မျက်နှာအရိပ်အကဲခတ်ကာကြည့်၏။ ကလေးငယ်ကလေးလိုမစားပဲ လူကြီးအသွင်အိန္ဒြေရစွာ စားသောက်ကာ ရေနွေးကြမ်းပင် ငုံ့သောက်နေ၏။ ထိုအခါမှ. . ။

"မင်းက ဘယ်သူတုန်း"

"မှန်ပါ့. . တပည့်တော်က ထွေးမောင်ပါ ဘုရား"

"အိမ်း. . ဒကာထွေးမောင်၊ မင်းဟာ အခုလူဝင်စားအဖြစ်နဲ့ လူ့

ဘဝကို ပြန်ရောက်ခဲ့ပြီကွယ်၊ ဒါဟာ ကုသိုလ်ကံထူးလို့မှတ်ပေါ့၊ အတိတ်ဘဝနာကျည်းချက်တွေကို မေ့ထားလိုက်တော့ဟုတ်လား"

"မှန်ပါ့ဘုရား. . . တပည့်တော် နာကျည်းချက် မထားလိုပါ၊ သို့သော် တပည့်တော်တို့ (၁၀)နှစ်ကြာမှာပြန်ဆုံပြီး ဂျပန်ငပုတွေမြုပ်ခဲ့တဲ့ ရတနာတွေတူးဖော်ဖို့ ကဘိစကား ထားခဲ့တယ်ဘုရား"

"အေးလေ. . အဲဒါတွေက မင်းရဲ့ အတိတ်ဘဝက အကြောင်းတွေပဲကွယ်၊ မေ့ပစ်လိုက်ပါတော့"

"တပည့်တော် မေ့လို့မဖြစ်သေးဘူးဘုရား၊ ဒီရတနာတွေကိုတူးဖော်ပြီး နိုင်ငံတော်အတွက် လှူဒါန်းချင်လို့ပါဘုရား၊ ကိုယ်ကျိုးသုံးစွဲဖို့မဟုတ်ပါဘူးဘုရား"

"အိမ်း. . သာဓု. . သာဓု သာဓု"

"နို့. . ဘဘုန်းကို မင်းရဲ့ အတိတ်ဘဝအကြောင်း ပြောပြပါလားကွယ်"

"မှန်ပါ့ဘုရား"

x x x

ဂျပန်စစ်သုံ့ပန်း

ထွေးမောင်၊ သိန်းအောင် ဘပု၊ တင်ရွှေ မိုးလုံးတို့သည် တော်လှန်ရေးသားများ ဖြစ်ကြပြီး ဂျပ တော်လှန်ရေးရဲဘော်များဖြစ်ကြ၏ သူတို့သည် မျိုးချစ်မြန်မာတော်လှ ရေးတပ်သားများမှ ဂျပန်များ တော်လှန်ရန် မြန်မာပြည်အလယ် ပိုင်း တောင်ငူခရိုင်ဘက်၌ ပျောက် ကျားရဲဘော်များအဖြစ် တာဝန်ပေး အပ်ခြင်းခံခဲ့ရ၏။

သစ္စာဖောက်ပုဆိန်ရိုးအချို့ ကြောင့် ဂျပန်တို့ဖမ်းဆီးခြင်းကိုခံကြ ရ၏။ တော်လှန်ရေးကာလအတွင်း ဖြစ်၍ နိုင်ငံတဝှမ်း တိုက်ပွဲများဖြစ်ပွားလျက်ရှိ၏။ ထွေးမောင်တို့သုံ့ပန်း



များအား သံဖြူဇရပ် မီးရထားလမ်း ဆောက်ရန် ချွေးတပ်စခန်းသို့ပို့မည်။ သတ်ပဲထားစဉ် ဂျပန်များစစ်ရှုံးစ ၏။

ဂျပန်ဗိုလ်က ဆုတ်ခွာရန် ဥသည်။ ထွေးမောင်တို့စစ်သုံ့ပန်းများအား လေးလံသော သေတ္တာကြီးများငါးလုံးနဲ့ အငယ်နှစ်လုံးထမ်းခိုင်းခဲ့၏။ သူတို့သုံ့ပန်းများ အယောက် (၁၇)ဦးပါ၏။ သူတို့အား ဂျပန်ကင် တိုင်စခန်းမှ နံနက်စောစော (၃) နာရီခန့်တွင် ထိုသေတ္တာကြီးများကို ဖြင့်လျှိုကာထမ်းစေခဲ့၏။

ဂျပန်စစ်သား အင်အား (၁၂)ဦးနဲ့ဗိုလ်ကဂျူကီးပါခဲ့၏။ မီး တ်မထွန်းပဲ ဓာတ်မီးရောင်ထိုးတ ည့်ဖြင့် သူတို့မရပ်မနား သွားကြ င်း နံနက်မိုးသောက် အာရုံရောက် မှ အလယ်ရိုးမ တောင်တန်းများ ဆီ သူတို့တက်ရောက်နေကြရ င်း သိရတော့သည်။ ဂျပန်ဗိုလ်က ခေတ်မိစက္ကူချပ်ပေါ်တွင် မှတ်သားရင်း လိုက်ပါလာခဲ့၏။

ဂျပန်တို့သည် စစ်ရှုံးစပြုကာ ဆုတ်ခွာရတော့မည်မို့ သူတို့ယူဆောင်မသွားနိုင်သည့် ပစ္စည်းများကို လျှို့ဝှက်မြုပ်နှံရန် လာခြင်းဟု ကျွန်ုပ်တို့တွေးဆကြ၏။ ကျွန်ုပ်တို့ငါးဦး တီးတိုးတိုင်ပင်ကြရင်း ခေတ္တအနားယူချိန်စားသောက်ချိန်တွင် တိုင်ပင်ရင်း သတိမပြတ် ကျွန်ုပ်တို့ ဂျပန်တို့၏လှုပ်ရှားမှုကို စောင့်ကြည့်ကြရ၏။

ဂျပန်များက လျှိုမြောင်အသွယ်သွယ်ကိုဖြတ်ကာ တောင်ကမ်းပါးတစ်ခုအရောက်တွင် နားစေခဲ့၏။ ဂျပန်နှစ်ယောက်က ကြိုးဖြင့်တွယ်ဆင်းကာ တောင်ကမ်းပါးအခြေအနေကို လေ့လာပြီး သေတ္တာများဖွက်ရန်နေရာကိုရှာကြသည်။ ပြီးသော် ကျွန်ုပ်တို့သုံ့ပန်းလေးယောက်ကို ကြိုးဖြင့်တွယ်ကာ တောင်ကမ်းပါးအား ပေါက်ဆူးချွန်ဖြင့် တူးခိုင်းခဲ့၏။

ထိုသို့ လူလေးယောက်(၃)

နာရီတစ်ဆိုင်းဆိုင်းကာ ဂူပေါက်ဖြစ်
ရန်တူးကြရင်း ပင်ပန်းလှပေမယ့် မ
တတ်သာ၍ ကြိတ်မှိတ်ကာ တူးဆွ
ကြရပေ၏။ နေဝင်သွားချိန်ရောက်
မှ ပါလာသည့် ရိက္ခာများကို ချက်
ပြုတ်စားသောက်ကာ နားခွင့်ရကြ
၏။ ကျွန်ုပ်တို့သုံ့ပန်းများကို နောက်
ပြန်ကြိုးတုတ်ကာ အိပ်စက်နေခဲ့၏။
ကြိုးရှည်ကြီးဖြင့် ဆက်တုတ်နှောင်
ထားသဖြင့် တစ်ယောက်ထလိုက်ပါ
က အားလုံးနိုးကုန်၏။

ဂျပန်တို့က နှစ်ယောက်ကျ
လက်နက်ကိုင်ကာ (၂)နာရီကျကင်း
စောင့်ကြ၏။ ကျွန်ုပ်တို့လည်း မပြေး
သာသေးသည်မို့ နိုးတစ်ဝက်ဖြင့် နံ
နက်မိုးသောက်သွားခဲ့၏။ ဆက်၍
ဂူတွင်းကို တူးဆွကြရပြန်သည်။ ဂူ
ပေါက်အဖြစ် ကိုက်(၁၅၀)မျှပင်တူး
ဆွခဲ့ရသည်။ (၃)ရက်ကြမှာပြီး၏။

ပြီးပြန်သောအခါတွင်တော့
အောက်ဂူဝတွင် တစ်ဆိုင်းစောင့်ပြီး
အပေါ်ဆိုင်းက သေတ္တာများကိုကြိုး
ဖြင့်ဖြည်းဖြည်းချင်း လျှောချကြရပြ
၏။ သေတ္တာများအားလုံး ရောက်
သောအခါ ဂူပေါက်ဝကို ပြန်ဖို့ကြ
ပြန်သည်။ ဂူဖို့ရာတွင် ဂျပန်ဗိုလ်
ဒိုင်းနမိုက် ယမ်းထုပ်များပါ မြှု
ထားခဲ့၏။ သူတစ်ယောက်သာ ဖေ
နိုင်မည်ဖြစ်၏။

ကျွန်ုပ်တို့အား အပေါ်
ပြန်တက်စေခဲ့၏။ ထိုအချိန်သည်
ခွင့်အခါကောင်းပေည်း။ ဂျပန်ဗို
နှင့်အချို့က ဂူတွင်အလုပ်ရှုပ်က
ခဲ့ပြီး တောင်ပေါ်၌ ငပု(၄)ယော
သာရှိခဲ့၏။ ကျွန်ုပ်တို့အားလုံးအပေ
ရောက်သည်နှင့် ကျွန်ုပ်တို့အားလ
ငပုအစောင့်စစ်သားများကို ဝင်ပြ
လုံးထွေးသတ်ပုတ်ကြပါတော့သည်
ကံဆိုးချင်တော့ ငပုတစ်ကောင်၏
သေနတ်သံကြောင့် ဂူတွင်းတွင်ရှိနေ
သော ငပုများကြိုးဖြင့်တွယ်တက်လာ
ကြတော့သည်။ ကျွန်ုပ်တို့အမှားပင်
တည်း။ အမှန်က တောင်တက်ကြိုး
တန်းကို ဖြတ်ပစ်ရမည်ဖြစ်၏။ အခ





တော့ ထိုအမှားကြောင့် ကျွန်ုပ်တို့မှာ
နှောင်ကြိုးတန်းလန်းနဲ့ ပြေးကြရ၏။

ပုန်းကွယ်ရင်း နှောင်ကြိုး
ကို ဖြေကြရ၏။ ကျွန်ုပ်တို့ရွာသားငါး
ဦးစလုံး အတူတကွ ပြေးခဲ့ကြသည်။
ကျွန်ုပ်တို့ နောက်မှ ဂျပန်စစ်သား
များနဲ့ ဂျပန်ဗိုလ်ပါ လိုက်လာခဲ့ကြ
ကြောင်းသိရသဖြင့် မနားတမ်းခြေ
ကုန်သုတ် ပြေးကြရတော့သည်။ ဂျ
ပန်စစ်သားထံမှ ရိုင်ဖယ်သေနတ်
တစ်လက်နှင့်ဓားတစ်ချောင်းလုလာ
ခဲ့သဖြင့် ခုခံရန်ဖြစ်သော်လည်းပဲ
ကျည်တစ်တောင့်သာထိုးထားသဖြင့်
အခြေအနေက မပေးသေးပေ။

ဆက်လက်ပြေးနေပါက မ
လွယ်ပေ။ သို့ဖြင့် ကျွန်ုပ်တို့လိုက်ပါ
လာသော ဂျပန်ငပုများကို ပုန်းပြီး
ချုံခိုကာတိုက်ခိုက်ရန်ပြင်ကြရတော
၏။ ဂျပန်ဓားက အသုံးဝင်လှသည်။
သိန်းအောင်နှင့်ဘပုတို့က အမဲလိုက်
မုဆိုးလုပ်ခဲ့သူများမို့ နွယ်ကြိုးများ
ဖြင့် ကိုင်းထောင်ကြ၏။ ဝါးလုံးများ
အား ဓားဖြင့်ခုတ်ကာ ဝါးချွန်ညှောင့်
ထောင်ချောက်များကြောင့် ဂျပန်နှစ်
ယောက် ကျသွားခဲ့၏။ ဂျပန်တို့က
သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကျွန်ုပ်
တို့ဘက်မှလည်း ဘပုနှင့်တင်ရွှေအ
သက်ပေးခဲ့ရ၏။

ကျွန်ုပ်တို့လည်း ဂျပန်ငပု
တို့ကို အမှည့်ချွေတိုက်ခိုက်ရင်း ပြေး
လွှားခဲ့ကြရ၏။ ဂျပန်တို့သုံးယောက်
သာကျန်ရစ်တော့၏။ မိုးလုံးမှာ ခြေ
သလုံးသေနတ်မှန်ခံရသဖြင့် ခြေတ
ဖက်ဒရွတ်တိုက်ကာပြေးရင်း ကျွန်ုပ်
မှာ သူ့အားတွဲကာ ခေါ်ဆောင်နေရ
တော့၏။

သိန်းအောင်က ရိုင်ဖယ်သေ
နတ်ကိုင်ကာ နောက်ရန်သူကို ကာ
ကွယ်ကာ လိုက်ပါလာခဲ့၏။ ဂျပန်
ဗိုလ်နှင့်ကျွန်ုပ်တို့ ရင်ဆိုင်မိတော့၏။
ဂျပန်ဗိုလ်မှာ ကင်ဒိုဓားသိုင်းတတ်
သူပါပေ။ ကျွန်ုပ်အား ခြောက်လုံးပြူး
ဖြင့် နောက်ကျောအားမှန်သွားခဲ့၍
ကျွန်ုပ်မှာ လဲကျသွားခဲ့သည်။

သိန်းအောင်ကလည်း ခေ
သူမဟုတ်ပါပေ။ မြွေဟောက်သိန်း
အောင်ဟု မြန်မာ့လက်ဝှေ့လောက
တွင် ကျော်ကြားခဲ့သူပါပေ။ ဂျပန်
ဗိုလ်နှင့်သိန်းအောင်တို့ပွဲမှာ ညီ၍
ကြည့်ကောင်းလှ၏။ ဂျပန်ဗိုလ်မှာ
လည်း ဓားခုတ်၊ ဓားသိမ်းကျွမ်းကျင်
လှသလို သိန်းအောင်ကလည်း ခုန်
ပျံလွှားကာ ရှောင်တိမ်းနေရ၏။

ခြေထောက်ဒဏ်ရာရထား
သော မိုးလုံးက အောက်မှနေ ဓား
ဖြင့် ဂျပန်ဗိုလ်၏ခြေအစုံကို ပိုင်းချ
လိုက်၏။ ထိုအချိန်နဲ့အံကိုက် သိန်း
အောင်ကခုန်ကာ ဒူးပျံဖြင့် ဂျပန်
မေးရိုးအား တိုက်ချလိုက်ပေသည်။
ပွဲသိမ်းဖို့ အရေးကြီး၏။ ဂျပန်ဗိုလ်
မှာ မတတ်နိုင်ပါတော့ချေ။ ထိုစဉ်
ကျွန် ဂျပန်စစ်သား နှစ်ယောက်က
ရောက်လာပြန်ရာ ကျွန်ုပ်က ဂျပန်
စစ်ဗိုလ်ခါးမှ ခြောက်လုံးပြူးဖြင့်ပစ်
ချလိုက်ရ၏။

ကျွန်ုပ်အား သိန်းအောင်က
ကျောကုန်းမှဒဏ်ရာအား စည်းချ
ပေးခဲ့၏။ ဂျပန်ဗိုလ်ထံမှ ရခဲ့သေ
မြေပုံညွှန်းအား သုံးပိုင်းပိုင်းပြီး တ
ယောက်စီ ခွဲဝေယူထားပြီး နောက်
(၁၀)နှစ်ကြာမှ ပြန်ဆုံကြရန် က
ပြုကြ၏။ ကျွန်ုပ်တို့သုံးယောက် မ
ဘုံရွာကလေးသို့ ရောက်ခဲ့၏။ ထိုရွ
ကလေးမှာ ကရင်တိုင်းရင်းသားရွ
လေးဖြစ်၏။ ရိုးမတောင်ခြေတွင်
၏။

မိုးလုံးမှာ ဆက်မလိုက်ပဲ
ရွာတွင်နေရစ်ခဲ့၏။ ကျွန်ုပ်မှာတော
ကျောကုန်းမှ သေနတ်ဒဏ်ရာအာ
ခွဲစိတ်ရမည်မို့ သိန်းအောင်နှင့်အတ
ဆက်လိုက်ပါလာခဲ့ရင်း သွေးများက
မတိတ်နိုင်ပဲ ဒဏ်ရာမှ တစိမ့်စိမ့်
ထွက်ကာနေ၏။ သိန်းအောင်သည်
ကျွန်ုပ်၏အဖြစ်ကိုကြည့်ကာ မဟာ
တော့မှန်းသိ၏။

ကျွန်ုပ်အား သူ့လက်ထဲမှ
ဂျပန်ဓားဖြင့် ကျွန်ုပ်အားထိုးခုလိုက်
ပြီး. . . ။





"မင်းက သေလူမို့ ငါကစေ
ဒနာမခံစားရအောင် ဖြတ်လမ်းက
နေ ပို့ပေးတာပါကွာ၊ ဟား. . ဟား"

ကျွန်ုပ်မှာ နာကျည်းလွန်း
၍ အံကြိတ်မိ၏။

"မင်းက. . မင်း. . . "

"မင်းရဲ့ မြေပုံညွှန်းကို ငါ
ယူသွားပြီ ထွေးမောင်၊ မင်းအတွက်
အသုံးမဝင်တော့ဘူးမဟုတ်လားကွ၊
ဟား. . ဟား. . ဟား"

ကျွန်ုပ်လည်း မျက်လုံးများ
ပြာဝေကာ အမှောင်ထုလွှမ်းသွားပါ
တော့သည်။

× × ×

"အိမ်း. . လူလေးရဲ့ အဖြစ်
က ရင်နင့်စရာပါကလား"

"မှန်ပါ့ဘုရား. . . တပည့်
တော် လူဝင်စား ဖြစ်လာရခြင်းက
လူယုတ်မာကိုဖော်ထုတ်ပြီး ရတနာ
သိုက်ကို နိုင်ငံတော်အတွက်အပ်နှံဖို့
ပါပဲ. . ဘဘုန်းဘုရား"

"သာဓု သာဓု သာဓု၊ သို့ပေ
မယ့် လူလေးက ထွေးမောင်မဟုတ်
တော့ဘူးကွယ့်၊ အခုမှ အသက်(၄)၊
နှစ်သာသာရှိသေးတယ်ဆိုတော့. .
အင်း. . ရင်ဆိုင်ဖို့ တစ်ခုခုတော့လုပ်
ရမှာပဲကွယ်၊ ကဲ. . ကဲ. . နောက်မှ
စီစဉ်ကြသေးတာပေါ့"

ထိုအကြောင်းများအား ဘု
ဘုန်းနှင့်လူဝင်စားကလေးဖိုးစံထူးတို့
သာ သိကြ၏။ စံထူးလေးက အရင်း
မိဘများပင် ဖွင့်ဟမပြောခဲ့ပါပေ။
လူကို့သည် လောဘ၊ မောဟ၊ ဒေါသ
တရား မကင်းနိုင်ကြပေ။ ဖောက်
ပြန်တတ်ကြ၏။ မိမိအတိတ်က အ
ဖြစ်ပင် သွေးသောက်ညီအစ်ကိုလို
လက်တွဲခဲ့ကြသူက လောဘစိတ်ဖြင့်
မိမိအပေါ် ရက်စက်ခဲ့သေးသည်ပဲ။

ဘဘုန်းနှင့်လူဝင်စား ဖိုးစံ
ထူးတို့ကတိုင်ပင်ကာ သက်ဆိုင်ရာ
အဖွဲ့အစည်းသို့ အကြောင်းကြားခဲ့
၏။ ထိုအမှုကား စီအိုင်ဒီရုံးသို့ရောက်

ရှိလာခဲ့ပေသည်။ ရဲမှူးက အိုင်အို မောင်မောင်အားခေါ်ယူကာ ထိုအမှုအား ဖော်ထုတ်စေခဲ့၏။ သို့နှင့်ပဲ မောင်မောင်သည် ထွေးမောင်လူဝင်စားကလေး ဖိုးစံထူးတို့ထံရောက်ရှိလာခဲ့ရတော့သည်။

(၁၀)နှစ်ဆိုသည့်အချိန်က မဝေးတော့ပေ။ ဖိုးစံထူးပင် (၇)နှစ်အရွယ်ရှိလာပြီဖြစ်၏။ မောင်မောင်ရောက်လာသည်နှင့်မိုးလုံးနေထိုင်ရစ်ခဲ့သော ရတနာသိုက်၏ လမ်းဝဖြစ်သော မယ်ဘုံရွာသို့ မောင်မောင်နှင့် ဖိုးစံထူးတို့ ထွက်ခွာလာခဲ့ကြ၏။

မယ်ဘုံရွာကလေးကို သိသူနည်းပါးလှ၏။ ဖြူးက ညွတ်ကွင်းကြားရှိ ညောင်ပင်သာရွာရောက်မှ လမ်းစရခဲ့၏။ ထိုမှတစ်ဆင့် တောင်ခြေသို့ရောက်အောင် ခရီးဆက်ကြရပြန်တော့သည်။

x x x

ကျုပ်က မိုးလုံး။ ဒုက္ခိတပါ။ မယ်ဘုံရွာကလေးမှာ ကျုပ်ချမ်းသာမည့်အချိန်ကို စောင့်နေသည်။ မင်းမှာသစ္စာ၊ လူမှာကတိဟုဆို၏။ ကျုပ်က ကတိစကားအတိုင်း (၁၀)နှစ်ဆိုသည့်အချိန်ကို ဖြတ်သန်းစောင့်နေခဲ့ရသည်။ အချိန်ဆိုတာ နေ့နှင့်ညကိုခေါ်သည်။ နေ့ရက်ကလေးတွေက တည်တန့်မနေ။ တရွေ့ရွေ့ ကုန်ဆုံးသွားကြစမြဲ။ စောင့်ဆိုင်းနေရသည့် အလုပ်က ပင်ပန်းလှ၏။ တစ်ချို့ကလည်း လူမှန်က မျှော်လင့်ခြင်းနှင့် အသက်ရှင်ကြသည်ဆိုပြန်သည်။

## တော်လှန်ရေးတပ်သားမိုးလုံး

လူဆိုတာက အခက်သားပါပဲ။ တော်ရာမှာမနေ။ ပျော်ရာမှာနေကြရ၏။ ကျုပ်ဆိုသည့်မိုးလုံးက မယ်ဘုံရွာသားမဟုတ်ပါဘူး။ မြို့ပြမှာကြီးပြင်းခဲ့တဲ့သူ။ အခုတော့ ကျုပ်မယ်ဘုံရွာသားအဖြစ်သာ သိကြမည်





ဖြစ်သည်။ ကျုပ်က မဖြစ်နိုင်တဲ့အချိန်ကို ပြန်တမ်းတ လွမ်းမောမနေချင်ပေ။ မေ့ပစ်လိုက်၏။ မေ့လိုက်သည်။ အတိတ်ဆိုသည် ပစ္စုပ်ပန်မဟုတ်ပေပဲကိုး။ ဒီနေ့နှင့်မနက်ဖြန်တူသည်မှမဟုတ်ပေပဲ။

အတိတ်ဘဝတုန်းက မြို့သားမိုးလုံးပေါ့။ ကျုပ်မြို့မှာ အထက်တန်းကျောင်းပဲရှိခဲ့တာပါ။ အောင်တော့ ရန်ကုန်မြို့ကိုတက်ပြီးတော့ တက္ကသိုလ်ဆက်တက်ကြရစမြဲပေါ့။ ကျုပ်နှင့်နှင်းနုက ချစ်သူတွေ။ ငယ်ကတည်းက မကွဲမကွာ လက်တွဲဖော်သူငယ်ချင်းဆိုလည်း မမှားဘူးဆိုနိုင်၏။ နှင်းနုက ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်မတက်တော့ချေ။ မြို့လေးမှာပင် ကျောင်းဆရာမဝင်လုပ်ကျန်ရစ်ခဲ့သည်။

တကယ်တော့ တရားခံက စစ်ဟုခေါ်ရမည်။ အေးချမ်းနေတဲ့ ကျုပ်တို့နိုင်ငံကို ကမ္ဘာစစ်မီးက ကူးစက်လာခဲ့၏။ ကျုပ်တို့က မြန်မာလူ

မျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်အ
တွက် လူငယ်တိုင်းက ခုခံကာကွယ်
စောင့်ရှောက်ကြရမည်ဖြစ်၏။ တော်
လှန်ရေးတပ်သား ကျုပ်ဖြစ်လာခဲ့၏။
တိုင်းပြည်အတွက် ကျုပ်သေရမှာမ
ကြောက်တဲ့သူပါ။ အသက်ပေးပြီးကျ
ရာတာဝန်ကို ကျေပွန်အောင်လုပ်ခဲ့
ရသည်။

ဆွေမျိုးမိဘချစ်သူတွေထက်
တိုင်းပြည်အရေးမို့ ကျုပ်အရာရာကို
စွန့်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် သာ
တစ်ယောက်။ အခုတော့ တောတေ
တောင်တွေဖြတ်ကာ တော်လှန်ရေး
တပ်သားအဖြစ်ဆင်နွှဲနေခဲ့ရ၏။ စ
ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်
မိကွဲဖကွဲဖြစ်ကြ၏။ ကျုပ်စိတ်ထဲတွ
မကောင်းလှချေ။ တစ်ဦးနှင့်တစ်ဦ
မုန်းတီးမှုမရှိပါပဲ ဂျပန်တွေနှင့်ကျ
တို့ တိုက်ခိုက်နေကြရသည်။

သူတို့က ကျူးကျော်ရန်စ
တွေ၊ ကျုပ်တို့က ခုခံတွန်းလှန်ကြ
တွေဖြစ်၏။ ကိုယ့်တိုင်းပြည်အတွ

လုပ်ကြရသည်။ ခေတ်အဆက်ဆက်
ကပင် မြန်မာတို့က ကိုယ့်မင်းကိုယ့်
ချင်းနဲ့ နေထိုင်ရစ်တည်ခဲ့၏။ ရန်သူ
ကို ရန်သူလိုပင် ဆက်ဆံရပေလိမ့်
မည်။ မဆက်ဆံလို့လည်းမဖြစ်ပေ။
စစ်ပွဲကာလတည်း။

တောင်ငူခရိုင်ဘက်၌ မိုး
လုံးတို့ ပျောက်ကျားအသွင် စစ်ဆင်
ရေးတာဝန် ထမ်းရွက်ခဲ့ကြရသည်။
သူနှင့်အတူ ထွေးမောင်၊ တင်ရွှေ
သိန်းအောင်၊ ဘပုတို့ သစ္စာဖောက်
တစ်ဦးကြောင့် ဂျပန်များဖမ်းဆီးခံ
ခဲ့ရသည်။ သူတို့အား ချွေးတပ်သား
များအဖြစ် အသုံးချလိုခြင်းကြောင့်
မသတ်ခဲ့ပေ။

သံဖြူဇရပ် မီးရထားလမ်း
ဖောက်လုပ်ရေးချွေးတပ်စခန်းသို့ပို့
ရန်ဆဲဆဲတွင် ဂျပန်များ စစ်ရှုံးစပြု
ခဲ့ပေသည်၊ တိုက်ပွဲများတစ်ပြည်လုံး
ဆင်နွှဲနေသဖြင့် မိုးလုံးတို့သုံ့ပန်းများ
အတွက် ရင်လေးစရာဖြစ်နေတော့
၏။ တိုင်းပြည်ချစ်ဘော်လှန်ရေးသ
မားများမှ သေရပါလျှင်လည်း မွန်
မြတ်လှပေသည်။

ဂျပန်စစ်ဗိုလ် ကာဇူကီးက
သူ၏တပ်စိတ်ဂျပန်စစ်သား(၁၂)ဦး
နှင့်အတူ မိုးလုံးတို့စစ်သုံ့ပန်း(၁၇)ဦး
တို့အား သေတ္တာကြီး(၅)လုံး၊ သေတ္တာ
ငယ်(၂)လုံးကို ဝါးလုံးလျှိုကာ ထမ်း
ခိုင်းပြီး နံနက်(၃)နာရီခန့်အချိန်မှာ
စစ်စခန်းမှ ထွက်ခွာစေခဲ့၏။

နံနက်မိုးသောက်လောက်မှ
အလယ်ရိုးမတောင်တန်းကြီးပေါ်သို့
သူတို့ရောက်နေကြမှန်း သိကြသည်။
ဂျပန်စစ်ဗိုလ်က လမ်းတစ်လျှောက်
အမှတ်အသားများ ဆီစိမ်စက္ကူချပ်
ပေါ်တွင် မှတ်သားလာခဲ့သည်။ မိမိ
တို့သုံ့ပန်းများအားလုံးမှာ အခြေအ
နေကြည့်ကာ သတိထားနေကြရ၏။

တောင်ကြောတစ်နေရာ၌
ရပ်နားကာ ရိက္ခာများချက်ပြုတ်စား
သောက်နားကြရင်း ကျွန်ုပ်နှင့်အတူ
ထွေးမောင်တို့ လူစု(၅)ဦးသည် ထို
သေတ္တာများမြုပ်နှံပြီးပါက ရှင်းပစ်





မည်ကို ရိပ်စားမိသဖြင့် အခွင့်အခါ
ပေးပါက အသက်လုကာ တွန်းလှန်
ကြရန် သတိပေးထားရသည်။

ဂျပန်စစ်ဗိုလ်သည် လျှို့
ဝှက်သေတ္တာများမြုပ်နှံထားရန် နေ
ရာကောင်းကို ရှာဖွေတွေ့ခဲ့၏။ ထို
နေရာကား တောင်ကမ်းပါးစောက်
ကြီးပင်တည်း။ ကျွန်ုပ်တို့သုံ့ပန်းများ
အား ပေါက်ဆူးများဖြင့် အပေါ်မှ
ခါးကြိုးချည်နှောင်ကာ လူနှစ်ရပ်မ
က တောင်ကမ်းတွင် ဂူပေါက်တူးစေ
သည်။

(၃)ရက်ကြာ မရပ်မနား
တစ်ဆိုင်း(၄)ယောက်ကျ အဆက်မ
ပြတ်တူးခဲ့ကြရသည်။ ဂူပေါက်ဝမှာ
သိပ်မကျယ်။ အမြင့်မှာ ခါးကိုင်းဝင်
ရုံတူးခိုင်းထား၏။ ကျွန်ုပ်တို့မှာ လွတ်
မြောက်ထွက်ပြေးရန် သတိထားနေ
သူများမို့ အခွင့်အခါ ကောင်းအား
စောင့်ဆိုင်းခဲ့ကြရသည်။

သေတ္တာများအထဲသို့ထား
ပြီးချိန်တွင် ဂျပန်စစ်ဗိုလ်က ကျန်
သုံ့ပန်းများကို ဂျပန်စစ်သားများနှင့်
အတူ ဂူပေါက်ဝကိုပိတ်ရန် ဒိုင်း
မိုက်များ ဆင်နေခဲ့၏။

ကျွန်ုပ်တို့ငါးယောက်သည်
တောင်ပေါ်သို့ ရောက်ရှိနေခဲ့သည်
အစောင့်ဂျပန်(၄)ယောက်သာရှိ၏
ကျွန်ုပ်တို့သုံ့ပန်း(၁၀)ဦးသာ အပေါ်
မှာရှိသော်လည်း အစောင့်ဂျပန်(
ယောက်အား အတင်းဝင်လုံးကာ
ခံကြတော့သည်။ ကျွန်ုပ်တို့(၅)ဦး
ဂျပန်စစ်သားထံမှ ရိုင်ဖယ်သေန
တစ်လက်နဲ့ ဓားတိုတစ်ချောင်းကို
ယူနိုင်ခဲ့၏။

## ထွက်ပြေးလွတ်မြောက်ခြင်း

ကျွန်ုပ်တို့ခုခံတိုက်ခိုက်
ဂျပန်စစ်သားတစ်ယောက်က
နတ်ပစ်ဖောက်လိုက်နိုင်ခြင်းကြေ
အောက်မှဂျပန်များ သိရှိသွားကြ
အပေါ်တက်ရန် ကြိုးများကိုမဖြ
ပဲထားသဖြင့် အောက်မှတက်ရော

လာနိုင်ကြတော့သည်။ ကျွန်ုပ်တို့(၅) ီးသား မရပ်မနား ပြေးကြလွှားကြ ရတော့သည်။

နောက်ဘက်မှ အဆက်မ ပြတ် သေနတ်သံများကြားရင်း ဂူ ပေါက်ထဲကျန်ရစ်သော သုံ့ပန်းများ ကို နှုတ်ပိတ်ရှင်းပစ်ဟန်တူ၏။ ထို နောက် ဒိုင်းနမိုက် ပေါက်ကွဲသံကြီး ကျွန်ခါသွားတော့သည်။ မကြာချေ။ ျပန်စစ်ဗိုလ်နှင့်အတူ စစ်သား(၈) ယောက် နောက်မှလိုက်ပါလာတော့ သည်။

ကျွန်ုပ်တို့(၅)ယောက်ထဲမှ ိန်းအောင်နှင့်ဘပုတို့က အမဲလိုက် ဆိုးလုပ်ခဲ့ဖူးကြ၏။ သူတို့ကျေးဇူး ကြောင့်ပင် ကျွန်ုပ်တို့လွတ်မြောက် န်လမ်းစပေါ်ခဲ့ခြင်းပါပေ။ ဘပုက ယ်ပင်ကြီးများဖြင့် ကျော့ကွင်းဆင် သိန်းအောင်က ဝါးပင်များခုတ် ာ ဝါးချွန်၍ ထောင်ချောက်မြေ ပေါ်ဆင်ကြ၏။

ထိုသည်မှာလည်း ပြေးရင်း လွှားရင်း လုပ်ဆောင်ခဲ့ကြရသည်။ မုဆိုးများမို့ ခြေရာလက်ရာ မပေါ် အောင် ဖျောက်ဖျက်ခဲ့သဖြင့် နောက် မှထပ်ချပ်မကွာ လိုက်လာသော ဂျ ပန်များ အထိနာတော့သည်။ သူတို့ ကလည်း ကျွန်ုပ်တို့အား အပြတ်ရှင်း ပါမှ နောက်ကြောင်းရှင်းမည်မို့ အ လွတ်မပေးပဲလိုက်ကြ၏။

ဂျပန်များကလည်း အသေ ရရန်အတွက် အလွတ်မပေးပဲ လိုက် ပါလာတော့သည်။ ကျွန်ုပ်တို့ဘက်မှ လည်း ဘပုနှင့်တင်ရွှေကျဆုံးသွားခဲ့ ရသည်။ ညှောင့်ထောင်ချောက်များ၊ ကျော့ကွင်းများဆင်ရန် အခါအခွင့် မရပါတော့ချေ။ ကျွန်ုပ်တို့သုံးဦးသား ချုံခို တိုက်ခိုက်ရန်ပြုကြရင်း ထွေး မောင်က ရှေ့မှအယောင်ပြပြေးမည် ဖြစ်၏။ ကျွန်ုပ်က ရိုင်ဖယ်သေနတ် ကျည်တစ်တောင့်ဖြင့် ရန်သူကိုအမိ အရ ပစ်ချရမည်ဖြစ်သည်။

သိန်းအောင်က ကိုယ်ခံပ ညာတတ်ကျွမ်းသူမို့ ဓားလွတ်ကိုင်





ာ ဝင်လုံးသက်မည်ဖြစ်၏။ သူက ၁န်ဒို ဗန်ရှည်နှင့် မြန်မာ့လက်ဝှေ့ပ ညာပါတတ်ပေသည်။

ကျွန်ုပ်တို့ စီစဉ်ထားသည့် အကွက်အတိုင်း ဂျပန်များက ဝင် ရောက်လာတော့သည်။ ထွေးမောင်က လူလုံးပြကာ ပုန်းလျှိုးကွက်လျှိုး လူလုံးပြပြေး၏။ ဂျပန်များကလည်း သက်လွတ်မခံပဲ လိုက်တော့သည်။ ဂျပန်ဗိုလ်နှင့် စစ်သားနှစ်ယောက် ကျော်သွားပြီး ကျန်သူသုံးယောက် အား ကျွန်ုပ်နှင့်သိန်းအောင်တို့က နောက်မှဖြိုခွင်းခဲ့ရသည်။

ကျွန်ုပ်က ရိုင်ဖယ်သေနတ် ဖြင့် တစ်ယောက်ကို အပိုင်အမိအရ ပစ်ချလိုက်ပြီး ကျွန်ုပ်ထံ ကျန်သူနှစ် ယောက် ပြေးဝင်အလာတွင်မှတော့ သိန်းအောင်က ပုန်းကွယ်နေရာမှ ခုန်ထွက်ကာ တစ်ယောက်အား အ ပိုင်ချလိုက်ပြီး ကျန်တစ်ယောက်ကို ဝင်လုံးသတ်တော့သည်။ ကျွန်ုပ်မှာ ရန်သူထံမှ သေနတ်ရယူရန်အသွား တွင် နောက်ပြန်လှည့်လာသော ဂျ ပန်တို့က လှမ်းပစ်သဖြင့် ခြေသလုံး တွင် သေနတ်ဒဏ်ရာ ထိမှန်သွားခဲ့ ၏။

ကျွန်ုပ်လည်း ခြေကိုဒရွတ် တိုက်ဆွဲကာ ထွေးမောင်ပြေးရာဖက် ဆီကို ပြေးရပါလေတော့သည်။ သိန်း အောင်ကတော့ လျှင်မြန်ဖျတ်လတ် သူပါပေ။ အထိအခိုက်မရှိပဲ လိုက်ပါ လာနိုင်၏။ ထွေးမောင်မှာကလည်း ကျောကုန်းဘက်တွင် ကျည်ထိမှန် ထားတော့သည်။

ကျွန်ုပ်နှင့်သိန်းအောင်သည် ထွေးမောင်အား ပြုစုပေးနေခိုက်မှာ ဂျပန်ဗိုလ်နှင့်စစ်သားနှစ်ယောက်က ရောက်လာတော့သည်။ ထွေးမောင် က ရိုင်ဖယ်နှင့်တစ်ယောက်အားပစ် ပေးပြီး ကျွန်ုပ်က ဓားလွတ်ကိုသိန်း အောင်ထံမှ ယူကိုင်ခဲ့သည်။ သိန်း အောင်က စစ်သားတစ်ယောက်အား လျှင်မြန်စွာဝိုက်ခိုက်ကာ လှံစွပ်ဓား လက်နက်အား ယူကိုင်ကာ ဂျပန်

ဗိုလ်နှင့်ယှဉ်ပြိုင်ပါတော့သည်။

ဂျပန်ဗိုလ်မှာလည်း ကင်ဒိုစားပညာတတ်ကျွမ်းသူမို့ အခုတ်အသိမ်း ကျွမ်းကျင်စွာတိုက်ခိုက်သည်။ သိန်းအောင်မှာလည်း ခုန်ပျံရှောင်လွှားကာ ခုခံတိုက်စစ်ဆင်နေသည်။ ဂျပန်ဗိုလ်မှာ ကျန်သူများကို ဂရုမစိုက်နိုင်ပဲ သိန်းအောင်၏တိုက်ကွက်များကိုသာ ခုခံတိုက်ခိုက်နေရင်းမှ ကျွန်ုပ်က ဂျပန်ဗိုလ်၏ အောက်ပိုင်းခြေအစုံကို လိမ့်ဝင်ကာ ပိုင်းချလိုက်သည်။

အသက်လုပွဲမို့ တရားသည် မတရားသည်ကို ကျွန်ုပ်သတိမရနိုင်ပေ။ အနိုင်ရဖို့သာ သိသည်။ သိန်းအောင်ကလည်း အခွင့်အခါကိုလက်လွှတ်မခံပဲ ခုန်ပျံကာ ဒူးပျံဖြင့် ဂျပန်ဗိုလ်မေးရိုးကို တိုက်ချပြီးပွဲသိမ်းလိုက်သည်။ သိန်းအောင်က မညှာတာပဲ ရက်စက်လွန်းသူတည်း။ ဓားလွှတ်ဖြင့် ဂျပန်ဗိုလ်အား တမလွန်သို့ ပို့ပေးလိုက်တော့သည်။

ကျွန်ုပ်တို့လည်း ရန်သူ၏ လက်မှ လွတ်မြောက်ခဲ့ပြီဖြစ်၏။ သို့ သော် ကျွန်ုပ်မှာလည်း ခြေသလုံးရိုး ကျိုးကျေသွားဟန်တူ၏။ ထွေးမောင် မှာလည်း ကျောဘက်မှန်ထားသော သေနတ်ဒဏ်ချက်မှ သွေးများစီး ထွက်လျက်ရှိ၏။ စိုးရိမ်စရာရှိနေ၏။ အချိန်မှီဆေးရုံတစ်ခုခုကို ရောက်ရှိ ရန် အရေးကြီးနေပါတော့သည်။

## ပြန်ဆုံဖို့ လမ်းခွဲကြမည်

ကျွန်ုပ်မှာ ပဲခူးရိုးမတောင် ခြေအနီးရှိ ရွာကလေးတစ်ရွာသို့အ ရောက်တွင် ခြေထောက်ဒဏ်ရာက မခံမရပ်နိုင်အောင် နာကျင်လွန်းလှ ၍ နေရစ်ခဲ့၏။ ဂျပန်ဗိုလ်ထံမှ ရရှိ ခဲ့သော ရတနာသိုက်မြေပုံအားသုံး ခြမ်းဖြဲ၍ တစ်ယောက်စီယူထားပြီး နောက် (၁၀)နှစ်ကြာမှ အတူတကွ ဆုံပြီး တူးဖော်ကြမည်ဖြစ်၏။

အကယ်၍ ဘဝတိမ်းပါးခဲ့



ကလည်း ဆွေမျိုးဉာတိသားသမီး င်းသော်လည်းကောင်း၊ ကိုယ်စား မြေပုံယူဆောင်လာသူနှင့် အတူတူ းဖော်ကြမည်ဖြစ်သည်။ မင်းမှာ သစ္စာ၊ လူမှာကတိဟုဆို၏။ မြန်မာ မျိုးတို့သည် ကတိစကားကို အ လေးအနက်ထားကြသူများတည်း။

ကျွန်ုပ်နေရစ်သော ရွာကလေးမှာ အိမ်ခြေကျဲလှသည်။ (၁၀) အိမ်လောက်သာရှိ၏။ ကျွန်ုပ်မှာ ကံတရားက မျက်နှာသာပေး၍ထင်ပါသည်။ ကရင်အမျိုးသား ဆေးဆရာကြီးနေအိမ်တွင် ကုစားရန် ကျန်ရစ်ခဲ့ပေသည်။ ဆေးဆရာကြီးက ထွေးမောင်အား အနာမယင်းစေရန်နှင့် သွေးတိတ်စေရန် ဆေးလိမ်းပေး၊ သောက်ဆေးပါတိုက်လိုက်သေး၏။

ထွေးမောင်မှာ နောက်ကျောထဲစူးဝင်နေသော သေနတ်ကျည်ဆံအား ခွဲစိတ်ထုတ်ရမည်မို့ မနေရစ်ပဲ မြို့ဆေးရုံသို့ အလျှင်အမြန်သွားရန် ဆန္ဒဖြစ်နေ၏။ သူနှင့်အတူတူ သွေးသောက် သေဖော်သေဖက်သိန်းအောင် လိုက်ပါသွားသဖြင့် ကျွန်ုပ်စိတ်ချမိပါတော့သည်။ ကျွန်ုပ်တို့သုံးယောက်သား ပြန်ဆုံကြမည့်နေ့ရက်ကို စောင့်ရပေဦးတော့မည်။

ကျွန်ုပ်၏ ခြေထောက်မှာမသက်သာပေ။ ကျည်ဆိပ်သင့်ကာ ဒုက္ခပေးတော့၏။ တိုင်းရင်းရိုးရာဆေးဆရာကြီး ဖထီးမုဝါးက ခြေထောက်အား ဖြတ်ပစ်လိုက်ပါသည်။ ဒူးဆစ်အောက်မှ ဖြတ်လိုက်သည်။ တိုင်းရင်းဆေးဝါးများ၏ အစွမ်းက ထက်မြက်လှ၏။ ကျွန်ုပ်မှာ အသက်မသေတော့ပဲ ဆက်လက်ရှင်သန်နေထိုင်ခွင့်ရခဲ့ပြန်သည်။ ဖထီးတို့မိသားစုမှာ နှစ်ယောက်သာရှိ၏။ သူ၏မြေးမလေးအပျို နော်မူအဲသာအဖော်ရှိခဲ့ရာ ကျွန်ုပ်ရောက်လာတော့ သားအစ်ကိုသဘော ပြုစုဂရုစိုက်ပေ၏။

ကျွန်ုပ်လည်း ခြေထောက်အနာ တစ်နေ့တစ်ခြား ကောင်းမွန်လာခဲ့သည်။ ကျွန်ုပ်ခြေထောက်အ

စား သစ်သားခြေထောက်အစွပ်လုပ်ပေးခဲ့၏။ ဂျိုင်းထောက်လည်း လုပ်ပေး၏။ အိပ်ယာထက်မှနေ လမ်းစလျှောက်ကာ တောတောင် ရှုခင်းများကို ကျွန်ုပ်ကြည့်ကာ ဘဝသစ်အား ရွှင်လန်းတက်ကြွစွာ စတင်လိုက်မိ၏။

ဖထီးသည် တောတောင်အနှံ့သွားရောက်ကာ ဆေးမြစ်ဆေးဥများရှာဖွေ၏။ ရောက်သည့်အရပ်တွင် ဆေးကုသသည်။ အဖိုးအခပေးပါကယူ၏။ ထိုသည်နှင့်စားနပ်ရိက္ခာဝယ်ကာ ရွာသို့ပြန်လာတတ်စမြဲပါပေ။ နော်မူအဲက တောင်ယာလုပ်၏။ ကျွန်ုပ်ကတော့ ဖထီး၏ဆေးပညာများကို သင်ယူသည်။ ဖထီးထုထောင်းစပ်ခိုင်းသည်များကို ကျွန်ုပ်သည် မှတ်သားလုပ်ကိုင်ပေးရ၏။

**"မည်သည့်အတတ်ပညာမဆို စိတ်ပါဝင်စားစွာ ကြိုးစားလုပ်ကိုင်ပါက အောင်မြင်မည်"**

"မိုးလုံး"

ကျွန်ုပ်၏မြို့လေးသို့ တစ်ခေါက်တစ်ခါ ပြန်ခွင့်တောင်းသည်။ ဖထီးက နားလည်ပါသည်။ နော်မူအဲကတော့ စိတ်မကောင်းဖြစ်ရှာ၏။ စစ်ကြီးလည်း ပြီးဆုံးပြီမို့ လူတို့အသစ်တဖန် ပြန်လည်လှုပ်ရှား ရုန်းကန်နေကြပြန်သည်။ မလှုပ်ရှား၍ မရပေ။ စားဝတ်နေရေးပြဿနာက မလုပ်မဖြစ်ပေ။ အလုပ်လုပ်မှ ပြေလည်နိုင်၏။ ဖြေရှင်းနိုင်သည်။

ကျွန်ုပ်၏မြို့လေးကတော့ ကျွန်ုပ်မိုးလုံးအား တစိမ်းဆန်စွာ မသိသလိုရှိတော့သည်။ ကျွန်ုပ်၏ချစ်ရသူ နှင်းနုမှာလည်း အိမ်ထောင်ရက်သား ကျနေပြီဖြစ်၏။ ချစ်ခြင်းမေတ္တာဆိုသည် အနေဝေးသည်နှင့် ပြောင်းလဲသွားတတ်သည်ဟု ကျွန်ုပ်မယူဆပါချေ။စစ်ကြောင့်သာပြောင်းလဲသွားခြင်းပေ။

စစ်အတွင်းက အပျိုအရွယ်မိန်းကလေးများအတွက် အန္တရာယ်ရှိသည်။ ဘဝလုံခြုံမှုမရှိပေ။ အိမ်





ထောင်မပြုချင်ပဲ ပြုကြရ၏။ အားကိုးအားထားရှာခြင်းလည်းမည်သည်။ ကျွန်ုပ်၏ ဆွေမျိုးများလည်း စစ်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကုန်ကြ၏။ မိဘများက စစ်အတွင်း ကွယ်လွန်သွားခဲ့သည်ဆို၏။

သေသူများ ပြန်ရှင်နိုင်ပြီမဟုတ်တော့၍ ကျွန်ုပ်မမေးတော့ပါ။ အဘယ်ကြောင့်ဆိုသည်လည်း ကျွန်ုပ်မသိချင်တော့။ ကျွန်ုပ်အား သားလိုအစ်ကိုလို ခင်တွယ်ကြသည့် ဖြူစင်ရိုးသားသည့် မယ်ဘုံရွာလေးသို့သာ ကျွန်ုပ်ပြန်လာခဲ့ပါတော့၏။ အတိတ်ဘဝကမိုးလုံးသည် မရှိတော့ပါချေ။

မယ်ဘုံရွာသားမိုးလုံးအဖြစ် ကျွန်ုပ်ရပ်တည်နေထိုင်ပါတော့မည်။ ကျွန်ုပ်ရွာအဝင်ရောက်သည်နှင့်ဖော်ရွေသော အပြုံးများ ဟန်ဆောင်မှုကင်းမဲ့စွာ ကြိုဆိုကြတော့၏။ ကျွန်ုပ်ရင်ထဲမှာ များစွာနွေးထွေးလုံခြုံသွားသလို ခံစားရပါသည်။

## ဆေးဆရာကြီးမိုးလုံး

ဖထီးက ဆေးဝါးအတတ်ပညာများအားလုံး ဆရာစားမချန်ပဲ ကျွန်ုပ်အား သင်ပေးခဲ့၏။ ဆရာတို့၏ စောင့်ထိန်းရသော ကျင့်ဝတ်များပါ သင်ယူရ၏။ ဆေးကုရာ၌ သစ္စာသမာဓိရှိရ၏။ သို့ဖြင့် ကျွန်ုပ်မှာ သီလလုံခြုံစေရန် စောင့်ထိန်းရသည်။ စိတ်တည်ငြိမ်စေရန်အတွက် အနာပါနတတ်သမျှ ရှုမှတ်ထိုင်သည်။

ဘုရားဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်အားထုတ်ရ၏။ မြတ်စွာဘုရား၏ ဒေသနာတော်များကို အားထုတ်သူတွေအတွက်ပါ။ ကိုယ်တိုင်အားထုတ်လာသည့်အခါတွင် တရားသဘောကို တွေ့လာရတော့၏။ စိတ်သာမှုလဖြစ်ပေသည်။

**"လောကတွင် ကောင်းခြင်း ဆိုးခြင်း၊ ဖြစ်ခြင်းသည် စိတ်ကြောင့်ဖြစ်၏"**

**"မိုးလုံး"**

ကျွန်ုပ်မှာလည်း ဆေးဆရာအဖြစ် ဖထီးကုသရာနောက်သို့ ကျိုင်းထောက်ဖြင့် လိုက်ပါရ၏။ ဖထီးဆေးကုနေစဉ် ကျွန်ုပ်က ရောဂါ၏လက္ခဏာမည်သို့ဖြစ်လျှင် မည်သည့်ဆေးဖော်ကာ တိုက်ရမည်။ လိမ်းပေးရမည်ကို လက်တွေ့ပြသခဲ့ရ၏။ ဖထီးက ဆေးမကုသမီတွင် လူနာရှင်အား လူနာကိုအပ်နှံခိုင်း၏။

ရောဂါ ပျောက်စေရန်အတွက် ဆေးဝါးပါမက စိတ်နှင့်လည်း သက်ဆိုင်ပါသည်။ လူနာက ပျောက်ချင်သည့်ဆန္ဒရှိရမည်ဖြစ်၏။ အားလျှော့ အားငယ်စိတ်ဖြင့် မပျောက်တော့ပါဟု ယူဆနေပါက ပျောက်ဖို့အလွန်ခဲယဉ်းသွားတော့၏။ ငါ့ရောဂါပျောက်ရမည်ဟု စိတ်နှလုံးသွင်းထားပါက ပျောက်နိုင်ဖို့ သေချာသလောက်ပါပေ။

"ဝေဒနာအပေါ် မစွဲလန်းခြင်းသည် ရောဂါပျောက်ရန်လမ်းစတည်း" "ဖထီး"

ဖထီးမရှိတော့သည့်နောက်တွင် ကျွန်ုပ်မှာ ဆေးဆရာဘဝဖြ ကျင်လည်နေမိပါသည်။ ဖထီးမသေ လွန်မီ သူ့မြေးနော်မူအဲနှင့်ကျွန်ုပ်ကို လက်ဆက် ပေးခဲ့၏။ ကျေးဇူးရှိ ကျေးဇူးဆပ်နိုင်ရန် ကြိုးစားပေး မည်ဖြစ်သည်။ ကျွန်ုပ်တို့နှစ်ယော က်မ္ဘာလေးသည် ပျော်ရွှင်ချမ်းမြေ ရာအတိဖြစ်တော့၏။

အဆောင်အယောင်မရှိ။ ပ ကာသနမတက်ပေ။ ရှိသမျှလေးဖြင့် ရောင့်ရဲကျေနပ်သည်။ ပတ်ဝန်းကျင် ရှိ လူသားသာမဟုတ်။ တိရစ္ဆာန်များ ပင် ကျွန်ုပ်တို့မေတ္တာထားမှုကြောင့် ရောင်ပြန်ဟပ်ကာ စောင့်ရှောက်ကြ ကုန်၏။

လူတို့သည် အမှန်တကယ် လုပ်ရမည်ကို မလုပ်ကြပေ။ တခဏ တာဘဝအရေးအတွက်သာ လောဘ ဒေါသ၊ မောဟတွေနဲ့ လုပ်နေကြ၏။ သာယာနေတတ်ကြပေ၏။ ကျွန်ုပ် တို့တောရွာတွင် ဘာမှမရှိပေ။ မက်





မောခြင်းလည်းမရှိ။ စားစရာရှိ၏။ ဝတ်စရာလည်းရှိနေသည်။ နေစရာလည်းတဲလေးတစ်လုံး ပိုင်၏။ ဘာများ သောကဖြစ်စရာရှိပါသနည်း။

တိုက်နှင့်ကားနဲ့ ငွေရှိမှပဲ ပြည့်စုံသည် မဟုတ်ပါ။ ထိုသူများသည် ပိုမို၍ပင် စိုးရိမ်သောကရှိကြသူများဖြစ်တော့၏။ လောဘ၊ ဒေါသမောဟကင်းစွာ နေထိုင်ရခြင်းသည် ပြည့်စုံကြွယ်ဝသော ဘဝဖြစ်သည်။ ကျွန်ုပ်ကတိကဝတ်ပြုခဲ့သော (၁၀) နှစ်တာကာလကို စောင့်စားနေရသည်မှာ ပင်ပန်းလှတော့၏။ ထိုရတနာများအား ကျွန်ုပ်မမက်မောလိုတော့ပေ။

လူတို့သည် လောဘ၊ ဒေါသ၊ မောဟတရားတွေထားခဲ့ကြတာကြောင့် သံသရာဝဋ်ကြွေးမဆုံးနိုင်အောင် ရှိခဲ့ကြရသည်။ အဆက်ဘုံ၊ အောက်ဘုံသို့ စုန်ချည်ဆန်ချည်ကူးသန်းဖြတ်သန်းနေရ၏။ ဆုတောင်းမှားခဲ့သည်များလည်း ရှိခဲ့ပေမည်။ သူနှင့်သာ ပေါင်းဖက်ရလို၏။ နတ်ဖြစ်လို၊ ဗြဟ္မာဖြစ်လို၊ လူဖြစ်ချင်သည့်ဆုတောင်းများတောင် တောင်းဖူးခဲ့ပေမည်။

ကျွန်ုပ်ဘာဆုမှ မလိုချင်ပါပေ။ သည်ဘဝမှာပင် ဝဋ်ကြွေးပါခဲ့လို့ပင် ကျွန်ုပ်ခြေထောက် ဖြတ်ပစ်လိုက်ရ၏။ ဒုက္ခိတဘဝဖြင့်ပင် ကျင်လည်နေရသည်။ လူဖြစ်ရကျိုးနပ်စေရန် ကျွန်ုပ်အားထုတ်ကျင့်ကြံလိုတော့၏။ သံသရာဝဋ်ဆင်းရဲ အပေါင်းမှ လွတ်ရာသိမ်းရာ၊ ငြိမ်းရာအေးရာ၊ အမှန်တရားလမ်းစအား ကျွန်ုပ်မက်မောမိပါ၏။ တောင့်တမိပါတော့၏။

နော်မူအဲနှင့်သားလေးစောမိုးအောင်တို့အတွက်သာ သံယောဇဉ်ရှိနေသေး၏။ ဂျပန်ရတနာသိုက်အား ဖော်ထုတ်ပြီး နိုင်ငံတော်အားပေးအပ်လိုက်မည်။ ကျွန်သူနှစ်ဦးသဘောတူသည်၊ မတူသည်ဖြစ်ပါစေ။ ကျွန်ုပ်၏ဝေစုကို နိုင်ငံတော်ကို အပ်နှံမည်။ နိုင်ငံတော်တိုးတက်သာယာ

ပြည့်စုံမှပင် လူမျိုးတိုင်းရင်းသားအပေါင်း၏ဘဝ အေးချမ်းသာယာ စိုပြေမည်ဖြစ်ပေသည်။

နိုင်ငံတော်ကတုန့်ပြန်သောဆုငွေလေးအား တစ်ပုံကို နော်မူအဲတို့သားအမိနေ့ာင်ရေးအတွက်ထားပြီး ကျန်သည်ကို ကျွန်ုပ်လှူဒါန်းဒါနပြုချင်မိပါသည်။ လူဆိုသည်မှာကလည်း အခက်သားလား။ မျှော်လင့်ခြင်းတွေနဲ့ အသက်ရှင်ကြပေသည်။ ကျွန်ုပ်လည်း လူသားတစ်ဦးသာဖြစ်တော့၏။ စောင့်စားနေရသည့်ဘဝတပင်ပန်းရှည်ကြာလွန်းလှတကား။

<u>မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့</u>

မြို့မျက်နှာဖုံး စက်သူဌေးကြီးဦးဘအောင်၏နေအိမ်။ ဦးစီးဦးဆောင်သူဌေးကြီးမှာ ဒေါသအမျက်ထွက်နေသဖြင့် ဘယ်သူမှ တုပ်တုပ်မလှုပ်ရဲကြပေ။

"ဟော့. . ရှင်မ၊ မင်းသားလိမ္မာခေါ်ခဲ့စမ်း"

"ဘာများဖြစ်လို့လဲရှင်၊ ရှ
ထိတ်လိုက်တာ"

"ဘာဖြစ်ရမလဲကွ၊ မင်းရဲ့သားလုပ်ပုံက ငါ့ကိုအရှက်ရစေတာပ"

"အိုတော်. . ကျွန်မသားကလူလိမ္မာလေးပါတော်"

"ဒါလားကွ. . လူလိမ္မာ၊ လူမိုက်လုပ်နေတာကွ၊ ဘယ့်နှယ်ဗျာလက်ဖွေ့ကြိုးဝိုင်းပေါ် တက်ပြီး သတ္တိရှိတဲ့ကောင်တက်ခဲ့တဲ့၊ ကောင်းရောငါ့မျက်နှာကြောင့် ဘယ်သူမှ ငါ့သားဆိုပြီး မယှဉ်ပြိုင်ပဲနေကြတော့ မင်းသားက ကြိုးဝိုင်းပေါ် ကဆင်းလာပြီး ပွဲခင်းထဲမှာ တွေ့သမျှလူတွေကို စိမ်ခေါ်လေရဲ့၊ တောက်. . ဘယ်မှာလဲ ဒီကောင်. . သွားခေါ် လိုက်စမ်း"

"အိုရှင်. . . ကျုပ်တို့မှာ ဒီသားလေးတစ်ယောက်တည်းရှိတဲ့ဟာရှင်"

"ရှိရှိကွာ. . ဒီကောင်လုပ်. . . လွန်လွန်းနေပြီကွ၊ ပွဲခင်းထဲမှာ . . .း သူ့ကိုဘယ်သူမှမထိုးပဲ မယှဉ် . . .နေတော့ မင်းသားက ပိုဆိုးလာ . . . သူ့ကိုတစ်ချက်ထိအောင် ထိုး . . .တဲ့သူကို ဒင်္ဂါး(၅)ပြား ဆုချမယ် . . .ပါလေရော၊ အဲဒီမှာ သူ့ထက်ငါ . . .အယက်ဝိုင်းထိုးကြတော့ သူ့သူ . . .ချင်းတွေက တုတ်တွေနဲ့ဝင်ရိုက် . . .ကုန်ရော၊ ကောင်းကြသေးလား၊ . . .း. . ပွဲခင်းထဲ ရုတ်ရုတ်သဲသဲဖြစ် . . .န်တော့တာပဲ၊ အချိန်မှီ ဌာနအုပ် . . .ိုးတို့ရောက်လာလို့တော်တော့တာ . . .ပေါ့၊ သိရဲ့လား"

"အေး. . မင်းသားကြောင့် . . .ပွဲခင်းထဲကဆိုင်တွေ ပျက်စီးကုန်လို့ . . .အခု ငါ့ကိုဝိုင်းပြီး အလျော်တောင်း . . .ကြပါလေရော၊ ဟင်း. . ငါရှာသမျှ . . .ငင်းကြောင့်ပဲကုန်ရ၊ စိတ်ဆင်းရဲနေ . . .ရတာကွ၊ ဘယ်မှာလဲ. . မင်းရဲ့ သား . . .လိမ္မာလေး"

သိန်းအောင် တို့ကတော့ နောက်ဖေးပေါက်ကနေ လစ်ထွက်သွားလေပြီဖြစ်၏။ သူတို့မြို့ကလေးတွင် စက်သူဌေးကြီးဦးဘအောင်ဆိုမသိသူမရှိပေ။ တစ်မြို့လုံးက အားကိုးအားထားပြုနေခဲ့ရသည်။ ဦးဘအောင်သည်လည်း သာရေးနာရေး၊ မြို့အရေးများတွင် ရက်ရောစွာကူညီလှူဒါန်းခြင်းပြုသူပါပေ။

သားလေးတစ်ယောက်တည်းထွန်းကားသဖြင့် အမေ့လုပ်သူသည် အလိုလိုက်အကြိုက်ဆောင်ခဲ့၏။ ဦးဘအောင်က သည်လိုမဟုတ်။ စည်းကမ်းဖြင့်သာ သားကိုကြီးပြင်းစေ၏။ ခက်သည်က သားဖြစ်သူမောင်သိန်းအောင်ပါပေ။ မျိုးရိုးဗီဇမဟုတ်ပဲနဲ့ အသတ်အပုတ်အထိုးအကြိတ်ဝါသနာထုံလှ၏။

ကိုယ်လုံးအတတ်ပညာ မှန်သမျှ ဘယ်ဆရာကောင်းသည်ကြားသည်နှင့်သိန်းအောင်တို့က တပည့်ခံပြီး သင်ယူစမြဲဖြစ်တော့၏။ မြန်မာ့လက်ဝှေ့၊ ဗန်ဒိုဗန်ရှည်၊ သိုင်းပြောင်းပြန်ကအစ ဆရာအဆင့်ပင်ကျော်

လွန်ခဲ့တော့၏။ သူသည် အမြဲတစေ အသတ်အပုတ်လေ့ကျင့်နေတတ်၏။ ဖခင်ကြီးအိမ်တွင်ရှိနေပါက မခုတ်တတ်သည့်ကြောင်နှယ်ပင် ငြိမ်ငြိမ်သက်သက် သူကနေ၏။

ကျောင်းစာတွေ၊ ဘာတွေ လေ့ကျင့်ကျက်မှတ်နေတော့၏။ နွေကျောင်းပိတ် ရက်ရှည်ရောက်တိုင်း ဦးဘအောင်စိတ်ဆင်းရဲ ရင်လေးရတော့သည်။ သိန်းအောင်ကြောင့်ပဲတည်း။ ထစ်ကနဲဆို သိန်းအောင်က ဆော်လိုက်လို့ပါပေ။ ဆေးဖိုးဝါးခ လျှော်ပေးရသည်မှာလည်း အခါတစ်ရာမကနိုင်တော့ချေ။

အတန်းပညာ (၇)တန်းကို အောင်သည့် အခါတွင်တော့ သားဖြစ်သူအား ဒိစတြိတ်မြို့ကြီးဆီသို့ ကျောင်းအိပ်ကျောင်းစား ဘော်ဒါဆောင်သို့ ပို့လိုက်လေတော့သည်။ သိန်းအောင်က ပို၍ဝမ်းသာသွားပါတော့သည်။ မြို့ကြီးပေါ်တွင်လည်း သူ့ဆိုလူငယ်များကပြုံ့ကြ၏။ သူကလည်း ယှဉ်ပြိုင်ဘက်ရှိလာက ဗိုလ်မထားပေ။

မြို့ကြီးပေါ်၌ သူကြောက်ရွံ့ရိုသေရသူ တစ်ယောက်သာရှိ၏။ သူတို့ကျောင်းအုပ်ဆရာကြီးဦးငွေ တည်း။ ငွေရတို့က အရွယ်အသက်သာကြီး၏။ သန်တုန်းမြန်တုန်းပါ။ သိန်းအောင်ရောက်လာစက အပိုးကျိုးပဲ ဂျစ်ကန်ခဲ့၏။ ဆရာကြီး သိန်းအောင်၏မဟုတ်မခံချင်စိတ် သဘောကျသွားခဲ့၏။

သူ့ကို ချိုသာစွာဆုံးမကြ၏။ မရပေ။ သည်တော့ လက်ရုံးရည်နဲ့ ယှဉ်ပြိုင်ပါတော့သည်။ ဆရာကြီးနှင့်သိန်းအောင်တို့ပွဲကား ကြည့်ကောင်းလှသည်။ သိန်းအောင်ဆို ကောင်ကလည်း ပြိုင်ဘက်၊ ရန်ဘက်ကို သနားညှာတာတတ်သည့်သူ ဟုတ်ခဲ့။ ညှာသူခံစတမ်းဖြစ်၏။ ဆရာကြီးကလည်း ထိုလိုပင်ရှိ၏။ တပည့်ဆိုပြီး ပွဲတွင်မညှာတတ်ပေ။ ပွဲပြီး ဆေးထိုးဆေးတိုက် ပြုစုလိုက်မည်





သိန်းအောင်က လူငယ်မာန်ဖြင့်ယှဉ်၏။ ဆရာကြီးက သူ့ထက်ပွဲအတွေ့အကြုံ ရင့်ကျက်သူတည်း။ ရှုံးပွဲမရှိခဲ့သောသိန်းအောင်မှာ တဘိုင်းဘိုင်း မြေပေါ် လဲကျပါတော့၏။ အတင်းကုန်းရုန်းထပြန်သည်။ ဆရာကြီးကလည်း ပိုကြိုက်၏။ ထပ်နွှာကာ မြေပေါ်လှဲသိပ်ပေးပြန်၏။ နောက်ဆုံး လုံးဝမထနိုင်တော့မှ ဆရာကြီးအား သိန်းအောင်အရှုံးပေးခဲ့ပေသည်။

ထိုသည်မှစ၍ ဆရာကြီး ငွေရ၏စကားကို သိန်းအောင်နာခံခဲ့ပါတော့၏။ ဆရာကြီးဆိုသည်မှာ လည်း အမျိုးသား ကျောင်းအုပ်ဆရာကြီးမို့ သူ့ကျွန်မခံရေး အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ဘပည့်များကို သွန်သင်ပေးသူပါ။ သိန်းအောင်အား ဆရာကြီးက မကြိုက်သည်မှာ သိန်းအောင်ကား တဖက်စွန်းရောက်သူမို့ပါပေ။

သူလုပ်ချင်၊ သူလိုချင်ပါက ဘယ်လိုနည်းနှင့်မဆို ရအောင်လုပ်တတ်၏။ ကောင်းသောနည်းလမ်း မကောင်းသောနည်းစုံယူသုံးတော့၏။ သူကြိုက်မိသော ကောင်မလေးက သူ့ပြန်မကြိုက်။ သူမတွင်ချစ်သူရှိ၏။ သိန်းအောင်က ဒါမျိုးတွေ မလိုချင်ပေ။ သူသာချစ်ရမည်။ ထိုကောင်မလေး၏ ချစ်သူဆိုသူအားစိမ်ခေါ်ပြီး အပြတ်နွှာပါတော့သည်။ သူကပွဲမစခင်ကတည်းက ကတိစကားထားခဲ့ကြ၏။

ကောင်မလေး၏ ချစ်သူရှုံးပါက ကောင်မလေးနှင့်အဆက်ဖြတ်ရမည်။ သူရှုံးက သူကအနှောက်အယှက်မပေးဟူ၍ပါပေ။ လက်ရည်မတူသူဆိုပါက သူကအခွင့်အရေးပေးပါသေး၏။ တုတ်ကိုင်မလား။ ဒါမှမဟုတ် ဓားကိုင်ချင်သလား။ ကြိုက်သလိုအသုံးပြု။ သူကတော့ ဗလာလက်ချည်းဖြင့် ရင်ဆိုင်တတ်၏။

**"လက်နက်ကိုင်သူမှာ လက်နက်ကြောင့်တိုက်ကွက်အားနည်း၏။ ထင်သလို မလုပ်နိုင်ပေ။ ထိုးခုတ်၊**

ပွိုက်ခုတ်သာလုပ်နိုင်၏”

သိန်းအောင်တို့က ကိုယ်လုံးပညာတတ်ကျွမ်းသူမို့ လက်နက်ကိုင်ပါက ဖို၍သဘောကျ၏။ ဓားကိုင်သူသည် မိုး၍ခုတ်မည်။ ပွိုက်၍ခုတ်မည်။ ထိုးမည်။ စိုက်ချမည်သာလုပ်နိုင်၏။ သူ၏အားများသည် ဓားကိုင်လက်ပေါ်တွင်သာရှိ၏။ ဓားချက်ကိုရှောင်ကာတိမ်းလိုက်လျှင် ဓားကိုင်သူမှာ ဓားပြန်ရုတ်နေရသေးသဖြင့် နောက်တစ်ကြိမ်မတိုက်ခိုက်နိုင်မီအတွင်း သိန်းအောင်တို့က လက်သီးဘယ်ညာတစ်စုံ ပစ်သွင်းကာ ဒူးပျံလက်ဝါးစောင်း၊ ခြေကန်ချက်တွေဖြင့် ဒလစပ်ပစ်သွင်းကာ ပွဲသိမ်းပေးစမြဲတည်း။ တိုက်ပွဲက ကြာရှည်အချိန်ဆွဲမရပေ။ လက်နက်ကိုင်ထားသူမို့ အမြန်ဆုံးပွဲသိမ်းနိုင်မှ အနိုင်ရတတ်၏။

× × ×

<u>မြွေဟောက်သိန်းအောင်</u>

ကောင်မလေးအား သူချ

သူက ကတိစကားအတိုင်း အဆ

ဖြတ်ရ၏။ မဖြတ်ပဲစကားမတည်

ဆိုက တွေ့သည့်နေရာတွင်မတေ

သိန်းအောင်တို့က မှတ်လောက်သ

လောက်အောင် ဆုံးမတတ်သူပေ

ထိုသူမှာ ဆေးရုံသော်လည်းကော

ရောက်သွားနိုင်၏။ သိန်းအောင်နှ

ဘယ်သူမှ မပတ်သက်ချင်ကြပါပေ

မြွေဟောက်၊ မြွေပွေးလိုလူစားတည်

ခါးပိုက်ထဲ ပိုက်ထားသလိုဖြစ်ကြ

၏။

သိန်းအောင်တို့က ချစ်

ကို ဆုံးမပြီးသည်နှင့်ကောင်မလေ

ကို ရအောင်ကြံ၏။ ရသွားကလည်

အချစ်ကြွမ်း၏။ ရမ်း၏။ ရိုးအီသွ

ပါက ထိုမိန်းကလေးအား လှည့်၍

ကြည့်တော့ပေ။ နောက်တစ်ယော

ကြံစည်ပြန်တော့၏။ မိန်းမချောမိန်

မလှလေးတွေမှာတော့ သိန်းအော





ကြောင့် ဒုက္ခတွေတွေ့ကြုံရပါတော့သည်။

အကြောင်းသိသူတို့က သိန်းအောင်၏ဆရာကြီးအား တိုင်တန်းကြ၏။ ဆရာကြီး ပြောလိုက်ပါက သိန်းအောင်မလုပ်ရဲ။ မလှုပ်ရဲတော့ပေ။ သိန်းအောင်က လောဘကြီးသူဖြစ်၏။ သူတတ်ချင်သည့် ပညာမှန်ပါက ကောင်းသည်ဆိုးသည်မတွက်မစဉ်းစားတော့ချေ။ ရအောင်သင်ယူတော့သည်။

သို့သော် ဆရာကြီးကြောင့် သူ့တွင် အမျိုးသားစိတ်ဓာတ်တော့ ရှိခဲ့၏။ ဖက်ဆစ်ဂျပန်များက ကျူးကျော်ဝင်ရောက်လာချိန်တွင် သိန်းအောင်တို့လူငယ်များမှာ တော်လှန်ရေးတပ်သားများ ဖြစ်ကုန်ကြတော့သည်။ နိုင်ငံတော်အတွက်မို့ အသက်ပေးကာ တာဝန်ထမ်းရွက်ကြတော့သည်။

သိန်းအောင်တို့သည် အသက်မှ တာဝန်ပေးရာဆီသို့ သွားရောက်ရတော့၏။ သူတို့က တောင်ငူခရိုင်၊ ပဲခူးရိုးမဘက်သို့ ရောက်ရှိခဲ့၏။ တော်လှန်ရေးတပ်သားများအဖြစ်တိုက်ပွဲဝင်နေစဉ် ပုဆိန်ရိုးသစ္စာဖောက်များကြောင့် ဂျပန်တို့ဖမ်းဆီးခြင်းခံရပါတော့သည်။ သူတို့အားသုံ့ပန်းအဖြစ် ချွေးတပ်စခန်းများသို့ ပို့ရန် စီစဉ်နေခိုက် ဂျပန်တို့စစ်ရှုံးစပြုလာလေတော့သည်။

ဂျပန်စစ်ဗိုလ်တစ်ဦး၏ လျှို့ဝှက်အစီအစဉ်အရ သူတို့ချွေးတပ်သား (၁၇)ဦးအား သေတ္တာကြီး(၅)လုံးနှင့်သေတ္တာလတ်(၂)လုံး၊ ဝါးလုံးလျှိုထမ်းခိုင်းကာ တိတ်တဆိတ်သယ်စေခဲ့၏။ အလယ်ရိုးမ တောင်တန်းကြီးသို့ သူတို့အုပ်စု ရောက်ရှိသွားခဲ့သည်။ သူနှင့်အတူ တော်လှန်ရေးရဲဘော်များဖြစ်သော ထွေးမောင်၊ မိုးလုံး၊ ဘပု၊ တင်ရွှေတို့ငါးဦးက ဂျပန်များကို ခုခံသုတ်သင်ရန် တိုင်ပင်ခဲ့ကြ၏။

ထိုသေတ္တာကြီးများမှာလေး

လံလှ၏။ အချိန်စီးသဖြင့် လေးငါး ယောက်က ဝါးလုံးကြီးနှစ်လုံးလျှိုပြီး ထမ်းခဲ့ကြရ၏။ အဖိုးတန်ရတနာ၊ ရွှေ ငွေများဖြစ်ပုံရလေသည်။ နိုင်ငံတော်ပိုင်များဖြစ်၏။ မတရားသူတို့ ရယူထားခဲ့၏။ စစ်ရှုံး၍ပြေးကြရန် အတွက် မသယ်နိုင်သဖြင့် လျှို့ဝှက် စွာဖွက်သိုရန် တောတောင်ထဲသို့ သယ်ခိုင်းခဲ့ဟန်တူသည်။

ထိုရတနာပစ္စည်းများအား တောင်ကမ်းပါးယံ တစ်ခုအရောက်၌ ကြိုးဖြင့်သွယ်ဆင်းခိုင်းပြီး ပေါက်ဆူးချွန်ဖြင့် ဂူတွင်းဖြစ်အောင် တူးခိုင်းခဲ့၏။ တောင်ထိပ်တွင် ညောင်မှတ်ဆိတ်ပင်ကြီးအား သိန်းအောင် မှတ်သားထား၏။ တောင်ပေါ်မှနေ (၅)လံအကွာတွင် ဂူတွင်းတူးခဲ့ကြရ၏။

တူးပြီးနောက် သေတ္တာကြီးများအား ဂူတွင်းထဲသို့ သယ်မချကြရပြန်သည်။ ခုခံရန် အခွင့်အခါမသင့်သေး၍ စောင့်ဆိုင်းနေခဲ့ကြရ၏။ သေတ္တာကြီးများ သယ်ချပြီး နောက် ဂျပန်စစ်ဗိုလ်နှင့်အတူ ဂျ စစ်သားများ ဂူတွင်းသို့ ဆင်းသ ကြသည်။ သုံ့ပန်း(၇)ယောက်ပါ ခို စေရန် ဂူတွင်းသို့ ဆင်းစေခဲ့သ

တောင်ပေါ်တွင်တော့ ပန်စစ်သား(၄)ယောက်နှင့် ကျန် ပန်း(၁၀)ဦးသာရှိတော့၏။ ထိုအ ကောင်းအား သိန်းအောင်တို့က သုံးချကာ ခုခံတိုက်ခိုက်ကြတော့ ဂူတွင်းမှလူများသည် သေနတ်သံ ကြားမိသဖြင့် ဂျပန်စစ်သားအခ် တက်လာသဖြင့် သိန်းအောင်တို့( ဦး ထွက်ပြေးကြရတော့သည်။

နောက်ဘက်မှ ထပ်ချ ကွာ လိုက်လံပစ်ခတ်သဖြင့် ဘပု တင်ရွှေတို့ကျဆုံးသွား၏။ သူတို့ မုဆိုးပညာဖြင့် ဝါးချွန်၊ ဆူးညော ထောင်ချောက်များ၊ နွယ်ကျော့ကွ များလုပ်ကာ ခုခံခဲ့သဖြင့် ဂျပန်စ သားနှစ်ယောက် ကျဆုံးသွား၏။ ပန်စစ်ဗိုလ်သာ ကျန်ရစ်၏။ ထို





နှင့် သူတို့ထံတွင် ဓားတစ်ချောင်း၊ ရိုင်ဖယ်တစ်လက်သာရှိခဲ့၏။

သိန်းအောင်ယုတ်မာပြီ

ထွေးမောင်က လူလုံးပြုပြီး များခေါ်ကာ သိန်းအောင်နှင့်မိုးလုံး တို့က ဂျပန်များနောက်ကျောဘက် မှတိုက်ခိုက်ရန် စီစဉ်ထားခဲ့ကြသည်။ သူတို့စီစဉ်ထားသည့်အတိုင်း ဂျပန် သုံးယောက်ဝင်လာသော်လည်း လူ လုံးပြုများခေါ် သူထွေးမောင်အား ကျောဘက်တွင် ကျည်ထိသွားခဲ့၏။

မိုးလုံးမှာလည်း ခြေသလုံး တွင် ကျည်ထိကာ ဒရွတ်တိုက်ခြေ တစ်ဖက်တည်းဖြင့် ပြေးခဲ့ကြရလေ သည်။ လူကောင်းပကတိဆို၍ သိန်း အောင်သာ ကျန်ရစ်တော့သည်။ ဂျ ပန်စစ်ဗိုလ်တစ်ယောက်နှင့်စစ်သား နှစ်ယောက်သာကျန်တော့သည်။

ထွေးမောင်က တတောင့် တည်းသော ကျည်ဆံဖြင့် ရိုင်ဖယ် သေနတ်ကိုင်၏။ မိုးလုံးကာ ဓားကိုင် ကာ သိန်းအောင်က လက်နက်မဲ့ ဂျ ပန်သုံးယောက်အား တိုက်ခိုက်ကြ ၏။ ထွေးမောင်က လက်ဦးမှုယူပြီး ဂျပန်စစ်သားတစ်ယောက်အား ပစ် ချလိုက်နိုင်၏။ မိုးလုံးကလည်း သစ် ပင်အား မှီတွယ်ကာ ဂျပန်စစ်သား တစ်ယောက်အား ဓားဖြင့် ဝင်ပိုင်း ကာ အဆုံးစီရင်ပိုက်နိုင်သည်။

ဂျပန်စစ်ဗိုလ်သည် ကင်ဒို နည်းပညာဖြင့် ဓားရှည်သုံးပြီးတိုက် ခိုက်နေ၏။ သိန်းအောင်မှာ အခွင့် မသာပဲ ရှောင်တိမ်းခုန်ပျံ လှုပ်ရှား နေရတော့သည်။ ထိုသည်ကို မိုးလုံး က ဓားဖြင့်အောက်ခြေကို လှူးလှိမ့် ကာ ဂျပန်စစ်ဗိုလ်အားယိုင်းချလိုက် သည်။ ထိုတစ်ချိန်တည်းမှာပင် သိန်း အောင်က ဂျပန်ဗိုလ်အား ဒူးပျံဖြင့် မေးရိုးကို ခုန်ပျံကာတိုက်ပြီး ပွဲသိမ်း ခဲ့သည်။

ဂျပန်စစ်ဗိုလ်ထံမှ ရတနာ သိုက်မြေပုံအား သုံးယောက်သုံးပိုင်း

ပိုင်း၍ယူကြပြီး နောင်(၁၀)နှစ်ကြာမှ တူးဖော်ယူရန် ကတိစကားထား ခဲ့ကြ၏။ မိုးလုံးက ခြေထောက်တစ်ဖက်ဒဏ်ရာရခဲ့သဖြင့် ရိုးမတောင်ခြေအနီးရှိ မယ်ဘုံရွာကလေးတွင် နေရစ်ခဲ့၏။ ထွေးမောင်၏ ကျောဘက်ဒဏ်ရာမှာ ကျည်ဆံထုတ်ရန် ခွဲစိတ်ကုသမှဖြစ်မည်မို့ မြို့သို့သိန်းအောင်က ဖေးမတွဲကာ ခေါ်သွားခဲ့သည်။

လူစိတ်သည် မျောက်စိတ်နှင့်တူသည်။ စိတ်ကိုထိန်းရခက်လှသည်။ လောဘ၊ ဒေါသ၊ မောဟအမှောင်ဖုံးက သေဖော်သေဖက်လက်တွဲခဲ့သည့် ထွေးမောင်အား ဓားဖြင့်ထိုးသတ်ကာ အပြတ်ရှင်းခဲ့ပြီး ရတနာမြေပုံအား သိန်းအောင်ရယူပြွန်၏။ သူမွေးရပ်သို့ပြန်ပြီးသွားခဲ့၏။

× × ×

## စစ်ပြီးခေတ်ပျက်သူဌေး

သိန်းအောင်မှာ သူ၏မြ...
လေးသို့ ပြန်ရောက်လာခဲ့၏။ စစ်...
စမို့ မြို့ပြများအခြေအနေမှာ မ...
သက်သေးချေ။ သူ၏ဖခင်ကြီးလ...
ဆန်စက်၊ ဆီစက်လုပ်ငန်းများ ...
တန့်ခဲ့ရသည်။ ပြန်လည် လည်ပ...
ရန် ပြုလုပ်နေခဲ့သည်။ မြို့ပေါ်...
မနေဝံ့၍ တောရွာလေးတစ်ရွာ...
စစ်ပြေးခဲ့ရသဖြင့် ပစ္စည်းဥစ္စာမျ...
စွာ ဆုံးရှုံးခဲ့ရသည်။

အတွင်းပစ္စည်း ရွှေထည်...
တနာများသာ ကျန်ရစ်လေသည်...
စုဆောင်းခဲ့သော ရွှေဒင်္ဂါးပြားမျ...
အား မြေကြီးတဲမြုပ်နှံဖွက်သိုထာ...
သည်ကို ပြန်တူးဖော်ယူသည်။

သားဖြစ်သူသိန်းအောင်ပြ...
ရောက်လာသဖြင့် ဦးဘအောင်မှ...
အားတက်သရော ဖြစ်ရလေသည်...
သိန်းအောင်ကလည်း ယခင်သိ...
အောင် မဟုတ်ပါတော့ချေ။ အ...





...လက်စွမ်းထက်အောင် စီးပွား...
...လုပ်ငန်းများ ဦးဆောင်လုပ်လေ...
...သည်။ စစ်ပြီးကာလမို့လို့ လုပ်...
...များစွာအား အစိုးရက လုပ်ပိုင်...
...ိုင်စင်ချပေးခဲ့၏။

သိန်းအောင်က အဖေ့ငွေ...
...ြင့် လိုင်စင်များဆွဲခဲ့၏။ အဝေး...
...ကုန်ကားများ ထောင်၏။ စက်...
...များလည်း ထူထောင်ခဲ့သည်။
...ခင်ထက်ပင် သူတို့မြို့လေးတွင်
...း‌အောင် ပွဲလယ်တင့်လာတော့
...သည်။ ရပ်ရေးရွာရေးကိစ္စများတွင်
...ည်း ရက်ရောစွာပင် ငွေအားစိုက်
...ထ်ပါဝင်သူပေ။

## လိုင်စင်ရသူဌေးကြီး

"လုပ်ငန်းတစ်ခုလုပ်မည်ဆို...
...က မလုပ်ခင်ကတည်းက ကြိုတင်
...လေ့လာ၊ သေချာမှလုပ် အဟုတ်စီး...
...ဖြစ်ရမည်"

"သိန်းအောင်"

သိန်းအောင်၏ ဆောင်ပုဒ်ပါပေ။ လိုင်စင်ရသမျှ သူဆွဲ၏။ မလုပ်လိုသည့် လုပ်ငန်းကို အမြတ်ဖြင့်ပြန်ရောင်းထုတ်၏။ သူလုပ်လိုသည့် အလုပ်ဆိုပါက ဟာကွက်မရှိအောင် လေ့လာပြီးမှ လုပ်ငန်းလုပ်ခဲ့သည်။ သစ်စက်လုပ်ငန်းပမာဆိုပါက သစ်လုပ်ခွင့်လိုင်စင်ရ၏။ သစ်တောမှ သစ်များခုတ်လှဲရန် သစ်လုပ်ကွက်သူရသည်မို့ သူ၏ သစ်စက်အဟွက်ကုန်ကြမ်းမပြတ်တော့ပေ။

ထွက်ရှိသမျှ သစ်သားများသည်လည်း စစ်ပြီးခေတ်မို့ အိမ်များပြန်လည်တည်ဆောက်နေခြင်းကြောင့် လက်မလည်အောင်ရှိခဲ့၏။ ခွဲသားအကြွင်းအကျန် လွှစာမှုန့်တာအစ ရောင်းချနိုင်ခြင်းကြောင့် ပို၍မြတ်၏။ သစ်စက်အား လုပ်ငန်းတိုးချဲ့လုပ်ကိုင်လာရတော့၏။ လွှဝိုင်းစင်များ (၇)ဝိုင်းပင်ထောင်ထားရသည်။

အဝေးပြေး ကုန်ကားလုပ်ငန်းမှာလည်း အလုပ်ဖြစ်လှ၏။ သူ

သည် စစ်အတွင်းက အသုံးပြုသောလော်လီကားလော့ဂျစ်ကားပျက်များအား လေလံတင်ဆွဲ၏။ လုပ်ခွင့်လိုင်စင်ရအောင်လည်း သူကပေါင်းသင်းတတ်၏။ ကားပျက်မှ ကားကောင်းဖြစ်ရန် သူဖန်တီးသည်။ အမြတ်အစွန်းများစွာ သူပိုင်ဆိုင်လာတော့၏။

**"ချမ်းသာသူတို့သည် လောဘာအသောမတတ်နိုင်"**

**"စာရေးသူ"**

သူဌေးကြီးသိန်းအောင်မှာ ငိုမို၍ချမ်းသာကြွယ်ဝဖို့သာ စဉ်းစားနေသူဖြစ်၏။ တရားသည်မတရားသည်သူမသိ။ သူသိသည်က ဘယ်လိုချမ်းသာပြီးရင်းချမ်းသာဖို့ပါပေ။ သူ့တွင် တပည့်တပမ်းများလည်းပေါများလှ၏။ သူ့အတွက်ဆို အသက်ပင်ပေးရဲပေးရသူတွေဖြစ်၏။ ထိုသို့ဖြစ်အောင်လည်း သူက ပေးကမ်းရက်ရောသည့်သူဖြစ်သည်။ အမှန်က ထောင်မြင်၍ ရာစွန့်ခြင်းသာဖြစ် ၏။ သူ့အတွက် အကျိုးမရှိသည်ကို တော့ သူမလိုပေ။

သိန်းအောင်သည် စည်းစိမ် ဥစ္စာကြွယ်ဝချမ်းသာလာသည်နှင့်အ မျှ သူ၏လုပ်ငန်း အချက်အချာကျ သော မြို့ကြီးများတွင် တိုက်တာ ကားများရှိ၏။ မိန်းမမှုလည်းပွေသူ ပါပေ။ တစ်မြို့တစ်ယောက်မက သ တွင်ဇာတ်ရုပ်များရှိ၏။ သူကြိုက်ပ ဏ ပျိုမျိုးအိုအိုရွေးသူ မဟုတ်ပေ ပြဿနာလည်း မပေါ်ပေါက်အောင် သူက အပေးအကမ်းရက်ရော၏။

သို့သော် သူရောက်ရှိသော မြို့ကြီးများတွင် စားပြတိုက်မှုများ ကျူးလွန်ဖြစ်ပွားလေ့ရှိခဲ့ကြောင်း တပ်ဖွဲ့မှာ မှတ်ချက်ချထားကြသည် တိုက်ဆိုင်မှုလည်းဖြစ်နိုင်၏။ စားပြ များတိုက်ခံရသော သူဌေးသူကြွယ် များမှာလည်း လူမျိုးခြားများသာဖြစ် နေ၏။ မြန်မာအမျိုးသားသူဌေးများ အတိုက်မခံရချေ။





စားပြအချို့ကို ဖော်ထုတ်ဖမ်းမိခဲ့ဖူး၏။ သို့သော် ထိုစားပြများက သူ့ဘို့တိုက်ကြောင်း ဝန်ခံခဲ့သော်လည်း မည်သူက ခေါင်းဆောင်ဆိုသည်ကိုတော့ ဖော်ထုတ်မပြောကြချေ။ ထိုဖမ်းဆီးရမိသော စားပြမိသားစုအား အခြေမပျက် နောက်ကွယ်မှ ပံ့ပိုးနေသူများမှာ ဦးသိန်းအောင်၏တပည့်များ ဖြစ်နေခဲ့၏။

သူဌေးကြီး ဦးသိန်းအောင်သည် လူမှုရေး၊ သာသနာရေးများတွင် အထင်ကရ ပါဝင်လှူဒါန်းသူဖြစ်၏။ သူနှင့်ရာဇဝတ်မှု ကျူးလွန်နေသော စားပြဂိုဏ်းသည် ဆက်စပ်၍မရနိုင်အောင်ဖြစ်နေ၏။ သူဌေးဦးသိန်းအောင်သည် မြွေဟောက်သိန်းအောင်ဟု နာမည်တစ်လုံးဖြင့် ငယ်စဉ်က ကျော်ကြားခဲ့ဖူးကြောင်း ဆိုးတေခဲ့ကြောင်းမှာ မေးမှိန်သွားပါတော့သတည်း။

× × ×

## ဆင်ရိုင်းမောင်မောင်

အင်းစိန်ရှိ မြန်မာနိုင်ငံမှု ခင်းရဲတပ်ဖွဲ့ရုံးတွင်းရှိ ရဲမှူးကလာရောက်တွေ့ရန် အခေါ် ရှိလိုက်သဖြင့် မောင်မောင်ဝင်ရောက်လာခဲ့၏။

"လေးစားပါတယ် ရဲမှူး"

"အေး. . လာကွာ၊ ထိုင်"

မောင်မောင်ဝင်ထိုင်လိုက်၏။ ရဲမှူးက. . .။

"မင်းကိုင်နေတဲ့စားပြမှုတွေ အခြေအနေတိုးတက်ရဲ့လားကွယ့်"

"သိပ်တော့ ထူးခြားမှုမရှိပါဘူးခင်ဗျာ၊ မြွေဟောက်ကြီးက တွင်းအောင်းနေတယ်"

"ဖြစ်ရမယ်လေ၊ အခု တို့ရဲ့တပ်ဖွဲ့ကို ထူးခြားလှတဲ့ အကူအညီတောင်းတဲ့အကြောင်းတစ်ခုရောက်လာတယ်၊ မင်းစိတ်ဝင်စားမယ်ထင်ပါရဲ့. . . မောင်မောင်"

ပြောပြောဆိုဆိုပင် မောင်မောင့်ထံ ဖိုင်တွဲတစ်ခုထိုးပေးလိုက်

၏။ မောင်မောင်ဖတ်ကြည့်ကာ စိတ်
ဝင်စားသွားတော့၏။

ထိုအကြောင်းမှာကား မြွေ
ဟောက်ကြီးတွင်းဝက ထွက်လာနိုင်
သော အမှုကိစ္စပဲဖြစ်သည်။ ဦးသိန်း
အောင်သည် တော်လှန်ရေးကာလ
တုန်းက တော်လှန်ရေးတပ်သားတစ်
ဦးဖြစ်ခဲ့သည်။ စစ်ပြန်ရဲဘော်သိန်း
အောင်အဖြစ်နဲ့ သူနေထိုင်ရာမြစ်ဝ
ကျွန်းပေါ် မြို့လေးတစ်မြို့သို့ ပြန်
ရောက်ကာ ထင်ရှားလာခဲ့၏။

အကူအညီပေါင်းခံစာမှာ
လျှို့ဝှက်ဂျပန်ရတနာသိုက်ကိုဖော်
ထုတ်၍ နိုင်ငံတော်အား လှူဒါန်းလို
ကြောင်းပါရှိခဲ့၏။ တောင်းခံသူမှာ
ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ဂျပန်
တော်လှန်ရေးတပ်သား ထွေးမောင်
ဆိုသူ လူဝင်စားဖိုးစံထူး၏အဖြစ်အ
ပျက်ပါပေ။ ထိုကိစ္စများသည် ယုံရ
ခက်သော်လည်း ဖြစ်ပွားသူများထဲ
တွင် မြွေဟောက်ကြီးက ပါဝင်ပတ်
သက်နေသည်။

သေသူထွေးမောင်မှာ
ဟောက်သိန်းအောင်၏လုပ်ကြံသ
ဖြတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရ၏။
ဝင်စားအဖြစ် ပြန်လည်လူဖြစ်လ
ကာ ပေါ်ပေါက်လာသော ကိစ္စပ
တည်း။ မြွေဟောက်သိန်းအောင်
တွင်းထဲမှ ထွက်ပေါ်လာတော့မည
မှာသေချာလှတော့သည်။ လျှို့ဝှ
ဂျပန်ရတနာသိုက်တူးဖော်ရန် (၁
နှစ်ကြာချိန်းဆိုထားချက်သည် မ
တော့ချေ။ မောင်မောင်အတွက်
ငတ်တုန်း ရေတွင်းထဲကျသွားသ
ဖြစ်ကာ ပြုံးလိုက်မိတော့သည်။

"ဘယ့်နှယ်လဲ မောင်မောင်
မင်းစိတ်ဝင်စားတယ် မဟုတ်လာ
ဟဲ. . ဟဲ. . ."

"ဟာ. . မြွေဟောက်ဖမ်းပြ
ဒီကိစ္စက သော့ချက်ပါပဲ. . ရဲမှူး"

"အေး. . ငါသဘောပေါက်
ပါတယ်၊ မင်းရဲ့ ဓားပြတိုက်မှုတွေရဲ
အဓိကကျတဲ့ ခေါင်းဆောင်မိဖို့ ကွင်း
ဆက်တစ်ခုပါပဲမဟုတ်လား"





"မှန်ပါတယ် ခင်ဗျာ၊ ဖမ်း
ဆီးမိတဲ့ ဓားပြတွေကတော်တော် သူ
တို့ခေါင်းဆောင်အပေါ် နှုတ်လုံနေ
တော့"

"ဒါပေါ့ကွာ၊ မြွေဟောက်က
သူတို့မိသားစုတွေအတွက်ပါတာဝန်
ယူထောက်ပံ့ပေးတော့ သစ္စာရှိကြ
တော့တာပဲလေ"

"အင်း. . အမှန်တရားဆို
တာ ပေါ်ပေါက်လာရစမြဲပါပဲကွယ်"

"ဟုတ်ကဲ့ပါ. . ရဲမှူး"

"အေး. . မင်းအတွက် လို
အပ်တာတွေကို ကွပ်ကဲရေးဌာနမှာ
ထုတ်ယူသွားပေတော့၊ အောင်မြင်ပါ
စေ"

"လေးစားပါတယ်. . ရဲမှူး၊
ခွင့်ပြုပါ"

"အေး. . . အေး. . ."

×××

<u>**သဲလွန်စနောက်သို့**</u>

မောင်မောင်ကား မှုခင်
တပ်ဖွဲ့မှ အထူးထောက်လှမ်းရေ
တစ်ယောက်ဖြစ်၏။ သူ၏ နာမ
ဝှက်မှာ ဆင်ရိုင်းဟုတွင်၏။ ဆ
ရိုင်းမောင်မောင် ဖော်ထုတ်ခဲ့ေ
အမှုကြီးများစွာမှာ ခဲရာခဲဆစ်လိ
ခဲ့ရသည်ချည်းပါပေ။ အခုလည်း ေ
ပြမှုများ၏ အဓိကခေါင်းဆောင်ဖြ
နိုင်သူ မြွေဟောက်သိန်းအောင်
နောက်ကြောင်းတစ်ခုကို ဆက်စ
လာပြီဖြစ်ပေသည်။

ရာဇဝတ်ဘေးပြေးမလွ
နိုင်ပေ။ အမှန်တရားက ပေါ်ပေါ
လာရစမြဲတည်း။ မောင်မောင်တ
ယောက် တော်လှန်ရေးတပ်သားဖြ
သူ ထွေးမောင်လူဝင်စားလေး ဖို
ထူးရှိရာသို့ ရောက်ရှိလာခဲ့၏။ ရွ
ဆရာတော် ဦးဝိစာရ၏ ဖိတ်ကြ
ချက်ကြောင့် လျှို့ဝှက်ဂျပန်ရတ
သိုက်ကြီးအား ဖော်ထုတ်နိုင်မည်

သည်။

ဖိုးစံထူးလေးမှာ အတိတ်က အငြိုးအတေးကြောင့် လူဝင်စားဖြစ်လာဟန်တူ၏။ မြွေဟောက်သိန်းအောင်အား အခဲမကျေဖြစ်နေဆဲပါပေ။ ထွေးမောင်ဘဝတုန်းက ကြုံခဲ့ရသည့်အကြောင်းများ ထပ်မံပြောပြရှာ၏။ ဖိုးစံထူးလေးစကားအပြောအဆိုအရ မြွေဟောက်သိန်းအောင်၏ ပုံပန်းသဏ္ဌာန်မှာ ယခုသူဌေးကြီးဦးသိန်းအောင်နှင့်တစ်ထပ်တည်းတူညီနေခဲ့သည်။

ဦးသိန်းအောင်သည် အတ္တကြီးလွန်းသူတစ်ဦးမို့ မသွေမုချရတနာသိုက်တူးဖော်ရန် ရောက်ရှိလာမည်မှာ သေချာလွန်းလှသည်ဟု လူဝင်စားလေးကဆို၏။ အရေးကြီးတာက အလယ်ရိုးမတောင်ခြေရင်း မယ်ဘုံရွာကလေးတွင် ကျန်ရစ်ခဲ့သည့် စစ်ပြန်ရဲဘော် ဦးဖိုးလုံးထံသို့ သိန်းအောင်အကောက်ကြံမည်ကို စိုးရိမ်ရတော့သည်။ အချိန်မီစေရန် မောင်မောင်တို့မယ်ဘုံရွာသို့အရောက်သွားရမည်ဖြစ်သည်။ သက်ဆိုင်ရာသို့ မောင်မောင်အစီရင်ခံစာရေးပို့ရ၏။ သူ၏ တပည့်ကျော် ဆားပုလင်းမျိုးလွင်အား သူနှင့်အတူ တာဝန်ထမ်းခွင့်ပါ တောင်းခံထား၏။

မြွေဟောက်သိန်းအောင်... တနာသိုက် တူးဖော်ရန်အတွက် လူအင်အား၊ တပည့်ထပမ်းတွေနဲ့ လာမည်မှာ သေချာလှ၏။ မောင်မောင်တို့ ညောင်ပင်သာရွာကလေးမှတစ်ဆင့် ရိုးမတောင်ခြေရင်းရှိ မယ်ဘုံရွာလေးသို့ ခရီးဆက်ကြ၏။ မယ်ဘုံရွာအား သိသူရှား၏။ ရွာဟုသာဆိုရ၏။ အိမ်ခြေမှာ (၁၀)လုံးခန့်သာရှိမည်။ တဲတစ်တဲနှင့်တစ်တဲမှာ ဝေးကွာစွာရှိ၏။

ကရင် တိုင်းရင်းသားများဖြစ်ကြသည်။ ဆေးဆရာကြီး၏အိမ်ကိုမေးသည့်အခါ ရွာသားအားလုံးက ရန်ပြုလိုဟန်ဖြင့် ကြည့်ကြသည်။ မောင်မောင်တို့ရင်ထိတ်သွားမိသည်။





...တို့မှာ ရန်ပြုရန်လာသည်မဟုတ် ဆေးဆရာကြီးဦးမိုးလုံး၏ မိတ်ဆွေများဟုရှင်းပြမှ နေအိမ်ကို ပြသကြသည်။

သူတို့မပြလိုခြင်းမှာ မိမိတို့အရင်လူတစ်စုရောက်ရှိလာပြီး ဆေးဆရာကြီးအား သေလုမျောပါး နှိပ်...က်ခဲ့သဖြင့် ဆေးဆရာကြီးဦးမိုးလုံး...ပ်ယာထက်က မထိုင်နိုင်ပဲရှိနေ...ခြင်းကြောင့်ပါတည်း။ မြွေဟောက်...သိန်းအောင်တို့ လက်ဦးခဲ့ပြီဖြစ်လေသည်။

## ဆေးဆရာကြီးဖိုးလုံး

ဆေးဆရာကြီးအိမ်ရောက်...တော့ ကရင်အမျိုးသမီးတစ်ဦးနှင့်...လေးငယ်တစ်ဦးတို့က ဒူးလေးနဲ့...တို့အား ချိန်ရွယ်ထားသည်။ ထိုအခါ လူဝင်စား ဖိုးစံထူးလေးသည် ...မ်းအော်ကာ. . .။

"ဟေ့. . မိုးလုံးကို ပြောပြလိုက်၊ ထွေးမောင်ရောက်လာပြီလို့"

တဲထဲမှ ချိန်နဲ့သောလေသံကို ကြားလိုက်ရသည်။ ဇနီးနှင့်သားတို့အား. . .။

"နော်မူ. . သူတို့က ရန်သူမဟုတ်ဘူး၊ ဝင်ခွင့်ပေးလိုက်ပါကွယ်၊ အဟွတ်. . ဟွတ်"

ထိုအခါကျမှ ကရင်အမျိုးသမီးကြီးက ဒူးလေးချကာ အိမ်ထဲသို့ဝင်ရောက်သွားတော့၏။ မောင်မောင်တို့လည်း နောက်မှဝင်ရောက်ခဲ့၏။

"မိုးလုံး. . ငါထွေးမောင်ပါကွ၊ မမှတ်မိတော့ဘူးလား"

"ဟင်! မင်း. . မင်းကဘယ်လို. . ."

ထွေးမောင်လူဝင်စားလေးက သိန်းအောင်သူ့အား လမ်းတွင်အကောက်ကြံကာ ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း သူ၏ ရတနာမြေပုံအားလည်း ယူသွားခဲ့ကြောင်း ရှင်းပြ၏။ သူလူဝင်စားပြန်ဖြစ်လို့ သိန်းအောင်

ာ်မာသစ္စာမဲ့ပုံကို ရှင်းပြနိုင်ခြင်း ပ။ မိုးလုံးကား အိပ်ယာထက်မှ မျက်ရည်များယိုစီးကျရှာသည်။ ၏မျက်လုံးများသည် မီးဝင်းဝင်း ာက်နေသလို တောက်ပနေ၏။ ရိုးကြောကြီးတင်းအောင် အံကို ာ်ကာရှိနေတော့သည်။

"တောက်. . ယုတ်မာလိုက် › သိန်းအောင်ရာ၊ ဟင်း. . ."

## မြေပုံလိုချင်လို့

ဒုက္ခိတဆေးဆရာမိုးလုံးက ည်း သူ့အား သိန်းအောင်တို့အုပ် ရာက်ရှိလာကာ နှိပ်စက်အကြပ် ပြီး မြေပုံယူသွားခဲ့သည်ကို ပြန် ာပြ၏။

သိန်းအောင်သည် မသမာ ယုတ်မာပင်တည်း။ သူလုပ်ချင်တဲ့ ှမှန်သမျှအား တရားမရှိ လုပ် ာင်၏။ သူသည် လျှို့ဝှက်ဂျပန် နစ်သိုက်အား တူးဖော်ချင်နေခဲ့သည်မှာ ကြာပြီဖြစ်၏။ ဆယ်နှစ်တာ ကာလကို သူသည်းခံစောင့်ဆိုင်းခဲ့ရသည်။ ထိုအချိန်အတွင်း သူကကြိုတင် ပြင်ဆင်ထားခဲ့သည်။ သူ့တစ်ယောက်တည်းသာ အပိုင်သိမ်းလိုပါသည်။ သူ့အတွက် အခက်အခဲမရှိလှပါချေ။ ထွေးမောင်ထံမှလည်း မြေပုံရရှိပြီးဖြစ်၏။

နောက်ဆုံး ကျန်ရစ်သူက မယ်ဘုံရွာလေးတွင် နေရစ်ခဲ့သည့် မိုးလုံးပင်တည်း။ မိုးလုံးအားရှင်းရန် သူ့အဖော်အပေါင်းအသင်းများနှင့်အတူ ရောက်ရှိလာခဲ့၏။ မိုးလုံးအား ရှာဖွေရန်မခက်လှပေ။

"မိုးလုံး. . မင်းခြေထောက်က. . ."

"ဖြတ်လိုက်ရတယ်ကွ၊ မင်းအခုလာတာက. . ."

"သိသားနဲ့ကွာ၊ ဂျပန်ရတနာတွေအတွက်ပေါ့"

"ဒါဆိုကောင်းပါရဲ့ကွာ၊ ငါလည်းစောင့်နေရတာ ပင်ပန်းလှပါ





ပြီ"

"မင်းရဲ့မြေပုံကော၊ ထုတ်ဘော့လေကွာ"

"သိန်းအောင်ရာ. . မင်းမလောပါနဲ့ဦးလေ၊ ငါတို့သုံးယောက်မှ မဆုံသေးတဲ့ဟာ၊ ထွေးမောင်ကို စောင့်ရမယ်မဟုတ်လားကွ"

"ဟား. . ဟား. . ဟား၊မင်းက ထွေးမောင်ကို စောင့်ချင်နေတာသား၊ ဟင်း. . ဒီကောင်က လွန်ခဲ့တဲ့အချိန်ကတည်းက တမလွန်ခရီးကို သွားနှင့်ပြီ၊ သူ့မြေပုံကို ငါ့ကိုပေးခဲ့တယ်၊ တို့နှစ်ယောက်ပဲ ရှိတော့တာကွ"

"ဟင်"

သိန်းအောင်က သူနှင့်ထွေးမောင်တို့ မိုးလုံးရွာတွင်ကျန်ရစ်ခဲ့ပြီးနောက် လမ်းတွင်ပင် ထွေးမောင်က ဒဏ်ရာ သွေးထွက်လွန်ပြီး သေဆုံးသွားကြောင်းရှင်းပြခဲ့သည်။

"ကဲကွာ. . မိုးလုံး၊ အချိန်ကြာတယ်၊ ငါတို့တူးဖော်ဖို့ မင်းမြေပုံထုတ်ပေးစမ်း"

"သိန်းအောင်၊ ငါ. . မင်းကိုပြောချင်တယ်၊ ငါတို့ တူးဖော်ပြီး တိုင်းပြည်အတွက် သက်ဆိုင်ရာကို လှူလိုက်မယ်၊ ဘယ့်နှယ်လဲ"

"ဟ. . ဘယ်ဖြစ်မလဲကွာ၊ ဒီလောက်အချိန်အကြာကြီးစောင့်လာခဲ့ပြီးမှ. . ."

"ကောင်းပြီလေ၊ ငါ့ရဲ့ဝေစုကို ငါတော့နိုင်ငံတော်ကို ပေးအပ်လိုက်တော့မယ်၊ ငါ့အတွက်မလိုတော့ပါဘူးလေ"

ထိုစဉ် တဲအိမ်ထဲသို့ နော်မူအဲနှင့်သားယော်တို့ ဝင်ရောက်လာကြ၏။ သိန်းအောင်က. . .။

"မိုးလုံး. . သူတို့က. . ."

"ငါ့ရဲ့ ဇနီးနှင့်သားပေါ့ကွ၊ သိန်းအောင်"

"ဟေ့. . သူတို့ကို ဖမ်းချုပ်လိုက်စမ်း"

သိန်းအောင်က ဟန်ဆောင်မျက်နှာဖုံး ခွာချလိုက်တော့၏။ မြေ

ဆိုးမှန်ပါက ခါးပိုက်ထဲမှာ ကြာရှည် မနေ။ အနံ့ရသည်နှင့် ပါးပြင်းထောင် ပြတော့သည်။

"မင်း. . မင်း. . ယုတ်မာလှ ချည်လား. . သိန်းအောင်"

"ဟဲ. . ဟဲ. . အဲလိုမထင်ပါ နဲ့ကွာ၊ မင်းမှမလိုချင်တဲ့ဟာကွာ၊ ငါ့ ကိုပဲ ပေးပါတော့ဟုတ်လား"

"မပေးဘူး"

"မင်းကွာ၊ မင်းရဲ့ သားနှင့် ဇနီးကို မင်းငဲ့ညှာပါကွာ၊ ကဲ. . အ လဲအလှယ်လေးပေါ့၊ ဟုတ်လား"

"အစ်ကို. . မပေးနဲ့"

"ဟေ့. . ဒီစွာတဲ့ ဟာမကို တိတ်အောင်လုပ်စမ်း"

သိန်းအောင်က အမိန့်ပေး လိုက်သည်နှင့်သူ့တပည့်တစ်ယောက် က နော်မူအဲအား ပါးရိုက်တော့၏။ မိုးလုံးအသဲ တစ်ဆတ်ဆတ်နာကျင် နေရသည်။ သူက ဒုက္ခိတမို့ မကယ် ဆယ်နိုင်ပဲရှိ၏။ သားဖြစ်သူက သတ္တိ မခေ။ သူ့အမေထိတော့ ထိုသူအား အတင်းဝင်ကာ လက်ကို သွားဖြ ကိုက်တော့၏။ ထိုလူမိုက်က ကလေ ဟုမညှာတာ၊ ရိုက်ထည့်လိုက်သဖြ သားငယ်ပုံကျသွားခဲ့၏။

"သား"

"မိုးလုံး. . တွေ့ပြီလား၊ မ ရဲ့ ဇနီးနှင့်သားမပေးရင် သည့်ထ နာမယ်နော်၊ ထုတ်ပေးပါ"

"အေး. . ကောင်းပြီ၊ ငါပေ မယ်၊ မင်းဘာမှရန်မပြုပါဘူးဆိုတ သေချာမှ ငါပေးမယ်"

"ကွာ. . ငါလိုချင်တာရ ပြီးပြီပေါ့ကွာ၊ ဟဲ. . ဟဲ. . ."

မိုးလုံးက မြေပုံဖွက်ထား ဝါးကွပ်ပျက်ထဲက ဝါးလုံးတစ်လုံး မှ နှိုက်ယူလိုက်သည်။ ဖယောင်း လုံးထားခဲ့သည်။ ထိုသည်ကို သိ အောင်အား ပေးလိုက်တော့သည်

"ဟား. . ရပြီကွ၊ ဟား. ဟား. . ဟား"

"ကဲ. . သိန်းအောင်၊ မ တို့သွားကြတော့ကွာ"





"အေးပါကွာ၊ ကဲဟေ့. . ဒီ ကောင့်ကိုဆုံးမလိုက်၊ အိပ်ယာထဲက ထနိုင်အောင်ညှာညှာတာတာလေး ဟနော်၊ ဟား. . ဟား. . ဟား"

မိုးလုံးအား သူ့တပည့်များ က ငါးဖယ်နှာကြ၊ ထိုးနှက်ရိုက်ပုတ် တော့သည်။ နော်မူအဲနှင့်သားကို ကြိုးဖြင့်ချည်နှောင်ကာထားခဲ့သည်။ ကျေနပ်အားရအောင်ပြုမူပြီးမှ . .။

"အင်း. . တော်လောက်ပြီ၊ တို့သွားကြရအောင်၊ မိုးလုံးရေ. . သွားမယ် သူငယ်ချင်းနော်၊ ဟား. . ဟား. . ဟား. . ."

သိန်းအောင်တို့ ထွက်သွား ကြပြီး အတန်ကြာတော့မှ မိုးလုံးမှာ ဒဏ်ရာတွေကို ဂရုမထားနိုင်ပဲ သား နှင့်ဇနီးထံ ဓားကိုင်ကာ တွားသွားခဲ့ ၏။ အနားရောက်တော့မှ ချည် နှောင်ထားသော ကြိုးများကို ဖြတ် တောက်ပေးရတော့သည်။

"အစ်ကိုရယ်. . ဖြစ်မှဖြစ် ရလေ"

"ရပါတယ်. . နော်မူ၊ ငါ့ကို ကွပ်ပျက်ပေါ်ကိုတွဲပို့ကွာ၊ ဟင်း"

မိုးလုံးတို့အေးချမ်းနေသည့် မိသားစုလေးထံ မကောင်းဆိုးဝါးမြွေ ဟောက်သိန်းအောင်ကြောင့် ကြေမွ ပျက်စီးသွားရပေတော့သည်။ မောင် မောင်က သေချာအောင် အခုချိန်ခါ တွေ့ရသော သိန်းအောင်၏ ပုံပန်း သဏ္ဌာန်ကို မေး၏။ ဟုတ်နေတော့ သည်။ မြို့မျက်နှာဖုံး သူဌေးကြီးအ မည်ခံ ဦးသိန်းအောင်ပင်တည်း။

အရေးကြီးသော ကွင်းဆက် များ ဆက်စပ်သွားမိပေတော့သည်။ မောင်မောင်က အစီရင်ခံစာရေးပြီး မှုခင်းရဲတပ်ဖွဲ့သို့ မျိုးလွင်အားပို့စေ ပြီး ရာဇဝတ်ကောင်များဖမ်းဆီးရန် ညွှန်ကြားချက်ပါ ရယူစေ၏။ ရသည် နှင့် နယ်မြေခံရဲတပ်ဖွဲ့များအားခေါ် ကာ အချိန်မှီဖမ်းဆီးနိုင်ရေးအတွက် မယ်ဘုံရွာသို့ လိုက်လာစေခဲ့၏။

x x x

ရတနာမြေပုံနှင့်လောဘသားကောင်များ

မြွေဟောက်သိန်းအောင်က သူ၏ တပည့်လက်သားများနှင့်ရတနာသိုက်အား တူးဖော်ရန် ထွက်ခွာသွားကြသည်။ မောင်မောင်တို့ ထိုနေရာအထိ မလိုက်သေးပဲ နယ်မြေခံရဲတပ်ဖွဲ့တို့နှင့်အတူ ပြန်လာမည့် မျိုးလွင်တို့အား စောင့်နေကြရ၏။ ဓားပြအဖွဲ့အား တစ်ဦးတစ်ယောက်တည်း သူ့ရဲကောင်းဆန်စွာ ရင်ဆိုင်လို့မရပေ။ ကိုယ့်အထက်အရာရှိတို့၏ အမိန့်ကိုစောင့်ရသည်။ မိုးလုံးမှာ သိန်းအောင်တို့လူစု၏ သေလုမျောပါး ရိုက်နှက်ခံထားရသဖြင့် မြို့နယ်ဆေးရုံသို့ ပို့ရန်လိုအပ်နေပါသည်။ ထွေးမောင်လူဝင်စားဖိုးစံထူးကတော့ အခဲမကျေ။ ကလဲ့စားချေရန် ကြံစည်စိတ်ကူးနေဟန်ရှိ၏။

နောက်တစ်ရက်တွင်မှ မျိုးလွင်နှင့်အတူ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာခဲ့၏။ အထက်မှလည်း ဓားပြများအား ဖမ်းဆီးရန် အမိန့်ပါလာခဲ့သည်။ မိုးလုံးကား ထိုဂျပန်ရတနာသိုက်နေရာအား ဆေးဆရာဘဝနှင့်အခေါက်ခေါက် အခါခါရောက်ရှိပြီးခဲ့ပြီဖြစ်ပေသည်။ ထိုနေရာကို မောင်မောင်တို့အား မြေပုံဆွဲကာ လမ်းပြပေး၏။

သိန်းအောင်တို့အုပ်စုသည် ဂျပန်စစ်ဗိုလ်ရေးဆွဲခဲ့သည့် မြေပုံအဟောင်းအတိုင်း သွားကြသဖြင့်များစွာ အခက်အခဲများ ရင်ဆိုင်ရတော့၏။ ဆယ်နှစ်ကာလသည် များစွာ ပြောင်းလဲသွားခဲ့၏။ မှတ်သားထားသော မြေပုံထဲမှ အညွှန်းများကား သစ်ပင်များပေါက်နေခြင်းကြောင့် မနည်းပင်ရှာဖွေနေရတော့သည်။

တောတောင်ဘန်းထဲဆီသို့ တောဆင်ရိုင်းအုပ်နှင့်ရင်ဆိုင်တိုးကြသဖြင့် ပြေးလွှားကြရသေး၏။ ကျားရဲနှင့်တော့မတိုးကြချေ။ လောဘစိတ်ကြောင့် သူတို့မှာ ကြောက်လန့်ရမှန်းမသိကြပါ။ လမ်းပျောက်သွားသဖြင့်





တောထဲတွင် တစ်ညအိပ်စက်ကြရသေး၏။ သိန်းအောင်ကတော့ စိတ်ကူးယဉ်ကာ ပျော်တပြုံးပြုံးဖြစ်နေပါတော့သည်။

သူသည် ထိုရတနာများကို နယ်ခြားနယ်စပ်အထိ သယ်ယူမည်။ ပြီးပါက တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ကာ ရောင်းချရန် ကြံစည်ထားခဲ့၏။

ထိုသို့ရောင်းချပါက သူ့မှာ များစွာ မြတ်စွန်းဦးမည်ဟု တွက်ထားခဲ့၏။ သူ့လူများသည် သူကျွေးမွေးထားသူများမို့ ပေးသမျှသာယူကြရမည်ဖြစ်၏။ သူသည် တခြားနေရာတွင်သာ သဘောကောင်းနိုင်၏။ ငွေရေးကြေးရေး၊ မိန်းမကိစ္စနှင့် ပတ်သက်လာလို့ကတော့ သဘောမကောင်းသူဖြစ်၏။ ရလေလိုလေဖြစ်သူပါပေ။

သူတို့နောက်မှ ဥပဒေဘက်တော်သားများ လိုက်ပါလာခြင်းကိုတော့ သူမသိနိုင်ပဲ ရှိလေတော့၏။ မောင်မောင်တို့ကလည်း ဖြည်းဖြည်းအေးအေးသာ နောက်မှလိုက်လာခဲ့၏။ သိန်းအောင်တို့အုပ်စုဖြတ်သန်းသွားသည့် ခြေရာများနှင့်အနားယူခဲ့ရာ စားသောက်ခဲ့သည့်နေရာ စသည်ဖြင့် သဲလွန်စများရပြီမို့ မျက်ခြေမပြတ်လိုက်ပါနိုင်ခဲ့ပြီဖြစ်၏။

သူတို့ဖိုခဲ့သော မီးကြွင်းမီးကျန်ပြာပုံသည် ပူပူနွေးနွေးငွေ့ငွေ့ ကျန်နေပါသေး၏။ သိန်းအောင်တို့သည် ဤနေရာမှ (၅)နာရီ၊ (၆)နာရီကြာတုန်းကသွားခဲ့ကြောင်း ခန့်မှန်းနိုင်ခဲ့၏။ မိမိတို့အား ညွှန်ပြခဲ့သူမိုးလုံးက ထိုနေရာသို့ အခေါက်ခေါက်အခါခါ သွားလာခဲ့သူဖြစ်၍ မောင်မောင်တို့က လမ်းမမှားနိုင်ပဲသွားနိုင်ခဲ့၏။

သိန်းအောင်တို့ကား လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလကမြေပုံကြောင့် အချိန်လင့်နေရ၏။ စမ်းတဝါးဝါးသာ မှန်းဆသွားနေကြရ၏။ သဘာဝတောရဲတိရစ္ဆာန်များနဲ့လည်း ရင်ဆိုင်ကြရ၏။ မြွေကြီးများရန်ပြ

မှုကြောင့် သိန်းအောင်၏လူနှစ်ဦးမှာ
မြွေကိုက်ခံရကာ အဆိပ်တက်၍သေ
ဆုံးခဲ့၏။

မောင်မောင်တို့သည် သိန်း
အောင်တို့အဖွဲ့၏ တောကောင်ပစ်
သံများပင် ကြားနေရပြီဖြစ်၍ သိပ်
မဝေး၊ မလှမ်းမကမ်းသာရှိတော့၏။
သိန်းအောင်လူနှစ်ယောက်ကို မြှုပ်
နှံခြင်းပင် မပြုပဲ ထားသွားသဖြင့်
မောင်မောင်တို့က မြှုပ်နှံပေးရသေး
၏။ သူတို့ဘယ်နေရာသို့ ရောက်နေ
သည်ကို သေချာစေရန် အမြင့်ဆုံး
သစ်ပင် တစ်ပင်ထက် ရဲတပ်ဖွဲ့ဝင်
တစ်ဦးကိုတက်ကာ ကြည့်ခိုင်းရ၏။

မောင်မောင်တို့သည် သိန်း
အောင်တို့ ရတနာသေတ္တာများတူး
ဖော်ပြီး အပြန်လမ်းတွင်မှ ဖမ်းဆီး
ရန် စီစဉ်ထားခဲ့၏။ သိန်းအောင်တို့
အင်အားမှာ မသေးလှချေ။ (၁၈)ဦး
ခန့်ပင်ရှိ၏။ သေတ္တာများသယ်ချရန်
လူအင်အားလိုပေ၏။ သိန်းအောင်
တို့စခန်းချနားသည်နှင့်မောင်မောင်

တို့လည်း သစ်ပင်ခွများကြားလည်
ကောင်း၊ လုံခြုံသည့်နေရာရွေးက
အိပ်စက်အပန်းဖြေနားကြ၏။

မိုးလုံးမှာ ဒဏ်ရာဒဏ်ချက
တွေကြောင့် ရဲတပ်သားနှစ်ဦးနှင့်အ
တူ နော်မူအဲတို့သားအမိပါ ဆေး
သို့ လိုက်ပါသွားသဖြင့် တောထဲမ
ဝင်ခဲ့ပေ။လူဝင်စားဖိုးစံထူးမှာ လိုက
ချင်စိတ်ပြင်းပြနေခြင်းကြောင့်ခေ
လာခဲ့ရ၏။

တောထဲတွင် နှစ်ရက်ခ
ကြာလာခဲ့ပြီးမှ သိန်းအောင်တို့သည
တောင်ကမ်းပါးယံ ရတနာသိုက်မြှု
နှံရာသို့ ရောက်သွားခဲ့တော့သည
မောင်မောင်တို့ အဖွဲ့က ထိုတော
ကမ်းပါးဘက်သို့ မလိုက်ပဲ မြင်သ
သည့်တောင်ထိပ်တွင် စခန်းချက
နေခဲ့ကြ၏။ အဝေးကြည့်မှန်ပြောင
ဖြင့်သာ သိန်းအောင်တို့ လှုပ်ရှား
သည်ကို စောင့်ကြည့်ရ၏။

အခြေအနေအရပ်ရပ်အာ
နောက်တန်း စခန်းသို့ စကားပြေ





က်ဖြင့် ပေးပို့နေခဲ့၏။ နောက်ထပ်
ဲတပ်ဖွဲ့ဝင် အင်အားလိုအပ်သဖြင့်
ထပ်မံပေးပို့ပါရန် တောင်းခံရသေး
၏။ ထိုအဖွဲ့သည် မယ်ဘုံရွာလေးရှိ
ိုးလုံးတို့အိမ်တွင် စခန်းချနေခဲ့၏။
မောင်မောင်တို့ရဲတပ်ဖွဲ့ဝင်များသည်
ရာဇဝတ်မှုကျူးလွန်သူများအားဖမ်း
ဆီးရာတွင် သေမှုသေကွင်းများမထိ
အောင် ဂရုစိုက်ဖမ်းဆီးရ၏။

ရဲတပ်ဖွဲ့ဝင်တို့သည် ပြစ်မှု
ခိုင်လုံကြောင်း ထင်ရှားမှသာ ဖမ်း
ဆီးပြီးသည်နှင့် ဥပဒေအရ အရေး
ယူနိုင်စေရန် တရားရုံးတော်သို့ စွဲ
ချက်ပုဒ်မတပ်၍ တင်ပို့ရသည်။ တ
ရားရုံးတော်မှသာ တရားခံအား ပြစ်
မှုထင်ရှားသည်နှင့်အမိန့်ပြစ်ဒဏ်ချ
မှတ်ဆုံးဖြတ်နိုင်ပေသည်။

သိန်းအောင်တို့အုပ်စုသည်
တောင်ကမ်းပါးကို ဂူပေါက်တူးဖော်
ရန် ပြုလုပ်နေကြသည်ကို အဝေး
ကြည့်မှန်ပြောင်းဖြင့် မြင်နေရသည်။
ညောင်မုတ်ဆိတ် ပင်စည်တွင် ကြိုး

များချည်ကာ ဦးစွာသိန်းအောင်၏
လူလေးဦးက ကြိုးချည်ပြီး ပေါက်
ချွန်းများဖြင့် ဆင်းကြ၏။ ဂူပေါက်ဝ
အား စတင်တူးဖော်ကြပြီဖြစ်၏။

ထိုလေးယောက်အား (၂)
နာရီစီ အလှည့်ကျ လေးယောက်စီ
လူလဲကာ တူးဖော်ကြကုန်၏။

**"လူ့သက်တမ်းတွင် အကျိုး
ပေးချိန် တစ်ကြိမ်နှစ်ကြိမ်အထိအ
ကျိုးပေး၏။ ထိုအချိန်တွင် လုပ်သမျှ
အောင်မြင်၏။"**

**"ဒုက္ခအကျိုးပေးတလုပ်သ
မျှ မအောင်မြင်ရာ၏"**

**"စာရေးသူ"**

**x x x**

တူးဖော်နေကြစဉ်ဂျပန်တို့
မြှုပ်နှံထားခဲ့သော ဒိုင်းနမိုက်များက
ပေါက်ကွဲသဖြင့် ထိုသူလေးယောက်
သေဆုံးပြန်သည်။ သို့သော် လောဘ
သားတို့က မရပ်ပဲ ဆက်တူးကြ၏။

သိန်းအောင်ကား ရတနာသိုက်ရှိရာ
နေရာမှန်ဖြစ်ကြောင်း ဒိုင်းနမိုက်
များပေါက်ကွဲ၍ ပီတိဖြာဝေနေ၏။
ပေါက်ကွဲမှုကြောင့် မြေများပြိုကာ
ပိတ်သွားသဖြင့် ပိုမို၍ တူးဆွရပြန်
တော့၏။

ဂူထဲသို့ ခြေချရသည်နှင့်
သိန်းအောင်က သူ၏ တပည့်များ
(၈)ယောက်အား ဆင်းခိုင်းကာ အ
မြန်တူးဖော်စေခဲ့၏။ မြွေတို့သည်
တွင်းအောင်းသတ္တဝါမျိုးပင်တည်း။
ပေါက်ကွဲမှုကြောင့် မြေများဖယ်ရှား
လိုက်သဖြင့် မြွေများက ထွက်လာ
ကြတော့သည်။ သိန်းအောင်၏ တ
ပည့်များအား မြွေတို့က အလွတ်မ
ပေးပဲ ကိုက်ခဲပေါက်ကြတော့သည်။
တစ်ချို့က မြွေရန်က လွတ်နိုင်ရန်
နောက်ပြန်လှည့်ပြေးကြ၏။ တောင်
ကမ်းပါးယံကို သတိလက်လွတ်ဖြစ်
ကာ အောက်သို့ကျ၏။ ဂူထဲဝင်သော
လောဘသားတို့အားလုံးမှာ မရဏ
လမ်းသို့ ရောက်ရှိသွားတော့သည်။

"မကောင်းမှုလုပ်သူများ
အသေဆိုးနှင့်ကြုံရတတ်၏"
"စာရေး

သိန်းအောင်တို့မှာ လေး
သာကျန်တော့သည်။ သူတို့လေးဦ
လုံး ဂူထဲသို့ ထပ်မံဆင်းကြပြန်သည
ပြန်လာက်ရန် ကြိုးများခိုင်ခန့်အော
ညောင်မုတ်ဆိတ် ပင်စည်ထက်တွ
ချည်နှောင်ထားခဲ့၏။ သိန်းအော
က မြွေဆိုးများအောင်းနေကြော
သိပြီဖြစ်၍ ဓားများကိုင်ကာ ဂူ
သို့ဝင်ကြ၏။ ကြွင်းကျန်သော
ဆိုးများအား ခုတ်ပိုင်းရှင်းလင်းလို
၏။

ဂူထဲတွင် ယမ်းငွေများ
အတူ သွေးညှိနံ့များလှိုင်နေပါတေ
သည်။ ဂျပန်ခေတ်က သုံ့ပန်းများ
ဂူထဲတွင် ပစ်သတ်ထားခဲ့သည့် လူ
ရိုးစုများက ချောက်ခြားစရာ သံ
ဂတရားရစရာပါပေ။ နောက်ဆုံး
တော့ သိန်းအောင်တို့ ကျန်လူ





ယောက် သေတ္တာကြီးများအား ဖွင့်
ကြတော့၏။

အထဲတွင် ရွှေချောင်းများ
ပင်တည်း။ သေတ္တာလတ်တွင်တော့
ကျောက်သံ ရွှေငွေ ရတနာများပင်
တည်း။ ရတနာများ၏ အရောင်တွေ
ထက် လောဘအရောင်က ပိုမိုထွက်
နေတော့သည်။ ထိုအချိန်၌ မောင်
မောင်တို့ ဥပဒေဘက်တော်သားများ
က သိန်းအောင်တို့ရှိရာတောင်ကမ်း
ပါးထိပ်သို့ ရောက်ရှိကာ နေရာယူ
ထားကြ၏။

သိန်းအောင်တို့နှစ်ယောက်
ပြန်တက်ခဲ့၏။ သေတ္တာများသယ်ယူ
ရန်တည်း။ သေတ္တာလိုက်သယ်ရန်
ခက်ခဲနေသဖြင့် အသင့်ယူဆောင်
လာသော အိတ်များဖြင့် သယ်ယူနေ
ကြတော့သည်။ သူတို့သည် သတိ
ထားကာအလေအလွင့်မဖြစ်အောင်
ချောက်ထဲ မကျစေရန် အပေါ်သို့
တင်နေကြသည်။

သူတို့သည် နေဝင်ချိန်တန်
တော့မှ ရပ်နားကာ အပေါ်သို့တက်
လာကြပြီး ချက်ပြုတ်စားသောက်ရန်
စီစဉ်ကြ၏။ ထိုအချိန်တွင်မှ မောင်
မောင်တို့ ဝင်ရောက်ဖမ်းဆီးပါတော့
သည်။ သိန်းအောင်ကား သတိရှိသူ
ကိုယ်လုံပညာများ တတ်ကျွမ်းသူမို့
အဖမ်းမခံပဲ ခုခံပါတော့သည်။

သူမသိသည်ကား မောင်
မောင်တို့ရဲတပ်ဖွဲ့ဝင်များသည် ကိုယ်
လုံပညာများ တတ်ကျွမ်းကြသည်ပင်
ဖြစ်တော့၏။ သိန်းအောင်နှင့်ကျန်
လူများမယှဉ်ပြိုင်နိုင်။ သိန်းအောင်
၏ ဓားချက်များကို ရှောင်တိမ်းနေ
ကြရင်း မောင်မောင်လည်း တတ်
သည့်ပညာမနေသာဆိုသလိုပင် ဓား
လွတ်တစ်ချောင်းကိုင်ပြီးတော့ သိန်း
အောင်အား ရင်ဆိုင်ပါတော့သည်။

သိန်းအောင်၏ ပက်ဓား၊
မိုးဓား၊ ဝှိုက်ဓားချက်များကိုခုခံကာ
ရှောင်တိမ်းပြီးနောက် ဓားချက်များ
ကို မောင်မောင် ရှောင်တိမ်းနေပြီး
ဟာကွက်ကို ရှာရ၏။ သိန်းအောင်

ကား ယခင်(၁၀)နှစ်ကျော်က မြွေဟောက်သိန်းအောင်လိုမျိုး မသွက်လက်တော့ပေ။ အပျော်အပါး၊ အသောက်အစားသာ စည်းစိမ်ရစ်နေခဲ့သဖြင့် လေ့ကျင့်မှုလည်း မရှိတော့ချေ။

သက်လုံမကောင်းတော့သဖြင့် မောဟိုက်နွမ်းလျလာတော့၏။ တိုက်ကွက်များ လေးလံနေတော့၏။ မောင်မောင်က ဓားချက်ကို ဖယ်ထုတ်၊ ခတ်ထုတ်လိုက်ပြီး လှစ်ကနဲ သိန်းအောင်အား ပူးဝင်ကာ တစ်ချက်ကောင်းအရှိက်ကို ဘယ်ဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ သိန်းအောင်ငိုက်ကျလာ၏။

ထိုသည်တွင် နောက်ပြန်ပတ်ကတောင်ဖြင့်တွက်ကာ မောင်မောင်ထွက်၏။ ကိုယ်ပြန်လှည့်ကာ နှစ်ဆင့်ဆက်ကာ ခြေကန်ချက်များဖြင့် သိန်းအောင်အား လှဲသိပ်လိုက်တော့သည်။ သိန်းအောင်မြေပေါ်ကို ကျသွားသည်နှင့်ဂျူဒိုနည်းစနစ်ဖြင့် နောက်ပြန်လက်လိမ်ချုပ်ပြီး အသ… ပါလာသော လက်ထိပ်အစုံဖြင့် ခ… လိုက်ပါတော့သည်။

ရာဇဝတ်ဘေးသည် ပြေး… လွတ်နိုင်ပါချေ။ ရွှေ၊ ငွေ၊ ရတန… ပစ္စည်းများအား နိုင်ငံတော်ပစ္စည်… အဖြစ် သိမ်းဆည်းခဲ့၏။ ရာဇဝတ်… များ ကျူးလွန်ခဲ့သော ဓားပြမှုမျာ… လူသတ်မှု၊ အလိုမတူပဲ အမျိုးသ… လေးများအား အဓမ္မသိမ်းယူပေါ… သင်းခဲ့မှုများဖြင့် သိန်းအောင်အ… စွဲချက်တင်ကာ ဥပဒေအတိုင်း … ရေးယူအမှုဖွင့်ခဲ့ပါတော့သည်။

စစ်ပြန်ရဲဘော်ကြီး မိုး… တို့မိသားစုနှင့်လူဝင်စားလေးဖိုးစံ… တို့ကလည်း သက်သေအဖြစ် ထွ… ဆိုခဲ့ကြ၏။ နိုင်ငံတော်က မိုးလုံး… ဖိုးစံထူးလေးတို့အားဂုဏ်ပြုကာ … ငွေများ ချီးမြှင့်ခဲ့ပါသည်။ ဥပဒေ… လေးစား လိုက်နာခြင်းသည် … ချမ်းသာယာစွာ နေထိုင်ရခြင်းမ… ၏။ အချိန်နာရီများက ရပ်တန့်မ…





တရွေ့ရွေ့ ပြောင်းရွှေ့ကာ ကုန်ဆုံးသွားကြ၏။ နေ့ဟောင်းကြွေ၍ နေ့သစ်တဖန် ဖြစ်ပေါ်လာသည်။ မိုးလုံးတို့မိသားစုလေးသည်လည်း နေ့သစ်နှင့်အတူ ပျော်ရွှင်စွာ ရှိနေမည်မှာ မလွဲပါတကား. . . . ။

*မောင်မောင်(မြန်မာပြည်)*





# ရေနစ်လေသူ

အောင်ခင်ဗိုး

ဆရာဝန်ကြီးသည် သူ့ လူနာကို ကြင်နာစွာကြည့်၍ သူ ပြောပြမည့် စကားများကို စိတ်အားထက်သန်စွာ နားထောင်ရန် ပြင်ဆင်လိုက်သည်။

◆ ◆ ◆ ◆ ◆

ကျွန်တော့်ကို . . တစ္ဆေ မြင်ဖူးသလားလို့မေးသလား . . ပြောရမှာတော့ ခပ်ခက်ခက်ပဲ . . တစ္ဆေဆိုတာကို ဆရာက ဘယ်လို အဓိပ္ပါယ်နဲ့ ဖွင့်ဆိုတယ်မှ မသိဘဲ . . .

ကျွန်တော့် အဖြစ်က သဘာဝလွန် ဖြစ်ရပ်လို့ မခေါ်နိုင်ဘူးထင်ပါတယ် ဆရာ . . ဘာကြောင့်ဆိုတာကိုတော့ ကျွန်တော့် စကားဆုံးရင် ဆရာ သိမှာပါ . . . ဆရာ တစ်ကယ် နားထောင်ချင်တာလားဟင် . . . ကျွန်တော်ကလည်း သိပ်ပြီး ပြန်ပြောပြချင်တာပါ ဆရာရယ် . . ဘာဖြစ်လို့လည်းဆိုတော့ ဒီအဖြစ်နဲ့ ကြုံခဲ့ရတော့ . . ကျွန်တော်ဟာ ကြုံခဲ့ရတဲ့ အခိုက်မှာသာ တုန်လှုပ်ချောက်ချားသွားတာ မဟုတ်ဘူး . . . ခုအချိန်အထိ တစ်အုံ့နွေးနွေးနဲ့ သောကရောက်နေသေးတယ် . . ဒီတော့ ဆရာ့ ထင်မြင်ချက်ကို ကျွန်တော် အထူးသဖြင့် လိုလားပါတယ် . . . ကိုင်း . . ကျွန်တော်ပြောပြပါတော့မယ်နော် . . .

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပါ . . ကျွန်တော်ဟာ အလုပ်က အနားယူဖို့ အသက်ပြည့်တာနဲ့ နယ်မှာရှိတဲ့ အိမ်ကလေးတစ်လုံးဝယ်ဖို့အတွက် လွယ်ကူတဲ့ အလုပ်တော့ မဟုတ်ဘူး . . ကျွန်တော်ဟာ ဒါဇင်ပေါင်းများစွာရှိတဲ့ အိမ်တွေကို လျှောက်ကြည့်ခဲ့တယ် . . ဒါပေမယ့် . . စိတ်တိုင်းကျတဲ့ အိမ် မတွေ့ခဲ့ဘူး . . နောက်ဆုံးရှာပေးခဲ့တဲ့ အိမ်ပွဲစားက 'ရေတွင်းဂေဟာ'ဆိုတဲ့ အိမ်ကလေးကျတော့ စိတ်တိုင်းကျခဲ့ရတယ်လေ . . . ဒီအိမ်ကလေးက

မြို့ကနေ နှစ်မိုင်လောက်ဝေးတဲ့ ရွာ၊ သိမ်ကလေး တစ်ရွာမှာပါ . . .

ရေတွင်းဂေဟာကလေးဟာ သိပ် ခမ်းနားလှတာတော့ မဟုတ်ပါဘူး။ ဝက်သစ်ချသား ယက်မကြီးတွေ . . မီးဖိုခန်းကျယ်ကြီးတွေနဲ့ မဟုတ်ပါဘူး။ ဒါပေမယ့် အခန်းတွေကတော့ များပါတယ် . . အလုပ်သမားတွေနေဖို့ အဆောင် နှစ်ခုကို ရောစပ်ထားတဲ့ အိမ်ကလေးပါ . . ပြီးတော့ မူလ ပိုင်ရှင်ဟာ ခေတ်နှင့်အညီ ပစ္စည်း ပစ္စယတွေကို . . ငွေ အကုန်ခံပြီး တပ်ဆင်ထားတယ် . . . အမှန်က ကျွန်တော့်စိတ်ကို အပြင်းထန်ဆုံး ဆွဲဆောင်စေတာကတော့ ပန်းခြံပဲ လေ . . ဆရာ မျှော်လင့်ထားတာ ထက် ကျယ်တာ . . ပြီးတော့ သီးပင်၊ စားပင်တွေကလည်း တစ်ပုံကြီး . . ကျွန်တော့် အတွက်တော့ အသင့် တော်ဆုံးပါပဲ ဆရာရယ် . . .

ရေတွင်းကတော့ ခြံရဲ့ အဲဆုံး ဘက်မှာရှိပါတယ်. . မသုံးတာကြာပြီ ဖြစ်တဲ့ ရေတွင်းဟောင်းကလေးပါ. . ဒါပေမယ့် သူရှိနေတဲ့အတွက် . . မြင်ကွင်းကလေးဟာသာယာပါတယ်။ တွင်းကလည်း တော်တော်ကလေး

နက်တယ် . . ကျောက်ခဲတစ်လုံး
ပစ်ချကြည့်မယ်ဆိုရင် . . ဖျန်းက
ရေထိသံကို ကြားရအောင် အ
တော်တော်လေး စောင့်ရတယ်လေ

ကျွန်တော် ဒီအိမ်လေးကိုပြော
လာတော့ဆောင်းတွင်းပဲရှိသေးတ
ဒါပေမယ့် အိမ်ကလေးထဲမှာ နွေး
လေလုံပါတယ် . . ရွာက ဘုန်းကြ
ကလည်း ကျွန်တော်နဲ့ ကောလိပ်
အတူနေခဲ့ဖူးတော့ သူကပဲ ကျွန်တေ
အိမ်မှာ အိမ်မှု ကိစ္စတွေကို ကူ
လုပ်ကိုင်ပေးဖို့အတွက် . . မစ္စ
ဟော့ဂျစ် ဆိုတဲ့ အဒေါ်ကြီးကို ငှ
ပေးတယ်လေ . . ဒီအဒေါ်ကြီးဟ
နေ့စဉ်ပဲ နေ့ဘက်ကို လာရော
လုပ်ကိုင်ပေးပြီး ညကိုပြန်တယ်
ခင်ဗျာ . . ကျွန်တော်ဘဝဟာလည်
တော်တော်ပဲ ချောချော မောမေ
ပြည့်ဝနေတာပေါ့လေ . . စာ
အားရပါးရဖတ်၊ ရွာပြင်တော်စပ်
ကိုလမ်းလျှောက် ၊ အိမ်နီးနားချ
တွေနဲ့ မိတ်ဖွဲ့လို့ပေါ့လေ . . အိမ်
နားချင်းတွေက နည်းတော့နည်း
တာယ် . . . ဒါပေမယ့် သူတို့ဟ
စိတ်ထား တစ်ကယ် ဖြူစင်ပြီး စိ
ရင်းကောင်းကြတယ် . . ခင်ဗျာ . .





ဒီလိုနဲ့ ကျွန်တော်လည်း နွေဦးပေါက်
အချိန်ကလေးကိုပဲ စောင့်ခဲ့တာပေါ့
လေ . . .

အခု ကျွန်တော်ပြန်ပြောရမှာက
တစ္ဆေအဖုကြောင်းဆိုတော့ ဆရာဟာ
ထုံးစံအတိုင်း လိပ်ပြာမသန့်ဖြစ်ဖွယ်
ခံစားမှုတစ်ခုဟာ ကျွန်တော့်အိမ်ထဲ
မှာ လွှမ်းမိုးလာတယ်ဆိုတာကိုကြားရ
တော့မလား . . ကြားရတော့မလား
လို့ စောင့်မျှော်နေမှာပဲနော် . . .
ဟုတ်ကဲ့ . . . အဲဒီ ခံစားမှုမျိုးနဲ့
ကျွန်တော်တွေ့ကြုံခဲ့တာတော့ အမှန်
တွေပါပဲ ဆရာရယ် . . .

ဧပြီလရဲ့ တစ်ညနေပေါ့ ဆရာ။
ခြံထဲက အပင်တွေက ပွင့်ဖတ်၊ ပွင့်
ချပ်နဲ့ အရွက်တွေ ကြွေစပြုနေပြီ . .
မှောင်စပျိုးလာပေမယ့် ကျွန်တော်က
ခြံထဲမှာထိုင်နေတုန်းရှိသေးတယ် . .
တစ်နေ့လုံး နေပူထားပြီး လေ က
လည်း မအေးသေးတော့ . . အိမ်ထဲ
မဝင်ချင်သေးဘူးလေ . . .

အဲဒီညနေက ကျွန်တော့် ခွေး ဟာ ကျွန်တော့ နားမှာပဲ ရှိနေတယ်။ အမှန်ပြောရရင် စိတ် မသိုးမသန့် ဖြစ်တဲ့ ခံစားမှုကို ပထမဆုံးရတာ ကတော့ အဲဒီ ခွေးပဲ ဆရာ . . .

ဖြုန်းဆို သူ့အမွေးတွေ ထောင်ထပြီး သွားတွေဖြဲလို့ ကြောက်တဲ့သဘော၊ မုန်းတီးတဲ့ သဘောတွေ ရောနှော ဖော်ပြတော့တာပါပဲ . . .

သူဟာ ရေတွင်းဘက်ကို မမှတ် မသုန်စိုက်ကြည့်နေတာကို ကျွန်တော် တွေ့ရတယ်. . ဒီကောင့်ကို ကြောက် အောင်ဖြစ်လောက်တဲ့ အရာတစ်စုံ တစ်ရာကိုမှ ကျွန်တော်မတွေ့ဘူး . . ဒါနဲ့ ခြံကို ဆုံးအောင် ထလျှောက် သွားခဲ့တယ် . . ခွေးကိုပါ လိုက်ခဲ့ဖို့ ခေါ်တော့ ကိုယ်တော်ချောက မလှုပ် ဘူးခင်ဗျား . . .

ရေတွင်းနား ရောက်လာတာနဲ့ အမျှ ကြောက်တာနဲ့ ရင်ထဲမှာ ဟာ တာတာ ဖြစ်နေတာ ရောနေတဲ့ ထူးဆန်းမှု တစ်ချို့ကို သတိပြုမိလာ တယ် ဆရာ . . ဒီခံစားမှု အာရုံဟာ သိပ်ပြီး ထင်ရှားနေလိုက်တာ . . . ကျွန်တော့်စိတ်ထဲမှာ ရေတွင်းထဲက အနံ့ဆိုးတစ်မျိုး ထွက်နေသလိုတောင် ထင်မိတယ်. . မခံနိုင်လောက်အောင် ဖြစ်လာတာနဲ့ ကျွန်တော်လည်း ခပ် သုတ်သုတ်ပဲ လစ်လာခဲ့မိတာပေါ့ . . ရေတွင်းနဲ့ ဝေးလာတာနဲ့အမျှ . . . ကြောက်မက်ဖွယ် ခံစားမှု အာရုံဟာ လည်း မှိန်မှိန်ပြီး ကျန်ရစ်ခဲ့တယ် . .

ဒါနဲ့ပဲ သာယာအေးချမ်းတဲ့ ဧပြီလရဲ့ ညနေခင်းဆီကို ပြန်ရောက်ခဲ့တော့တာပေါ့. . .

အဲဒါဟာ . . နိဒါန်းပျိုးတာပဲ ဆရာ . . ကျွန်တော်ကြုံတွေ့ခဲ့ရတာ သိပ်ပြီးနူးညံ့သိမ်မွေ့ပြီး စိတ်ကူးယဉ်ဆန်တာနဲ့ ဒါဟာ ငါ့စိတ်က ထင်လို့ပဲလို့ သဘောထားချင်သလိုလို ဖြစ်လာရတယ် . . ဟော . . နောက်သုံးပတ်လောက် ကြာတော့ တစ်ခါဖြစ်ပြန်ရော ဆရာ . . ဒါပေမယ့် ဒီတစ်ခါမှာတော့ ဟိုတစ်ခါ ခွေးမြင်ခဲ့တာကို ကျွန်တော် မြင်ရတယ်လို့ ထင်မိတာပါပဲ . . ကျွန်တော်ဟာ ရေနစ်ထားတဲ့ အမျိုးသမီးကို တွေ့ရတယ် ခင်ဗျာ့ . .

အချိန်ကတော့ နေဝင်ရီတရော အချိန်ပဲ. . ပထမတော့ သစ်ပင်တွေကြားမှာ အရိပ်ဆန်ဆန် ပုံးတိုးဝါးတားတွေ့ရတယ် . . . နောက်ကျတော့ သဏ္ဌာန်ဟာ တိကျပြီး ပိုထင်ရှားလာတော့တယ် . . သူ့ အဝတ်အစားတွေဟာ ရေတွေရွှဲနစ်နေပြီး စုတ်ပြတ်နေတယ် . . သူ့ရဲ့ဖြောင့်ဖြူး ပျော့ပျောင်းတဲ့ဆံပင်တွေဟာ ပခုံးထက်မှာ တဲလွဲကျနေတယ် . . ကျွန်တော့်ကို စိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေဟာ အာရုံကင်းမဲ့ပြီး ရေနစ်ထားတဲ့ . . မျက်လုံးတွေ ခင်ဗျ . . တော်တော် ကြောက်စရာကောင်းတယ် . . သူ ရေတွင်း ဘေးမှာ ရပ်နေတယ်လေ သူ့ပတ်ဝန်းကျင်မှာ ကြောက်စရာ စိတ်မချမ်းသာစရာ ခံစားမှုအာရုံဟာ မမြင်ရတဲ့ မြူနှင်းတွေလို လွှမ်းခြုံ သလို ကျွန်တော် ထင်ထင်ရှားရှား သတိထားမိတယ် ဆရာ . .

အဲဒါ ဘယ်လောက်ကြာအော မြင်နေရတယ်ဆို ကတော့ . . ကျွန်တော် မသိဘူး . . ဒါပေမ နောက်ဆုံးမှာ သူဟာ ပျောက်ကွ သွားတော့ . . စောစောက ခံစား အာရုံမျိုးဟာလည်း သူနဲ့အတူ ပါသွ တယ်လေ . . .

ဒီတစ်ခါတော့ . . ကျွန်တော့် တုန်လှုပ်သွားမိတာကို ကျွန်တေ ဝန်ခံပါတယ် . . အိမ်ထဲကို တန်း လာခဲ့ပြီး ဝီစကီပြင်းပြင်းကို ဆော်ဒါ စပ်ပြီး သောက်လိုက်ရတယ် . . အကြောင်းမရှိပဲ . . ကျွန်တော် စိ လည်း တော်တော်ဆိုးမိတယ် . . ဒီရေတွင်းဂေဟာနဲ့ ပတ်သက်ပြီး . မုချရှိနေရမယ်လို့ ယူဆရမယ့် .





လျှို့ဝှက်ဇာတ်လမ်းကလေးကို အိမ်ပွဲစားဟာ ကျွန်တော့်ကို ပြောပြထားသင့်တယ်လို့လည်း တွေးမိပါရဲ့ . . ဒါပေမယ့် အရာရာကို သတိနဲ့ ချည်းကပ်တတ်တဲ့ ကျွန်တော့်ဝသီအတိုင်း အရင်ဆုံး ဒီ ပတ်ဝန်းကျင်မှာပဲ စုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ် . . . ဒီကိစ္စအတွက်ဆိုရင် တစ်သက်လုံး ဒီရွာမှာနေလာတဲ့ မစ္စက်ဟော့ဂျစ်ထက် ဘယ်သူက ပိုပြီး သင့်တော်ဦးမှာလဲ ဆရာရယ် . . .

နောက်နေ့မနက်ကျတော့ . . ဒီအိမ်မှာ အရင်ကနေ သွားကြတဲ့ လူတွေအကြောင်းကို အမှတ်တမဲ့ မေးမြန်းပြောဆိုပြီး စကားကို စပ်မိအောင်ဆွဲခေါ်ပြီး ရေတွင်းအကြောင်းကို မေးပါတယ် . . သူပြန်ပြောဆိုနေတဲ့အချိန်မှာ ကျွန်တော်ဟာ သူ့ကို စေ့စေ့စပ်စပ် သတိထားကြည့်နေခဲ့တယ် . . မစ္စက်ဟော့ဂျစ် ဟာ ပရိယာယ်မာယာမရှိတဲ့ မိန်းမကြီးပါ။ ဒီတော့ ဒီအိမ်နဲ့ပတ်သက်ပြီး စိတ်မချမ်းသာစရာ လူမသိတဲ့ ဇာတ်လမ်းကလေး ရှိတယ်ဆိုရင်လည်း သူကတော့ ဘာမှ မသိတာ အမှန်ပဲ . .

ဒီနည်းအတိုင်းပဲ ဘုန်းတော်ကြီးကို စုံစမ်းပြန်တော့လည်း ရတဲ့အဖြေက ထူးမခြားနားပါပဲ . . ရွာထဲမှာ ရာသက်ပန် နေထိုင်ပြီး ကြီးပြင်းလာခဲ့ကြတဲ့ ရွာသားတွေစုဝေးရာရွာတွင်းကဘီယာဆိုင်ကလေးမှာ စုံစမ်းကြည့်ပါသေးတယ် . . ဘာတစ်စွန်းတစ်စမှ မရခဲ့ဘူး ခင်ဗျ . . တစ်ခါတော့ ကျွန်တော်က ဒီအိမ်ဟာ တစ္ဆေခြောက်တဲ့အိမ် ဖြစ်နိုင်သလိုလို သူတို့ကို စကားလမ်းပြောင်းပေးကြည့်ပြန်တော့ ကျွန်တော့်ကို ဝိုင်းဟားကြတယ် . . ဆရာရယ် . .

ဒါပေမယ့် ဒီ 'ရေတွင်းဂေဟာ' ကလေးရဲ့ လူသူမသိတဲ့ ဇာတ်လမ်းကလေးဟာ ဘာများဖြစ်နိုင်သလဲ . . ဒီပြဿနာဟာ စိတ် မချမ်းသာစရာ ဆွဲဆောင်မှုတစ်မျိုးအနေနဲ့ ကျွန်တော့်စိတ်ကို ဆွဲဆောင်စပြုပြီ ဆိုတာကိုတော့ ဝန်ခံပါတယ်. . ဒီရေတွင်းဟာ ဘယ်လောက်ကြာကြာ တည်ရှိနေခဲ့သလဲ . . ဒီအမျိုးသမီးဟာ ရေထဲမှာ အနေကြာခဲ့ရပုံမျိုးနဲ့ အဝတ် အစားတွေ ပျက်စီးယိုယွင်းနေလေတော့ . . ဘယ်ခေတ်က အမျိုးသမီးလည်း ဆိုတာတောင်မှန်းဆဖို့ မဖြစ်နိုင်လောက်အောင်ပါပဲ . . .

နောက်ရက်ပေါင်း အနည်းငယ်အကြာမှာ အခုညနေခင်းအချိန်ပဲပေါ့။

ကတော့ ကျွန်တော်နှစ်သက်တဲ့ ပုံစံမျိုးတော့ မဟုတ်ဘူး . . အဝတ်အစားကို တောက်တောက် ပြောင်ပြောင် ဝတ်ပေမယ့် လူကကုပ်ချောင်းချောင်းနဲ့ ဒါပေမယ့် သူကတော့ အိမ်ကို သဘောကျသွားပုံရပါတယ်။

" ကျွန်တော်တို့ လိုချင်နေတဲ့ အိမ်မျိုးပါပဲ . . "

ကျွန်တော်က တစ်အိမ်လုံးကို လိုက်ပြလိုက်တော့ သူက အဲဒီလို ပြောပါတယ် . . .

" ကျွန်တော့်ဇနီးကို နေ့လည် စောင်းလောက်မှာ ခေါ်လာပြီး ပြပါရစေဦး . . ကျွန်တော့်လိုပဲ သူလည်း နှစ်သက်တယ်ဆိုရင်တော့ အလုပ်ဖြစ်ပြီပေါ့ ခင်ဗျာ . . . "

ကျွန်တော်ဟာ နေ့လည်စောင်းကျတော့ ခြံထဲကနေပြီး သူတို့ကို စောင့်နေမိတယ် . . ဝင်း ဝကနေပြီး သူတို့ ဝင်လာခဲ့ကြတာကို ကျွန်တော် မြင်တယ် . . လူငယ်ကလေးရယ် . . ဒီနောက်တော့ ကျွန်တော်ဟာ သူတို့ အုပ်စုလေးကိုကြည့်ပြီး မျက်လုံးပြူးမိတော့တယ် . . ဘာဖြစ်လို့လည်းဆိုတော့ အလယ်က လျှောက်လာတာဟာ ရေနစ်ထားတဲ့ အမျိုးသမီးဖြစ်နေတာဗျ . . ကျွန်တော်အရင်က မြင်ထားတဲ့ပုံစံမျိုးတော့ မဟုတ်ဘူးခင်ဗျ။ အခုတော့ သူဟာ ခြောက်သွေ့နေတယ် . . အသက်ရှင်နေပါတယ် . . ရယ်ရယ်ပြုံးပြုံးနဲ့ . . . ဒါပေမယ့် သူဟာ ဟို မိန်းမပါဆိုတာကိုတော့ သံသယ မရှိနိုင်ပါဘူး . . ရေနစ်ထားတဲ့ မိန်းမကို ကျွန်တော် ဘယ်မှာ တွေ့တွေ့ မှတ်မိမှာပါပဲ . . .

" ကဲ . . ကျွန်တော်တို့ ရောက်လာပြန်ပြီ . . ဒါထက် ဟောဒါက ကျွန်တော့် မိန်းမပါပဲခင်ဗျာ . . . "

လူငယ်လေးက ဒီလိုပြောတော့ သူ့မိန်းမကတော့ . . ကျွန်တော့်ကို တော်တော်ရိုင်းတဲ့ လူကြီးလို့ထင်သွားမှာပဲ . . ဘာဖြစ်လို့လည်းဆိုတော့ တစ်ခါမှလည်း မမြင်ဖူးပဲနဲ့ မြင်ဖူးပြီးသားလိုဖြစ်နေတဲ့ . . မျက်နှာကို ကျွန်တော်က မမှိတ်မသုန် ငေးစိုက်ကြည့်နေခဲ့တာပေကိုး . . ဇွန်လရဲ့ နေရောင်ခြည်အောက်မှာ သူရပ်ပြီး ကျွန်တော့်ကို ပြုံးရယ်ကြည့်နေတာဟာ ကျွန်တော့်အတွက် အိပ်မက်လိုဖြစ်နေပါတယ် . . ဒါပေမယ့် လက်ဆွဲနှုတ်ဆက်လိုက်ပြန်တော့ သူ့လက်က နွေးနွေးလေးပါပဲလေ . . .





ကျွန်တော်ဟာ ရေနစ်ထားတဲ့ အမျိုးသမီးကို တစ်ခါထပ်တွေ့ပြန်ပါရော ဖြစ်ပျက်ပုံက ပထမတွေ့ခဲ့တုန်းကလိုပါပဲ . . ဒါပေမယ့် ဒီတစ်ခါမှာတော့ သူ့ကို မြင်ရတဲ့အချိန်ဟာ ပိုပြီးကြာတယ် . . ပြီးတော့ ခံစားမှုအာရုံဆိုးက ပိုပြီး ပြင်းထန်လာတယ်ပေါ့ ဆရာ . .

ကျွန်တော့် အနေနဲ့တော့ . . ဒီလောက်ပဲ ခံနိုင်တယ် ထင်တယ် ဆရာ . . ဒီထက်ပိုပြီး ကျွန်တော် မခံနိုင်တော့ဘူး . . လူကြောက်လို့ပဲ ခေါ်ခေါ် ရေတွင်းထဲကို ပစ်ချတာပဲ ခံရသလား ဘာပဲဖြစ်ဖြစ် အဲဒီ ရေနစ်သေတဲ့သူ . . ကျွန်တော် လုံးဝမသိတဲ့ သူစိမ်း အပြင်လူက ဖြစ်တဲ့ တစ္ဆေကြောင့်တော့ ကျွန်တော်ရဲ့ သာယာချမ်းမြေ့နေတဲ့ အငြိမ်းစားဘဝလေးကို အပျက်မခံနိုင်ဘူး ဆရာ . . .

နောက်နေ့မနက်မှာပဲ အဲဒီပတ်မြို့ကို ဘတ်စ်ကားစီးသွားပြီး အိမ်ပွဲစားနဲ့ သွားတော့ခဲ့တယ် . . ' ရေတွင်းဂေဟာ ' နဲ့ ပတ်သက်လို့ ကျွန်တော် စိတ်ကူးပြောင်းသွားပြီ ဖြစ်ကြောင်း၊ ဒါကြောင့် ဒီအိမ်ကို ဖြစ်နိုင်သရွေ့ အမြန်ဆုံးရှင်းပစ်ချင်ကြောင်း ပြောလိုက်တယ် . . .

"ငှားချင်တာလား . . ရောင်းချ
တာလား . . . "

အံ့ဩစွာနဲ့ပဲ သူ ပြန်မေးတယ
ခင်ဗျ . . .

" ရောင်းတော့ ရောင်းချင်တာပ
ဒါပေမယ့် မလွှဲသာရင်တော့ ငှားမှ
ပေါ့လေ . . ရှင်းရှင်း ပြောရရင
ကျွန်တော် ဒီအိမ်မှာ မနေချင်တော
လို့ပဲ . . . "

" အကြောင်းရှိသလား "

" အိမ်ရဲ့ အခြေအနေကို မျှေ
လင့်ထားခဲ့သလောက် မကြိုက်တော
လို့ပဲဗျာ . . . "

ကျွန်တော့်ကို တော်တော် ဂွကျ
တယ်လို့ သူ ထင်သွားပုံရတယ် . .
ဒီထက် ဆိုးတာတောင် ထင်ချင်ထင
ဦးမယ် . . ဒါပေမယ့် ဘီယာဆိုင
ကလေးမှာတုန်းကလိုပဲ အဟားမခံ
ချင်တာကတစ်ကြောင်း၊ နောက်ဝယ
မယ့်လူဆီ စိတ်ပျက်သွားမှာက တစ
ကြောင်းကြောင့် ကျွန်တော့် ဇာတ်
ကြောင်းကို ပွဲစားကို ပြန်မပြောခဲ့
ပါဘူး . . .

ရက်အနည်းငယ် ကြာတဲ့အခါမှာ
လူငယ်တစ်ယောက်ဟာ အိမ်လာ
ကြည့်တာပါပဲ . . သူ့ ပုံပန်းသဏ္ဌာန်

ဒါနဲ့ပဲ . . သူတို့ကို အိမ်ထဲ ဝင်ကြည့်ဖို့ ခွင့်ပြုလိုက်တယ် . . . သူတို့ လျှောက်ကြည့်နေတဲ့ အတောအတွင်း ကျွန်တော်ဟာ ခြံထဲမှာ လမ်းလျှောက်နေရင်း အခြေအနေပဲ . . ဝတ္ထုဆန်ဆန်လို လှည့်ကွက်ကလေးကို တုန်လှုပ်ရင်း တွေးတောနေမိ ။ ဦးနှောက်ကလေး နည်းနည်းကြည်လာတော့ ကျွန်တော် ဖတ်ဖူးခဲ့တဲ့ စာအုပ်ကလေး အကြောင်းကို ပြန်တွေးကြည့်နေမိတယ် . . အချိန်ကို စမ်းသပ်ကြည့်ခြင်းဆိုတာလေ . . ဆရာလည်း ဖတ်ဖူးမှာပေါ့ . . အဲဒါကိုပဲ စဉ်းစားနေမိတယ် . . သူတို့ သုံးယောက်ပြန်ရောက်လာတဲ့ အချိန်အထိ ကျွန်တော့်မှာ ဆုံးဖြတ်ချက် မပြတ်မသားဖြစ်နေတုန်းပဲ ရှိသေးတယ် . . .

လူငယ်လေးက စပြီးပြောပါတယ်

" ဟန်ကျတာပဲ . . ကျွန်တော် နှစ်သက်သလို ဒီုရင်း ကလည်း . . နှစ်သက်ပါတယ် . . မဟုတ်ဘူးလား ဟင် . . အချစ် "

မိန်းကလေးရဲ့ မျက်နှာဟာ . . ပျော်ရွှင်မှုကြောင့် ဝင်းလက်နေပြီး ခေါင်းညိတ်ပြတယ်လေ . . ကျွန်တော့် စိတ်ဟာ ဖျတ်ကနဲ ဆုံးဖြတ်ပြီးသား ဖြစ်သွားတော့တယ်လေ . . .

" ဝမ်းနည်းပါတယ် . . ကျုပ် စိတ်ပြောင်းသွားပါပြီ . . ဒီအိမ်ကို ကျုပ် မရောင်းတော့ပါဘူး . . . "

သူတို့ သုံးယောက်လုံးက . . . ကျွန်တော့်ကို ဝိုင်းကြည့်ကြတယ် . . လူငယ်လေးက ထပ်တွန့်သေးတယ် လေ . .

" ဒီမှာ ခင်ဗျာ . . ကျွန်တော်တို့ သိပ်ကြိုက်နေပါတယ် . . ဈေးနှုန်း အတွက်ကြောင့်ဆိုရင်လည်း . . . "

" ဈေးနှုန်းနဲ့ မဆိုင်ပါဘူးလေ . . ကျုပ်ဟာ ခင်ဗျားတို့ကို မရောင်းချင် တော့တာပါပဲ . . ဒါဟာ ကျုပ်ရဲ့ နောက်ဆုံးစကားပါပဲ "

ကျွန်တော်ဟာ . . ယတိပြတ် ဆုံးဖြတ်ပြီးသားဖြစ်နေမှန်း သိသွား ကြတော့လည်း နောက်ဆုံးတော့ . . သူတို့ ပြန်သွားကြတာပါပဲ . . အပြန် လမ်းတစ်လျှောက်မှာ အဲဗတ် က အိမ်ပွဲစားကတော့ . . သူတို့ကို ကျွန်တော်ရူးနေကြောင်း ပြောသွားမယ် ဆိုတာကို သံသယဖြစ်ဖွယ် မရှိနိုင်ပါ ဘူးလေ . . .

လေးငါးပတ်လောက်ကြာတော့ ကျွန်တော်ဟာ အိမ်ကလေးကို ရောင်းပစ်လိုက်ပါတယ် . . တပ်မတော်က အငြိမ်းစား ယူလာတဲ့ . . အရာရှိတစ်ယောက်ကိုရောင်းလိုက်တာပါပဲ။ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဒီအဖြစ်အပျက်ဟာ နှစ်နှစ်နီးပါးလောက်ရှိခဲ့ပြီလေ . . ဒီနောက်ပိုင်း ကျွန်တော်ဟာ အဲဒီဒေသကို မရောက်တော့ပါဘူး . . ဒါပေမယ့် ကျွန်တော်ဟာ ရေနစ်ထားတဲ့ အမျိုးသမီးကိုတော့ မမေ့နိုင်ဘူး . . သီချင်တာလေးက ကျွန်တော့်စိတ်ကို သိပ်ဒုက္ခပေးနေတာပဲ ဆရာ . . .

ကျွန်တော် တိတိကျကျ သိချင်တာကတော့ ကံမကောင်းရှာတဲ့ . . အမျိုးသမီးလေးရဲ့ အသက်ကို ကယ်ဆယ်လိုက်တဲ့ကိစ္စမှာ ကျွန်တော် အောင်မြင်ခဲ့ပါသလား ဆရာ . . . ဒါမှမဟုတ် ကျွန်တော် မအောင်မြင်ခဲ့ဘူးလား ဆရာ . . ဟင် . . အဲဒါကို ကျွန်တော် တိတိကျကျသိချင်နေပါတယ် ဆရာရယ် . . . နော် . . .

× × × × ×

စိတ် ရောဂါကု ဆရာဝန်ကြီးသည် သူ၏ လူနာအတွက် ဖြေကြားစရာ စကားများကို စိတ်ထဲတွင် ကမန်းကတန်း ရှာဖွေနေရလေတော့သတည်း . . .

♦ ♦ ♦ ♦ ♦

*အောင်ခင်မိုး*

ADRIAN ALINGTON ရေးသားသော Lady For Drowning ကို ပြန်ဆိုပါသည်။




## ပင်လယ်စုန်း၏ကျော့ကွင်း

ဟိန်းထက်ဇော်

နံနက်ခင်းနေခြည်ဦးက ပင်လယ်ပြင်ကြီးကိုပက်ဖျန်းကျဲချနေ၏။ ထိုစဉ် မိုးသားမိုးရိပ်တို့က ဆင်စပြုလာချေပြီ။ ညှိုညှိုမည်းမည်းရှုပ်ထွေးလာနေသည်။ ထိုသို့အချိန် လှျပ်ပန်းလှျပ်နွယ်၊ လှျပ်စီးတို့လည်း ဝင်းကနဲလက်ကနဲပြိုးပြိုးပြက်ပြက်။ ကောင်းကင်နံရံဝယ် နတ်စစ်သည်တို့က စည်မောင်းလှိမ့်ဘိအလား၊ မိုးချုန်းနေသည်မှာ တခြိမ့်ခြိမ့်တဂျွမ်းဂျွမ်း၊ ရိုက်ချုန်းသံတို့က ဆူညံမစဲတသဲသဲ။ တောင်လေကလည်း မိုးရန့်နှင့်အတူ ပင်လယ်ပြင်ကို ရှပ်တိုက်ပြေးလွှားလာချေ၏။ ထို့ကြောင့်လည်း ရှေးလူကြီးများက ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့ဟုပြောစမှတ်ပြုကြပေသည်။

ထိုသမယဝယ် ရေးချောင်း (မွန်ပြည်နယ်အဆုံး)၏ ပတ်ဝန်းကျင်တနင်္သာရီကမ်းရိုးတန်းပင်လယ်ပြင်ဝယ်၊ လှိုင်းအိကလေးများက တသိမ့်သိမ့်တငြိမ့်ငြိမ့်၊ လိမ့်ကာလိမ့်ကာဖြစ်ပေါ်လာနေ၏။

ထိုစဉ် တက်မကိုင်ချစ်သိန်းထစ်ယောက် မိမိသင်္ဘော(စက်လှေ)လား လှိုင်းလာရောက်ရိုက်ပုတ်သံကိုကြားနေရ၏။ ပင်လယ်ပြင်တွင် လှိုင်းတို့က ခက်ထန်သောင်းကျန်းလာ၏။ လှိုင်းခေါင်းဖြူများလည်း ဖွေးကနဲ၊ ဖွေးကနဲဖြစ်ပေါ်လာချေပြီ။ ဤသို့ဖြင့် မိမိအနားတွင်ထိုင်နေသော လှေသူကြီး(ဦးစီးချုပ်အား). .

"ဦးလေးထွန်း ပင်လယ်အခြေအနေကိုကြည့်ပါဦး"ဟူ၍ ချစ်သိန်းက တက်မကိုင်နေရင်းပြောလိုက်သည်။

ထို့ကြောင့် ဦးထွန်းလည်း သင်္ဘောပေါင်းမိုးပေါ်သို့တက်လိုက်၏။ ပင်လယ်ပြင်အနေအထားကို အကဲခတ်၍ကြည့်နေ၏။ **သူ့အတွေ့အကြုံအရ သဘာဝဘေးအန္တရာယ်ကျရောက်တော့မည်ဖြစ်ကြောင်းတွေမြင်လိုက်ရ၏။ ယခုလို မိုးဦးကာလတွင် ပင်လယ်ပြင်၏လျှို့ဝှက်နက်နဲမှုကိုတွေးတောငေးမောရင်း**

ပြန်ပြောလိုက်လေသည်။

"အေးကွာ. . ပင်လယ်ကတော့ ပျက်ချိန်(လေထန်လှိုင်းကြီး) တန်ပြီ"

ဦးထွန်းက စကားကိုရပ်ထား၏။ ပြီးနောက် တက်မကိုင်နေသော ချစ်သိန်းဘက်သို့လှည့်ပြီး. .

"ချစ်သိန်း . . ပင်လယ်အခြေအနေ ဘာထူးခြားတာထပ်တွေ့သေးလဲ"

ဦးထွန်း၏အမေးစကားကြောင့် ချစ်သိန်းစဉ်းစားရကျပ်သွားသည်။ သူ့အနေနှင့် ပင်လယ်ပြင်ကိုကြည့်လိုက်ပြန်သည်။ မိုးသားမိုးတိမ်တို့သာဖြစ်ပေါ်နေသည်။ တခြားထူးခြားချက်ကိုမတွေ့မြင်။ ထို့ကြောင့်လည်း သတိမထားမိကြောင်းပြောလိုက်လေသည်။

"မင်း. . သတိမထားမိလို့ပါကွာ. . . မိုးသားမိုးရိပ်တွေဟာ ကောင်းကင်အထက်ပိုင်းမှာသာ မဲမှောင်နေတယ်။ ပင်လယ်ရေပြင်နဲ့ထိနေတဲ့ကောင်းကင်အောက်ခြေမှာ မိုးရဲ့အငွေ့အသက်ရှင်းနေတယ်။ အဲဒါ အောက်ခြေရှင်းတယ်လို့ခေါ်တယ်. ဒီလိုမိုးဖြစ်နေလို့ကတော့ ရာသီဥတုအခြေအနေက သိပ်ပြီးဆိုးဆိုးဝါးဝါးကြီးဖြစ်ပေါ်မလာနိုင်ဘူး။ တကယ်လို့သာအောက်ခြေမှာ မဲမှောင်ရှုပ်ထွေးနေရင်တော့၊ ပင်လယ်ပြင်ရဲ့အန္တရာယ်ကိုမတွေးဝံ့စရာပဲ"

ဦးထွန်းကရှင်းပြသည်။ ချစ်သိန်းလည်း ဂရုတစိုက်နားထောင်၏ တစ်နေ့ သူလည်း ဦးလေးထွန်းကဲ့သို့ ဦးစီးချုပ်ဖြစ်ရန် စိတ်ဆုံးဖြတ်ထားသူပင်။

"ကဲ. . ချစ်သိန်း. . လှေသား(ရေလုပ်သား)တွေကိုပြောလိုက် မိုးရော၊ လေပါကျလာလိမ့်မယ်၊ အဲဒီတော့ လှန်းထားတဲ့ငါးခြောက်တွေ သိမ်းစရာသိမ်း၊ အောင်ညွန့်တို့ မျိုးခင်တို့ကိုလည်းပြောကွာ၊ သင်္ဘောဝမ်းဗိုက်ထဲ မိုးရေမစိုအောင် တာလပတ်အုပ်ထားလို့. . စားဖိုမှူး မောင်နီကိုလည်း ထင်းတွေရွှေ့တန်ရွှေ့၊ ခေါင်မိုးပေါ်က ထင်းစီးကိုလည်း ခေါင်းမိုးလက်တန်းနဲ့ခိုင်အောင်ချည်ထားလို့ပြောလိုက်ကွာ. . ပေး. . တက်မကို. . ငါ ကိုင်ထားမယ်"

ထိုစဉ် လှေသား(ရေလုပ်သား)တို့လည်း ဝိုင်းဖွဲ့စကားပြောသူပြော၊ အိပ်သူအိပ်၊ အနားယူနေကြ၏။ ချစ်သိန်းလာပြောလိုက်သဖြင့် လုပ်ငန်းများကိုနေရာစေ့၊ ထောင့်စေ့ဖြင့် ပျားပန်းခတ်မျှအလုပ်ရှုပ်ထွေးသွားကြတော့သည်။ တက်ညီလက်ညီလုပ်ကိုင်လိုက်ကြသဖြင့် အလျင်အမြန်ပြီးစီးသွားကြတော့သည်။ ရေလုပ်သားတို့၏စိတ်ဓာတ်ကအလွန်မြင့်မြတ်လှ၏။ မိမိတို့အား ယုံကြည်၍အပ်နှံလိုက်သော သင်္ဘော(စက်လှေ)၊ ပိုက်၊ စက် စသည့် သိန်းပေါင်းမြောက်များစွာကို ကိုယ်ပိုင်ပစ္စည်းသဖွယ် ဂရုတစိုက်လုပ်ကိုင်ပေးကြ၏။ အလုပ်ရှင်အပေါ်တွင် စေတနာမေတ္တာအပြည့်အဝထားကြ၏။ အလုပ်ရှင်၏ ပစ္စည်းများမပျက်စီး၊ မယိုယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ပေးလိုသည့်ဆန္ဒ အမြဲကိန်းအောင်းလျက်ပင်။ ထိုနည်းတူ အလုပ်ရှင်သူဌေးကလည်း ရေလုပ်သားများ၏ဘဝ၊ လုံခြုံချောမွေ့အဆင်ပြေရေးအတွက် အထောက်အပံ့၊ အကူအညီများကို ရက်ရက်ရောရောပေးလေ့ရှိသည်။

ချစ်သိန်းလည်း တက်မကိုင်သည့်အခန်းသို့ပြန်ရောက်လာ၏။ မကြာမီ ပင်လယ်ပြင်တွင် လှိုင်းခေါင်းဖြူများ မြွေဟောက်ပါးပျဉ်းထောင်သကဲ့သို့ ခေါင်းထောင်ထလာနေတော့သည်။ မိုးစက်၊ မိုးပေါက်များလည်း တဖြောက်ဖြောက်ကျနေပြီ။ လေလည်း တဟူးဟူးထန်လာ၏။ လေနှင့်အတူ လှိုင်းလုံးများက မြင့်သထက်မြင့်တက်လာနေသည်။ ချစ်သိန်းလည်း သင်္ဘော(စက်လှေ)ဦးကို လှိုင်းလာသည့်ဘက်သို့ ဦးတည်မောင်းထား၏။ စက်ကိုလည်း တယ်လီဂရပ်(အချက်ပေး)ရိုက်၍ စက်တစ်ဝက်လောက်သာ မောင်းခိုင်းထားသည်။ လှိုင်းအလိုက် သင်္ဘောကို မျောမောင်းထားသည်။

ရေလုပ်သားအားလုံးသည် အလုပ်ကိုယ်စီဖြင့် ရှုပ်ယှက်ခတ်နေကြတော့သည်။ မိုးကထန်လာ၏။ လှိုင်းလုံးများလည်း အိမ်ခေါင်လောက်မြင့်တက်လာချေပြီ။ သင်္ဘောအား ဘေးတိုက်လှိုင်းမရိုက်မိအောင် လှိုင်းကိုဦးတည်ပြီး သတိထားမောင်းနေရ၏။ ဂရုစိုက်နေရပေသည်။ ထိုစဉ် ဦးထွန်းက. . .

"ချစ်သိန်း. . မင်း. . ဒီအတိုင်းသာမောင်းထား၊ ဘာမှစိုးရိမ်စရာမရှိဘူး. . ခေတ္တပဲ တို့သင်္ဘော

လိုင်းဒဏ်ခံရမှာကွ"

"ဟုတ်ကဲ့. ဦးလေးထွန်း"

တစ်ခါတစ်ရံ သင်္ဘောဝမ်းဗိုက်နှင့်လိုင်းလုံးလွတ်သွားသည်။ လေထဲမှ သင်္ဘောပြန်အကျ။ ဖြန်းကနဲပင်မြည်သွား၏။ အလွန်ကြောက်စရာကောင်းသည့်အခြေအနေပင်။ ဦးထွန်းက ဘေးမှထိုင်ပြီးသတိပေးနေသည်။ လိုင်းမြင့်တက်လျှင် သင်္ဘောမြင့်တက်သွား၏။ လိုင်းနိမ့်လျှင် သင်္ဘောနိမ့်ဆင်းသွားသည်မှာ အသည်းယားစရာကောင်းလှ၏။ သင်္ဘောတစ်စီးလုံး ပုခက်လွှဲဘိအလား လူးနေ၏။ ခါနေ၏။ တုန်နေ၏။ လေက ႆတစ်ချက်တစ်ချက်ဆောင့်ဆောင့်ပြီးတိုက်နေသည်။ သင်္ဘောတုန့်ကနဲတုန့်ကနဲဖြစ်သွားသည်။ အကာအကွယ်မဲ့နေသော ပင်လယ်ပြင်မို့ သင်္ဘောအလူးအလဲလိုင်းဒဏ်ခံနေရသည်။

လေကထန်၊ လိုင်းကကြမ်း ပင်လယ်တစ်ပြင်လုံး ခက်ထန်မာကြောနေ၏။ သင်္ဘောကိုရိုက်ခတ်နေသည့် တဝုန်းဝုန်းအသံက ကမ္ဘာပျက်သည်ထက်ပင် ကြောက်လန့်စရာကောင်းနေ၏။ ပင်လယ်ပြင်က

ကြောက်ခမန်းလိလိဖြစ်နေ၏။ စ
မတတ်၊ ဝါးမတတ်ဖြစ်နေသည်။
သော်လည်း ရေလုပ်သားတို့သ
လုံးလဝီရိယ၊ ဇွဲကို တစ်ပြားသား
မလျော့ကြပေ။ သဘာဝဘေးအ
ရာယ်ကို အံတုဘက်ပြိုင်၍ အသ
ကိုရင်းပြီး လုပ်ကိုင်နေကြသည်။

တစ်နာရီလောက် မိုးသ
လေပြင်းဒဏ်ကိုခံလိုက်ရသည်
လေတိုင်နှုန်းလည်း တဖြည်းဖြည်
လျော့ကျလာသည်။ ထို့အတူ လို
ကလည်းကြီးရာမှ နိမ့်ကျလာ၏။
ကြာမီ လေတိုက်ရပ်သွားသည်
လိုင်းလည်းငြိမ်ကျသွား၏။ ပင်လ
ပြင်က ဖြောင့်ဖြူးတည်ငြိမ်နေ
ပြီ။ မိမိဖြစ်ပျက်ခဲ့သည်ကို မသိဝိုး
ဖြင့်ဟန်ဆောင်နေသယောင်ယော
ပင်လယ်ရေပြင်က ဖန်သားပြင်ကဲ့
ညီညာနေပေတော့သည်။ ထိ
ကြောင့်လည်း ချစ်သိန်းက. .

"ပင်လယ်က နက်နဲဆ
ကြယ်တယ်နော်. . ဦးလေးထွ
အသိလည်းခက်တယ်နော်"

"ဟုတ်တယ် ချစ်သိန်း. .
ထက်လျှို့ဝှက်ချက်တွေ ဒုနဲ့ဒေးပဲ.
အခုလိုအချိန် ပင်လယ်မှာ တို့



လုပ်သားတွေရဲ့အသက်ကို အန္တရာယ်ပေးတာတစ်ချက်ရှိတယ်"

"ဒီလောက်တောင် ကြောက်စရာကောင်းတဲ့အန္တရာယ်ဒုက္ခက ဘာလဲဟင်"

ချစ်သိန်း၏အမေးကို ဦးထွန်းတစ်ယောက် ကွမ်းငုံထား၍ ပလုံးပထွေးဖြင့်ဖြေလိုက်၏။

"ပင်လယ်စုန်း"

-----xxxx-----

"ကဲ. . ထမင်းစားရအောင်ပြင်တော့ကွာ"

ဦးထွန်းက လှေသားများအား တက်မခန်းမှလှမ်းပြောလိုက်၏။

စားဖိုမှူးမောင်နီက သူ့တာဝန်အရ ထမင်းခူးခပ်ပေးနေသည်။ ရေလုပ်သားအားလုံးလည်း ထမင်းဝိုင်းသို့ရောက်လာကြကုန်၏။ ချစ်သိန်းတစ်ယောက်သာ တက်မကိုင်နေသဖြင့် မစားသေးပေ။ ထိုပြင် လှေသူကြီးဦးထွန်းအား ငါးခေါင်းတစ်ခြမ်းကို မောင်ညွန့်က ဦးဦးဖျားဖျားခပ်ထည့်ပေးလိုက်သည်။

"ငါးခေါင်းမရမ်းပြားဟင်းလား. . မောင်နီ"

"ဟုတ်တယ် ဦးလေးထွန်း ငါးခေါင်းကြီးရတာနဲ့ ငပိကိုမီးဖုတ်၊ မရမ်းပြား၊ ငရုတ်သီးစိမ်းထောင်းပြီး ချက်ထားတာ. . ချဉ်ချဉ်စပ်စပ်ပေါ့"

"ဒီမှာက ငါးသလောက်ကင်လေ"

မောင်နီက ပြောလည်း

ပြော၊ ဦးထွန်းရွှေသို့ ငါးကင်ဇလုံအားရွှေ့ပေးလိုက်၏။ ရေလုပ်သားအားလုံး ခေါင်းမဖော်အောင်စားနေကြ၏။ လှိုင်းလေကြားတွင် အပြေးအလွှားအလုပ်လုပ်လိုက်ရသဖြင့် ဗိုက်ဆာဆာနှင့်စားနေကြသည်။ ထမင်းအိုးကိုကြည့်ပြီးစားကြလေသည်။ ချစ်သိန်းအတွက် နောက်ဆုံတင်းနေသဖြင့် မတော်ချင့်တော်ချင့်ထပြီးသွားကြဟန်ရှိသည်။

ဦးထွန်းလည်း ထမင်းစားပြီး ချစ်သိန်းတက်မကိုင်သည့်နေရာဝင်ယူလိုက်၏။ ချစ်သိန်းလည်း ထမင်းကို ခပ်မြန်မြန်စားလိုက်သည်။ ထို့နောက် တက်မခန်းသို့တက်သွားသည်။ ကျန်ရေလုပ်သားများလည်း ခြေဆန့်၊ ခါးဆန့်အနားယူနေကြ၏။

တစ်နာရီလောက်ကြာပြီးနောက် ပင်လယ်ရေစစ်(ရေကျ)ချိန်နီးလာ၏။ ထို့ကြောင့် ရေတက်ဦးပိုက်မျောရန်၊ ရေလုပ်သားအားလုံးအရံသင့်ဖြစ်နေကြသည်။ လုပ်ငန်းခွင်သို့အသီးသီးဝင်လိုက်ကြတော့သည်။

"ကဲ. . . ချစ်သိန်းရေ ပိုက်ချ(ပိုက်မျော)ဖို့လုပ်ကြရအောင်"

အောင်ညွန့်တို့ရေလု
သားတစ်စုလည်း မခိုမကပ်ပဲ ပို
များကို ရေထဲသို့တစ်ဖုံပြီးတစ်ဖုံ
နေပေတော့သည်။ မကြာမီ လုပ်င
အားလုံးပြီးသွားသည်။ ချစ်သိ
လည်း သင်္ဘောစက်ကို ခပ်မှန်မှ
မောင်းထားသည်။ သူ၏ တက်
ကိုင်အခန်းတွင် ဦးထွန်းလည်းအ
ရှိနေ၏။ ထိုစဉ် ဦးထွန်းက သူ
ကွမ်းအစ်ကိုယူလိုက်သည်။ ကွမ်းသ
ညှပ်၊ ကွမ်းတစ်ရွက်ကိုကွမ်းအစ်
နှိုက်ယူလိုက်၏။ ဗူးထဲမှထုံး
လက်ညှိုးနှင့်ကော်ပြီး ကွမ်းရွက်
ခြမ်းကိုသုတ်နေသည်။ ဆေးရွက်
အနည်းငယ်ဖဲ့ထည့်၏။ ကွမ်းရွက်
ယာပြီး၊ ပါးစပ်ထဲသို့ ထိုးသွင်းလို
၏။ ညှပ်ပြီးထားသောကွမ်းသီး
ခြမ်းကို နောက်မှထည့်စားနေသည်

ထိုစဉ် နေမင်းကြီးက တ
နေ့တာကုန်ဆုံးလုလုဖြစ်နေ
ဖျော့ဖျော့တော့တော့အလင်းရော
တဖြည်းဖြည်း နေလုံးကြီးက ပ
လယ်ရေအောက်သို့ ငုတ်လျှ
ပျောက်ကွယ်သွားတော့သည်။ ပ
လယ်ရေပြင်ဝယ် အမှောင်ထု
လွှမ်းမိုးလာ၏။



"အင်း. . အခုတော့လည်း ပင်လယ်ကြီးက ငြိမ်ချက်သားကောင်းနေတယ်နော်"

"ဟုတ်တယ် ချစ်သိန်း. . ပင်လယ်ကြီးဟာ ကျယ်ပြန့်သလောက် သိပ်ပြီးဆန်းကျယ်လွန်းတယ်. . ကုန်းမြေမှာထက် ပင်လယ်ဟာ နက်နဲအသိခက်တယ်. . သဘာဝတရားလွန်ကဲတဲ့ဖြစ်ရပ်ဆန်းကြယ်တွေဆို ဒုနဲ့ဒေး။ အခုလို မိုးဦးကျ တန်းခူးကျော်လို့ ကဆုန်ရောက်ပြီဆိုရင် အသက်အန္တရာယ်ပိုနီးတယ်. . အခုလဲ တန်းခူးကျော်လို့ ကဆုန်လရောက်လာပြီဟုတ်လား"

ဦးထွန်းက တက်မကိုင်နေသော ချစ်သိန်းကိုမေးလိုက်၏။ ကဆုန်လဆန်းသုံးရက်ရှိပြီဖြစ်ကြောင်း ပြန်ဖြေလိုက်သည်။

"အေး. . ဒီတန်ခူး၊ ကဆုန်လရောက်တိုင်း တို့ရေးချောင်းဝကနေပြီး၊ အောက်ဘက်အရပ်ဒေသတွေဖြစ်တဲ့ သဲခုံ၊ ခေါက်ချဲ၊ ကဗျာ၊ ခေါ်ဇာ၊ မာရံ၊ ကျောက်ထရံ၊ ထားဝယ်ပေါ့ကွာ၊ နောက်မြိတ်၊တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာ လုပ်ကိုင်နေဖော့ တို့ရေလုပ်သားတွေအတွက် သတိထားရမှာက ပင်လယ်စုန်းအန္တရာယ်ပဲ"

"အခု. . ဘယ်အချိန်လောက်ရှိပြီလဲ"

ဦးထွန်းက စကားစကိုဖြတ်၍ အချိန်ကိုမေးလိုက်၏။ ချစ်သိန်းက ခုနစ်နာရီရှိကြောင်း ပြန်ဖြေသည်။ ပိုက်ပြန်ဖော်ရန်လည်း အချိန်စောသေးသည်။ ယခုမှ ရေတစ်ဝက်သာသာရှိနေ၏။ ရေစီးသန်နေတုံးပင်။ သို့ဖြင့် ဦးထွန်းက. . .

"တို့. . ပိုက်ဖော်ဖို့လိုသေးတယ်ကွ"

"ဟုတ်တယ်. . . ဦးလေးထွန်း၊ ရေစောင့်(အချိန်မကျသေး) ဖို့တော်တော်လိုသေးတယ်"

သူတို့စကားဝိုင်းတိတ်ဆိတ်သွား၏။ အတွေးကိုယ်စီဖြစ်နေကြ၏။ လှေဦးကို နှစ်ဦးသားစိုက်ကြည့်နေကြ၏။ လှေဦးတွင် စိုက်ထားသော ထိုးဝါး(ဝါးလုံးရှည်)တွင် သမိုင်းစာ... သမိစ်ာအရှုယ်မီးလုံးတစ်လုံးလာကပ်သည်ကိုတွေ့လိုက်ရ၏။ မီးတောက်က နီရဲလွန်းအောင် အရောင်များဖြာကျနေသည်။ ထိုအရာကို ချစ်သိန်းက. . .

"ဦးလေးထွန်း. . လှေဦး
ထိပ်က ထိုးဝါး. . ထိုး. . ."

ချစ်သိန်းစကားမဆုံးလိုက်
ပေ။ ဦးထွန်း၏ နုတ်မှ. . .

"ဟာ"

အထိတ်တလန့်ရွှေရှတ်
လိုက်၏။ တက်မခန်းထဲမှ အပြင်သို့
ကမန်းကတန်းပြေးထွက်လိုက်. ၏။
ရေလုပ်သားအားလုံးလည်း ဦးထွန်း
၏ နောက်သို့ကပျာကယာထပြီး
လိုက်သွားကြ၏။ ဦးထွန်းကိုသာ
ကြည့်နေကြသည်။ ဦးထွန်းဘာ
ဆက်လုပ်မည်နည်း။ ဘာများပြော
မလဲဟုလည်း သူတို့၏စိတ်ဝယ် ရိုး
တိုးရှတဖြင့် သိချင်နေကြ၏။ ဦးထွန်း
လည်း လှေလုပ်သားအားလုံးကို သူ့
ရှေ့သို့ခေါ်လိုက်သည်။ အကျီအား
လုံးချွတ်ခိုင်းလိုက်သည်။ ထို့နောက်
အောင်ညွန့်အား သူ၏ကွမ်းအစ်ထဲ
မှ ထုံးဗူးကိုယူခိုင်းလိုက်သည်။
အောင်ညွန့်တက်မခန်းမှယူလာပြီး
. . . .

"ရော့. . ဦးလေးထွန်း"

ဦးထွန်းက အောင်ညွန့်ပေး
သော ထုံးဘူးကိုလှမ်းယူလိုက်သည်။
ပြီးနောက် တစ်ယောက်ချင်း၏လက်

မောင်းနှစ်ဘက်ကို ထုံးကွင်း
လိုက်လေသည်။

"ကဲ. . မောင်နီ ကျောက်
ရုံသီးနဲ့ဓားမြန်မြန်သွားယူခဲ့စမ်း၊
တဲ့လူတွေလည်း လက်နက်ကိုယ်
ကိုင်ထားကြ၊ လှေဦးကနေပြီး၊
ကောင်ပဲတက်လာတက်လာ၊
ကြနော်. . အချိန်မဆိုင်းနဲ့. . . မင်း
လက်မောင်းကထုံးကွင်းဟာ ကို
လူရဲ့အမှတ်အသားပဲ. . .သင်္ကေ
မှတ်ထားကြ"

"ဒီမှာ ဦးလေးထွန်း.
ကျောက်ဖရုံသီးနဲ့ဓား"

မောင်နီက ဦးလေးထွ
အား လှမ်းပေးလိုက်၏။ ဦးထွန်း
ယူလိုက်ပြီး၊ ဝါးလုံးခြေရင်းနားတွ
ကျောက်ဖရုံသီးကိုချသည်။ လ
ပြန်နှင့်နှစ်ချက်ခုတ်လိုက်သည်။
လုံးထိပ်တွင် ပင်လယ်စုန်းကရှိနေ
ပင်။ ကျင်ငယ်နှင့်ပန်းသူပန်း၊
လောင်းဖုံးနှစ်ချပ်တီးသူဟီးဖြင့်
သဲသဲလုပ်နေကြသည်။ ငပိနှ
ငရုတ်သီးခြောက်များကို ထိုးဝါး
၌မီးဖုတ်ပြီး၊ အငွေ့လွှတ်သူကလွှ
ဦးထွန်းကအစ လှေသားအားလုံး
ရှန်းသုန်းကားဖြစ်နေကြ၏။ တ

လှေလုံး ကယောက်ကယက်နှင့် ထိုး
းထိပ်မှ ပင်လယ်စုန်းကိုဝိုင်းဝန်း
မ်နှင်းနေကြသည်။ အားလုံး က
ုန်ကယင်ဖြင့် တုန်လှုပ်နေကြသည်

သူတို့မျက်နှာများလည်း နီ
ပ်စပ် ခက်ထန်နေသည်။ ချစ်သိန်း
င် တက်မကိုင်နေရာမှဆင်းပြီး၊ အ
ူအညီပေးနေ၏။ ထိုစဉ် ဦးထွန်း
. . . .

"ကဲ. . . ဒီလောက်စွဲကပ်
နေတဲ့ပင်လယ်စုန်း. . ထိုးဝါးနှုတ်ပြီး
င်လယ်ထဲနှစ်ကြစမ်း"ဟူ၍ သူ၏
လှေသားများကိုပြောလိုက်သည်။
ချစ်သိန်းနှင့်အောင်ညွန့်တို့လည်း
ဦးထွန်းခိုင်းသမျှ တသွေမသိမ်းလုပ်
နေကြ၏။ တစ်အောင့်ကြာမှ ပြန်
ဖော်ကြည့်သည်။ ဝါးလုံးထိပ်တွင် စွဲ
ကပ်နေတုန်းပင်။ နောက်တစ်ကြိမ်
နောက်တစ်ကြိမ်။ ဤသို့ လေးငါး
ကြိမ် ပင်လယ်ထဲသို့ ထိုးနှစ်လိုက်၊
ပြန်ဖော်လိုက်လုပ်နေကြသည်။ သို့
သော ပင်လယ်စုန်းက မပျောက်
သေး။ စွဲကပ်နေလျက်ပင်။

ထို့ကြောင့် ဦးထွန်းတစ်
ယောက် အကျပ်ရိုက်နေ၏။ မည်သို့
လုပ်ရမည်နည်းဟုလည်း အခက်



တွေ့နေသည်။ သူ၏ဦးဆောင်မှုမ
ကောင်းလျှင် အားလုံး၏အသက်အ
န္တရာယ်ကျရောက်နိုင်ပေမည်။ လှေ
သားများလည်း ပင်လယ်စုန်းမ
ပျောက်သေးသဖြင့် အထိတ်တလန့်
ဖြစ်နေကြ၏။ တဖြည်းဖြည်း
ကြောက်စိတ်များပေါ်လာနေကြ၏။
ဦးထွန်းစိတ်တိုသွား၏။ သူ့အကြံအ
စီကို ချက်ချင်းလုပ်သည်။ ထို့ကြောင့်
ခပ်ချဉ်ချဉ်ဖြစ်လာသည်။ ချစ်သိန်း
လက်ထဲမှ ဓားကိုလှမ်းယူသည်။ ထိုး
ဝါးကိုလည်း လှေပေါ်သို့အနည်း
ငယ်ပြန်ဆွဲတင်ခိုင်းသည်။

ဦးထွန်းခိုင်းသမျှ လှေသား
များလည်း လုပ်ပေးကြ၏။ ဘာတစ်
ခွန်းမှမပြောကြ။ မမေးကြပေ။ ပြော
ရန်လည်း ခွန်အားမရှိပေ။ သူတို့
ပင်လယ်စုန်းအကြောင်းလည်း လုံးဝ
နားမလည်။ သေရမည့်ဘေးကို
လည်း တွေးပြီးလန့်နေကုန်၏။

ဦးထွန်းလည်း ဓားဖြင့်ပင်
လယ်စုန်းရှိသော အပိုင်းကိုခုတ်ချ
လိုက်သည်။ ရေထဲသို့ ဝုန်းကနဲကျ
သွား၏။ ထိုအချိန် ကောင်းကင်မှ
လျှပ်စီးတစ်ချက်လက်ပြီး၊ ရေထဲမှ
ဝါးပိုင်းကို မိုးကြိုးပစ်ချလိုက်လေ

တော့သည်။

ထိုးဝါးလည်း မိုးကြိုးပစ်ချခံလိုက်ရသောကြောင့် ကြေမွသွား၏ ထိုအခါမှ ပင်လယ်စုန်းလည်း ပျောက်ကွယ်သွားလေပြီ။ ပင်လယ်ထဲသို့ စုံးစုံးမြုပ်သွားသည်။

ဦးထွန်းနှင့် လှေသားအား လုံးလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်းချနိုင်ကြတော့သည်။ ကြောက်စိတ်များကတော့ မပြယ်တပြယ်။

ထိုအချိန်မှ ဦးထွန်းလည်း စိတ်ထဲပေါ့သွား၏။ လှေသားအားလုံး၏အသက်ကို ကယ်လိုက်နိုင်သဖြင့် သူ့ကိုယ်သူ ကျေနပ်ပီတိလေးများပင်ဖြစ်ပေါ်လာမိသည်။

------xxxx-----

နောက်တစ်နေ့ဖြစ်သည်။

နေမင်းကြီး၏အလင်
ရောင်ခြည်က ပင်လယ်ပြင်ကိုပ
ဖျန်းထားသည်။ လှိုင်းကလည်းငြိ
ငြိမ်၊ လေကလည်း ညင်ညင်သာသ
ထို့ကြောင့် ပင်လယ်ပြင်ကြီးတစ်
လုံးသာယာနေ၏။ ကြည်နူးချမ်းမြေ
စရာပင်။ ထိုအချိန် ဦးထွန်းက. .

"အောင်ညွန့်ရေ. . . ပိုက်
ဆွဲလို့ရပြီလားလို့. . . ရေစီးကိုကြည
ပါဦး"

"ဦးလေးထွန်း. . ရေတော
နည်းနည်းအစီးသန်နေသေးတယ်.
ဆွဲလို့ဖြစ်ပါ့မလား"

"ဟကောင်အောင်ညွန့်၊ ရေ
စီးသန်နေတုန်း ပိုက်ဆွဲရင် မင်းဝ
လည်း ပင်ပန်းမယ်. . ပိုက်သားလ
မသက်သာဘူးပေါ့. . . အခန့်မသ
ရင် ပိုက်ကွဲတတ်တယ်. . ရေအီချိ
(ရေငြိမ်)မှ ပိုက်ဖော်ရတာ. . ဒါ
အားလုံးလုပ်ငန်းချောချောမောမေ
ဖြစ်မှာပေါ့"

"ဟုတ်ကဲ့ပါ. . ဦးလေ



ထွန်း. . ကျွန်တော်က ဆွဲတော့မလားလို့ မေးကြည့်တာပါ"

အောင်ညွန့်က နားမလည်သဖြင့် မေးမိကြောင်းရှင်းပြနေ၏။ နောက်နာရီဝက်ခန့်ကြာပြီးနောက် ပိုက်ဖော်(ပိုက်ဆွဲ)ရန် အောင်ညွန့်အား လှမ်းပြောလိုက်လေသည်။

ဦးထွန်း၏အမိန့်သံကို ကြားလျှင် ရေလုပ်သားအားလုံး တညီတညွတ်တည်း လုပ်ငန်းခွင်ဝင်နေကြပေသည်။ ပိုက်ဆွဲသူက ရှေ့ကဆွဲ၊ ဝါးဖြုတ်သူက နောက်ကဖြုတ်ဖြုတ်ပြီး ငါးများကိုရွေးသူရွေး၊ ဓားဖြင့်ခွဲသူခွဲ၊ ခွဲပြီးငါးကိုဆားနယ်သူနယ်၊ နယ်ပြီးငါးများကို လှမ်းသူလှမ်း၊ အသီးသီးလုပ်ကိုင်နေကြသည်။ ဦးထွန်းကိုယ်တိုင်လည်း ဝိုင်းဝန်းကူညီနေသည်။ စက်ဆရာသိန်းမောင်နှင့် ချစ်သိန်းတို့နှစ်ဦးသာကျန်သည်။ အားလုံးတက်ညီလက်ညီလုပ်ကြလေသည်။

ဦးထွန်းလည်း သူ့လက်အောက်ငယ်သားများ လုပ်ကိုင်နေပုံကိုကြည့်ပြီး အားရကျေနပ်နေ၏။ သူ၏စကားကိုလည်း တသွေမသိမ်းလိုက်နာကြသည်။ သူမနှစ်သက်သောအလုပ်မှန်သမျှ ဘာတစ်ခုမှ မလုပ်ကြပေ။ သူ၏စကားသာ အဆိုးအကောင်းဖြစ်နေပေသည်။ သူတို့နှင့်အလုပ်လုပ်နေရသည်မှာ အဆင်ပြေသည်။ ချောချောမွေ့မွေ့ရှိ၏။

ထိုအချိန်တက်မကိုင်ချစ်သိန်းလည်း သင်္ဘောကိုခပ်မှန်မှန်မောင်းထားသည်။ ဤသို့ဖြင့် မိုးလင်းပိုင်းထမင်းကြမ်း(ချက်ပြီးစအငွေ့တထောင်းထောင်း)ကို အလုပ်ပြီးမှစားနေကြရသည်။ စားဖို့မှူးမောင်နီကလည်း မျှင်ငပိကိုမီးဖုတ်၊ မိုးမျှော်ငရုတ်သီးစိမ်းနှင့် မရမ်းပြားထောင်း၊ မျှင်ငပိမီးကင်ပြီး၊ ရောထောင်းထားပေးသည့် ငပိတစ်ဇလုံ။

ရေလုပ်သားများက ကြုံရာကျဘန်းစားတတ်ကြ၏။ မိုးရွာရွာ၊ နေပူပူ ဖြစ်သလိုနေထိုင်စားတတ်ကြ၏။ အစားအသောက်နှင့်အလုပ်ရှုပမခံ။ အချိန်ကုန်မခံ။ ရောင့်ရဲနိုင်ကြပေသည်။

အားလုံးစားပြီးနောက် အနားယူနေကြ၏။ ဦးထွန်းတစ်ဦးသာ ချစ်သိန်းတက်မခန်းသို့ တက်သွားသည်။ ကွမ်းအစ်ကိုယူပြီး၊ ကွမ်း

တစ်ယာစားလိုက်၏။ တက်မကိုင်နေသော ချစ်သိန်းက. . .

"ဦးလေးထွန်း. . ကျွန်တော်မသိလို့မေးချင်တယ်"

"ဘာမေးချင်လို့လဲ"

"ဦးလေးထွန်းတွေ့ကြုံခဲ့ဘူးတဲ့ ပင်လယ်စုန်းအကြောင်းရှင်းပြပေးပါလား. . အခုလို မသေကောင်း၊ မပျောက်ကောင်းခံလိုက်ရတဲ့ အဖြစ်အပျက်ကိုတော့ တစ်သက်မမေ့နိုင်စရာမရှိဘူး. . ဦးလေးထွန်း အတွေ့အကြုံရှိလို့သာပေါ့. . ကျွန်တော်တို့တတွေက ဗဟုသုတမရှိတော့ ပင်လယ်စုန်းဖမ်းစားလို့သေပြီ"

ဦးထွန်းကိုကြည့်ပြီး တလေးတစားမေးလိုက်၏။ အနားယူနေကြသော အောင်ညွှန့်တို့တစ်သိုက်လည်း ပင်လယ်စုန်းအသံကြောင့် ဦးထွန်းနှင့် ချစ်သိန်းတို့ရှိရာ တက်မခန်းသို့ရောက်လာကုန်၏။

"ဟော့. . အောင်ညွှန့်တို့ မျိုးခင်တို့ ဘာလာလုပ်ကြသလဲ"

ဦးထွန်းက ဆီးကြိုမေးလိုက်ခြင်းဖြစ်၏။ မျိုးခင်ကဝင်ဖြေသည်။

"ဦးလေးထွန်းတို့စကားဝိုင်းမှာ ပင်လယ်စုန်းဆိုတဲ့အသံကြားလိုက်လို့ပါ"

မျိုးခင်စကားဆုံးလျှင် အောင်ညွှန့်က သူသိသမျှကိုပြောလိုက်ပြန်သည်။

"ကျွန်တော်သိထားတာက လပြည့်၊ လကွယ်ညဆိုရင် ရှာသူစုန်းတွေဟာ ကောင်းကင်မှာမီးလုံးသဏ္ဍာန်ဖန်ဆင်းကြတယ်. . နောက် မီးလုံးတစ်လုံးနဲ့တစ်လုံးတောက်စားပျော်မြူးကြတာ တွေ့ဘူးတာပဲရှိခဲ့တယ်. . ယခုတော့ ပင်လယ်စုန်းအကြောင်းကို ကိုယ်တွေ့ကြုံလိုက်ရတော့ ကျွန်တော်တို့တစ်တွေ ဂဃနဏ သိလိုက်ရတယ်. . မယုံကြည်နိုင်လောက်အောင်အထူးအဆန်းတွေ တွေ့လိုက်ရတယ်. . ပင်လယ်စုန်းအကြောင်း အရင်တုန်းက ကြားတောင်မကြားဖူးဘူး"

ချစ်သိန်းက သူတို့အားဟန့်တားလိုက်သည်။

"မင်းတို့ကလဲကွာ. . အရေးထဲ မေးခွန်းတွေလာထုတ်နေကြတယ်. . . ဦးလေးထွန်းက ပြောမယ့်စကားကိုလဲ အေးအေးဆေးဆေးနားမထောင်ကြဘူး"

"မေးပါစေ ချစ်သိန်းရာ. . သူတို့မသိလို့ မရှင်းလို့မေးတဲ့ကိစ္စပဲ ဒီလိုမေးတတ်မှပဲ အကြောင်းအရာတစ်ခုခုကို တိတိကျကျနားလည်သဘောပေါက်သွားကြမှာပေါ့. . မသိတာကို မမေးပဲထားရင်. . သိသလိုလိုနဲ့ တကယ့်ပြဿနာနဲ့ရင်ဆိုင်တွေ့ကြတော့၊ အယောင်ယောင်အမှားမှားဖြစ်ကုန်ရော၊ မဖြစ်သင့်တဲ့ ဘေးဒုက္ခမျိုးကြုံရတတ်တဲ့"

ဦးထွန်းက စိတ်ရှည်ရှည်ရှင်းပြနေ၏။

"ဟုတ်ပါတယ် ဦးလေးထွန်း. . ကျွန်တော်တို့နားမလည် သဘောမပေါက်လို့မေးမိတာပါ. . ဦးလေးတို့စကားဝိုင်းကို အနှောင့်အယှက်ပြုချင်လို့မဟုတ်ပါဘူး"

အောင်ညွှန့်က တောင်းပန်စကားဆိုလိုက်၏။ ထို့ကြောင့်လည်း ချစ်သိန်းက. . .

"ငါ. . ဒီသဘောပြောတာ မဟုတ်ပါဘူးကွာ. . စကားကိုဆုံးအောင်နားထောင်ကြဖို့ပြောတာပါ"

သူတို့အချီအချပြောနေသောစကားကိုဖြတ်ရန် ဦးထွန်းက ဝင်တားလိုက်သည်။



"အေး. . အေး. . ဦးလေးပြောမယ်. . ပင်လယ်ရေလုပ်သားတိုင်းသိထားသင့်တဲ့ကိစ္စပဲ. . . နေက်ဆုံး ရေလုပ်ငန်းမလုပ်သော်လည်း၊ ဒီဒေသရဲ့အကြောင်းကို သိထားတော့ ပိုကောင်းတာပေါ့. . ခရီးသွားဟန်လွှဲတွေကြုံမယ်ဆိုရင်လည်း ဗဟုသုတရှိထားတော့ လုံခြုံမှုရှိတာပေါ့. . အခုန ဦးလေးပြောသလို ရေးချောင်းဝအောက်ပိုင်း၊ အရပ်ဒေသ ထားဝယ်၊ မြိတ်၊ တနင်္သာရီ ပင်လယ်ပြင်မှာသာဖြစ်လေ့ဖြစ်ထရှိတယ်. . တွေ့ကြုံတတ်တယ်"

"ဟုတ်ကဲ့ ဦးလေးထွန်း. . ကျွန်တော်တို့ အဲဒီစကားကိုကြားလိုက်မိပါတယ်"ဟူ၍ အောင်ညွှန့်က စကားထောက်လိုက်သည်။

ရေးချောင်းဝရဲ့အထက် (မွန်ပြည်နယ်) တနင်္သာရီကမ်းရိုးတန်းဖြစ်တဲ့ အစင်းခေါက်ချဲ့၊ ကုလားအုတ်၊ ကော့ဒွတ်၊ အုံ့ချဲ့အနှင်း၊ ထင်းရှူး၊ ဂ ပ္ပီ၊ ပဋ၊ ရသေ့တောင်၊ စက်စဲ၊ ကရင်တောင်၊ ကဒတ်ထောက်၊ ဆင်ပုန်း၊ ကျိုက္ခမီပေါ့တွာ အဲဒီက ရေလုပ်သားတွေ ပင်လယ်စုန်းရဲ့အကြောင်းကို မခံစားရဘူး

အတွေ့အကြုံမရှိကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့လုပ်ငန်းက ကျားလုံးပိုက်ကိုလုပ်ကိုင်ကြလို့ပဲ။ မင်းတို့သိတဲ့အတိုင်း တစ်နေ့မှာ ရေတက်ရေကျလေးကြိမ်၊ အဲဒီလို ရေတက်ရေကျအချိန်ကျမှ ပင်လယ်ထွက်ပြီး ပိုက်ဖော်ကြ၊ ငါးယူပြီးပြန်ကြ၊ ပိုက်ကိုပြန်ပြီးထောင်(ငါးဖမ်း)ထား၊ ပင်လယ်မှာတို့လိုမနေကြရဘူး"

"ဟုတ်ထာပေါ့. . ဦးလေးထွန်းရာ. . သူတို့က ကုန်းပေါ်မှာအနေများတော့ ပင်လယ်စုန်းကို ဘယ်တွေ့နိုင်ကြမလဲ. . . မျိုးခင်က သူသိသလိုလိုဖြင့်ပြောသည်။ ထိုအခါ ဦးထွန်းက. . .

သူတို့မှာလဲ ရွက်တိုင်၊ ပေါင်းမိုး၊ ထိုးဝါးတို့မရှိဘူး။ လောင်းလှေ၊ အပေါ်ကစပ်(ပျဉ်)ဖိုးပြီးမြင့်ထားတာ၊ နောက်ပင်လယ်စုန်းကလည်း ရေးချောင်းအောက်အရပ်မှာသာတွေ့ရတတ်တာကွ၊ စွဲငြိကပ်ကြတာ. . အဲ. . . ကျိုက္ခမီဘက်က မျှောပိုက်လှေတွေတော့ တို့ဒီဒေသကိုရောက်ပြီး အတွေ့အကြုံရှိရင်လဲ ရှိမယ်ပေါ့ကွာ. . မပြောတတ်ဘူး။ သူတို့ပင်လယ်ဘက်မှာတော့မတွေ့ကြဘူး. . . တွေ့တယ်လို့လဲ မကြာ
မိဘူး. . တို့ဇီးဖြူသောင်ရွာလိုပဲ. . သူတို့ ကျိုက္ခမီမှာလဲ ကျားလုံးပိုက်ရော၊ မျှောပိုက်လုပ်သူရော၊ ရေလုပ်ငန်းကိုလုပ်ကိုင်ကြတယ်"

"အင်း. . ဒါကြောင့်လည်
ဦးလေးထွန်းဟာ ကျွန်တော်တို
တနင်္သာရီကမ်းရိုးတန်းပင်လယ်ပြ
မှာ နှံ့နှံ့စပ်စပ်ကျွမ်းကျွမ်းကျင်ကျင်ပဲ
ကျွန်တော်တို့ ဇီးဖြူသောင်တစ်ရွာ
လုံး ဦးလေးထွန်းကိုလေးစားကြ
တယ်. . . ဂုဏ်သတင်းကလဲ ကျော်
ပါပေတယ်"

အောင်ထွန်းက ဦးလေ
ထွန်းအကြောင်းကို တလေးတစား
ပြောနေပေသည်။

"အင်း၊ ဒါလည်း မခဲယဉ်းပါ
ဘူးကွာ. . . ငါက ရေးချောင်းဝထိပ်
ပင်လယ်ကမ်းနဖူးပေါ်မှာ ရွာတည်
ထားတဲ့ ဇီးဖြူသောင်ဇာတိလေ၊ အ
ဒီတော့ ပင်လယ်မှာမွေးပြီး၊ ပင်လယ်
မှာကြီးလာတဲ့လူတစ်ယောက်အဖို့
ပင်လယ်အကြောင်းသိတာအဆန်း
ဟုတ်ပါဘူး။ တစ်ခုတော့ပြောချင်
တယ်. . ပညာဗဟုသုတဆိုတာ
ပေးတိုင်းမရဘူး၊ ယူတတ်မှရတတ်



ဘာ. . မင်းတို့လဲ ရေလုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းပြုနေကြတော့ ပင်လယ်အကြောင်း နားလည်အောင်၊ သိအောင်တတ်အောင် သဘောပေါက်အောင်လေ့လာထားကြပေါ့၊ အရေးကြုံတော့ သက်လုံကောင်းတာပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦးလေးထွန်း ကျွန်တော်တို့ဂရုစိုက်မှတ်ထားပါတယ်. . ဦးလေးစကားကိုလည်း ဘယ်တုန်းကပယ်ဝံ့လို့လဲ. . ဦးလေးအရည်အချင်းပြည့်ဝတယ်ဆိုတာ ယုံကြည်ပြီးသားပါ"

ချစ်သိန်းကပြောလိုက်၏။ ထို့နောက် သူ့စကားကိုဆက်ပြောပြန်သည်။

"ငါ. . ချစ်သိန်းအရွယ်လောက်တုန်းက သူ့လိုပဲ တက်မကိုင်နေရတဲ့ဘဝ၊ တို့ဦးစီးချုပ်က ရွာလှေဆိပ်နားက ဦးလေးပြုံးပေါ့. . ဒီလိုရာသီ၊ ဒီလိုကဆုန်လမှာပေါ့"

မောင်ထွန်းတို့သင်္ဘော(စက်လှေ)ဖောင်းရေသီသည့်အထိ ငါးဖမ်းမိထား၏။ ထို့ကြောင့်လည်း ရွာသို့ ပြန်မောင်းလာခဲ့သည်။ လမ်းတွင် လှေတစ်စီးမသင်္ကာဖွယ်ရာ မျှောနေသည်ကိုတွေ့ရှိရ၏။ ဦးစီးချုပ်ဦးပြုံးက. . .

"ဟေ့. . မောင်ထွန်း. . ဟိုမှာမြင်ရတဲ့ လှေနားကို သီပြီး မောင်းပေးစမ်း. . အဲဒီလှေကို ငါမသင်္ကာဘူး"

တက်မကိုင် မောင်ထွန်းလည်း စက်အရှိန်မြင့်ပေးရန် တယ်လီဂရပ်(အချက်)ပေးလိုက်၏။ သူတို့သင်္ဘောလည်း မြှားတစ်စင်းလွှတ်သကဲ့သို့ အပြေးကလေးမောင်းခဲ့၏။ နာရီဝက်လောက်မောင်းမိလျှင် မျှောနေသောလှေကို သဲကွဲစွာတွေ့ရှိရ၏။ မောင်ထွန်းလည်း မနီးမဝေးတွင် စက်ရှိန်လျှော့(စလိုး)ချထားပေးသည်။ ဦးပြုံးနှင့်သင်္ဘောသားတို့လည်း ထိုလှေ၏အခြေအနေကို သေချာအကဲခတ်နေကြသည်။ လှေပေါ်တွင် လှေသားများအတုံးအရုံးဖြစ်နေသည်ကိုတွေ့လိုက်ရ၏။ ဦးပြုံးလည်း ထိုလှေ၏အဖြစ်ဆိုးကိုသိလိုက်ပေသည်။ ထို့ကြောင့်လည်း မောင်ထွန်းဘက်သို့လှည့်ပြီး. . .

"ဟေ့. . မောင်ထွန်း. . ဟိုလှေနားကိုကပ်ပေးစမ်းဟု လှမ်းပြောလိုက်သည်။ မောင်ထွန်းက သ

ဘော်ကို ဘေးချင်းယှဉ်ပြီး ကပ်ပေးလိုက်၏။ ဦးပြုံးနှင့် သူ့လက်အောက်ငယ်သားတို့ ထိုလှေပေါ် သို့ခုန်တက်လိုက်ကြ၏။ လှေကပ်မိကြလျှင် ရှေ့နောက်ကြိုးချည်လိုက်သည်။ မောင်ထွန်းနှင့် စက်ဆရာမောင်မြင့်တို့လည်း အခြားလှေပေါ် သို့ကူးလိုက်ကြသည်။

ထိုလှေသားအားလုံး အန္တရယ်ဆိုးဖြင့်ကြုံတွေ့ကြပြီး သေဆုံးကြမည်ဟု မောင်ထွန်းတွေးမိလိုက်၏။ မြင်မကောင်း၊ ရှု့မကောင်း။ သေသူများ၏ကိုယ်ပေါ် တွင် ဒဏ်ရာများက ဗရပွတွေ့ရ၏။ သူတို့ဘေးနားတွင်လည်း ကိုယ်စီဓား တုတ်ကိရိယာများရှိနေကြ၏။ မသေမီ သုန်သုန်မှုန်မှုန်နီစပ်စပ်မျက်နှာမျိုး စိတ်ခက်ထန်မာကြောပြီး အပြန်အလှန်ခုတ်ထစ်သတ်ဖြတ်ထားသည်။ အဖြစ်ဆိုးလှသည့်အနေအထားပင်။ တွေ့ရမြင်ကွင်းက စိတ်မကောင်းစရာပင်ဖြစ်ချေ၏။ ရှက်တိုင်ကိုကြည့်မိပြန်တော့ မိုးကြိုးပစ်ထားသည်ကိုတွေ့ရသည်။ သေဆုံးသူများအတွက် သနားရုံမှအပ ဘာမှမလုပ်ပေးနိုင်ချေ။

သည်အဖြစ်ဆိုးက မောင်ထွန်းတို့မျက်စိမှမထွက်နိုင်။ ဂရုဏာသက်မိလျက်ရှိနေတုန်းပင်။ မည်သည့်အတွက်ကြောင့် သေဆုံးကြသည်ကိုသိချင်နေကြ၏။ စပ်စုတတ်သောမောင်မြင့်က အဘပြုံးအား မေးလိုက်သည်။

"အဲဒီလှေကလူတွေ. . . ဘာကြောင့်သေကုန်ကြတာလဲဟင် တစ်ဦးနဲ့တစ်ဦး ခုတ်ထစ်ပြီး၊ သေဆုံးကြတဲ့ပုံလျှာနိပဲ အဘပြုံး"

"ဩော်. . မောင်မြင့်ရယ် ပင်လယ်စုန်းကြောင့်ပေါ့"

"အဘပြုံးပြောတာ နားမလည်လို့ သေသေချာချာရှင်းပြပေးပါဦး"

မောင်ထွန်းက သိချင်ဇောကြောင့် ထပ်ကွန့်မေးလိုက်၏။ သို့နှင့် မောင်ထွန်းတို့လှေချင်းလဲ ခွာလိုက်ကြ၏။ သူတို့ပိုက်မျောမည့်နေရာသို့ ပြန်မောင်းလာကြသည်။ ထိုအချိန်မှ အဘပြုံးက အောက်ပါအတိုင်းရှင်းပြခဲ့ပေသည်။

ယခုလို တန်ခူး၊ ကဆုန်ရောက်တိုင်း တနင်္သာရီကမ်းရိုးတန်းတွင် ပင်လယ်စုန်းပေါ် ပေါက်လေ့ရှိ



တယ်။ ဖြစ်တတ်သည့် အချိန်လည်း ခြောက်နာရီမှရှစ်နာရီအတွင်းပေါ့။ မိုးချုပ်စအချိန်ပေါ့၊ အရွယ်ကခြင်းတောင်း၊ ကြယ်တံခွန်အရွယ်အမျိုးမျိုးပဲ ကြုံတွေ့ရတဲ့လှေချင်းတော့ မတူဘူးပေါ့ကွာ"

"တော်တော်ကြောက်စရာကောင်းမှာပဲနော် အဘပြုံး" ဆိုပြီး မောင်ထွန်းက မေးလိုက်၏။

"အေး. . ကြောက်စရာ၊ လန့်စရာတော့ အခုန မင်းတို့မြင်တွေ့ရတဲ့လှေအတိုင်းပေါ့။ တို့ရေလုပ်သားတွေရဲ့အသက်ကို ချမ်းသာပေးတာမဟုတ်ဘူး၊ မိမိတို့လှေတိုင်ထိပ်မှာ ပင်လယ်စုန်း၊ ပထမတစ်လုံးကပ်လို့ ဖျောက်နိုင်ရင်ဖျောက်၊ မနိုင်လို့ကတော့ နှစ်လုံး၊ သုံးလုံးထိစွဲကပ်လာတယ်။ အဲဒီအချိန်ရွက်တိုင် တစ်ခုလုံး မီးစကြီးလိုနီရဲတောက်နေတယ်၊ လူတွေအနားမကပ်ရဲကြတော့ဘူး"

"အဲ့ ဩစရာလဲကောင်းတယ်. . တုန်လှုပ်စရာလဲကောင်းတယ်. . ကြားရုံနဲ့တင် လန့်နေပြီ"

မောင်မြင့်က သူ့စိတ်ရင်းအတိုင်းပြောချလိုက်၏။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်နေ၏။ နဂိုကကြောက်တတ်သူမို့ ပို၍ထိတ်လန့်နေမိ၏။

"အေး. . ဟုတ်တယ်. . မောင်မြင့်. . အဲဒီလို ပင်လယ်စုန်းသုံးလုံးလောက် ကျရောက်ပြီဆိုရင် လှေပေါ်ရှိလူအားလုံးရဲ့စိတ်တွေ ခက်ထန်လာတယ်. . နီမြန်းလာတယ်. . အမှားမှားအယွင်းယွင်းဖြစ်ပြီး သတ်ဖြတ်ကုန်တော့တာပဲ"

"ဩော်. . ဟုတ်ပြီ. . . ဟုတ်ပြီ. . အခုန လှေ. . ဒါကြောင့် ဓားဒဏ်ရာတွေနဲ့ သေနေကြတာကိုး" ဆို၍ မောင်ညွှန့်က သူသဘောပေါက်လာပုံကို ပြောလိုက်၏။

"အင်း. . ပင်လယ်စုန်း. ပင်လယ်စုန်း. . ပင်လယ်ပြင်မှာ ဘယ်လိုနာနာဘာဝကောင်ကများ ကျက်စားသောင်းကျန်းနေလဲမသိဘူး"

မောင်ထွန်းက ညီးညီးညူညူဖြင့်ပြောလိုက်သည်။ ဦးပြုံးက စကားကိုဆက်ပြန်သည်။

ပထမတစ်လုံးတည်းက အကျီအားလုံးချွတ်၊ ထုံးကွင်းမှတ်သားထားကြရတယ်. . ဒါမှ ကိုယ့်အချင်းချင်း မမှားကြမှာ။ လှေသားအချင်း

ချင်းခုတ်ထစ်ပြီးရင်တော့ မိုးထက် ချွန်းပြီး မိုးကြိုးပစ်ချလိုက်တော့တာပဲ။ အချို့လှေကတော့ ပထမပင်လယ်စုန်းထဲက ပျောက်အောင်လုပ်နိုင်ကြတယ်. . မပျောက်တဲ့ လှေကတော့ အခုလိုပင်လယ်စုန်းသုံးလုံး စွဲကပ်ပြီး သေသေကြေကြေခုတ်ထစ်ကြတော့တာ"

"အင်း. . ကျွန်တော်တို့လည်း ပင်လယ်စုန်းအကြောင်းကို အခုမှပဲ အသေအချာသိရတော့တယ်"

ချစ်သိန်းက ဦးထွန်း၏စကားဆုံးလျှင် မှတ်ချက်ချပြောလိုက်လေသည်။

"ကဲ. . ပင်လယ်စုန်းအကြောင်း အတော်အတန်သိကြပြီပဲ တော်သင့်ပြီရေစီးအားလည်းကြည့်ကြပါဦး. . ပိုက်ဖော်လို့ရရင် ပိုက်ဆွဲလိုက်ကြရအောင်"

ဦးလေးထွန်းစကားဖြတ်လိုက်သဖြင့် ရေလုပ်သားအားလုံးလည်း လုပ်ငန်းခွင်သို့အသီးသီး နေရာယူလိုက်ကြ၏။

----xxx---

ချစ်သိန်းတို့လှေ ငါးပြည့်

လေပြီ။

ဇီးဖြူသောင်ရွာအပြန်မှ

တော့ ချစ်သိန်းတစ်ယောက်တက်

ကိုင်နေရသည်မှာ စိတ်ထဲမတည်ငြိ

ချင်။ ဖြောင့်ဖြောင့်မကိုင်နိုင်ပေ။

မင်လယ်ပြင်၏ညှို့ယူဖမ်

စားမှု့ခံလိုက်ရသော ဒဏ်ရာဒဏ်

ချက်ကြောင့် တအုံနွေးနွေးဖြစ်ပေါ်

နေ၏။ သူ၏စိတ်ဝယ်အဆွေးပေါ်

ငေးမျှော်စရာအဖော်ဆင့်ပါလို့ လွမ်

စရာ. . . တမ်းတစရာ. . ရင်ခုန်စရာ

. . . ကြောက်လန့်စရာ. . . ထိတ်

လန့်စိုးရွံ့စရာများမကုန်ခမ်းနိုင်

တော့ပေ။ သူ့ရင်ထဲတွင်လည်း အ

လုံးကြွကာ၊ ယူကျုံးမရလောတ်

အောင် တလှုပ်လှုပ်ခံစားနေရ

သည်။ အိမ်သူသက်ထားဇနီးမယား

၏ ချစ်စရာအပြုံးမျက်နှာကို နှလုံး

သားဘေးတွင်အသာချ။ ပင်လယ်

ပြင်၏ မာယာကျော့ကွင်းအဖုံဖုံကို

ပြန်လည်တသသဖြစ်နေမိဟော့

သည်။

✦✦✦✦✦✦

ဟိန်းထက်ဇော်





# ဖဲစက္ကူ

# သစ်ခွမာယာ

# "သစ်ခွမာယာ"

## မင်းစက္က

ကျွန်ုပ်သည် သစ်ခွပင်များ
တို စုဆောင်းရန် ဝါသနာထုံလှသူ
တစ်ဦးဖြစ်သည်။သစ်ခွပန်းမျိုးစုံ
သည်လည်း စုဆောင်းထားရှိပြီး ဖြစ်
လေသည်။ ကျွန်ုပ်ဆီမှာ . . . မရှိ
သေးသည်က သစ်ခွနက်ပင်ဖြစ်
သည်။သစ်ခွနက်ကား လွန်စွာမှရှား
ပါးလှသော ပန်းတစ်မျိုးပင် . .

မည်သူမှ ရှာမတွေ့နိုင်သော
အမြင့်ဆုံးပိုင်းမှာ ပေါက်ကြသည်။
သစ်ပင်ကြီးများ၏ အမြင့်ဆုံးနေရာ
ထိပ်ဖျားပိုင်း၊ သို့မဟုတ် ပင်စည်အ
စိတ်အပိုင်းနှင့် သစ်ကိုင်းသစ်ခက်၊
အရွက်အလက်များကြားမှာ ပေါက်
တတ်ကြသည် ဟုဆိုကြသည်။

ကျွန်ုပ်သည် သစ်ခွနက်ကို
အရှေ့တိုင်းနိုင်ငံများမှ ထုတ်သော
မဂ္ဂဇင်း ၊ ဂျာနယ်များတွင် ဓာတ်ပုံ
အဖြစ် မြင်ဖူးသည်။စာများကို ဖတ်
ဖူးသည်။မိတ်ဆွေတစ်ဦးက ကချင်
ပြည်နယ်ဘက်သို့ သွားရာတွင် တော
တွင်းတစ်နေရာ၌ သစ်ပင်ကြီးတစ်
ပင်ထက်တွင် အမှတ်မထင်မြင်ဖူး
သည်။အတူပါလာသော လမ်းပြလူ
ငယ်ကို သစ်ပင်ပေါ်တက်စေသည်
သစ်ခွနက်ကို ခူးရန်စေခိုင်းသည်။

သို့သော် သစ်ပင်ပေါ်သို့
ရောက်သောအခါ သစ်ခွနက်က
မည်သည့်နေရာမှ မတွေ့ရတော့မ
ချေ။မူလ တွေ့ထားခဲ့သည့်နေရာမှ
လုံးဝမရှိတော့ဟု သိရသည်။ကျွန်ုပ်
သည် သစ်ခွနက်ကို လိုချင်တပ်မက်
စိတ်ဖြစ်ပေါ်နေမိသည်မှာအမှန်ပင်
သစ်ခွနက်ကိုသာ ရခဲ့လျှင် ကျွန်ုပ်၏
ဘဝတွင် ပြည့်စုံပြီဟု ဆိုရလောက်
အောင်ပင် အလိုဆန္ဒကြီးမားခဲ့သည်။

ခြံကျယ်ကြီးထဲမှာ နှင်းဆီ
နေကြာ ၊သစ်ခွ ၊ ဂမုန်း စသည်တို့
ကို များစွာစိုက်ပျိုးထား၏။သဇင်ပန်း
များကိုလည်း စိုက်ပျိုးရောင်းချခြင်း
ဖြင့် လုံလောက်သောဝင်ငွေကို ရရှိ
စေခဲ့သည်။တစ်ကိုယ်ရည်တကာယ





သမားဖြစ်သည့်အတွက် ပူပန်စရာ
မလိုပါပေ။

ကျွန်ုပ်၏အသက်ကား သုံး
ဆယ်ပင်မပြည့်သေးပါ။ယခုထက်ထိ
ဘဝအဖော်မွန်လည်း ရှာမတွေ့
သေး။ဘဝအဖော်မွန် မိန်းခလေး
ထက် ပန်းမာလ်များကိုသာ ပိုပြီးစိတ်
ဝင်စားခဲ့သူ ၊ ချစ်ခဲ့သူဟု ဆိုရပေ
မည်သာ။

ကျွန်ုပ်တွင် လွန်စွာမှ သစ္စာ
ရှိသော တပည့်လူလိမ္မာတစ်ဦးရှိ
သည်။မောင်ထွေးသည် ကျွန်ုပ်သူ
ငယ်ချင်းတစ်ဦး၏ ညီဖြစ်သည်။သူ
ငယ်ချင်း၏အမည်ကား မောင်မွှေး
ဖြစ်၏။မောင်မွှေးသည် မြေတိုင်းဌာ
နမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။အရပ်
တကာ ၊ နယ်တကာသွားလာ၍
တာဝန်ထမ်းဆောင်ရင်း ငှက်ဖျား
ရောဂါရခဲ့သည်။သူ မကွယ်လွန်မီမှာ
သူ၏ ညီမောင်ထွေးကို ကျွန်ုပ်က
စောင့်ရှောက်ပါရန် စိတ်ချစွာဖြင့်
အပ်နှံခဲ့လေသည်။

တစ်နေ့တွင် ကျွန်ုပ်ဆီကို
သူငယ်ချင်းတစ်ဦးဖြစ်သည့် မြတ်သူ
ရောက်လာခဲ့သည်။

"ငါ ရှိုးမဘက် [illegible]သွားမလို့
ကွာ . . မင်းလိုက်ချင်ရင် လိုက်ခဲ့"

"အေးကွာ . . ငါလည်း
ခရီးမထွက်ရတာ ကြာပြီ . . အတွေ့
အကြုံတစ်ခုခုတော့ လိုချင်သေး
တယ် . . လိုက်တာပေါ့ကွာ . ."

ရေငတ်သူ ရေတွင်းထဲကျ
ဆိုသည့်အတိုင်း ကျွန်ုပ်အတွက် လွန်
စွာမှ မင်္ဂလာရှိသောစကားဖြစ်၏။
မြတ်သူက အမဲလိုက်မုဆိုးအလုပ်ကို
ဝါသနာပါသည်။သူနှင့် အဖော်လိုက်
သွားလျှင် ကျွန်ုပ်လည်း ဒေသန္တရ
ဗဟုသုတများကို ရရှိမည်ဖြစ်သည်။

"ကဲ . . . မောင်ထွေး . .
ငါခရီးထွက်ဦးမယ်ကွာ . . သုံးပတ်
လောက်တော့ ကြာလိမ့်မယ် . . မင်း
အလုပ်သမားနှစ်ယောက်ကို
ကြီးကြပ်ပြီးတော့ နေခဲ့ပေတော့"

"စိတ်ချပါ အစ်ကို . . .
ကျွန်တော် အားလုံးကိုတာဝန်ယူပါ
တယ် . ."

မောင်ထွေးကို အထူးမှာ
ကြားစရာမလိုပါ။ကျွန်ုပ်သည်
မြတ်သူနှင့်အတူ ခရီးထွက်ရန် အစီ
အစဉ်များဆွဲကြပြီးနောက် လဆန်း
ပိုင်းကာလတွင် ခရီးစတင်ထွက်လာ
ခဲ့ကြလေသည်။

* * * * *

နောက်သုံးရက်ကြာသော အခါ ကျွန်ုပ်နှင့်မြတ်သူတို့သည် အလယ်ရိုးမ (ပဲခူးရိုးမ)တောင်ခြေတစ်နေရာရှိ ရွာလေးတစ်ရွာကို ရောက်နေခဲ့လေသည်။အလယ်ရိုးမကြီးကား တောင်ကြောရှည်လျားသလောက် မြင့်လည်းမြင့်မားသည်။ ဤတော ဤတောင်နားမှာ နေထိုင်ကြသော သူများ၊ မုဆိုးကြီးများ၊လူကြီးသူမများက စိတ်ဝင်စားစရာ ကောင်းလှသော ထူးဆန်းမှုများနှင့်ပြည့်နှက်နေသော တောင်ကြီးတစ်တောင်ဖြစ်သည်ဟု ဆိုကြပါသည်။

မြတ်သူသည် ကိုယ်ပိုင်အလုပ်ရှိသော်လည်း ထိုအလုပ်ကိုသူ၏လက်ထောက်တစ်ဦးနှင့် အပ်နှံကာထားပစ်ခဲ့သူဖြစ်သည်။မြတ်သူ၏ ဝါသနာဇွဲကား ကြီးလှသည်။အိမ်ခြေသုံးဆယ်သာသာရှိသော ရွာကလေးတစ်ရွာတွင် တစ်ညအိပ်ပြီးနောက် လမ်းပြရွာသားတစ်ဦးကို ခေါ်ဆောင်ကာ တောထဲထွက်လာခဲ့ကြသည်၊လမ်းပြ၏ အမည်မှာ မောင်ကျွဲဖြစ်လေသည်။မောင်ကျွဲသည် တောကျွမ်းသူဖြစ်၏။ဆင်းရဲသည်။အခကြေးငွေ ကောင်းစွာပေး၍ ခေါ်ခဲ့သောကြောင့် ဝမ်းသာအားရ လိုက်လာခဲ့လေသည်။

မောင်ကျွဲသည် ခန္ဓာကိုယ် တုတ်ခိုင်ကြီးမားသူဖြစ်သည်။ ပေါက်လေးတမျှ သန်စွမ်းသေ လည်း လမ်းသွားရာမှာ ခန္ဓာကိုယ်နှင့်မမျှအောင် ဖျတ်လတ်သန်စွမ်းသ ဖြစ်သည်။

ကျွန်ုပ်သည် အမဲလိုက်ဖူးသ ဖြစ်သည့်အတိုင်း နှစ်အတန်ကြာ သိမ်းဆည်းထားသည့် အမဲလိုက် သေနတ်ကို ပြန်လည်၍ တိုက်ချွတ် ပြီး ခရီးသွားရာမှာ ယူဆောင်လာ သည်။မြတ်သူ၏ ဝါသနာမှာ တော ထဲမှာပဲ တစ်ပတ်၊ဆယ်ရက်ခန့် မည်၊ အိပ်မည်၊ သားကောင်များကို ရှာဖွေပြီးပစ်ခတ်မည်။တော တောင် သဘာဝ အတွေ့အကြုံများကို ပြည့်ဝစွာဖြင့် ခံစားချင်သူဖြစ်၏ ကျွန်ုပ်သည်လည်း မြတ်သူနှင့်မခြား နားပါ။

ခြေသံလုံလုံဖြင့် တောစိုး ဖိနပ်များကို ဂရုတစိုက်နင်းကာ လျှောက်လာခဲ့ကြရင်း မောင်ကျွဲက ရှေ့မှသွားနေရာက ရပ်တံ့လိုက်ပြီး တစ်နေရာကို လက်ညှိုးထိုးပြလိုက်ပါ သည်။

ခြေရာများ၊ အမှတ်တမဲ့





ည့်လျှင် နွားခြေရာများဟု ထင်ရ သော်လည်း . . . နွားခြေရာများ တ်၊ စိုင်ခြေရာများပင်ဖြစ်သည်။ းခြေရာများက ဝိုင်းစက်ပြီး၊ စိုင် ခြေရာများက အဖျားချွန်သည်၊ ပိုပြီး းမားသည်။

စိုင်ချေးအချို့ကို တွေ့ရ ည်. . ပူပူနွေးနွေးပင်ရှိသေးသည် . . . ဤနေရာကထွက်သွားကြသည် . . အလွန်ဆုံး နှစ်နာရီလောက် ကြာဦးမည်. . . လိုက်ကြမယ်ဗျာ. . ပြောင်တို့ စိုင်တို့ဆိုတာ တွေ့ရခဲတယ် . . . အလွန်ဆုံးရှိလှ. . ခြောက်မိုင်၊ နှစ်မိုင်လောက်ပေါ့. . ဘေးကနေ န်းတက်ပြီးလိုက်ကြမယ်. . . .

မြတ်သူက အခြေအနေကို သုံးသပ်ပြီးပြောလိုက်သည်။

မောင်ကျွဲက. . .

စိုင်သားငယ်တွေလည်းပါတယ်. . . သူတို့က စားလိုက်၊ သွားလိုက်ကြနဲ့ ဆိုတော့ သိပ်ခရီးဝေးဝေး ရောက်ကြဦးမှာ မဟုတ်သေးဘူး ဆရာ. . ကိုကျွဲပြောတာမှန်တယ် ဒါဆို. . အလွန်ဆုံးခြောက်မိုင်ပဲ. . ကဲ. . သွားကြရအောင်. . .

* * * * *

စိုင်အုပ်နောက်ကိုလိုက်လာကြရင်း . . ခင်ကျောကြီးကကျောက်လုံးကို ဂရုစိုက်ကာ. . ကြည့်လာခဲ့ကြသည်။ ဖြတ်လမ်းက ပန်းပြီးတက်လာခဲ့ကြသည့်အတွက် တောင်စွယ်တစ်ခုပေါ်ကိုရောက်လာခဲ့ကြသည်။ မောင်ကျွဲသည် တောင်ကြောပေါ်ကို ဖြတ်ပြီး သွက်လက်စွာဖြင့် တက်သွားခဲ့သည်။

ဤနေရာမှနေ၍ စိုင်များကို စောင့်ကြိုကာ ပစ်ခတ်ကြမည်ဖြစ်သည်။ သစ်ပင်များမှာကပ်ကာ အသီးသီးနေရာယူထားကြသည်။ မောင်ကျွဲကတော့ ဓါးတစ်ချောင်းနှင့် လှံတစ်ချောင်းကို ဆောင်ထားသည်။

မကြာမီ. . အောက်ပိုင်း ဆီက. . တောတိုးသံတဖြောင့်ဖြောင့်ကိုကြားလာခဲ့ရသည်။ ဘူးခနဲ. . ဘဲခနဲဖြင့် စိုင်သားငယ်ကလေးများ၏ အော်သံများကိုလည်း ကြားလာခဲ့ကြရသည်။ ဆယ်မိနစ်လောက်ပဲ စောင့်လိုက်ရသည်။ ခြုံတောကြီးတစ်ခုနားမှ. . ထွက်လာကြသော စိုင်များကို တွေ့လိုက်ရပါတော့သည်။ ရှေ့ဆုံးမှအကောင်ကြီးသည် စိုင်ခေါင်းဆောင်ကြီးဖြစ်သည်။ မြင့်မားသောအရပ်. . တခြားစိုင်များထက်

ပိုပြီး တောင့်တင်းသော ကိုယ်လုံး၊ နဖူးမှကြာခွက်ဖြူဖြူကြီး. . . စသည်တို့သည် စိုင်ခေါင်းဆောင်ကြီး၏ အင်္ဂါနှင့် ညီညွတ်စေသည်။

ကျွန်ုပ်နှင့်မြတ်သူတို့သည် သစ်ပင်အကွယ်များမှနေ၍ နေရာယူကာ သေနတ်ကြီးများဖြင့်ချိန်ထားလိုက်ကြသည်။ ပစ်ခတ်ရန် အဆင်သင့်ပင်. . ဆိုရလျှင်. . ကျွန်ုပ်မှာ အမဲမလိုက်ရသည်မှာ ကြာပြီဖြစ်၍ ယခုလိုအချိန်မျိုးမှာ စိတ်လှုပ်ရှားမှုကရှိနေသည်။ မြတ်သူကို . . စိုင်ခေါင်းဆောင်ကြီးအား ပစ်ခတ်ရန် ဦးစားပေးလိုက်သည်။ကျွန်ုပ်ကတော့ တခြားစိုင်ကြီးတစ်ကောင်ကိုပဲ ပစ်ခတ်ရန် ဆုံးဖြတ်လိုက်သည်။ မြတ်သူကတော့ . . . သူ့ကို ဦးစားပေးမိသည့် ကျွန်ုပ်ကို ပြုံးကာ ကြည့်မိလိုက်သည်။

ထိုစဉ်. . . မမျှော်လင့်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။ စိုင်ခေါင်းဆောင်ကြီးသည် ကျွန်ုပ်တို့၏အနံ့ကို ရသွားခဲ့လေပြီ . . လည်တံစောင်းစောင်း၊ စောင်းစောင်းနှင့် တရှူးရှူးနှင့် နှာမှုတ်နေရာတာ. . . ကျွန်ုပ်တို့ဆီကို တဟုန်ထိုးပြေးဝင်လာခဲ့လေပြီ. . . ။

စိုင်ခေါင်းဆောင်ကြီး မက နောက်မှ စိုင်အပေါင်းတို့သ လည်း ကျွန်ုပ်တို့ကို တိုက်ခိုက် တဟုန်ထိုးပြေးလာခဲ့ကြသည်။

ကျွန်ုပ်သည် စိတ်ကိုအတ ငြိမ်ဆုံးထားပြီး. . . စိုင်တစ်ကေ ကိုပစ်ထည့်လိုက်သည်။

ဒိုင်း. . . .

ကျွန်ုပ်ပစ်လိုက်သော ကောင်ကို . . သေသေချာချာ သွားခဲ့သည်မှာ မှန်သော်လည်း ဆုံးမှပြေးလာသော စိုင်ခေါင်းဆေ ကြီးကို မြတ်သူက . . ပစ်လိုက် ကြားလိုက်ရသည်။

. . . ဒိုင်း. . .

စိုင်ကြီးသည် တုန့်ဂ ဖြစ်သွားပြီးမှ. . အရှိန်လွန်ကာ ဆက်ပြေးလာပြီး ကျွန်ုပ်ဆီကို တ မတ်စွာဖြင့်ဝင်လာခဲ့လေတော့သ

ကျွန်ုပ်နောက်ဆုံးသိလိုက သည်မှာ စိုင်ကြီးသည် ကျွန်ုပ် ဝင်တိုက်ချသွားသလား. . ချိုဖြ ခတ်လိုက်သလားမသိပါ. . ကျွ တစ်ကိုယ်လုံး မြောက်တက်သွား လွင့်ထွက်သွားခဲ့ပါလေတော့သ အသည်းထဲမှာ အေးကနဲဖြစ်သွ ကာ ချောက်ကမ္ဘားကြီးပေါ်မှ





ကျသွားခဲ့ခြင်းပင်တည်း. . . ။

* * * * *

ကျွန်ုပ်အသည်းထဲမှာ အေး နဲဖြစ်သွားသည်။ ကျွန်ုပ်၏ ကိုယ် ည်လေထဲမှာ ဝဲပျံသွားပြီးမှ အောက်သို့ တရှိန်ထိုးကြသွားခဲ့သည် စ်ရကား. . သည်တစ်ခါတော့ ားပြီဟု. . . ကိုယ့်ကိုယ်ကို ထင်မိ ိုက်သည်။

"အွမ်း. . . "

ကျွန်ုပ်သည် ရေထဲကို ပစ် ကျသွားခဲ့သည်။ အေးစိမ့်သော အတွေ့အထိကို ခံစားလိုက်ရသည်။ ရေအောက်ကို စုံးစုံးမြုပ်သွားခဲ့ရ သည်။ ထိုအချိန်အထိ. . သတိကို လစ်စေပဲ. . ရေမျက်နှာပြင်ပေါ်ကို ပြန်ရောက်အောင် ခြေကို စုံကန်ပြီး တက်လာခဲ့သည်။ ထို့နောက် ကျွန်ုပ် ကိုယ်တိုင် ကူးရန်မလိုပဲ ရေစီးကြရာ မျောပါသွားခဲ့လေသည်။ ရေစီး၏ အလျင်မှာ မြန်ဆန်းလွန်းလှသည်။ ကျောက်ဆောင်များနှင့် မတိုက်မိစေရန် သတိကြီးစွာထားရင်း. . ရေစီး ထဲမှာ အရှိန်ပြင်းစွာဖြင့် မျောပါ သွားမိသည်။

တစ်ကြိမ်တွင် ကျောက်ဆောင်နှစ်ခုကြားမှ ဖြတ်ထွက်သွားခဲ့လေရာ. . ကျွန်ုပ်မှာ သည်တစ်ခါတော့ ကျောက်တုံးတစ်ခုခုဖြင့် ပြင်းထန်စွာရိုက်မိပြီ. . သွားပြီဟု ထင်မိလိုက်သည်။ သေကံမရောက်၍ သီသီလေးလွတ်မြောက်ခဲ့ပါ၏။ ကျွန်ုပ်သည်. . ရေစီးထဲမှာ မည်မျှအထိ မျောပါသွားနေမည်နည်း. . . တစ်နေရာသို့ရောက်သွားသောအခါ ရေပြင်ပေါ်သို့ ကိုင်းညွတ်ကာကျနေသော . . ပင်စည်ကိုင်းကြီးတစ်ခုကို တွေ့လိုက်ရသည်။ ပင်စည်ကိုင်းကြီးအောက်မှ ဖြတ်သွားစဉ်၌ ခုန်ဖမ်းပြီးဆွဲထားလိုက်ရသည်။

ထို့နောက် တုတ်ခိုင်သော ပင်စည်ကိုင်းပေါ်သို့ ခဲယဉ်းစွာဖြင့် တက်လာခဲ့ရသည်။ ထို့နောက်. . ကမ်းဘက်ဆီကို ကူးသွားရန်မှာ မခဲယဉ်းတော့ပါ. . ပင်စည်ကိုင်းမှ တဆင့် လေးဘက်ထောက်ကာ တဖြည်းဖြည်းနင့်ကူးသွားခဲ့သည်။ သစ်ပင်ကြီးတ ပင်သည် ကမ်းစပ်မှာ ပေါက်နေကာ အမြစ်က ကျွတ်ထွက်၍ ရေမျက်နှာပြင်ဘက်သို့ ယိမ်းယိုင်ကိုင်းကျနေခြင်းပင်. . . ။

ကျွန်ုပ်သည် အဖော်များနှင့်

ဝေးကွာသည့်နေရာသို့ ရောက်နေခဲ့လေပြီ. . . သေကံမရောက်ခဲ့သေးသဖြင့် ဝမ်းသာမိရသေးသည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး အကဲခတ်ကြည့်မိသည်။ သစ်ပင်ကြီးများသာ ပေါက်နေကြသောနေရာ. . တောထူထပ်သည်။ သားကောင်ကြီးတွေ၏ အန္တရာယ်ရှိနိုင်သည်။ လက်နက်လည်း လွတ်ကျပြီးကျန်ခဲ့သည်ဖြစ်၍ အန္တရာယ်တွေ့လာလျှင် ကိုယ့်ကိုယ်ကို မကာကွယ်နိုင်. . သတိထားပြီးနေရသည်။

ကျွန်ုပ်၏ မျက်လုံးအစုံသည် သစ်ပင်ကြီးတစ်ပင်ပေါ်ကို အလိုလိုပင် မော့ကြည့်ပြီးသားဖြစ်သွားခဲ့ရသည်။ မသိစိတ်၏ စေ့ဆော်လှုပ်ခတ်မှုကြောင့် ဖြစ်သည်။ ရင်ထဲမှာ ထိတ်ကနဲခံစားသွားခဲ့ရသည်။ ဝင်မြင့်ထက်ရှိ သစ်ကိုင်းခွကြားမှာ သစ်ခွနက်ပင်တစ်ပင်ကို တွေ့လိုက်ရသောကြောင့်ပင်. . ဟင်. . သစ်ခွနက်. . ငါလိုချင်နေတဲ့သစ်ခွနက်. .

လိုချင်တပ်မက်ဇောဖြင့် သစ်ပင်ပေါ်ကို ဖက်၍တက်သွားမိသည်။ ကျွန်ုပ်သည် သစ်ပင်တက်ကျွမ်းသူမဟုတ်ပါ. . ဇောကြောင့် မည်သို့မည်ပုံ. . တက်နိုင်သွားခဲ့သလည်းမသိ. . သစ်ပင်ပေါ်သို့ ရောက်သွားသောအခါ စောစော
နေရာတွင် သစ်ခွနက်ကို မတွေ့
တော့. . . ။

ငါသေသေချာချာမြင်လိုက်
တာ. . သည်အကိုင်းမှာပါ. . မျက်စိမမှားပါဘူး. . . ။

ကျွန်ုပ်သည် မကျေမန
ဖြစ်သွားမိသည်။ မျက်စိအောက်မှာ
ပင် သစ်ခွနက်ကပျောက်သွားသည်
ဘာကို မကျေမနပ်မိမှန်းလည်း မသိ

မျက်လုံးတွေက. . အငြိမ်
မနေပဲ. . သစ်ပင်ပေါ်ကို လိုက်ပြ
ကြည့်သောအခါ. . ညာဘက်အမြ
တစ်နေရာရှိ အကိုင်းခွကြားမှ
သစ်ခွနက်ပင်ကို မြင်တွေ့လိုက်
လေသည်။

ကျွန်ုပ်. . အံ့အားသင့်သွာ
မိသည်။ သစ်ခွနက်က နေရာရွှေ့
သွားခဲ့သည်လား. . ဒါမှမဟုတ်. .
နောက်တစ်ပင်လားဟု၍. . သို့သေ
သစ်ပင်ကြီးတစ်ပင်လုံးမှာ သည
တစ်ပင်တည်းရှိသည်ကို သိရသည
ငါ. . မရရအောင်ယူမယ်. . ဟုသေ
ဇွဲ. . စိတ်ဓါတ်အပြည့်ဖြင့်. . သစ
ကိုင်းများကို ဆွဲခါကာ တက်သွားခဲ
ပြန်သည်။ ကျွန်ုပ်၏မျက်နှာရှေ့မှာ





စ်ခက်. . သစ်ရွက်တွေက. .
ယ်နေသည်။ လက်ဖြင့်ဖယ်ရှား
ိုက်ရပြီး နောက်ဆုံးသစ်ကိုင်း
စ်ခက်ကို ခဲယဉ်းစွာ ကုပ်တွယ်
ာ တက်လိုက်သည်။ ရောက်ပြီ. .

သို့သော် သစ်ခွနက်ကို
တွေ့ရတော့. . ပျောက်သွားပြန်ပြီ
. . မတွေ့တော့ပြန်ဘူး. . ဘယ်လို
ြစ်တာလဲ. . .

ဒေါသထွက်သွားမိခဲ့သည်။
ွန်ုပ်က လိုက်လေ. . သစ်ခွနက်
န်းပင်က ပြေးလေဖြစ်နေမိသည်။
ွန်ုပ်သည် ပင်စည်ကိုဖက်ကာ
ခေတ္တမျှ. . အမောဖြေနေမိသည်။ နေရာရွှေ့သွားသော သစ်ခွပင်ကို လောဘရမ္မက်ကြီးစွာဖြင့် လိုက်လံရှာဖွေနေဆဲ. . . ဟော. . တွေ့ပြန်ပြီ. . သစ်ခွနက်ပန်းပင်က. . . ကျွန်ုပ်နှင့် ငါးပေသာသာအကွာရှိ. . အောက်ဖက်မှာ ရောက်နေသည်။ သစ်ကိုင်းရင်းနှင့် ပင်စည်ခွကြားတွင် ရှိနေသည်။ သစ်ခွနက်ပင်ကလေးသည်. . . ကျွန်ုပ်ကို လှောင်ပြောင်သောအကြည့်ဖြင့် ကြည့်နေသည်။

. . ငါ. . အလိုချင်ဆုံးပန်းကို ငါ. . မရရအောင်ယူမယ်. . .

ခိုင်မာသော စိတ်ဓာတ်ကို မွေးလိုက်သည်။ ထို့ကြောင့်. . . အောက်ဘက်ကိုပြန်ပြီး ဆင်းရပြန်သည်။ အောက်ကိုဆင်းနေရင်း မျက်လုံးတွေက. . သစ်ခွနက်ပန်းပင်ဆီကမခွာ. . မျက်စိအောက်မှာ ပျောက်သွားမည်ကို စိုးရိမ်၍ဖြစ်သည်။

ငါးပေအကွာလောက်ကို ဆင်းရသည်မှာ. . ပင်ပန်းလှသည်။ ကျွန်ုပ်သည် သစ်ပင်တက်ကျွမ်းကျင်သူမဟုတ်ပါ. . . သို့သော် အတ္တဆန္ဒလိုချင်ရမ္မက်စိတ်ကြောင့် အပင်ပန်းခံခဲ့ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏ မျက်စိအောက်မှာ သစ်ခွနက်ပင်ကလေးသည် ပျောက်မသွားပါ. . နေရာမှာ ရှိနေဆဲပင်ဖြစ်သည်။

လက်တစ်ကမ်းလောက်ပဲ လိုတော့သည်။ မီလုနီးပါး. . နောက်ဆုံးသစ်ကိုင်းတစ်ခုပေါ်သို့ ခြေချပြီးလျှင်. . ရပြီ. . . ကျွန်ုပ်၏ခြေထောက်သည် အောက်မှာရှိနေသော. . . သစ်ကိုင်းပေါ်ကို နင်းချလိုက်သည်။ ထိုသစ်ကိုင်း၏အောက်မှာ သစ်ခွနက်ပင်ကလေးရှိနေသည်။ အသာငုံ့၍ ဆွဲနှုတ်လိုက်လျှင်. . ရပြီ. . အကွာအဝေးမှာ တစ်ကွာလောက်ပဲရှိတော့သည်။

ခန္ဓာကိုယ်ကို အောက်သို့ ညွှတ်ကိုင်း၍. . . ညာလက်ဖြင့် သစ်ခွနက်ပင်ကလေးကို ဆွဲနှုတ်လိုက်သည်နှင့်. . . .

“ဂွတ်. . . .”

ကျွန်ုပ်ရပ်နေသော သစ်ကိုင်း သစ်ကိုင်းဆီက. . ဂွတ်ကနဲမြည်သံကိုကြားလိုက်ရသည်။ ကျွန်ုပ်သတိရသွားပြီးအပေါ်ကို ပြန်တက်ရန်ကြိုးစားလိုက်သော်လည်း. . နောက်ကျသွားခဲ့လေပြီ. . . သစ်ကိုင်းကျိုးကျကာ အောက်သို့ တရှိန်ထိုးပင့်ကျလာခဲ့သည်။

. . . အား. . .

သစ်ရွက်များ. . သစ်ကိုင်းများကို ခန္ဓာကိုယ်က ထိခတ်ကာ. . တဖြောင်းဖြောင်း. . တဝုန်းဝုန်းမြည်ပြီး ကျလာခဲ့လေရာ. . မိမိကို မိမိ သေနေ့စေ့ပြီဟု. . ထင်မိလိုက်သည်။ ယခုမှ. . သေရမှာကို ကြောက်သွားမိသည်မှာ. . ပြောဘွယ်ရာမရှိတော့။

. . ဘုန်း. . . .

ကျွန်ုပ်တစ်ကိုယ်လုံးသည် မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာဖြင့် ကျသွားခဲ့လေရာ. . .

. . အား. . .

နာကျင်မှုဝေဒနာသည် အသည်းခိုက်အောင်ပင်ခံစား သည်။ ပက်လက်ကျသွားခြင်း သောကြောင့် မျက်လုံးတွေသ သစ်ပင်ကြီးထက်မှာ. . တွယ် ပေါက်နေသည့်. . သစ်ခွနက် ကလေးကို မြင်နေရသည်။ ကျွန်ုပ် လှောင်ပြောင်ပြီး ကြည့်နေသလို . . ကြည့်နေရင်းမှာပင်. . သစ်ခွ ပင်လေးသည်. . ကျွန်ုပ်ကိုယ်တ တည့်ပေါ်သို့ ပြုတ်ကျလာလေ သည်။

ကျွန်ုပ်၏ ရင်ဘတ်ပေါ် ကျလာသော သစ်ခွနက်ပင်က ကို နောက်ဆုံးထွက်သက်မှာ. အမိအရ ဖမ်းယူလိုက်မိပါလေ သတည်း. . .။

* * * * *

ဟော. . သတိရလာပြီ သတိရလာပြီ. . .

တော်ပါသေးရဲ့ဗျာ. ကျွန်တော်က သေပြီလို့ထင်နေ . . မလှုပ်မယှက်နဲ့ အကြာကြီး နေတာကို. . . စိတ်ပူစရာပေါ့. .

ကျွန်ုပ်နားထဲမှာ စကား များကို ကြားနေရသည်။ အသံ





ည့် နီးလာလိုက်. . ဝေးသွားလိုက် င့်ရှိနေသည်။ မြတ်သူ၏အသံနှင့် မောင်ကျွဲတို့၏အသံများပင်တည်း. . ကျွန်ုပ်သည် မျက်လုံးတွေကို အား တ်၍ ဖွင့်မိလိုက်သည်။ မြင်လိုက် သည်ကား. . မြတ်သူနှင့် မောင်ကျွဲ သည်ဒူးထောက်အနေအထားဖြင့် နေကြသည်။ ကျွန်ုပ်ကို စိုးရိမ်တ း်ဖြင့် ကြည့်နေကြသည်။

“မင်းတို့က ငါ့ကို သစ်ပင် အောက်က ခေါ်လာခဲ့ကြတာလား . . ဟိုသစ်ခွက်နက်ပင်ကလေး ရော. . .”

“ဟော့ကောင်. . မင်းဘာ တွေလျှောက်ပြောနေတာလည်း သစ်ပင်အောက်ကခေါ်လာတာ မဟုတ်ဘူး. . စိုင်က မင်းကိုဝင်တိုက် ပြီး. . မင်း. . ချောက်ထဲကိုကျသွား ခဲ့တာလေ. . တော်သေးရဲ့. . ခြုံ ကြီးတစ်ခုပေါ်မှာ. . သွားတင်နေပေ လို့ မင်းဘာမှမဖြစ်တာ. . မောင်ကျွဲ က မင်းကို . . ချောက်ထဲဆင်းပြီး အပေါ်ကို ခဲရာခဲဆစ်နဲ့ ထမ်းတင် လာခဲ့ရတာကွ. . .”

“ဟင်. . ဟုတ်လား. . ငါ က သစ်ပင်ပေါ်က ကျလာခဲ့တယ်လို့ ထင်နေမိခဲ့တာ. . ငါက. . သစ်ခွပင် လေးကို လိုက်ဖမ်းနေရင်း. . မတော် တဆဖြစ်သွားခဲ့တာကွ. . ပြီးတော့ ငါ. . ချောက်ထဲကို ကျသွားခဲ့စဉ်က ရေထဲကိုကျပြီး ရေစီးအတိုင်း မျော ပါသွားခဲ့တာ. . တစ်နေရာမှာ သွား တင်တာလို့ ထင်နေခဲ့တာ. . .”

အဲ့သည်နေရာမှာ သစ်ကြီး ဝါးကြီးတွေက ပေါလိုက်တာကွာ. . သစ်ပင်တစ်ပင်ပေါ်မှာ သစ်ခွနက် တစ်ပင်ကို အမှတ်မထင်တွေ့လိုက်ရ လို့. . ငါ တက်လိုက်သွားပြီးခူးတယ် သစ်ခွနက်ပင်က. . ဟိုနေရာရွှေ့ လိုက်. . သည်နေရာရွှေ့လာလိုက်နဲ့ . . ငါ့ကို . . အမျိုးမျိုးလှည့်စားတယ် . . နောက်ဆုံးတော့ မိလုနီးပါးဖြစ် သွားချိန်မှာ. . . သစ်ကိုင်းကျိုးပြီး သစ်ပင်ပေါ်က ပြုတ်ကျလာခဲ့တော့ တာပါပဲကွာ. . .

ကျွန်ုပ်က ရှင်းပြလိုက်ရာ မြတ်သူက ပြုံးပြီး. . .

“မင်းက သစ်ခွနက်ပန်းကို အစွဲအလန်းကြီးခဲ့တာကိုးကွာ. . ဒုက္ခရောက်နေတဲ့ အချိန်မှာတောင် အိပ်မက်ထဲထည့်ပြီးမက်ခဲ့သေးတယ် . . ဟိုမှာ. . မင်းကို တွန်းတိုက်ပြီး ချိုနဲ့ခတ်သွားတဲ့ စိုင်ကြီး. . မောင်ကျွဲ က လှံနဲ့ထိုးတယ်. . ငါက. . .

သေနတ်နဲ့ပစ်တယ်. . ဟောဟိုက စိုင်ကြီးခေါင်းဆောင်ကြီးကိုလည်း ငါ တစ်ချက်တည်းနဲ့ ပစ်လိုက်တာ. . "

ကျွန်ုပ်က ယခုမှပင်. . ပတ်ဝန်းကျင်းကို ကြည့်မိလိုက်တော့သည်။ စိုင်ကြီးနှစ်ကောင်မှာ သေဆုံးလျက်ရှိနေသည့်အဖြစ်. . .

"အေးကွာ မောင်ကျွဲရာ မင်းငါ့ကို သက်စွန့်ဆံဖျားချောက်ပေါ်ကို ခဲခဲယဉ်းယဉ်းနဲ့ ထမ်းတင်ခဲ့တဲ့ ကျေးဇူးမမေ့ပါဘူးကွာ . . "

ကျွန်တော်က ဆရာလေး တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေတာဗျ. . ခုမှပဲ. . စိတ်ချမ်းသာရာ ရတော့တယ်. . . .။

မောင်ကျွဲက ဝမ်းသာအားရ ပြောလိုက်သည်။ ထို့နောက်. . မောင်ကျွဲသည် စိုင်သေများကို သယ်ဆောင်ရန်. . . အကူအညီရလို၍ ရွာသို့ ပြန်သွားခဲ့သည်။

ကျွန်ုပ်သည် လက်ထဲသို့ ရောက်ပြီးမှ ကွယ်ပျောက်သွားခဲ့သော သစ်ခွနက်ကလေးကို နှမြောတသဖြစ်နေမိပါသတည်း. . . .။

* * * * *

**မင်းစည္သူ**

မြိုင်စာပေ




မြသန်းဝင်

ဘိုမနှင့်ဖြူမ

# ဘိုမ နှင့် ဖြူမ

မြဘုန်းထက်

ကျွန်မတို့ ဇနီးမောင်နှံမှာ ခွေးကလေး ကြောင်ကလေးများကို ချစ်တတ်သူများ ဖြစ်သည်။ တကယ်တော့ ခွေးကလေး၊ ကြောင်ကလေးများသာမကပါ အခြားသော တိရစ္ဆာန်ကလေးများကိုပါ ချစ်တတ်သူများဖြစ်သည်။

ကျွန်မတို့ ဇနီးမောင်နှံမှာ တိရစ္ဆာန်ငယ်ကလေးများကို ချစ်တ
ပြီး မွေးမြူရန် ဝါသနာပါခြင်းတို့
စိတ်တူသဘောတူ ရှိလှသည်ဟု
နိုင်ပါသည်။

ကျွန်မတို့ အိမ်မှာ ခွေးကလေ
များ ကြောင်ကလေးများကို မွေ
ထားပါသည်။ ခွေးများ ကြောင်မျ
အတွက် လှောင်အိမ်မလိုသေ
လည်း အခြားသော တိရစ္ဆာန်င
လေးများအတွက်မူ လှောင်အိမ်လို
သည်။ ကျွန်မက ကျွန်မ၏ ခင်ပွန်
ကို ကိုအောင်ဟုခေါ်ပါသည်။

ကိုအောင်သည် ကျွန်မကဲ့သ
ပင် သတ္တဝါငယ်ကလေးများအပေ
မေတ္တာသက်ဝင်ချစ်ခင်တတ်သူ ဖြ
သည်။ တစ်ချို့သော ဇနီးမောင်နှံ
တွဲများကို ကျွန်မမြင်ဖူးသည်။ လ
က တိရစ္ဆာန်ငယ်ကလေးများကို ချ
ခင်တတ်သော်လည်း မယားကာ ချ
ခင်တတ်ခြင်းမရှိ။

တစ်ချို့ကျတော့ မယားက
ချစ်ခင်တတ်ပြီး လင်က ချစ်ခင်တတ်
ခြင်းမရှိပြန်။ သည်လိုစုံတွဲများတွင်





ိရစ္ဆာန်ငယ်ကလေးများကို မွေးမြူ
ခွဲမရနိုင်။

ကျွန်မ သူငယ်ချင်း မိန်းက
လေးတစ်ယောက်ဆိုလျှင် သူက တိ
ရစ္ဆာန်ငယ်ကလေးများကို သနားချစ်
ခင်ပြီး မွေးမြူထားသည်။ သူမ၏
ယောကျ်ားကမူ သူမ ထိုကဲ့သို့ မွေး
မြူထားသည်ကို မကြိုက်၊ သက်
သက်အပိုအလုပ်ဟု မြင်နေသည်။
ထိုကိစ္စအတွက် သူတို့လင်မယားမှာ
မကြာခဏ စကားများကြရသည်။

နောက်ဆုံးတွင် ကျွန်မသူ
ငယ်ချင်းမှာ တိရစ္ဆာန်ငယ်ကလေး
များအား မွေးမြူခြင်းဝါသနာကို စွန့်
လွှတ်လိုက်ရလေတော့သည်။

ကျွန်မတို့ ဇနီးမောင်နှံမှာမူ
သူတို့ကဲ့သို့ မဟုတ်၊ ဘက်ညီသော
မောင်နှံဖြစ်သည်။

တစ်နေ့က ယုန်ကလေးများ
ကို ကိုအောင်ဝယ်လာသည်။ ယုန်
ကလေးများမှာ ပေါက်စကလေးတွေ
သူတို့အတွက် လှောင်အိမ်ကို လက်
သမားဆရာခေါ်ပြီး ချက်ချင်းလုပ်ရ
သည်။

ယုန်ကလေးတွေက ချစ်စရာ
အလွန်ကောင်းသည်။ တစ်ကိုယ်လုံး
ဆွတ်ဆွတ်ဖြူဖွေးနေသည်။ နှာရွက်
ကလေးတွေ တထောင်ထောင်နှင့်
လှောင်အိမ်ထဲမှာ ဟိုခုန်သည်ခုန်
လုပ်နေကြသည်။ ကျွန်မမှာ ယုန်က
လေးတွေကို ကြည့်ရင်း ကလေးတစ်
ယောက်လို ပျော်ရွှင်နေမိသည်။

"ဟိုမှာ ကြည့်ပါဦး၊ ကိုအောင်
ရယ် ယုန်ကလေးတွေ ချစ်စရာ
ကောင်းလိုက်တာ"

"သတ္တဝါကလေးတွေဆိုတာ
လူက ငဲ့ညှာမှ သူတို့ဘဝ သက်သာ
ရာရမယ့် အကောင်ကလေးတွေပါ။
ဒီတော့ ကိုယ်တို့က သူတို့ကို သက်
သာရာရအောင် ငဲ့ညှာတတ်ဖို့တော့
လိုတယ်။ သူတို့ကို ကိုယ်တို့ကျွေးနိုင်
မွေးနိုင်သလောက် ကျွေးမွေးကြရ
မယ်လေ။ သူတို့လေးတွေဟာ တ
ကယ်တော့ သနားစရာကလေးတွေ
ပါ"

တစ်နေ့ကလည်း ကိုအောင်

တစ်ယောက် ကြက်တူရွေးကလေး နှစ်ကောင် ဝယ်လာပြန်သည်။ သည်တစ်ခါတော့ လှောင်အိမ်ပါတစ်ခါတည်း ဝယ်လာခဲ့သည်။

ပြီးတော့ အိမ်ရှေ့က တန်းတစ်ခုမှာ လှောင်အိမ်ကို ချိတ်ဆွဲထားလိုက်သည်။

"ကြက်တူရွေးဆိုတာ ညှော်မိရင် သေတတ်တယ်တဲ့"

ကျွန်မကတော့ ပြောတော့ ကိုအောင်က. . .

"ဟုတ်တယ် ကိုယ်တို့ ညှော်နံ့တော့ သတိထားရမယ်။ ဒါပေမယ့် ငရုတ်သီး လှော်နံ့မှသေတတ်တာပါ။ ဒီပြင် ညှော်နံ့ဆိုရင်တော့ ရပါတယ်"

ဟု ပြောသည်။

ကျွန်မမှာ ဘာပဲပြေပြော ကြက်တူရွေးကလေးတွေကို ချစ်ရပြန်သည်။

"သားတွေ သမီးတွေ ရလာရင် တိရစ္ဆာန်ကလေးတွေကို ချစ်ဦးတော့မှာလား ငြိမ်းရဲ့"

ကိုအောင်က ပြောသောအခါ ကျွန်မက. . .

"ချစ်ရဦးမှာပဲ ကိုအောင်ရယ်၊ ဟိုဥစ္စာက သားချစ် သမီးချစ် ရင်သွေးချစ်၊ ဒီဥစ္စာက တိရစ္ဆာန်ကလေးတွေချစ်"

ဟု ပြောလိုက်သည်။ ကိုအောင်က သဘောကျစွာ ရယ်နေရင်း. . .

"တိရစ္ဆာန်ချစ်ပေါ့ ဟုတ်လား ငြိမ်း"

ဟုပြောကာ သဘောကျနေသည်။

ကျွန်မတို့မှာ ကြောင်ကလေးတွေ၊ ခွေးကလေးတွေလည်းရှိသည်။

မိတ်ဆွေအပေါင်းအသင်းများက ကျွန်မတို့မောင်နှံကို "တိရစ္ဆာန်မောင်နှံ"ဟု ခေါ်ကြသည်။ သူတို့အခေါ်အဝေါ်ကြောင့် ကျွန်မပင် ထိတ်လန့်သွားမိပါသည်။ သူတို့စကားက ဘယ်ရောက်လို့ ဘယ်ရောက်သွားမှန်း သူတို့မသိသေးရော့သလား မသိပါ။ သည်လိုခေါ်သည့်အတွက် ကျွန်မကော ကိုအောင်ပါ စိတ်မဆိုးကြပါ။





ကျွန်မတို့မှာ မနက်မိုးလင်းသည်နှင့် မွေးမြူထားသော သတ္တဝါကလေးများကို အစာကျွေးမွေးရသည်မှာ အလုပ်တစ်ခုဖြစ်ပါသည်။ သူတို့လေးတွေ အစာစားနေကြသည်ကို ကြည့်ရင်း ကျွန်မတို့ ဇနီးမောင်နှံမှာ ကြည်နူးပီတိဖြစ်ရပါသည်။

ကျွန်မတို့ မွေးထားသော ခွေးများအနက် ခွေးမကလေးသုံးကောင်မှာ လွန်ခဲ့သောနှစ်က မိတ်ဆွေတစ်ယောက်၏ နေအိမ်မှ ကျွန်မ၏ ခင်ပွန်းက ယူဆောင်လာခဲ့ခြင်းဖြစ်ပါသည်။

ပြောရလျှင် ထိုမိတ်ဆွေက ခွေးမကလေးသုံးကောင်ကို မမွေးလိုတော့သဖြင့် ကျွန်မ၏ ခင်ပွန်းအား ပေးလိုက်ခြင်းဖြစ်ပါသည်။

ယင်း ခွေးမကလေးသုံးကောင်အနက် နှစ်ကောင်မှာ အနက်ရောင်ဖြစ်ပြီး တစ်ကောင်မှာ အဖြူရောင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မက အဖြူရောင် ခွေးမကလေးကို "ဖြူမ"ဟု အမည်ပေးလိုက်ပါသည်။ အနက်ရောင် ခွေးမကလေးနှစ်ကောင်ကိုမူ ကိုအောင်က "မဲတူနှင့် မဟူရာ"ဟူ၍ အမည်ပေးလိုက်ပါသည်။

ထိုအခါ ကျွန်မက. . .

"ကျွန်မတို့ ခွေးကလေးတွေ နာမည်က ကာရန်တူကလေးတွေပါလား ကိုအောင် ကြည့်ပါဦး 'မဲတူ၊ မဟူရာနဲ့ ဖြူမ'တဲ့ ဘယ်လောက်လှတဲ့ အမည်ကလေးတွေလဲ"

ကျွန်မသည် ထိုနာမည်ကလေးတွေကို နှုတ်က တဖွဖွရွတ်နေမိရင်း ကိုယ်ပေးသည့် နာမည်ကလေးတွေကို ကိုယ်ကိုယ်တိုင် ပြန်ပြီး သဘောကျ ကျေနပ်နေမိပါသည်။

"မဲတူ၊ မဟူရာနဲ့ ဖြူမ"တို့မှာ ညစ်ပတ်ပေရေနေသော ခွေးမဟုတ်ပါ၊ သန့်ရှင်းသော ခွေးများဖြစ်ကြပါသည်။

သူတို့သုံးကောင်အနက်တွင် ထူးခြားသည်မှာ ဖြူမဖြစ်ပါသည်။ ဖြူမသည် ကျန်သည့်မဲတူ၊ မဟူရာ

ပြလိုက်သလို ဖြစ်သွားပါသည်။

အမှန်တကယ်တော့ ဖြူမသည် ခွေးပေါင်းမြောက်များထဲက သာမန်ခွေးမတစ်ကောင်သာ ဖြစ်ပါသည်။ ဘာမှ မထူးခြားပါ။ ဘာမှ စိတ်ဝင်စားစရာ မကောင်းပါ။

သို့သော် သူ၏ အပြုအမူတချို့က ထူးခြားနေသလို စိတ်ဝင်စားဖွယ်ရာ ကောင်းနေပါသည်။ တစ်ခါတစ်ရံ ကျွန်မက. . .

"ဖြူမက တစ်ခြားခွေးတွေထက်များ အိုင်ကျူမြင့်နေလေ သလား"

ဟု တွေးမိပါသည်။ ထိုကဲ့သို့ တွေးမိသောအကြောင်းကို ကိုအောင်အား ပြောပြမိသောအခါ ကိုအောင်က ရယ်လျက်. . .

"ခွေးတွေမှာ အိုင်ကျူရှိလို့လား ငြိမ်းရယ်"

ဟု ပြောပါသည်။ ထိုအခါ ကျွန်မက. . .

"ကိုအောင် စဉ်းစားကြည့်လေ။ ဦးနှောက်ရှိရင် အိုင်ကျူရှိရမှာပေါ့ ခွေးတွေမှာ ဦးနှောက်မရှိဘူးလား"

"ရှိတာပေါ့"

"ရှိရင် သူတို့လည်း အိုင်ကျူရှိမှာပေါ့။ အိုင်ကျူရှိရင် အိုင်ကျူအနိမ့်အမြင့်ဆိုတာလည်း ရှိရမှာပေါ့။ တချို့ ခွေးတွေ အိုင်ကျူနိမ့်ပြီး တချို့ ခွေးတွေ အိုင်ကျူမြင့်မှာပေါ့။ ဖြူမက အိုင်ကျူမြင့်တဲ့ အထဲမှာပါတယ်၊ တချို့လူတွေက ပြောတတ်တယ်။ ငါမွေးထားတဲ့ ခွေးလေး သိပ်လိမ္မာတာပဲ၊ ငါမွေးထားတဲ့ကြောင်လေး သိပ်လိမ္မာတာပဲလို့ ပြောတတ်ကြတယ်။ အဲ့ဒီလို လိမ္မာတာဟာ အိုင်ကျူမြင့်လို့ပဲ။ ဒါ့ကြောင့် တိရစ္ဆာန်တစ်ကောင်ကောင် လိမ္မာပြီဆိုရင် အဲ့ဒါ အိုင်ကျူမြင့်လို့ပဲသာ မှတ်ပေတော့"

"ဟုတ်ကဲ့ပါ၊ အိုင်ကျူဆရာမကြီးရယ်"

ကျွန်မ စကားဆုံးလျှင် ကိုအောင် ပြောပြီးရယ်နေသည်။ ပြီးတော့. . .

"ခွေးတွေရဲ့ အိုင်ကျူအကြောင်းကို ငြိမ်းကို စူးစမ်းခိုင်းရမယ်"

ဟု ပြောသည်။

ဘာဖဲပြောပြော ကျွန်မကတော့ လူတွေတစ်ယောက်နှင့်တစ်ယောက် အိုင်ကျူအနိမ့်အမြင့် မတူကြသလို ခွေးတွေမှာလည်း တစ်ကောင်နှင့် တစ်ကောင် အိုင်ကျူအနိမ့်အမြင့် မတူကြဟု ယုံကြည်နေမိပါသည်။





* * *

ထိုနေ့က ကိုအောင်နှင့် ကျွန်မတို့သည် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာခဲ့ကြပါသည်။

ကိုအောင်သည် အလုပ်ကိစ္စအတွက်ဖြစ်ပါသည်။ ကိုအောင်က ဆလွန်းကားကလေးကို သူကိုယ်တိုင်မောင်းပါသည်။ ကျွန်မက ကိုအောင့် နံဘေးက ထိုင်ခုံတွင် ထိုင်ပါသည်။

ကျွန်မတို့၏ နောက်ဘက်ခုံပေါ်တွင် ဖြူမ ပါလာပါသည်။ ကနဦးက 'မဲတူ နှင့် မဟူရာ'တို့ကိုပါ ခေါ်လာရင် ဖြစ်သော်လည်း သုံးကောင်စလုံးဆိုလျှင် ကျွန်မတို့မှာ (သူများအိမ်တွင် တည်းခိုရမည်ဖြစ်သဖြင့်) မနိုင်မနင်း ဖြစ်မည်ကို စိုးရိမ်မိပါသည်။ ထို့ကြောင့် မဲတူ၊ မဟူရာနှင့် ဖြူမတို့ သုံးကောင်အနက် တစ်ကောင်ကို ခေါ်လာရန်ဆုံးဖြတ်လိုက်ပါသည်။

ကိုအောင် ကျွန်မအား. . .

"ငြိမ်းရေ. . . ကိုယ်တို့ မန္တလေးကိုသွားရင် မဲတူ၊ မဟူရာနဲ့ ဖြူမတို့ သုံးကောင်စလုံးကို ခေါ်သွားချင်တယ်ကွာ။ ဒါပေမယ့် သုံးကောင်စလုံး ခေါ်သွားဖို့က မလွယ်ဘူးကွ"

ခွေးမကလေးသုံးကောင်စလုံးမှာ အမွေးစုတ်ဖွားကလေးတွေနှင့် အားလုံးချစ်စရာ ကောင်းနေတော့ ကျွန်မကလည်း သုံးကောင်စလုံးကို ခေါ်သွားချင်သည်။ သို့သော် ခေါ်သွားလို့က မဖြစ်ကြောင်း ကိုအောင်ကော ကျွန်မပါ သိနေကြ

သည်။

“သုံးကောင်စလုံး ခေါ်သွားလို့မဖြစ်ရင် ဘယ်လိုလုပ်မလဲ ကိုအောင်၊ သူတို့သုံးကောင်ထဲက တစ်ကောင်ကောင်ကို ကွက်ပြီးခေါ်သွားရင်လည်း ကျွန်မတို့ မျက်နှာလိုက်ရာ ကျမယ်”

“ဟုတ်တယ် ငြိမ်း၊ ဒါဆိုရင် ကိုယ်တို့ ဘယ်လိုလုပ်မလဲ”

ကိုအောင်ကော ကျွန်မပါ အကြံအိုက်နေမိသည်။ ကျွန်မကခေါင်းကုတ်နေသော ကိုအောင့်ကို ကြည့်လိုက်ပြီး. . .

“ဒါဖြင့်ရင် ဒီလိုလုပ်ကြရအောင်”

“ဘယ်လို လုပ်ချင်လို့လဲငြိမ်း”

“မဲနှိုက်ပြီး မဲကျတဲ့ကောင်ကို ခေါ်သွားမယ်”

“ဟာ. . ငြိမ်း အကြံကောင်းလိုက်တာတဲ့၊ ဒီလိုဆို မဲလိပ်လိပ်ကွာ။ မဲလိပ်သုံးလိပ်လိပ် ပေါက်မဲ တစ်လိပ်ပါမယ် ဟုတ်ပြီလား၊ ပေါက်မဲစာရွက်မှာ “မန္တလေး”လို့ ရေးထား”

ကျွန်မက ကိုအောင်ပြေ သည့် အတိုင်း မဲလိပ်သုံးလိပ်လို ပါသည်။

“ကဲ. . . ဘယ်သူနှိုက်မှာ ကိုအောင် နှိုက်မှာလား”

“ကိုယ်ပဲ နှိုက်ပေးမယ်လေ ဘယ်သူ့အတွက် အရင်ဆုံး နှိုက်ပေ ရမလဲ ငြိမ်းပြော”

ကျွန်မက ဘယ်သူ့အတွ အရင်နှိုက်၍ပြောရန် ခက်နေ သည်။ အတန်ငယ်စဉ်းစားပြီးမှ. . .

“ကြာပါတယ်လေ သူတို့သုံး ကောင်ထဲမှာ မဲတူကအငယ်ဆုံး တော့ မဲတူအတွက် မဲအရင်နှိုက် ပေါ့”

ဟု ပြောကာ ကျွန်မက လိပ်သုံးလိပ်ကို သမအောင် လိုက်ပါသည်။

“ကဲ. . . ကိုအောင် မဲတူအ တွက် နှိုက်တော့”

ကိုအောင်က မဲလိပ်သုံးလိ ထဲမှ တစ်လိပ်ကို နှိုက်လိုက်ပါသည်

“ဗလာ. . တဲ့”





“ကဲ. . . မဲတူရဲ့ အထက်က မဟူရာအတွက် နှိုက်၊ ဖြူမကတော့ အကြီးဆုံးဆိုတော့ နောက်ဆုံးပေါ့”

ကိုအောင်က မဲလိပ်တစ်လိပ်ကို နှိုက်လိုက်ပြန်သည်။

“ဟာ. . . ဗလာ. . ပဲ”

“ဒါဆိုရင် ဖြူမက မနှိုက်ရဘဲနဲ့ ပေါက်နေပြီ ဖြူမကံပဲ”

ဤသို့ဖြင့် ကျွန်မတို့သည် မဲနှိုက်ခြင်းအဆုံးအဖြတ်ဖြင့် ဖြူမအား မန္တလေးခရီးသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။

* * *

ကျွန်မတို့၏ ကားကလေးသည် တရိပ်ရိပ်ဖြင့် အဝေးပြေးလမ်းမကြီးတစ်လျှောက် ပြေးလွှားလျက်ရှိနေပါသည်။

ဖြူမသည် နောက်ခန်းခုံပေါ်တွင် တစ်ကောင်တည်း စတိုင်ကျစွာဖြင့် လိုက်ပါလာသည်။ ကျွန်မတို့သည် ကားပြတင်းပေါက်မှန်များကို ဖွင့်ထားရာ လေကတဟူးဟူး ဝင်လာနေပါသည်။ ဖြူမသည် အစားလိုက် လှဲလျောင်းလိုက် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်နှင့် အတော်ပင် စတိုင်ကျနေပါသည်။

ကျွန်မနှင့် ကိုအောင်ကလည်း ကားရှေ့ခန်းမှာ စကားတပြောပြောနှင့် ကျွန်မကမူ ရံဖန်ရံခါ ဖြူမကို လှမ်းကြည့်တတ်ပါသည်။ နောက်ပိုင်းတွင် ကျွန်မသည် ဖြူမကို စိတ်မချသဖြင့် ကားတံခါးကို ကျောပေးကာ ထိုင်လိုက်ခြင်းဖြင့် နောက်ဘက်ရှိ ဖြူမကိုပါ မြင်နေရပါတော့သည်။

ကျွန်မတို့ ကားကလေးသည် တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လာခဲ့ရာ ( - )မြို့သို့ ဝင်ကာနီးတွင် ကားနောက်ခန်းရှိ ဖြူမမှာ ထူးထူးခြားခြားဂဏှာမငြိမ် ဖြစ်လာပါတော့သည်။

ဖြူမမှာ ကားနောက်ခန်းတွင် နှာခေါင်းတရှုံ့ရှုံ့နှင့် ထိုင်လိုက် ထ

လိုက်ဖြစ်နေပါသည်။ ပြီးတော့ ပြတင်းပေါက်မှနေကာ အပြင်ဘက်သို့ ကြည့်ရင်း အောက်ကိုပဲ ခုန်ချတော့မလိုလိုဖြစ်နေပါသည်။

"ကိုအောင်. . . ဖြူမ အပြင်ဘက်ကိုကြည့်ပြီး ဘာဖြစ်နေသလဲ မသိဘူး"

"ဖြူမ ဘာဖြစ်လို့လဲ"

"သူ. . . ဂဏှာမငြိမ် ဖြစ်နေတယ်၊ ကြည့်ရတာ စိတ်တွေလှုပ်ရှားနေပုံပဲ"

ကားက (      )မြို့သို့ ဝင်ကာနီးပြီဖြစ်သည်။ မြို့အဝင်ကားလမ်းနံဘေးတွင် ခြံဝင်းကျယ်ကျယ်နှင့် တိုက်များ၊ အိမ်ကြီးများကို မြင်လာရသည်။ ခြံဝင်းကြီးများအတွင်းတွင် သစ်ပင်များ အုံ့ဆိုင်းစိမ်းမြနေသည်။

ကိုအောင်က ကားကိုအရှိန်လျှော့ကာ မောင်းသည်။ ဖြူမက ကားလမ်းဘေးတစ်လျှောက်ရှိ ခြံဝင်းများကိုကြည့်ရင်း နှာခေါင်းတရှုံ့ရှုံ့ဖြစ်နေသည်။ စာရိပ်ရိပ်ဖြတ်တော့်နေသော ခြံဝင်းများကို သေသေချာချာ စူးစိုက်ကြည့်နေသည်။

ဖြူမ ဘာတွေဖြစ်နေသလဲ၊ ကျွန်မ မစဉ်းစားတတ်တော့ပါ။ ခြံဝင်းတစ်ခုရှေ့ အရောက်တွင် ဖြူမမှာ ပို၍ဂဏှာမငြိမ်ဖြစ်လာသည်။

ကားပြတင်းပေါက်မှ အပြင်ဘက်သို့ကြည့်နေသော ဖြူမမှာ အောက်သို့ ဖြုန်းခနဲခုန်ချသွားပါတော့သည်။

"ဟယ်. . . ဖြူမ ပြတင်းပေါက်က ခုန်ချသွားပြီ၊ လုပ်ပါဦး ကိုအောင် လုပ်ပါဦး"

ကျွန်မက အလန့်တကြား အော်လိုက်မိသည်။ ကိုအောင်က ကားကို အရှိန်လျှော့ချလိုက်ပြီး ဘရိတ်အုပ်လိုက်သည်။

ကျွန်မတို့ကားကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်ကာ နောက်ကြောင်းပြန်လှည့် လိုက်မိသည်။ ဖြူမသည် ကားပေါ်မှ ခုန်ချလိုက်သော်လည်း ဘာမှမဖြစ် ကတ္တရာလမ်းမအတိုင်း နောက်ဘက်သို့ ပြေးနေသည်။ ကျွန်မနှင့် ကိုအောင်က





နောက်မှ ပြေးလိုက်သွားမိသည်။

ကားလမ်းဘေးတစ်နေရာရှိ ခြံတစ်ခြံရှေ့သို့ ရောက်သောအခါ ဖြူမမှာ ပိတ်ထားသော ခြံတံခါးကို ကြည့်ကာ လေးငါးကြိမ်ခန့် ဟောင်လိုက်သည်။

ဟောင်ပြီးနောက် ခြံတွင်းသို့ ဝင်ရန်ကြိုးစားရာ ခြံပေါက်တစ်နေရာကို တွေ့သွားပါသည်။ ထိုအပေါက်မှဝင်ရန် ပြုလုပ်ရာ ဝင်၍မရဘဲ ဖြစ်နေသည်။

ထိုစဉ် ခြံအတွင်းဘက်ဆီမှ အမျိုးသမီးကြီး တစ်ဦးပေါ်လာကာ ခြံတံခါးကို ဖွင့်လိုက်ရာ ဖြူမသည် ထိုအမျိုးသမီးကြီး၏ ကိုယ်ပေါ်သို့ ခုန်တက်ကာ ဖက်လှဲတကင်းဖြင့် ရင်းရင်းနှီးနှီးသဏ္ဌာန် ပြုလုပ်နေပါသည်။ အမျိုးသမီးကြီးမှာ ဖြူမကို တအံ့တသြဖြင့် ကြည့်နေပါသည်။

"ဝင်ကြပါရှင်. . . ဝင်ကြပါရှင်"

အမျိုးသမီးကြီးက ကျွန်မတို့ ဇနီးမောင်နှံလို ကြည့်ကာ ဖိတ်ခေါ်လိုက်သဖြင့် ကျွန်မတို့လည်း ခြံထဲသို့ ဝင်လိုက်ပါသည်။

ထိုစဉ် အမျိုးသမီးကြီးကို ဖက်လှဲတကင်းပြုကာ နမ်းရှုံ့နေသော ဖြူမသည် အမျိုးသမီးကြီးထံမှ ရုတ်တရက်ခွာပြီး ခြံထဲသို့ ပြေးဝင်သွားပါသည်။

ကျွန်မတို့ ဇနီးမောင်နှံနှင့် ထိုအမျိုးသမီးကြီးတို့လည်း ဖြူမ၏ နောက်သို့ ပြေးလိုက်သွားကြပါသည်။

ကျွန်မသည် ဖြူမ၏ ထူးဆန်းသော အပြုအမူများကို ကြည့်ပြီး အံ့သြနေမိပါသည်။

ဖြူမသည် ခြံဝင်းအတွင်းမှ အိမ်ကြီးကို ကွေ့ပတ်ကာ ခြံနောက်ပိုင်းဆီသို့ ပြေးဝင်သွားပါသည်။

ကျွန်မတို့လည်း ဖြူမနောက်မှ လိုက်သွားရာ ခြံနောက်ပိုင်း၌ ကားဂိုထောင်တစ်ခုကို တွေ့လိုက်ရပါသည်။

ဖြူမသည် ဂိုဒေါင်အတွင်းသို့ ပြေးဝင်သွားပြီး ဂိုဒေါင်အထပ်ခိုး

ပေါ်သို့ ထောင်ထားသည့် လှေကား
အတိုင်း ပြေးတတ်သွားပါသည်။

အထပ်ခိုးပေါ်သို့ ရောက်သောအခါ နှာခေါင်းတရှုံ့ရှုံ့ဖြင့် အထပ်ခိုးကြမ်းပြင်ကို လိုက်လံနမ်းရှုံ့နေပြီး တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေသကဲ့သို့ ပြုလုပ်နေပါသည်။

ထို့နောက် လှေကားအတိုင်း အောက်သို့ပြန်လည် ပြေးဆင်းလာကာ အမျိုးသမီးကြီး၏ ခြေထောက်များအား သူ့ခေါင်းဖြင့် တိုးဝှေ့ပွတ်သပ်နေပါတော့သည်။

အမျိုးသမီးကြီးက ထိုင်ချလိုက်ကာ ဖြူမ၏ ခေါင်းအား ပွတ်သပ်ပေးနေပါသည်။ ဖြူမအား အတန်ကြာငြိမ်သက်မိန်းမော နေပြီးနောက် အမျိုးသမီးကြီးအနားမှ သွားကာ ကားဂိုဒေါင်အတွင်း နှာခေါင်းတရှုံ့ရှုံ့ဖြင့် လှည့်ပတ်ကြည့်ရှုနေပါသည်။ သူ့သဏ္ဌာန်က တစ်စုံတစ်ခုကို ရှာဖွေနေသကဲ့သို့ ဖြစ်ပါသည်။

နောက်ဆုံးတွင် ဖြူမသည်
ကားဂိုဒေါင်အတွင်းမှထွက်ကာ
ရှေ့ပိုင်းဆီသို့ ပြေးသွားပြီး အိမ်ကြ
အတွင်းသို့ ဝင်သွားပါတော့သည်

ကျွန်မတို့လည်း ဖြူမနောက်
မှ လိုက်ကာ အိမ်ကြီးအတွင်းသို့
လိုက်သွားကြပါသည်။

ကျွန်မသည် ယခုထက်
ဖြူမ၏ အပြုအမူများကို နားမလ
နိုင်အောင် ဖြစ်နေမိပါသည်။ သူ့
ရပ်များသည် ကျွန်မတို့ ဇနီးမောင်
အတွက် ပဟေဠိတစ်ပုဒ်သဖွယ် ဖြ
နေပါသည်။

"လာကြပါရှင်... ထိုင်ကြ
ပါ ထိုင်ကြပါ"

အမျိုးသမီးကြီးက ဖော်
စွာဖိတ်ခေါ်သဖြင့် ကျွန်မတို့ဇနီး
မောင်နှံမှာ ဧည့်ခန်းအတွင်း ထို
လိုက်မိကြပါသည်။ ကျွန်မသည်
ယခုအခါတွင်မှ အမျိုးသမီးကြီး၏
မျက်နှာကို ကြည့်လိုက်မိပါသည်
အမျိုးသမီးကြီး၏ မျက်နှာမှာ သိ





ီးမကောင်းလှပေ။

ဖြူမကမူ ထိုအမျိုးသမီးကြီး
၏ ခြေရင်းနားတွင် ငြိမ်၍ဝပ်နေ
သည်။

အမျိုးသမီးကြီးက ကျွန်မတို့
နီးမောင်နှံကို ကြည့်ကာ...

"ဒီ ခွေးမကလေးဟာ
ကယ်တော့ ကျွန်မ ခွေးမကလေး
ပဲရှင်"

ဟုဆိုပါသည်။ ပြီးမှ...

"သူ့နာမည်က ဘယ်သူတဲ့
လဲ"

ဟုမေးရာ ကျွန်မက...

"ဖြူမလို့ ခေါ်ပါတယ်"

ဟုပြောလိုက်ရာ အမျိုးသမီးကြီးက...

"အင်း... နာမည်က အစဆင်တူနေတာပဲ၊ ကျွန်မ ခွေးမကလေးနာမည်က ဘိုမတဲ့၊ သူ့ကို အမွေးစုတ်ဖွား ဖြူဖြူကလေးနဲ့ သူနဲ့ တစ်ပုံစံတည်းပဲ ဘိုမက သူ့ထက် နည်းနည်းပဲ ကြီးမယ်"

ဟုပြောပြီး တစ်စုံတစ်ရာကို တွေးတောနေပုံရသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ မျက်ရည်များဝဲလာကာ...

"သြော်... ဘိုမ... ဘိုမ သူထွက်သွားခဲ့တာ သုံးနှစ်လောက်တောင် ကြာခဲ့ပါပြီလေ"

ဟုဆိုကာ ဆက်လက်ပြောပြလေသည်။

"ဘိုမ... ဆိုတာ အန်တီတို့ မွေးထားတဲ့ ခွေးမလေးပါ။ သမီးတို့ နားလည်အောင် အန်တီရှင်းပြပါ့မယ်။ အန်တီတို့ လင်မယားဟာ ဒီဘိုမကို သိပ်ပြီး ချစ်ကြပါတယ်။ ဒီအိမ်ကြီးမှာ အန်တီတို့ လင်မယား နှစ်ယောက်ပဲ နေပါတယ်။

အန်တီတို့မှာ သားသမီးနှစ်ယောက်ရှိပါတယ်။ သားက ရန်ကုန်မှာ နေပြီး သမီးက မန္တလေးမှာနေပါတယ်။ သူတို့ နှစ်ဦးစလုံး အိမ်ထောင်ကျနေပါပြီကွယ်။

အန်တီတို့မှာ လင်မယားနှစ်

တို့နှင့် မတူပါ။

တမူထူးခြားပါသည်။ သူ
သည် တစ်ကောင်တည်း သီးခြားနေ
တတ်လေ့ရှိပြီး ငေးငိုင်နေတတ်လေ့
ရှိပါသည်။ အထူးသဖြင့် ခွေးပေါက်
စကလေးများ၊ မွေးကာစခွေးကလေး
များကို မြင်လျှင် ငေးငိုင်သွားတတ်
လေ့ရှိပါသည်။

မဲတူ၊ မဟူရာနှင့် ဖြူမတို့ သုံး
ကောင်စလုံးမှာ ခွေးမကြီးတစ်
ကောင်တည်းမှ မွေးဖွားလာသည့်
ခွေးများဖြစ်ကြသော်လည်း တစ်
ကောင်နှင့် တစ်ကောင်စရိုက် သ
ဘာဝချင်း မတူကြပါ။

မဲတူ၊ မဟူရာ နှစ်ကောင်က
စရိုက်တစ်မျိုးဖြစ်ပြီး ဖြူမက စရိုက်
တစ်မျိုးဖြစ်ပါသည်။ မဲတူ၊ မဟူရာ
တို့က ကျွန်မတို့ အိမ်ထဲလူစိမ်းဝင်
လာလျှင် မဟောင်တတ်သော်လည်း
ဖြူမကတော့ ဟောင်တတ်ပါသည်။

မဲတူ၊ မဟူရာတို့ကို မည်သူ
မဆို အလွယ်တကူအရောဝင်၍ ရ
သော်လည်း ဖြူမကိုမူ အရောဝင်၍
မရပါ။ ဖြူမက ကျွန်မတို့ဇနီးမောင်နှ
ှလွဲ၍ မည်သူ့ကိုမှ ဖက်လှဲတကင
ပွတ်သီးပွတ်သတ် အရောတဝင
မနေ။

လူလိုဆိုလျှင် ဖြူမသည် စိတ
ကြီးဝင်နေသူဟု ဆိုနိုင်လိမ့်မည် ထင
ပါသည်။

အစားအသောက်စားရာတွင
မဲတူ၊ မဟူရာတို့မှာ အငမ်းမရဖြ
တတ်ကြသော်လည်း ဖြူမကတော
အေးအေးဆေးဆေးသာ စားသော
တတ်လေ့ရှိသည်။ ဖြူမသည် အခြာ
သော ခွေးများနှင့်လည်း ရောရေ
နှောနှောနေလေ့မရှိ။

တစ်ကောင်တည်းသာ သီ
သန့်နေလေ့ရှိသည်။ သို့သော် ဖြူ
သည် ခွေးပေါက်စကလေးများ၊ မွေ
ခါစ ခွေးကလေးများကို မြင်လျှ
ထိုခွေးကလေးများနားသို့ သွားက
ပွတ်သီးပွတ်သတ်နှင့် ချော့မြူကစ
တတ်လေ့ရှိသည်။ ဖြူမကိုကြည့်
သည်မှာ မွေးခါစ ခွေးကလေးမျာ
ခွေးပေါက်စကလေးများကို လွန်စွ





ချစ်ခင်ပုံရပေသည်။

ခွေးပေါက်စကလေးများ၏ မိ
ခင်ခွေးမကြီးများမှာ သူတို့၏ ခွေးက
လေးအနားသို့ ဖြူမကို အကပ်မခံကြ
ပါ။ ထိုအခါ ဖြူမမှာ အဝေးကနေ
သာ ခွေးမကြီး၏ နို့ကိုစို့နေသော
ခွေးကလေးများကို ငေးကြည့်နေ
တတ်ပါသည်။ ဖြူမ၏ ထိုကဲ့သို့ အ
ကျင့်ကို တစ်ခါမဟုတ်၊ အခါများစွာ
မြင်လာရသောအခါ ကျွန်မမှာ ဖြူမ
ကို အံ့သြမိသလိုဖြစ်လာမိပါသည်။

မိခင်ခွေးမကြီး၏ နို့ကိုစို့နေ
သော ခွေးကလေးများကို ငေးကြည့်
နေတတ်လေ့ရှိသော အကျင့်မှာ
ဖြူမအကျင့်ပင်ဖြစ်ကြောင်း ကျွန်မ
တစ်စ တစ်စ သိလာပါလာသည်။
မဲတူ၊ မဟူရာတွင် ထိုသို့သော အ
ကျင့်မရှိပါ။ ဖြူမ၏အကျင့်မှာ ထူး
ခြားသည်ဟု ထင်လာမိသည်။

ဖြူမသည် ခွေးမတစ်ကောင်
ဖြစ်သဖြင့် မိခင်ခွေးမကြီးနို့ကို စို့နေ
သော ခွေးကလေးများကို မြင်သော
အခါ သူ့စိတ်ထဲတွင် မိခင်စိတ်ဓာတ
ဖြစ်ပေါ်လာကာ ထိုကဲ့သို့ ငေးကြည့်
နေတတ်ခြင်းဖြစ်လိမ့်မည်ဟု ထင်မိ
ပါသည်။

ကျွန်မတို့ မိန်းမသားများတွင်
မည်သည့်မိန်းမသားမဆို မိခင်တစ်
ယောက်အဖြစ်သို့ မရောက်ရှိသေး
သော်လည်း ထိုမိန်းမတွင် မိခင်စိတ်
ဓာတ်များ ကိန်းအောင်း၍ နေပေ
သည်ဟု စိတ်ပညာစာအုပ်တစ်အုပ်
ထဲတွင် ကျွန်မ ဖတ်ခဲ့ဖူးသည်။

ထို့အတူ ခွေးမများတွင်လည်း
မည်သည့်ခွေးမမဆို မိခင်တစ်
ကောင်အဖြစ်သို့ မရောက်ရှိသေး
သော်လည်း ထိုခွေးမတစ်ကောင်
တွင် မိခင်စိတ်ဓာတ်များ ကိန်း
အောင်းနေသည်ဟု ဆိုရပေလိမ့်
မည်။

အမူအရာအားဖြင့် ဖော်ပြ
ခြင်းနှင့် မဖော်ပြခြင်းတို့သာ ခြားနား
လိမ့်မည်ထင်ပါသည်။

သို့သော် ကျွန်မအထင်မှား
ကြောင်း ဖြူမ၏ ထူးခြားဆန်းကြယ်
သော အဖြစ်အပျက်ကလေးက ဖော်

ယောက်ဆိုတော့ ဘိုမကို အဖော်အ
ဖြစ် မွေးထားခဲ့တယ်။ ဘိုမက သိပ်
ပြီးလိမ္မာတာ။ အန်တီတို့ လင်မယား
ဘယ်သွားသွား သူက နောက်က တ
ကောက်ကောက်လိုက်နေတာပဲ။စား
ရင်လည်း အန်တီတို့နဲ့ပဲ အိပ်ရင်
လည်း အန်တီတို့နဲ့ပဲ။

ဒီလိုနဲ့ နေလိုက်လာတာ တစ်
နေ့ကျတော့ ဘိုမ ခွေးကလေးတွေ
မွေးလာတယ်။ ခွေးကလေးတွေက
သုံးကောင်တိတိ မွေးတယ်။ ထူးခြား
တယ်။ ဘိုမက တစ်ကိုယ်လုံး ဆွတ်
ဆွတ်ဖြူနေပေမယ့် သူမွေးလာတဲ့
ခွေးကလေးတွေက တစ်ကိုယ်လုံး
နက်မှောင်နေတာပဲ။

မွေးတော့ အဲ့ဒီ အိမ်နောက်
ဖေးက ကားဂိုဒေါင်အထပ်ခိုးပေါ်မှာ
မွေးတာပေါ့။ အန်တီတို့ကလည်း
ဘိုမရဲ့ ကလေးတွေကိုကြည့်ရင်း
ဝမ်းသာနေတာပေါ့ကွယ်။ ဖြူဖြူ
မည်းမည်း ဘိုမက မွေးလာတဲ့က
လေးတွေဆိုတော့ ချစ်ရတော့မှာပေါ့
လေ။

ဘိုမကလည်း ကလေးတွေ
လို့ ပျော်နေပုံရတယ်။ ပြေးလိုက်လွှာ
လိုက် ကလေးတွေကို နို့တိုက်လိုက်
ပေါ့။ အဲ့ဒီလို နေလာရင်း တစ်နေ့
မှာ. . .

အမျိုးသမီးကြီးက စကားကို
ရပ်တန့်ကာ မျက်ရည်များဝဲလာပြန်
သည်။ ပြီးမှ. . .

အဲ့ဒီနေ့က အန်တီ့ယောကျ်ား
က မန္တလေးကိုသွားဖို့ အရေးပေါ်
ကိစ္စတစ်ခု ပေါ်လာတယ်။ မန္တလေး
က အန်တီတို့ဆီကို ဖုန်းလှမ်းဆက်
တာ။ ဒါနဲ့ ကမန်းကတန်းပဲ မန္တလေး
ကို သွားဖို့ လုပ်ရတယ်။

အဲ့ဒီအချိန်မှာ ဘိုမက မီးဖို
ချောင်ထဲမှာ အစာစားနေတယ်။
အန်တီလည်း အန်တီယောကျ်ားအ
လုပ်ကိစ္စအတွက် အရေးကြီးနေလို့
ဘိုမကို ဂရုမထားလိုက်မိဘူး။ အဲ့ဒီ
လိုနဲ့ အန်တီတို့ လင်မယားနှစ်
ယောက် အိမ်တံခါးပိတ်၊ ခြံတံခါး





ပိတ်ပြီး မန္တလေးကို ကားနဲ့ထွက်ခဲ့
ကြတယ်။

အန်တီ့ယောကျ်ားက ကား
မောင်းရင်း လမ်းတစ်ဝက်လောက်
ရောက်တော့. . .

"ဟာ. . မီးဖိုချောင်ထဲမှာ
ဘိုမ ကျန်ခဲ့တယ် မဟုတ်လား။ တို့
သူ့ကို တံခါးပိတ်ထားခဲ့မိပြီ"

လို့ ပြောတယ်။

အဲ့ဒီအခါကျမှ အန်တီလည်း
ဘိုမကို သတိရမိပြီး. . .

"ဟုတ်ပါရဲ့ ကိုဝင်းမောင်
ဘိုမတော့ ဒုက္ခပါပဲ။ အိမ်ထဲက
ထွက်လို့မရဘဲ ဖြစ်နေပြီ။ သူ့ကလေး
တွေက နောက်ဖေးက ကားဂိုဒေါင်
အထပ်ခိုးပေါ်မှာ ကလေးတွေနို့ဆာ
ရင် သူဘယ်လိုလုပ်နို့တိုက်လို့
ရတော့မှာလဲ"

လို့ ပြောလိုက်မိတယ်။

အဲ့ဒီတုန်းက လမ်းတစ်ဝက်
က လှည့်ပြန်ပြီး အိမ်ထဲမှာ ပိတ်မိ
နေတဲ့ ဘိုမကို တံခါးဖွင့်ပေးလိုက်ရင်
ကောင်းမလားလို့ တွေးမိသေးတယ်။
နောက်တော့ ညနေကျရင် မန္တလေး
က ပြန်သွားမှာပဲလေဆိုပြီး ဆက်
သွားခဲ့တယ်။ ဖြစ်ချင်တော့ မန္တလေး
မှာ မမျှော်လင့်ဘဲ ၃-ရက်လောက်
ကြာသွားတယ်။ အန်တီတို့ မန္တလေး
က ပြန်လာလို့ အိမ်တံခါးဖွင့်လိုက်
တယ်ဆိုရင်ပဲ အိမ်ထဲမှာ ဂဏှာမငြိမ်
ဖြစ်နေတဲ့ ဘိုမကို တွေ့လိုက်ရတယ်။
အိမ်တံခါးဖွင့်လိုက်တယ်ဆိုရင်ပဲ
ဘိုမဟာ အိမ်ထဲက ချက်ချင်းပြေး
ထွက်သွားတယ်။ သူ့ကလေးတွေကို
သုံးရက်လုံးလုံး နို့မတိုက်ဘဲ နေခဲ့ရ
တာ ကလေးတွေ နို့ဆာနေကြရော
ပေါ့။

အန်တီ ဘိုမကို ကိုယ်ချင်းစာ
မိပါတယ်။ ဒါနဲ့ အန်တီလည်း ဘိုမ
နောက်က ပြေးလိုက်သွားမိတယ်။

ဘိုမဟာ ကားဂိုဒေါင်ထဲကို
ပြေးဝင်သွားပြီး အထပ်ခိုးပေါ်တက်
ဖို့အတွက် ထောင်ထားတဲ့ လှေကား
ပေါ် ပြေးတက်သွားတယ်။

ဘိုမဟာ အဲ့ဒီလှေကားကို အခါတိုင်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ တက်နေကျပါ။ ဒါပေမယ့် အဲ့ဒီနေ့ကတော့ သူ့မှာ သားဇော သမီးဇော တွေကပ်နေလို့လား မသိဘူး အထပ်ခိုးပေါ် ရောက်ခါနီးမှာပဲ လှေကားပေါ်က ခြေထောက်ချော်ပြီး အောက်ကို မြုတ်ကျသွားတယ်။ ဖြစ်ချင်တော့ အောက်မှာထောင်ထားတဲ့ ရေခဲခွဲတဲ့ သံချွန်ပေါ် တည့်တည့် ကျမိပြီး သံချွန်က သူ့ဗိုက်ကို ဖောက်ဝင်သွားတယ်။ ဘိုမဟာ အသံတောင် မထွက်နိုင်ရှာဘူး။

သူ့မျက်လုံးတွေက အထပ်ခိုးပေါ်ကို မော့ကြည့်ရင်းနဲ့ အသက်ထွက်သွားရှာတယ်။

အမျိုးသမီးကြီးမှာ ပြောရင်းမှ မျက်ရည်များ ကျလာလေသည်။

"ဘိုမ. . . ဒီလို သေရတာဟာ အန်တီ့အပြစ်ပါပဲကွယ်၊ အန်တီ့အပြစ်ပါပဲ။ အန်တီ ပေါ့ဆမိခဲ့လို့ ဘိုမ သေရတာပါ။ အဲ့ဒီအတွက် အန်တီ့မှာ တစ်နေ့မှာ စိတ်မကောင်း ပါဘူး။ ဘိုမသေပြီး မကြာဘူး သုံး လေးရက်လောက်နေတော့ သူ့က လေးသုံးကောင်လည်း သေသွားကြ တယ်"

အမျိုးသမီးကြီးက မျက်ရည်များကို သုတ်နေသည်။ ပြီးမှ. . .

"အခု. . . သမီးတို့ရဲ့ ဖြူမ ဟာ အန်တီတို့ ခြံထဲကို ဝင်လာပြီး အန်တီ့ကို ဖက်လှဲတကင်း ရင်းရင်းနှီး နှီး လုပ်တယ်။ ပြီးတော့ ကားဂိုဒေါင် ထဲကို ပြေးဝင်သွားတယ်။ ထောင် ထားတဲ့လှေကားပေါ် သူကျွမ်းကျွမ်း ကျင်ကျင် ပြေးတက်သွားတဲ့ ပုံဟာ ဘိုမပြေးတက်သွားတဲ့ အတိုင်းပဲ။ ပြီး တော့ အထပ်ခိုးပေါ်မှာ နှာခေါင်းတ ရှုံ့ရှုံ့နဲ့ ရှာဖွေနေပုံက သူ့သားသမီး တွေကို ရှာဖွေနေသလား အောက် မေ့ရတယ်။"

"အန်တီကတော့ ဖြူမကို ဘိုမလို့ပဲ ထင်နေမိတယ်။ သူ. . . အခု သူ့သားသမီးတွေကို လာရှာ





တာလေ။"

"ဘိုမ မသေဘူး ဘိုမ မသေဘူး"

ဟုပြောကာ သူ့ခြေရင်းတွင် ဝပ်ကာ ငြိမ်နေသော ဖြူမ၏ ခေါင်းကလေးအား ပွတ်သပ်ပေးနေပါသည်။

ကျွန်မတို့ အပြန်ခရီးတွင် ဖြူမအား ပြန်ခေါ်၍ မရတော့ပါ။ ဖြူမသည် ထိုအမျိုးသမီးကြီး၏ နံဘေး၌ တွယ်ကပ်နေပါတော့သည်။

ကျွန်မတို့ ဘယ်လိုခေါ်ခေါ် မရတော့ပါ။ မလိုက်တော့ပါ။

ထိုအခါ ကိုအောင်က. . .

"ကဲပါ. . . ငြိမ်းရယ် သူပျော်တဲ့ဆီမှာ ခဏလောက်ဖြစ်ဖြစ် နေပါစေဦး၊ သူ မပျော်တော့ဘူးဆိုတော့ ပြန်လာခေါ်ကြတာပေါ့။ မဟုတ်ဘူးလား သူ နေပါစေကွယ်"

ဟု ပြောပါသည်။

ကျွန်မတို့ ဖြူမကို ထားရစ်ခဲ့ကာ ထိုခြံကြီးအတွင်းမှ ထွက်လာခဲ့ကြပါသည်။

ကားပေါ်တွင် ကျွန်မကော ကိုအောင်ပါ အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေမိကြပါသည်။

ကျွန်မက ဖြူမအကြောင်း တွေးနေမိသလို ကိုအောင်လည်း ဖြူမအကြောင်းကို တွေးနေပါလိမ့်မည်။

ဖြူမနှင့် ဘိုမသည် တစ်ကောင်တည်းလား. . .

ကျွန်မသည် အံ့ဩစရာတစ်ခုကို တွေးနေမိလေသည်။

**မြဘုန်းထက်**






# "တော၏ လျှို့ဝှက်ခြင်းနှင့် မုဆိုး၏စရိုက်"

မောင်မြင့်အား ( )

ကျွန်တော် ဖောင်ကြီးကို မရောက်တာ အတော်ကြာပြီ. . .။ ဖောင်ကြီးသင်တန်းတက်ပြီး အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ပြီဟု ကျွန်တော် ယုံကြည်သောကြောင့် အလုပ်တာဝန်ထဲမှာပင် နှစ်မြောက်ကာ လုပ်သက်ခွင့်တောင်မယူတာ(၇)နှစ်ကျော်ပြီ။ တစ်ခါတစ်ရံတော့ ဖောင်ကြီးက မိတ်ဆွေ စောလယ်ခူးကို သတိရသည်။ သူနှင့်မတွေ့တာလည်း (၇)နှစ်ပင် ကျော်ခဲ့ပြီ မဟုတ်ပါလား။

ကျွန်တော် ဖောင်ကြီးသင်တန်းတက်တုန်းက ကျောင်းပိတ်ရက်မှာ စောလယ်ခူး၏ မိန်းမ နော်ချား၏ထမင်းဆိုင်တွင် ထမင်းစားရင်း စောလယ်ခူးနှင့် ခင်မင်ခဲ့ရခြင်းဖြစ်သည်။ နော်ချား၏ ထမင်းဆိုင်သည် တစ်ခြားဆိုင်များနှင့်မတူ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားအပြင် ဂျို(ချေ)သား၊ တောဝက်သား၊ ယုန်သား၊ ဆတ်သား၊ တောကြက်သား၊ ဒရယ်သားအပြင် ရုံဖန်ရံခါ ကြွက်သား၊ မြွေပါသားပင် ရတတ်သည်။ အမဲလိုက်ဝါသနာပါသည့်အပြင် ရှာရှာဖွေဖွေ ဗဟုသုတအဖြစ်စားတတ်သော ကျွန်တော့်အတွက်တော့ အဆင်ကိုပြေလို့. . .။

စောလယ်ခူးကလည်း အမဲလိုက်ဝါသနာပါသောကြောင့် နော်ချားဆိုင်တွင်ရောင်းသော တောကောင်သား ဟင်းလျာများကတော့ စောလယ်ခူး၏ လက်ချက်များပင်ဖြစ်သည်။ တစ်ချိန်က စောလယ်ခူးအိမ်တွင် ညအိပ်ညနေ အလည်ရောက်ပြီး စောလယ်ခူး၏ မုဆိုးအတွေ့အကြုံများကို ကျွန်တော် ဝတ္ထုသဖွယ် ရေးသားခဲ့ဖူးသည်။ ဒါကြောင့်မို့ စောလယ်ခူးကို သတိရတိုင်း သူနှင့်တွေ့ချင်နေသည်။ သူနှင့် တွေ့လျှင် ရေးစရာဇာတ်လမ်း

တွေ အများကြီးရနိုင်သည် မဟုတ်ပါလား။

* * * * *

သာသာယာယာရှိသော တစ်ရက်. . . .။

နော်ချား၏ ထမင်းဆိုင်ကို ကျွန်တော်ရောက်တော့ (၁၂)နာရီကျော်ပြီ။ ဆိုင်ထဲတွင် လူက ကျိုးတိုးကျဲတဲ၊ နော်ချားက ထမင်းစားသူ တစ်ယောက်နှင့် အလုပ်ရှုပ်နေသည်။ ကျွန်တော်သူ့အနားရောက်တော့ သူ ချက်ခြင်း မမှတ်မိ။ နောက်မှ သေသေချာချာ ကြည့်ကာ . . .

"ဟယ်. . . ဘိုသား နင် မျက်စိလည်လာတာလား၊ တို့ဆီကို ပြန်လာတာလား၊ မတွေ့ရတာ တောင်ကြာပြီ၊ နင်ဝလာတယ်၊ ဘယ်တော့ပြန်မှာလဲ. . ."

ကျွန်တော်က မြစ်ဝကျွန်းပေါ် ဇာတိ ဘိုကလေးသားဖြစ်သောကြောင့် နော်ချားက အလွယ်တကူ ကျွန်တော့်ကို (ဘိုသား)ဟုခေါ် တတ်သည်။

"နော်ချားမေးတာတွေ များလွန်းလို့ ဘယ်ကစဖြေရမှန်းတောင် မသိတော့ဘူး. . . စဖြေရရင် မျက်စိလယ်လာတာမဟုတ်
တမင်သက်သက် ဒီကိုလာတ
စောလယ်ခူးနဲ့ နော်ချားကို တွေ့
လွန်းလို့. . ."

"အေး. . . ငါတို့ကလဲ
ကို သတိရတယ်၊ စောလယ်ခူးဆို
နှင့်အကြောင်းကို ခဏခဏ
တယ်၊ နင်က မလာတော့ တို့ကို
သွားပြီ အောက်မေ့လို့၊ နင်အခု
ကြီး ဖြစ်နေပြီပေါ့ ဟုတ်လား၊ ရာ
တွေလည်း ရနေပြီပေါ့နော်. . .

"သတိရတာတော့ အရ
နော်ချား၊ ဝန်ထမ်းဆိုတော့ စိတ်သွ
တိုင်းကိုယ်မပါဘူးလေ. . . .
စောလယ်ခူးရော. . ."

"စောလယ်ခူး ထမင်းဆ
အတွက် ထင်းသွားတိုက်တ
တော်ကြာပြန်ရောက်လာမှာပါ၊
ကိုတွေ့ရင် ဝမ်းသာမှာပဲဟေ့. . .

"ကဲ. . နော်ချား ဘာဟ
တွေရှိလဲ. ."

"အေး. . . ဟုတ်သား
နင်ထမင်းမစားရသေးဘူးကိုး၊
အကြိုက် တောဝက်သားနဲ့ မြွေ
သားကြော်ရှိတယ်၊ ဆတ်သားတ
လည်းရှိတယ်"

"နော်ချား၊ တောဝက်သ





နဲ့ မြွေပါသားကြော်လုပ်ဗျာ. . မစားရတာကြာပြီ. . ."

ကျွန်တော် ထမင်းတစ်ပန်းကန် အကုန်လောက်တွင် စောလယ်ခူး ချွေးတလုံးလုံးနှင့် ပြန်ရောက်လာသည်။ ကျွန်တော့်ကို တွေ့တော့ အားရဝမ်းသာ ပြေးဖက်သည်။ စောလယ်ခူးက. . .

"နော်ချား နှင့်ဘိုသားက မြို့မှာ အရာရှိကြီး ဖြစ်နေတော့ တို့ကို မေ့သွားပြီ ထင်တယ်ကွ၊ တို့ကတော့ အမြဲတမ်း သတိရနေတယ်. . ."

"စောလယ်ခူးရယ် ကျွန်တော်လည်း ခင်ဗျားတို့ လင်မယားကို သတိရလို့ အခုလို တကူးတကနဲ့ လာတာပေါ့၊ ခင်ဗျားတို့ လင်မယားဆီကို လာဖို့က တော်တော်ကြိုးစားရတာ. . ."

"ကဲကဲ ဘိုသားရေ အေးအေးဆေးဆေးမှ ပြန်မှာမဟုတ်လားကဲ အေးအေးဆေးဆေး အနားယူအုံး. . ."

"ဩော်. . . အခုမှ သတိရတယ်၊ ရော့ စောလယ်ခူး အတွက် ဘိုကလေး ပုဆိုးချည်၊ ဒါက နော်ချား အတွက် ရန်ကုန်ထဲက ဘဲကင်"

"ဘိုသားက တို့လင်မယား အကြိုက်ကို မှတ်မိသေးတယ်နော်၊ ဘိုသားအကြိုက်လဲ တို့သိပါတယ်၊ ညနေစာကျရင် ထမင်းဝိုင်းမှာ တွေ့ရမယ်. ."

"ဘာဟင်းလဲ စောလယ်ခူး"

ဟာ ကိုယ့်အကြိုက်ဟင်းတောင် ကိုယ်မမှတ်မိတော့ဘူးလား"

"တောကောင်သားဟင်းတွေကအကြိုက်တွေများနေလို့ အင်းစဉ်းစားရအုံးမယ်၊ ဩော်. . . . မျှောက်ချေးခါးဟင်းမှ ဟုတ်ပါ့မလား"

"ဟုတ်တာပေါ့ ဘိုသားရယ် နော်ချားမောင်တစ်ယောက် မနေ့က ပစ်ထားတာရှိတယ်၊ ဒီညနေ ဘိုသား အတွက် တစ်ပန်းကန်လောက် သွားတောင်းပေးမယ်၊ နောက်တော့ ကြက်သားဆီပြန်ရယ်. . ယုန်သား ကြော်ရယ် ရှိတယ်၊ ဘယ်နှယ့်လဲ သဘောကျရဲ့လား. . ."

"ဘယ်နှယ့် ပြောပါလိမ့် စောလယ်ခူးရယ် အခုတောင် သွားရည်ကျလာပြီ"

ညနေဘက် ထမင်းဝိုင်းတ ကျွန်တော်မစားရတာ ကြာပြီဖြစ်သော တောကောင်သားများဖြင့် မြိုင်ဆိုင်လှသည်။ ညနေစောင်း ရေနွေးကြမ်းဝိုင်းတွင် ဆတ်သားခြောက် မီး

ဖုတ်နှင့် ပရစ်ကြော်။ စောလယ်ခူး
တို့ လင်မယားနှင့် အားရပါးရ
စကားပြောကြရင်း ကျွန်တော်က. .

"စောလယ်ခူးက မုဆိုးအ
တွေ့အကြုံ ကျွန်တော့်ထက်များတော့
အရင်ကြုံဖူးတဲ့ အတွေ့အကြုံလေး
တွေကို ကျွန်တော်စာရေးဖူးတယ်၊
အခုလည်းရောက်တုန်း ရောက်ခိုက်
ထူးထူးဆန်းဆန်း ကြုံဖူးတာလေး
တွေ ပြောပြစမ်းပါအုံး. . ."

"အေး ပြောပြမယ်၊ မင်းက
စာရေးပြီး ထည့်လိုက်တော့ တခြား
လူတွေလည်း သိရတာပေါ့ကွာ. . .
တောလိုက်တယ်. . အမဲပစ်တယ်ဆို
တာ ပစ်စရာကလေး လက်ထဲမှာ ရှိ
တာနဲ့ တောကောင်တွေကို လိုက်ပစ်
ရုံနဲ့ ပြီးတာမဟုတ်ဘူး၊ တောဆိုတာ
အင်မတန် နက်နဲတယ်၊ လျှို့ဝှက်
ချက်တွေ ရှိတယ်၊ ဆောင်ရန် ရှောင်
ရန်တွေ ရှိတယ်၊ မင်းလည်း မုဆိုး
လုပ်ဖူးပါတယ်၊ တချို့တောတွေ ဆို
ရင် ရှုန့်ရင်းကြမ်းတမ်းတဲ့ စကားမ
ပြောရဘူး၊ အညစ်အကြေးစွန့်ရင်
တောင်းပန် တိုးလျှိုးပြီး စွန့်ရတယ်၊
အနေအထိုင် ဆင်ခြင်ရတယ်၊
အပြောအဆို ဆင်ခြင်ရတယ်၊ အဲဒါ
တွေ တချို့က ဂရုမစိုက်တော့ မဖြစ်

သင့်တာတွေ ဖြစ်တာပေါ့. . ."

"မုဆိုးဆိုတာ သတ်ရဖြ
တော့ သဘာဝကိုက ကြမ်းတမ်း
စိတ်ရှိတယ်၊ ဒါပြောအဆိုပါ ကြ
တမ်းတဲ့အခါကြတော့ ပိုဆိုးတာ
ငါလူပျိုဘဝတုန်းက ကြုံခဲ့ရတာ
လေးပြောပြမယ်၊ အဲဒီတုန်းက ငါ
မုဆိုးအတွေ့အကြုံရှာကာစ ဝါရင့်
မုဆိုးတစ်ယောက်ကို တွေ့ဖူးတ
အတွေ့အကြုံများသလော
အပြောအဆို ကြမ်းတမ်းတယ်
စရိုက်လို့ဘဲ ပြောရမှာပေါ့ကွာ. .
နာမည်က ကျော်ဒွန်း. . . မုဆိုး
ကျော်ဒွန်း ပေါ့ကွာ. . ."

* * * * *

"ဟေ့. . မသာလေးတော
ထွက်မယ် မင်းလိုက်မှာလား"

"လိုက်မှာပေါ့ ဦးလေ
ကျော်ဒွန်းရဲ့ ဘယ်သူပါအုံးမှာလ

"လူများရင် ရှုပ်ပါတယ်
မင်းရယ်၊ ငါရယ်၊ ငထော်ရယ်
ယောက်ထဲဘဲ၊ နေ့ခင်းထွက်မ
တောကောင်တွေ သစ်ရိပ်တွေမှာ
နားယူတဲ့အချိန် ချောင်းပစ်ရအော
ဝက်သိုးမြောင်ဘက်မှာ ဆတ်ဖား
တစ်ကောင်တွေ့တယ်လို့ ရွာသ





"တစ်ကောင်ကတော့
တောဝက်ဆူးသီးတွေ စားနေတဲ့
အသံကွ. . . တစ်ကောင်ကတော့
ဝေခွဲလို့မရဘူး မင်းတို့ ဒူးလေးတွေ
အဆင်သင့်လုပ်ထားနော်. . . ဟင်း
တောကောင်တွေနဲ့ နီးနေပြီ"

စောလယ်ခူးက. . .

"အဆင်သင့်ဘဲ ဦးလေး
ကျော်ဒွန်း. . . ."

စိန်နားပန်ခြုံများကို အကာ
အကွယ်ယူကာ တရွေ့ရွေ့ချီတက်
လာရင်း ရှေ့မှသွားနေသော မုဆိုး
ကျော်ဒွန်းက ဖြုန်းကနဲ ဝပ်လိုက်ကာ
နောက်သို့လှည့်၍. . . .

"တောဝက်တစ်ကောင်နဲ့
ဆတ်ပေါက်ကလေးတစ်ကောင်ကွ
. . တောဝက်ကို ငါတာဝန်ထား. .
. . ဆူးသီးပင်ရဲ့ဘေးတစ်ဘက်ဆီမှာ
နည်းနည်းခေါင်းထောင်ကြည့်လိုက်"

မြေပြင်မှ နှစ်ပေသာသာ
လောက်သာရှိသော စိန်နားပန်ခြုံ
များကိုကျော်ကာ စောလယ်ခူးနှင့်
ငထော်က ခေါင်းထောင်ကြည့်လိုက်
သည်။ ဆူးသီးပင်၏ ဘေးတစ်ဘက်
၌တွင် တောဝက်က ဘေးတိုက်၊
ဆတ်ပေါက်ကလေးက ဖင်ပေးကာ
အေးဆေးစွာနှင့် ဆူးသီးများကို စား

နေကြသည်။ မုဆိုးကျော်ဒွန်းက
မုဆိုးထိုင်၊ ထိုင်ကာ တူမီးသေနတ်
ကြီးကို ချိန်လိုက်သည်။ စောလယ်ခူး
နှင့် ငထော်က ဒူးလေးများကို ကိုင်
၍ မောင်းတင်လိုက်သည်။ တော
ဝက်နှင့် ဆတ်က တလှုပ်လှုပ်စား
နေသောကြောင့် ပစ်ကွင်းကမငြိမ်
. . .။ ကြားတွင်လည်း စိန်နားပန်
ခြုံကလေးများက ရှိနေသောကြောင့်
မုဆိုးသုံးယောက်အသက်ပင် မရှူရဲ
ဘဲပစ်ကွင်းကောင်းကို ရွေးနေချိန်
တွင် ဆူးသီးပင်၏အပေါ် ကိုင်း
တစ်ကိုင်းမှ. . . .

"ဘုး. . ဘုး. . ဘုး. ."

"ဖျောက်. . ."

"ဝေါ. . ဝရော. ."

တောဝက်နှင့် ဆတ်ပေါက်
ကလေးက အသံကြားသည်နှင့် ခြေ
ဦးတည့်ရာသို့ လှစ်ကနဲ ထွက်ပြေး
သွားတော့သည်။ မုဆိုးကျော်ဒွန်းတ
မတ်တပ်ထရပ်လိုက်ကာ တူမီး
သေနတ်ကြီးကို ဒေါသနှင့် ပစ်ချ
လိုက်ရင်း. . .

"တောက်. .
ပစ်မှတ်က သေချာနေမှလာဒုက္ခပေး
တယ်. . ဒီ ငှက်ဒုက္ခပေးလို့
ဟင်း. . နင့်မို့ရင် ဟင်းစားက ဒီနေ့

အတွက်သေချာနေပြီ. . . . ”

“အဘကျော်ရယ်. . သိပ် ဒေါသမကြီးပါနဲ့. . မထင်မှတ်ဘဲဖြစ် လာတာ ဘာတတ်နိုင်မှာလဲ. . . ”

“ဖြစ်ဖြစ်နိုင်လွန်းကွာ ။ငှက် ငှေ့ားက သောက်သံပြုကြီး နဲ့တဘူးဘူးအော်ရုံတွင် အားမရဘူး . . ကိုင်းခြောက်ကိုနား၊ကိုင်းခြောက် တချိုးကျတော့ တောဝက်နဲ့ ဆတ် ပေါက်က သိပ်လျင်တဲ့ကောင်တွေကွ ပြေးတော့တာပေါ့. . . ”

စောလယ်ဒူးက. . .

“ဦးလေးကျော်ဒွန်းရယ် ဒီကောင်တွေမရလည်း ဒါထက်ကြီး တဲ့ကောင်တွေရမယ်လို့ သဘော ထားလိုက်စမ်းပါ. . . ဒေါသတကြီး နဲ့ဆဲပြီးတော့ , တော့မပြောပါနဲ့. . ငထော်ပြောသလို တချို့တောတွေ က ရိုင်းရိုင်းစိုင်းစိုင်းပြောတာ မကြိုက် ဘူးထင်တယ်. . . ”

“ဟာ ဒီမသာလေးကလည်း ငထော်နဲ့တစ်လေသံတည်းဘဲ ကျော်ဒွန်းအမဲလိုက်လာတာကြာပါ ပြီကွာ. . ဒီလိုပြောနေကျပါ. . . ပိုင်ရာဆိုင်ရာတွေက ကျော်ဒွန်းကို ဘေးမဲ့ပေးထားပါတယ်. . ပူမနေ ပါနဲ့. . . ”

“မဖြစ်ရင်တော့ ကော
တာပေါ့. . . ဦးလေးကျော်ဒွန်း
ကဲ. . . အချိန်ရှိတုန်း ဝက်သိုးမြေ
ဘက်သွားရအောင် သိပ်
မဝေးတော့ပါဘူး. . . ”

တောင်ကြောတစ်လျှေ
တက်လိုက်ဆင်းလိုက်နှင့် အ
တော့မောနေကြပြီဖြစ်သည်။ဝက်
မြောင်နှင့် နီးလာပြီဖြစ်သောမြေ
ချိုင့်များ၊ လျှိုများကို ဂရုစိုက်
လျှောက်လာကြရင်း သားကော
၍ အမှတ်မထင်ဖြတ်ပြေးသွာ
သော ယုန်များ၊ တောကြက်
လောက်သာတွေ့ရသည်။
ကောင်ကြီး ပစ်လိုသူများဖြစ်
ကြောင့် အသာပင်ငြိမ်၍ လျှေ
လာကြသည်။ လျှိုတစ်ခု၏ ထ
ကညင်ပင်ကြီးအောက်အရောက်

“ရှေ့မှာ ဝက်သိုးမြော
ကွ. . ရေထွက်တွေလဲရှိကော့
အချိန်မှာ သားကောင်တွေက ရေ
ထဲက ရေထွက်တွေမှာ ရေ
သောက်ပြီး ခြုံကောင်းကောင်
အနားယူနိုင်တယ်. . တို့လိုဘဲ
သောက်ဆင်းတဲ့ကောင်းတေ
ချောင်းတဲ့ဟင်းမျိုး (ကျား) လို
မုဆိုးလည်းရှိတတ်တော့ သတိထ
မယ်. . . ”





တွေပြောတယ်. . . အချိန်ငါးဆယ် ကျော်မယ်တဲ့ . . . ”

“ကျွန်တော် ယူစရာတွေ အ ဆင်သင့် လုပ်ထားလိုက်မယ်လေ”

“အေး. . . ငထော်ကို ခေါ်ပြီးလာခဲ့မယ်၊ မင်း စောင့်နေပေတော့ ”

စောလယ်ဒူးနှင့် ငထော် ဒူး လေးကိုယ်စီ၊ မုဆိုးကြီး ကျော်ဒွန်းက ဘူမီးကြီးကိုထမ်းကာ ရှုံးမတောကြီး ထဲသို့ ဝင်လာခဲ့ကြသည်။ တောထဲ ကို တဖြည်းဖြည်းဝင်လာသည်နှင့် အမျှ တောရိပ်တောင်ရိပ်ကြောင့် အေးစိမ့်သွားသလို ခံစားလိုက်ရ သည်။ အပေါ်ကို မော့ကြည့်လိုက် လျှင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ အင်၊ ပျဉ်းမ ပင်များက အပေါ်ကို အပြိုင်လု တက်နေသောကြောင့် အပေါ်တွင် အကိုင်းအခက် အရွက်များ ရှုတ် ရှက်ခတ်နေသည်။

သစ်ပင်သစ်ကိုင်းများပေါ် မှ ပြေးလွှားနေကြသော မျောက်များ က မုဆိုးကြီးကျော်ဒွန်းတို့အဖွဲ့ တော ထဲကို ရောက်လာသည်နှင့် တကွဲကွဲ တကွကွ အော်ကာ တစ်ကောင်နှင့် တစ်ကောင် အချက်ပေးနေကြသလို လို. . . ။

အောက်ခြေတွင်လည်း စိန် နားပန်းခြုံ၊ ကြောင်ပန်းရွက်ခြုံ၊ ဘူကလိန်ခြုံ၊ ဆူးရစ်ခြုံ တို့က ဟိုတစ် စု၊ ဒီတစ်စုနှင့် ခတ်စိတ်စိတ်ပေါက် နေသောကြောင့် မုဆိုးကြီးကျော်ဒွန်း တို့အဖွဲ့ ထင်သလို ခရီးမပေါက် သည့်အပြင် သုံးယောက်လုံးချွေးများ ရွှဲနေကြပြီဖြစ်သည်။ မသိမသာမြင့် တက်သွားသော ဆင်ခြေလျှောလေး အတိုင်း တက်လာကြရင်း ခမောင်း ပင်ကြီးတစ်ပင်အောက် အရောက် တွင်. . . ။

“ကွပ်. . . ဖလပ. . . . ဖလပ်. . ”

“ဟာ. . ဒီ ကြက် လန့်လိုက်တာ”

တောကြက်တစ်ကောင်က မုဆိုးကြီးကျော်ဒွန်းတို့ အဖွဲ့ကို လန့် ၍ ထွက်ပြေးသွားသည်ကို မုဆိုးကြီး က ပြန်လန့်ကာ အော်လိုက်ခြင်းဖြစ် သည်။ ငထော်က. . .

“အဘကျော် သတိထား ပြော တောကကြိုက်လားသိ၊ မကြိုက်လားသိ. . ”

“ဟာ. . ငထော် ငါ့ဟာငါ လန့်အော်တာ ဘာဖြစ် လဲကွ. . . ”

"ခြော်. . အဘကျော်
ရယ် တချို့တောတွေက မကြိုက်ရင်
ဘာကောင်မှတောင် မရဘဲ ပြန်ရ
တာမျိုးရှိတယ် မဟုတ်လား၊ တစ်ခါ
တစ်လေ အန္တရာယ်တောင် တွေ့
တတ်တယ်လို့ ကြားဖူးလို့ပါ"

"ဟေ့. . ကျော်ဒွန်းတို့
တောလိုက်လာတာကြာပြီကွ၊ မရလို့
ပြန်ရတာ မရှိသေးဘူး၊ မရရင်လဲ မ
ပြန်ဘူးကွ၊ ရိက္ခာအပြည့်ပါတယ်"

စောလယ်ခူးကတော့ တိတ်
ဆိတ်စွာပင် လိုက်လာသည်။ မျောက်
များကတော့ မုဆိုးအဖွဲ့ကို တွေ့
သည်နှင့် တစ်ပင်မှတစ်ပင်ကူးကာ
တဝုန်းဝုန်းပြေးတက်သွားကြသည်။
စိန်နားပန်းခြုံများ ထူထပ်စွာ ပေါက်
နေသော တောင်ကြောကလေးအ
တိုင်း ခြုံများကို တိုးဝှေ့သွားကြရင်း
တောင်ကြောကလေးထိပ်က အသီး
များဝေဆာနေအောင် သီးနေသော
ဆူးသီးပင်ကို လှမ်းမြင်လိုက်ရသည်။
မုဆိုးကျော်ဒွန်းက စောလယ်ခူးနှင့်
ငထော်ကို အသံမထွက်ရန်နှင့် ဆူး
သီးပင်ရှိရာ လက်ညှိုးထိုးပြလိုက်
သည်။ ပြီးမှ မြေကြီးပေါ် သစ်ရွက်
ခြောက်များကို ကောက်ကာ မြှောက်
တင်လိုက်သည်။

သစ်ရွက်ခြောက်မျာ
မုဆိုးကျော်ဒွန်းနောက်ကို လွင့်
သွားသည်။ လေကတောင်ပြေ
ဘက်မှ ဖြူဖြူကလေး တိုက်
သည့်သဘော။ ကျော်ဒွန်း ခေ
ဆတ်လိုက်ကာ တူမီးကို အသင့်
လိုက်သည်။

သုံးယောက်သား ခြေ
လုံလုံဖြင့် ဆူးသီးပင်ရှိရာသို့ တ
ရွေ့ချိတက်လာကြသည်။ ဆူးသီး
က ဆီးကင်းခန့်ရှိ၍ စတော်ဘ
သီးအရသာမျိုးရှိသည်။ အရည်
သော အသီးမျိုးဖြစ်၍ တောလို
ရင်း ရေငတ်ပါက ဆူးသီးများက
ငတ်ပြေစေသည်။ ကြွေကျသော
သီးများကိုတောကောင်များကလ
ကြိုက်ကြသောကြောင့် မုဆိုးကျော်
က ဆူးသီးပင်အောက်တွင် သ
ကောင်များရှိနိုင်၍ တိတ်တဆိ
ချိတက်လာကြခြင်းဖြစ်သည်။

"ခွပ်ခွပ်. . . . ခွပ်ခွပ်"

"ဇွပ်ဇွပ်. . . . ဇွပ်ဇွပ်"

ကိုက်(၂၀)အကွာလော
အရောက်တွင် ဆူးသီးပင်အောက်
ကြားနေရသော အသံများဖြစ်သည်
မုဆိုးကျော်ဒွန်းက ခဏမျှငြိမ်
လိုက်ကာ လေသံတိုးတိုးဖြင့်. .





"ဟာ. . အဘကျော် ဟို
ဝါးရုံစပ်ကနေ ဒီဘက်ကို လှည့်ကြည့်
နေတာ ဆတ်ကြီးမဟုတ်လား. . ."

"အေး. . ဟုတ်တာပေါ့ ဝါး
ခုတ်တဲ့ ရွာသားတွေပြောတာ ဒီ
ကောင်ကြီးဘဲဖြစ်ရမယ်. . အချိန်
(၇၀)လောက်ရှိမယ်. . . ဆတ်ဖား
ကြီးကွ. . ."

လှမ်းမြင်နေရသော ကြခတ်
ဝါးရုံနှင့် စောလယ်ခူးတို့ရောက်နေ
သောနေရာနှင့်က ကိုက် (၁၅၀)
လောက်ဝေးသည်။ ဆတ်ဖားကြီးက
စောလယ်ခူးတို့ရှိရာသို့ ပေပြီးကြည့်
နေဆဲ. . ပစ်မှတ်ကဝေးသောကြောင့်
မုဆိုးကျော်ဒွန်းက သူ့တူမီးကြီးနှင့်
ချိန်တောင်မချိန်ဖြစ်. . . ဆတ်ဖားကြီး
စောလယ်ခူးတို့ကို အတန်ကြာ
အောင်ကြည့်နေပြီးမှ ဝါးရုံတောထဲ
သို့ ဝင်ကာပျောက်ကွယ်သွားသည်။

"ဒီမသာကောင်က တို့ကို
စိမ်ခေါ်တာကွ. . ."

"ဘာဖြစ်လို့လဲ အဘကျော်"

"မင်းတို့လည်း မုဆိုးလုပ်
လာတာဘဲကွာ. . သဘောမပေါက်
ဘူးလား. . ဆတ်တို့ ဂျီ (ချေ) တို့
ဒရယ်တို့ဆိုတာ လူကိုတွေ့ရင် ဒီလို
ပေပြီးကြည့်ရိုးထုံးစံမရှိဘူး. . လှစ်
ကနဲကြည့်ပြီး လှစ်ကနဲပျောက်တာ
မျိုး. . ညဘက်မီးထိုးပစ်ရင်သာ မီး
ရောင်ကိုကြောင်ပြီး ကြာကြာကြည့်
နေတတ်တာ. . ခုလို နေ့ခင်း
ကြောင်တောင်ဒီလိုမကြည့်တတ်
ဘူး. . . ဒီမသာက တို့ကို စိမ်ခေါ်
တာကွ. . . ဒီလိုလုပ် မင်းနဲ့
စောလယ်ခူးနဲ့က ဒီဘေးက တောင်
ကြောအတိုင်းဆင်းပြီး အနောက်
ဘက်ကို လျှောက်လိုက်ရင် ရေထွက်
တစ်ခုကို တွေ့လိမ့်မယ်. . . အဲဒီ
ရေထွက်ကနေယာဘက်ကို ပြေပြေ
ကလေးတက်လိုက်ရင် ဝက်သိုး
မြောင်ကို ရောက်မယ်. . ငါက ဒီ
ဘေးက ငှက်ပျောတောအတိုင်း
ဆင်းပြီး ဝက်သိုးမြောင်ဘက်ကို
ဆင်းခဲ့မယ်. . မင်းတို့တွေ့တွေ့ ငါ
တွေ့တွေ့. . . တွေ့တဲ့လူက အရင်
ပစ်မယ်. . . ပြီးရင် မြောင်ထိပ်က
တောင်သဖန်းပင်အောက်မှာ ဆုံ
မယ်. . သတိတော့ရှိကြပေစေနော်. .
ဒီကောင်ကြီးက ဒီနားတစ်ဝိုက်မှာ
ဘဲရှိမယ်. . ."

မုဆိုးကျော်ဒွန်းနှင့် လမ်းခွဲ
ခဲ့ပြီးနောက် စောလယ်ခူးနှင့် ငထော်
တို့နှစ်ယောက် တောင်ကြောအတိုင်း
(၅)မိနစ်မျှဆင်းလိုက်ကာ အနောက်

ာက်သို့ တောလမ်းအတိုင်း (၁၅)
ိနစ်မျှ လျှောက်လိုက်သည်နှင့် ရေ
ာွက်တစ်ခုကို တွေ့ရသည်။ ရေ
ာွက်နားမရောက်မီ ရေသောက်
ဆင်းတတ်ကြသော တောကောင်
များ ရှိမည်အထင်နှင့် စောလယ်ခူး
နှင့်ငထော်တို့နှစ်ယောက်ချောင်းကြ
သော်လည်း တစ်ကောင်တင်းမြီးမျှ
မတွေ့. . ငထော်က. . .

"စောလယ်ခူးရေ. . ဆတ်
ဖားမပြောနဲ့ ဆတ်ပေါက်ကလေး
တစ်ကောင်တောင်မတွေ့ဘူး. . ."

"အေးကွ ဦးလေးကျော်ဒွန်း
တလည်း တစ်ယူသန်. . စကားပြော
ဆင်ချင်ပါလို့ ပြောတာတောင်
အရေးမလုပ်ဘူး. . မဖြစ်ရင်တော့
တောင်းတာပေါ့ကွာ. ."

ဝက်သိုးမြောင်ဘက်ကို
ရောက်သည်အထိ ဆတ်ဖားကြီး၏
အရိပ်အရောင်ကိုမတွေ့. . မြောင်
ထဲသို့ ဆင်းလာပြီး အုံ့ဆိုင်းနေသော
တောင်ပျောပင်များအကြားသို့
အရောက်တွင် ခပ်လှမ်းလှမ်းမှ ဝါးရုံ
အကြားရှိ မျှစ်စို့ကြီးတစ်ခုကို ငုံ့ကာ
ငုံ့တာနှင့် ကိုက်ဝါးနေသော ဂျီ (ချေ)
ပေါက်ကလေးတစ်ကောင်. . .
စောလယ်ခူးနှင့် ငထော်တို့ ဒူးလေး

ကို ကျိုတ်၍ မောင်းတင်လိုက်တာ
ပစ်မှတ်ကို ငြိမ်၍ ချိန်နေလိုက်သည်
သိပ်မကြာလိုက်. . .

"ဝှစ်. . ."

"ဝှစ်. . . . ."

စက္ကန့်ပိုင်းလောက်သာ ခြာ
မည်။ မြွေးတန်နှစ်ချောင်းက ဂျီ(ချေ
ပေါက်ကလေးကိုယ်ပေါ်တွင် အသ
သီးစိုက်ဝင်သွားသည်။ ဂျီ (ချေ
ပေါက်ကလန့်၍ ခုန်လိုက်ကာ ငါ
ကိုက်အကွာလောက်အထိ ပြေးသွာ
ပြီး ဝါးရုံအကြားတွင် ခွေကျသွာ
သည်။ စောလယ်ခူးနှင့် ငထော်တ
နှစ်ယောက်အနားရောက်တော့ တ
ချက်အကြောဆွဲကာ ငြိမ်သွားတော
သည်။

ဂျီ (ချေ) ကောင်၏ ဝဲယာ
ဒူးခေါက်ခွက်အကြောများက
ဖောက်ကာ ရှေ့လက်များထိုးသွင်းပြ
ဝါးလုံးတစ်ခုနှင့်လျှိုကာ နှစ်ဦးသာ
ထမ်း၍ မြောင်အပေါ်ကို တက်လာ
ခဲ့သည်။ မုဆိုးကြီးကျော်ဒွန်းကတော
ဘယ်ဆီရောက်နေသည်မသိ. . .
တောင်သဖန်းပင်ဆီသို့ ရောက်ရှ
အတော်လိုသေးသောကြောင့် ဝါးရိ
တစ်ခုတွင် ရပ်ကာအမောဖြေလိုက
ကြသည်။ ပါလာသော ရေဗူးများ





ကိုဖွင့်၍ မော့သောက်လိုက်ကြကာ
ဆတ်သားခြောက်မီးဖုတ်များကို ဝါး
လိုက်ကြသည်။

နှစ်ယောက်သား အစာဝင်
သွား၍ နေသာထိုင်သာရှိသွားချိန်
လောက်တွင်. . .

"ပူး. . . ပူး. ."

"ဒပ်. . ဒပ်. ."

စောလယ်ခူးနှင့် ငထော်တို့
တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်လိုက်ကြသည်။စောလယ်ခူးက-

"ဒါ ဆတ်တွေ နှာမှုတ်တဲ့
အသံကွ. . ."

"အေး. . ဟုတ်တယ်. .
ဒပ်. . ဒပ်ဆိုတာက ရန်ပြုချင်လို့
မြေကြီးကို ခွာနဲ့ပေါက်တဲ့အသံကွ
. . စောလယ်ခူး. . ဒါဆိုရင် ဒီနား
မှာ ဆတ်တစ်ကောင်ကောင် ရှိနိုင်
တယ်ကွ. . ."

နှစ်ယောက်သား ဒူးလေး
ကို ဆွဲကာ အသံလာရာဆီသို့ ကြည့်
လိုက်ကြသည်။ အသံက မနီးမဝေး
မှလာသော အသံဖြစ်သည်။ ချုံပုက်
များကို ဖြကာ အသံလာရာဆီသို့
တရွေ့ရွေ့တိုးလာကြရင်း တစ်နေရာ
အရောက်တွင်. . .

"ဟာ. . ."

စောလယ်ခူးနှင့် ငထော် တို့
နှစ်ယောက်ထံမှ အသံများ ပြိုင်တူ
ထွက်သွားကြသည်။ မုဆိုးကျော်ဒွန်း
က တူမီးကြီးကို မြေပြင်ပေါ်တွင်
ချကာ မျက်နှာချင်းဆိုင် (၁၀)ကိုက်
အကွာလောက်ရှိ ဆတ်ဖားကြီးကို
စိုက်ကြည့်နေသည်။ စောလယ်ခူးနှင့်
ငထော်တို့ ထိုမြင်ကွင်းကို ကြောင်၍
ကြည့်နေစဉ်မှာပင် ဆတ်ဖားကြီးက
မုဆိုးကျော်ဒွန်းကို ခေါင်းနှင့်တိုက်
ကာ တောထဲကို တဝုန်းဝုန်းနှင့်
ဝင်ပြေးသွားတော့သည်။

စောလယ်ခူးနှင့် ငထော်တို့
နှစ်ယောက်အနားရောက်တော့ မုဆိုး
ကျော်ဒွန်းတစ်ယောက် သတိမေ့နေ
ပြီဖြစ်ဘည်။

* * * * *

"အဖြစ်အပျက်တတော့ ကြ
ခဲ့ရတာနှစ်တွေကြာခဲ့ပြီပေါ့ကွာ. .
မုဆိုးကျော်ဒွန်းလည်း သေတာကြ
ပါပြီ. . ."

"မုဆိုးကျော်ဒွန်းသတိမေ့
နေတော့ ဘာဆက်လုပ်ကြသလဲ"

"အေး. . ဘိုသားက နောင
ဖြစ်တဲ့ ဇာတ်လမ်းကို သိချင်တယ်ဆ
. . ဒီလိုကွ. . မုဆိုးကျော်ဒွန်းအတွင
ထမ်းစင်လုပ်ပြီး ထမ်းခေါ်လာတ

ပေါ့ကွာ. . ရွာရောက်မှ သတိပြန် ရတယ်. . ဒါပေမယ့် ဆတ်ဖားကြီး ခေါင်းနဲ့ တိုက်လိုက်တဲ့ ဒဏ်ရာတ မသေးတော့ ဆေးရုံကို တစ်လ လောက်တက်လိုက်ရသေးတယ်. . သူ သတိရလာတော့ တို့က သူ့ အဖြစ်အပျက်ကို မေးကြည့်တော့ သူ့မျက်စိထဲမှာ ဆတ်ဖားကြီးလို့ မမြင်ဘူးတဲ့. . အန္တရာယ် တစ်စုံ တစ်ခုကြုံလာလို့ သူ့ဆီကိုပြေးလာတဲ့ မိန်းမတစ်ယောက်လို့ဘဲ မြင်ရတယ် တဲ့. . . အဲဒါကြောင့် သူ့တူမီး သေနတ်နဲ့မပစ်တာလို့ သူပြောပြ တယ်. . . မသေကောင်းမပျောက် ကောင်းဆိုတော့ သူ့အမှားတွေ သူလည်း စဉ်းစားရင်းသိလာပါတယ် . . ကိုယ်တွေ့ကြုံမှ သူ့စရိုက်ကြမ်း တွေကြောင့်ဆိုတာ သဘောပေါက် လာတယ်. . . ”

“ဒါကြောင့်မို့ တောကို အမှီ ပြုပြီး အမဲလိုက်တဲ့ မုဆိုးဟာ တော ကို ရှိသေရတယ်. . တောကြောင့် သားကောင်တွေရနိုင်သလို တော ကြောင့်လည်း ဒုက္ခရောက်တတ် တယ်. . . ဘိုသားရဲ့. . . ”

ရံဖန်ရံခါ မုဆိုးလုပ်တတ် သော ကျွန်တော်သည် မုဆိုး သက်ရင့်သော စောလယ်ခူးထံ ဆန်းပြားသော တော၏လျှို့ဝှက် ချက်များကို သိခဲ့ရပါသည်။

* * * * *

**မောင်မြင့်မား**





# မြေလူသား၏ ကျိန်စာ

မင်းရွှေသိုက်

ကျွန်တော်သည် တစ်ယောက်တည်း နေတတ်သူဖြစ်ကြောင်းကို ကျွန်တော်နှင့် အတူနေသူ၏ မင်းမောင်သာ အသိဆုံးဖြစ်သည်။ တစ်ခါတစ်လေတွင် ကျွန်တော်တို့ နှစ်ယောက်တည်း တစ်နေ့လုံးနေ၍ စကားပင်မပြောမိပေ။ ကျွန်တော်က ပန်းပုအရုပ်တွေကို ထွင်းထုပြီး စားဖို့အတွက် အလုပ်လုပ်နေသော်လည် မင်းမောင်ကတော့ အိမ်နောက်ဖို ထဲတွင် တိုး၍နေသည်မှာ ကျွ တော်တို့ နှစ်ယောက်၏ နိစ္စဒူဝ လုပ်တစ်ခုပဲဖြစ်သည်။

ကျွန်တော်သည် ပန်းပုလက် ရာများကို သေချာစွာ ထုဆစ်တ သော်လည်း မင်းမောင်၏ အဂ္ဂိယန ပတ်သက်ထားလျှင် အပျင်းပြေဖို့ ပေးထားကလွဲ၍ မသိထားပေ။ မင် မောင်လည်း ကျွန်တော့်အပေါ် အတိုင်းပဲအမြင်ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယော သည် တစ်ခါတစ်ရံတွင် နေ့တစ် ကုန်ရန်အတွက် တော်တော်ကို အ ချိန်ဖြုန်းပစ်ရသလို တစ်ခါတလေမှ လည်း အချိန်ကုန်လွယ်သည်ကို တွေ့ရပြန်သည်။ ကျွန်တော်တို့ နှ ယောက်တွင် တူညီသည့်အချ တစ်ခုတော့ရှိသည်။

ကျွန်တော်တို့ နှစ်ယောက်နေ ထိုင်ရာ ဇီးတစ်ပင်ကန်ကလေး၏ အ နောက်ဘက်အရပ်တွင် ညနေ့နေ





ဝင်သည်နှင့် လူသူရှင်းသွားသည် ဖြစ်သောကြောင့်၊ မီးထွန်းခြင်း၊ ဘုရား ဝတ်တက်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ပြုခြင်းတို့ကိုက နေ့စဉ်ပြုလုပ်ကြသည်ပဲ ဖြစ်သည်။

ထိုသို့ကိစ္စတွေ ပြီးသောအခါ ကျွန်တော်သည် ပွတ်ချွန်းတစ်လိပ်နှင့် ပက်လက်ကုလားထိုင်တွင် မှိန်းနေတတ်သော်လည်း မင်းမောင်ကတော့ ကြမ်းပြင်တွင် တင်အလွှင်ပွေ့ထိုင်၍ ကွမ်းအစ်ကို ပေါင်ကြားထဲ ထည့်၍ ကွမ်းတစ်မြုံ့မြုံ့လုပ်နေတတ်သည်။

ဒီကနေ့တော့ ကျွန်တော်သည် တစ်စုံတစ်ခုဖြစ်ပွားသည်ကို စောင့်မျှော်နေသည့် အမူအရာမျိုးနှင့် အိမ်မွေ့ခန်းတွင် ထိုင်လျက်နေသည်။ ရွာတွင် အိမ်မြေကျဲသည်က တစ်ကြောင်း ကျွန်တော်တို့အိမ်ကလည်း ရွာထိပ်ပိုင်းကျနေသည်က တစ်ကြောင်း တိတ်ပြီဆိုလျှင် ရွာထဲက အိမ်တွေထက်ပို၍ တိတ်သည်။ ကျွန်တော်တို့ အိမ်ရှေ့တွင် လှည်းလမ်းရှိသည်။ လှည်းလမ်းကို မေးတင်ထားသော ကန်တစ်ကန်သည် ကျွန်တော်အိမ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။

ထိုကန်တို့၏ အလယ်တွင် ဇီးပင်တစ်ပင်သည် ထူးခြားစွာပေါက်နေသည်ကို အစွဲပြု၍ ဇီးတစ်ပင်ကန်ဟု ခေါ်သည်။ ကျွန်တော်တို့ရွာကိုလည်း ဇီးတစ်ပင်ရွာဟုပင် ခေါ်ကြ၏။ ဇီးတစ်ပင်ကန်၏ တစ်ဖက်တစ်ချက်တွင် အိမ်နှစ်လုံးသာရှိသည်။ တစ်လုံးက ကျွန်တော်အိမ်ဖြစ်ပြီး တစ်အိမ်က ဆေးဆရာ ဦးမူတီ၏ အိမ်ဖြစ်သည်။

ကျွန်တော်တို့နှစ်ဦး၏ အိမ်သည် လမ်းခြားကန်ခြားနေပေမယ့် မျက်နှာချင်းဆိုင်ထားသည်။ ထို့အတွက်ကြောင့်လည်း ကျွန်တော်တို့ ဝရံတာထွက်တိုင်း ကြည့်လိုက်ရင် မြင်ကွင်းက လှည်းလမ်းဇီးတစ်ပင်ကန် ဆရာဦးမူတီးအိမ် ဒါတွေပဲမြင်နေရသည်။

ဒီကနေ့မှ ကျွန်တော်နှင့် မင်း

မောင်သည် မအိပ်ဖြစ်ကြသေးဘဲ၊ ဦးမူတီး၏ အိမ်ဘက်သို့ တစ်စုံတစ်ခု များ ထွက်ပေါ်လာနိုင်မလားဆိုသော စိတ်ကူးကိုယ်စီနှင့် မတိုင်ပင်ထားမိကြဘဲ ကြည့်နေမိကြသည်။ ကျွန်တော်အဖေလက်ထက်ကတည်းက ရှိခဲ့သော တိုင်ကပ်နာရီမှလည်း နာရီစက်သံသည် လူခြေတိတ်ဆိတ်နေ၍ တစ်ချက်ချက်နှင့် စည်းချက်မှန်မှန် ထွက်ပေါ်၍နေသည်။

ကျွန်တော်တို့ နှစ်ယောက်ထိုင်နေစဉ်အတွင်း ရွာထဲမှ တောလှည်းတစ်စီးသည် တစ်အိအိနှင့် မောင်းနှင်သွားရာ လှည်းပေါ်မှ လှည်းမောင်းသမားသည် သီချင်းကလေးညီး၍ လိုက်ပါသွားသည်။ ဒီကနေ့နေ့ခင်းက ကျွန်တော်တို့နှစ်ယောက် ထမင်းစားချိန်တွင်. . .

"ဒီည. . . ဆရာမူတီတို့အိမ်မှာ ထူးခြားမယ်ဗျို့"

ဒီအသံကို ကျွန်တော်ကောမင်းမောင်ပါ ကြားလိုက်ရ၍. . .

"ဘယ်လိုလဲ သက်ပြင်း ဦးမူတီကြီးအိမ် သရဲကပ်ပြန်ပြီနဲ့ တ
တယ်"

မင်းမောင်၏ စကားကို ကျွ
တော် စိတ်မဝင်စားဘဲ ထမင်းသ
အာရုံစိုက်၍ စားနေမိသည်။ ထိုအ
ချိန်က စိတ်မဝင်စားပေမယ့် အခုအ
ချိန်မှာတော့ ကျွန်တော်သည် မင်း
မောင်ထက် စိတ်ဝင်စားသူတစ်
ယောက်ဖြစ်၍နေသည်။

မင်းမောင်သည် အင်္ဂရဓာ
အုပ်တစ်အုပ်ကို အယထွက်၍ ဖတ်
နေသံကို ကျွန်တော်ကြားနေရသော်
လည်း မျက်လုံးများကတတော့ ဦးမူ
တီးအိမ်ကိုပဲ စူးစူးစိုက်စိုက်ကြည့်နေ
မိသည်။ ထိုသို့ကြည့်ရင်းကလည်း
ဦးမူတီတို့မိသားစု ကျွန်တော်တို့ရွာ
ကို ရောက်လာသည့်အကြောင်း
လည်း ကျွန်တော် ခေါင်းထဲအလိုလို
လို ရောက်လာသည်။

❖❖❖

ကျွန်တော်တို့ ရွာကလေး





သည် အလယ်ရိုးမကြီးအရှေ့ဘက်
ဘွင် ရှိသည်။ ထိုအလယ်ရိုးမကြီး၏
အရှေ့ဘက်(၁၀)မိုင်လောက်အကွာ
ဘွင် ငမိုးရိပ်ချောင်းသည် မြောက်မှ
တောင်သို့ စီးဆင်းလျှက်ရှိသည်။
ထိုချောင်းလေးနှင့် တစ်မိုင်လောက်
အကွာတွင် ကျွန်တော်တို့ ရွာကို
ဘည်ထားခြင်းဖြစ်သည်။ အများ
အားဖြင့် လယ်ယာချောင်းမြောင်း
အလုပ်ဖြင့် ရိုးရိုးကုတ်ကုတ် လုပ်ကိုင်
ားသောက်ကြသူများ ဖြစ်ကြ၍
ည်ကားတဲ့ရွာလည်း မဟုတ်၊ နုံ့နဲ့
ဘဲ့ ရွာလည်းမဟုတ်သော နေရာ
ဘွင် တည်ရှိနေသည်။ ရေလမ်းခရီး
ကိုပဲ အားကိုးပြီးသွားလာရသော
ကြောင့် ချောင်းကို ဦးစားပေး၍
ချောင်းကမ်းနဖူးတို့တွင် ဝါးဖောင်နှင့်
ဘံငါးဖမ်းလှေကို ဆိုက်ကပ်တဲ့နေ
ရာတွေ ရွာတွေပဲများသည်။ ဝါး
ဖောင်နှင့် တံငါသည်တို့ ကောင်းစား
နေတဲ့ရာသီတွေတွင်တော့ လူစည်
ကားတတ်ပြီး အရောင်းအဝယ်
ကြောင့် စီးပွားဖြစ်ကြပြီး ရွာ၌ သူ့ရွာကိုယ့်ရွာ ဘုရားပွဲများပြုလုပ်ကြသည်။

တစ်နှစ် ကျွန်တော်တို့ရွာတွင် ကျောင်းတိုင်ဆရာတော် ပျံလွန်တော်မူရာ မိုးတွင်းကာလကြီးဖြစ်နေ၍ ရွာလူကြီးများ တိုင်ပင်ပြီး ဝါလသီတင်းကျွတ်မှ ဘုန်းကြီးပျံပွဲကျင်းပရန် စီစဉ်ပြီး ဆရာတော်ရုပ်ကလပ်ကို မှန်ခေါင်းတွင်ထည့်၍ ကျောင်းပေါ်မှာပင် ထားထားသည်။

ဆရာတော်သည် သက်တော်ရှည် ဆရာတော်တစ်ပါးဖြစ်သော်လည်း တစ်ပါးထဲ သီတင်းသုံးလိုသဖြင့် တပည့်သံဃာတော်များမထားဘဲ သီတင်းသုံးတော်မူသည်။ အာဂန္တုနများကိုသာ သူ့ကျောင်းတွင် ဝတ်စေပြီး နှစ်ရှည်ဝါရှည် သက်န်းစီးမယ်ဆိုပါက လှည်းကူးဖြစ်စေ၊ ပဲခူးသို့ဖြစ်စေ လွှတ်၍သာ သီတင်းသုံးစေသည်။

ထို့ကြောင့်လည်း ဆရာတော်ဦးစန္ဒိမာကျောင်းတစ်ပါးထဲ ကျောင်းဖြစ်ခဲ့ရသည်။ ထိုအရာကို ကုသိုလ်

ယူတတ်သော ကျွန်တော့်အဖေဦးဘ
လှသည် ဆရာတော်ကိုဝတ်ကြီးဝတ်
ငယ်ပြုစုသော ကပ္ပိယတစ်ယောက်
လို ရွာထဲမှလာလာ၍ ပြုစုရသည်။

ဦးဘလှသည် ဗုဒ္ဓဘာသာဝင်
တစ်ယောက်ဖြစ်သည့်အတွက် ဆ
ရာတော်၏ ဝေယျာဝစ္စကို ပို၍တိုး၍
လုပ်ပေးချင်စိတ် ပေါ်ပေါက်လာပြီး
သည်ကတစ်ကြောင်း သူ့ပိုင်လယ်
မြေတွေကလည်း ရွာအပြင် ဇီးတစ်
ပင်ကန်နှင့် မလှမ်းမကမ်းတွင်ရှိ
သောကြောင့် ရွာ၏လှည်းလမ်း
ကြောင်းဘေးတွင် ယခု ကျွန်တော်
နေထိုင်ရအိမ်အတိုင်း ဆောက်ခဲ့
လေသည်။

ရွာတွင်းဝါလ သီတင်းကျွတ်
၍ ကုန်းခြောက်မြေခြောက်သော
အခါ ဘုန်းကြီးပျံအတွက် စီစဉ်ကြရ
၏။ ရွာလူကြီးများ အပြိုင်အဆိုင်ဖြစ်
မှုကြောင့် ကျွန်တော်တို့ရွာ၏ ဘုန်း
ကြီးပျံသည် ဇာတ်ပွဲမျက်လှည့်ပွဲတွေ
နှင့် စည်ကားစွာပြုလုပ်ဖြစ်ကြသည်။
မကြုံစဖူး အဖြစ်ထူးသည်။ ဘုန်းကြီး

ပျံကြောင့်လည်း တစ်ရွာလုံး ပွ
ပွတ်ညက်ညက်ကျေအောင် သုံ
လိုက်ကြသည်။

ထိုအထဲတွင် ကျွန်တော်
ရွာကလူအများကို လှည့်စားပြ
သော မျက်လှည့်ဆရာ ဦးမူ
လည်း ပါပေသည်။ ဘုန်းကြီးပျံပွဲ
သွားတိုင်း ဦးမူတီ၏ မျက်လှ
ပညာကို ကြည့်မဝသော ရွာသူ
သားများကြောင့် ဦးမူတီသည်
နွေတွင် အခြားနေရာသို့ သူစင်
မရွှေ့တော့ဘဲ ရက်ခြားဆို သ
မျက်လှည့်ပြဖြစ်ရင်း ကျွန်တော်
ဇီးတစ်ပင်ရွာတွင် နေသားတကျ
သလိုဖြစ်လာသည်။

ဦးမူတီ၏ မျက်လှည့်အဖွဲ့
လူ၅ယောက်သာ ပါလာသည်။ ဦ
တီရယ်၊ သူ့မိန်းမရယ် သားတ
ယောက်၊ သမီးတစ်ယောက်ရယ်
ပည့်တစ်ယောက်ရယ် ဒါပဲပါသည
ကျွန်တော်တို့ ရွာသူရွာသားများ
လည်း အပျော်အပါး လှည့်စားတ





ဲ့ ပြကွက်ပြကွင်းတို့ကို နှစ်ခြိုက်သ
ဘောကျသည်ဖြစ်၍. . .

ဦးမူတီးသည် နေထိုင်လျှင်
နေထိုင်နိုင်ကြောင်း ဆွယ်တဲ့သူတွေ
က ဆွယ်ပြီး ဦးမူတီးသည် မျက်
ှည့်ပညာမက အင်းအိုင်လက်ဖွဲ့
ထာ မန္တရားတွေပါ နှံ့စပ်သူဖြစ်
သောကြောင့် ချက်ချင်းပင် တပည့်
သားချင်းများ ရရှိလာကာ ကျွန်တော်
ို့ရွာ၌တွင် သောင်တင်နေတော့
သည်။

ဦးမူတီး၏ အိမ်တွင် အင်း
ုက်ဖွဲ့အတွက် လာတဲ့လူတွေများ
လ ရွာထဲရှိမိဘများက သူတို့၏
သားသမီးများကို ဗုဒ္ဓဘာသာယဉ်
ကျေးမှုနှင့် သွေဖယ်သွားမည်ကို
သည်း စိုးရိမ်တဲ့ မိဘတွေရှိကြသည်။
ထို့ကြောင့်လည်း ဦးမူတီးကို ကိုး
ကွယ်တဲ့ လူနှင့် ခပ်ရှောင်ရှောင်နေ
တဲ့လူ ကွဲလာသည်။ ဦးမူတီးတို့ အ
သိုင်းအဝိုင်းကတော့ လပြည့်လ
ကွယ်တိုင်းတွင် အစီရင်တွေပြုလုပ်

ကြသည်ဟု သတင်းကတော့ ယခု
ထိတိုင်ဖြစ်သည်။

❋❋❋

ဒီကနေ့လည်း ဦးမူတီး၏
အိမ်တွင်ပြုလုပ်မည်အကြောင်း နေ့
ခင်းကအော်သွား၍ ကျွန်တော်နှင့်
မင်းမောင် ထိုင်စောင့်နေခြင်းဖြစ်
သည်။ ညသည် တစ်ဖြေးဖြေးနှင့်
ညဥ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်
သည်။

ဦးမူတီးသည် ဇီးတစ်ပင်ရွာ
တွင်နေပြီး တစ်နှစ်လောက်ကြာ
သောအခါ ဝင်ငွေကနည်း စပါးကျီ
ကလည်းမရှိ ဝမ်းစာလည်း မရှိသော
ကြောင့် စီးပွားဆုတ်သလို ပါးရှား
လာသည်။ ဝါလသီတင်းကျွတ်သော
အခါတွင် ဦးမူတီးသည် ဘုရားပွဲတွေ
လိုက်၍ မျက်လှည့်ပြဦးမှ တော်ကာ
ကျမယ်ဆိုပြီး အထက်အညာဘက်

သို့ ခရီးထွက်သွားသည်။

ဦးမူတီးသည် သုံးနှစ်လောက်အိမ်ကို မပြန်လာဘဲနေခဲ့သည်။ ဦးမူတီးမရှိသည့် နောက်ပိုင်းတွင်တော့ သူ့မိန်းမနှင့် ကလေးနှစ်ယောက်သည် ဟန်မပျက် စားနေနိုင်သည်မှာ အံ့စရာတစ်ခုဖြစ်နေသည်။

ကျွန်တော် ကိုယ်တိုင်လည်း ကလေးနှစ်ယောက်နှင့် မိန်းမကို ထားခဲ့ပြီး သူတို့ဆရာတပည့် နှစ်ယောက်တည်း နယ်လှည့်နေသည်ကိုတော့ အံ့မိသည်။ ဦးမူတီး မရှိတော့သည့်အခါ စားနေဝတ်ကို ဣန္ဒြေမပျက်နေနိုင်ဖို့သည် အရေးကြီးကြောင်း ကျွန်တော်သိလိုက်သည်။ သုံးနှစ်ပြည့်သောအခါမှ ဦးမူတီးတို့ ဆရာတပည့်နှစ်ယောက် ပြန်လာကြသည်။ ထိုပြန်လာသည့် အချိန်မှစ၍ ဦးမူတီးသည် ပုံစံတွေ ပြောင်းသွားတော့သည်။ လွန်ခဲ့တဲ့ သုံးနှစ်က သူ့ထံတွင် အင်းလက်ဖွဲ့တို့ကို အကြောင်းပြု၍ ဝင်ထွက်ခဲ့သော ကျွန်တော်တို့ရွာသားများကို နှုတ်ဆက်ခြင်းမပြုတော့ပေ။

နဂိုထဲက ရွာတစ်ရိုးတစ်ခါ မလျှောက်ဘူးတဲ့ သူတစ်ယော သည် ယခုဆိုလျှင် အိမ်ထဲက အိ ပြင်ပင် မထွက်တော့ပေ။ ချောင်းအ တိုင်း မျှောယူကြသော ဝါးဖောင်သ မားတွေဆီမှ သူ့တပည့်ဆိုသူသည် ဖောင်သမားတွေခေါ်လာပြီး အိမ် ပတ်ချာလည်တွင် ဝါးလုံးတွေ အောင် ကာပြန်သည်။ ထိုသို့ကာပြီး မှ ဝါးဖောင်သမားတွေ၏ အဆက် အသွယ်နှင့် လက်သမားတွေ ခေါ် လာပြီး အိမ်ဆောက်ပြန်သည်။

ထိုသို့အိမ်ကြီးကို ဆောက် သော်လည်း ရွာထဲကလူတွေကို အ လုပ်သမားအဖြစ် တစ်ယောက်မှ မသုံးပေ။ လေးပင်သုံးခန်းအိမ်ကြီးသည် ကျွန်တော်တို့ရွာတွင် သူ့အိမ်သည် အကြီးဆုံးအခန့်ထည်ဆုံး ဖြစ်သည်။

ဦးမူတီးသည် ရွာကလူကို မည်သို့မျှ မသုံးသည့်အပြင် ထမင်းချက်နဲ့ သူ့မိသားစုအတွက် ဆရာဝန်





ကိုပင် ပဲခူးမြို့ပေါ်က သူတွေသာပဲ သုံးသည်။ ရွာထဲကလူများသည် ဦးမူတီးကို ဒီရွာမှာ တစ်စုံတစ်ခုဖြစ်မှ ကျူးလွန်ပြီး လာရောက်တိမ်းရှောင်နေသူ မိသားစုဟု တီးတိုးပြောကုန်ကြသည်။ သို့မဟုတ်ပါကလည်း ရူးသွပ်နေသူ တစ်ယောက်ဟုလည်း ထင်ကြသည်။

အချို့ကလည်း ဦးမူတီးကို ဂါထာမန္တရား လက်ဖွဲ့အစီအရင်တွေ ပြုလုပ်နေ လူစွမ်းကောင်းမျက်စိ၏ အမျိုးအနွယ်ဟုလည်း အမျိုးမျိုးထင်ကြေးပေးကြသည်။ သူတို့၏ ထင်ကြေးအမျိုးမျိုးကို ကျွန်တော်ဆီ ပန်းပုထုရင်းက အနားမှာထိုင်၍ စကားလာပြောခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် ကြားဖူးနာဖူးခဲ့ပြီးဖြစ်သည်။ ထိုအတွက်ကြောင့် ကျွန်တော်နှင့် မင်းမောင်မှာ မကြားချင်သည့် အဆုံးကြားနေရ၏။

ကျွန်တော်သည် မြန်မာရိုးရာ ပန်းပုပညာဖြင့် အသက်မွေးဝမ်းကြောင်းမှု ပြုသူဖြစ်သောကြောင့် နံနက်မိုးလင်းမှ မိုးချုပ် အိမ်အောက်ကွက်လပ်တွင် အလုပ်နှင့်လက်နှင့် မပြတ်အောင် ထုဆစ်နေရသည်။ ထိုသို့ ကျွန်တော် အလုပ်ကို လုပ်နေစဉ်အတွင်း လှည်းလမ်းကြောင်းက ကျွန်တော်ကို မြင်သည်နှင့် သူတို့သည် ရေနွေးသောက်ရင်း စကားဝင်ပြောကြတော့ ကျွန်တော့်မှာ ထပြေးဖို့လည်းခက် နားထောင်ဖို့လည်းခက် အနေထားတွင် နားထောင်ဖို့က ကျွန်တော်အတွက် အသင့်တော်ဆုံး ဖြစ်သည်ဟု ဆုံးဖြတ်ပြီးနားထောင်ရတဲ့ တာဝန်ကိုပါ ထမ်းဆောင်ရတော့သည်။

❁❁❁

တစ်နေ့တွင် ကျွန်တော်သည် ပဲခူးရွှေမောတောဘုရားသို့ ပန်းပုရုပ်ထုတွေ ပို့ပြီး မော်တော်ဆိပ်သို့ ပြန်လာခဲ့သည်။ မော်တော်ထွက်ဖို့ အချိန်စောသေး၍ ကျွန်တော်သည်

ဆိုက်ဆာနေ၍ စားသောက်စရာတို့ကို ရောင်းသောဆိုင်တစ်ခုထဲသို့ ဝင်ရောက်လာခဲ့သည်။

မုန့်တီတစ်ပွဲကို မှာနေစဉ် ကျွန်တော်ထိုင်နေရာ စားပွဲသို့ မိန်းကလေးတစ်ဦး ဝင်ထိုင်သည်ကို သတိထားမိသည်။ နက်ပြာရောင် လုံချည်ကို ဝတ်ဆင်ထားပြီး အညိုရောင် အပေါ်ရင်ဖုံးအင်္ကျီကို ဝတ်ထားသောကြောင့် အသက်ကြီးတဲ့ အမျိုးသမီးတစ်ယောက် ကျွန်တော်နားတွင် ဝင်ထိုင်လာသည်မို့ နေရာကို နည်းနည်းကျုံ့ပေးလိုက်သည်။

အမျိုးသမီးသည်လည်း ကျွန်တော့်လိုပင် မုန့်တီကို မှာသည်ကို ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော် လှည့်တော့မကြည့်ဖြစ်ပေ။ ကျွန်တော်မုန့်ကိုသာ ကျွန်တော်စားနေ၏။ မိန်းကလေးသည် ကျွန်တော်နေရာကို ကျုံ့ပေးသည်ကို နေရာကျဉ်းသေးသည်ဟု ထင်မှတ်၍လား မသိ ကျွန်တော်ဘက်ကို ပို၍တိုးလာသည်။

ထိုအခါမှ ကျွန်တော်သည် မျက်နှာကိုကြည့်မိသည်။ ကျွန်တော်ထက်ငယ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်ကို တွေ့လိုက်ရသည်။ ကျွန်တော်သည် စားပြီး၍ ငွေရှင်းပြီး မော်တော်ဆီသို့ ဆင်းလာပြီးပဲ့ပိုင်းတွင် ဝင်ထိုင်ပြီး ပွတ်ချွန်တစ်လိပ်ကို မီးညှိ၍ ဖွာနေစဉ် စောစောက ကျွန်တော့်ဘေးနားတွင် မုန့်တီစားခဲ့သော မိန်းကလေးသည် ကျွန်တော်တို့ မော်တော်ပေါ်သို့ သူလည်းတက်လာခဲ့သည်။

မော်တော်၏ အမိုးအောက်ဝင်းထဲတွင် ဝင်နေသောကြောင့် ကျွန်တော်၏ မြင်ကွင်းမှ ပျောက်နေသည်ဟု ဆိုရမည်ဖြစ်သည်။ သူ့ကို မမြင်တော့၍ ကျွန်တော်သည် ထုံးစံအတိုင်း မော်တော်မောင်းလာစဉ်အတွင်း ချောင်းရိုးဘေးတွင် ဟိုဟိုဒီဒီငေး၍ လိုက်ပါလာ၏။ မော်တော်စက်သံနှင့် ကျွန်တော်၏ အာရုံသည် ချောင်းရိုးလေးအတိုင်း မျောနေသောကြောင့် ကျွန်တော်တို့ ရွာအ





နားရောက်မှ စောစောက ရွာသို့ လိုက်လာသော လူစိမ်းမိန်းကလေးကို သတိရမိသည်။

ကျွန်တော် သတိရတဲ့အချိန်သည် မော်တော်ဆိပ်သို့ကပ်ချိန်နှင့် ကြုံနေပြန်၍ ဆင်းဖို့ရာ အာရုံထားရပြန်သည်။ ရှေ့မှထိုးဝါးထိုးတဲ့သူ ကြိုးချည်ပြီးမှ ကျွန်တော်တို့ မော်တော်ပေါ်မှ လူများဆင်းရသည်။

ကျွန်တော်သည် မိန်းကလေးကို သတိရလိုက်မေ့လိုက်နှင့် အိမ်သို့ရောက်ပြီး အတူနေသူ မင်းမောင်ကိုပင် မပြောမိဘဲ ရွှေမော်တော်ဘုရားက မှာလိုက်တဲ့ ရုပ်တုတွေစာရင်းကိုသာ ကြည့်နေမိသည်။ ကိုမင်းမောင်လည်း သူ့အဂ္ဂိယအလုပ်တွေနဲ့ ရှုပ်၍နေသည်။

ကျွန်တော်စိတ်တွင်တော့ ရွာထဲကို မိန်းကလေးတစ်ယောက် ရောက်လာသည်ကိုတော့ သတိရလျှက်ရှိပြန်သည်။ ထိုသို့ သတိရခြင်းက ကျွန်တော့်အတွက် ထူးဆန်းနေသလို ဖြစ်သည်။ ကျွန်တော်သည် ကိုယ်တိုင်တော့ ပန်းပုထုတဲ့ အထက်ကလွဲ၍ ဘာမှမတတ်သော်လည်း သူများတွေ တတ်တဲ့ပညာတွေကို စိတ်ဝင်စားသည်ဟု ဆိုရမည်။

❖❖❖

ကျွန်တော်တို့ နှစ်ယောက် ထိုင်နေရင်းနှင့် ညဉ့်သည် အတော်ပင် ညဉ့်နက်လာသောအခါ မင်းမောင်သည် သူအိပ်ချင်လာပြီဟု အိပ်ရာသို့ ဝင်သွားသည်။ ကျွန်တော်ကိုယ်တိုင်လည်း အိပ်ချင်လာပြီဖြစ်၍ ပက်လက်ကုလားထိုင်မှ ထဖို့ စိတ်ကူးလိုက်စဉ် နားထဲသို့ အသံတစ်သံကြားလိုက်ရ၍ ကျွန်တော် ကုလားထိုင်တွင် ထိုင်ရမလို ထရမလိုဖြစ်လာသည်။

"ကိုမင်းမောင် ကြားလား"

အိမ်ခန်းထဲသို့ ခြေလှမ်းပင် ရောက်နေသော ကိုမင်းမောင်သည်

ကျွန်တော်အသံကို ကြား၍ နောက်ကြောင်းပြန်လှည့်လာသည်။ ကိုမင်းမောင်သည် ထိုင်လည်းမထိုင်ဘဲ ကျွန်တော်နားတွင် မတ်တပ်ရပ်လျှက်ပင်ရှိသည်။

ကျွန်တော်က မှန်အိမ်အလင်းရောင်တွင် ထင်နေသော သူ့မျက်နှာကိုကြည့်ပြီး "ကိုမင်းမောင် အသံကြားလားလို့ မေးတာပါ"

ကိုမင်းမောင်သည် တစ်ခဏမျှ အာရုံစိုက်ပြီး ကျွန်တော့်ကို ခေါင်းညိတ်ပြလိုက်၏။ သူလည်းကြားသည်ဆိုသည် သဘောပဲဖြစ်သည်။

ကျွန်တော် အားတတ်သလိုဖြစ်လာသည် အဖော်ရှိ၍ ကြောက်စရာမလိုတော့ပေ။ အသံသည် ခွေးအူသံလိုလို အသံမျိုး၊ နောက်တော့ မြွေတွန်သံလို အသံမျိုးတွေဖြစ်သည်။ ဒီအသံမျိုးတွေကို ကြားရသည်မှာ ကြက်သည်းမွေးညင်းထစရာတွေပဲ ဖြစ်သည်။

ကိုမင်းမောင်သည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ကျွန်တော်ဘေးနားတွင် ဝင်ထိုင်လိုက်သည်။ ဝ သာ ထိုင်သည်။ သူ့မျက်လုံးများ ကန်ကြီး၏ တစ်ဖက်တွင်ပင် စူးစူ စိုက်စိုက်ကြည့်၍နေသည်။

ဒီတစ်ခါကျမှ ကိုမင်းမော လည်း ကျွန်တော်လိုပဲ စိတ်ဝင်စ နေပြီဆိုသည်မှာ သေချာပြီ။ ကျွ တော်တို့ နှစ်ယောက်၏ မျက်စေ့နာ တို့သည် တိုင်ပင်ထားသည့်အလာ စူးစိုက်နေကြ၏။ ထိုအတွက်လည် ပင်ပန်းသည်ဟု မထင်မိကြပေ။

အသံသည် ဦးမှုတ်အိမ်ဘက် မှ လာသော အသံပင်ဖြစ်သည်။ အ သံသည် တစ်ဖြေးဖြေးနှင့် ပီသလာ သည်။ ပီသသထက်ပီသလာသော အခါတွင် ကျွန်တော်တို့ နှစ်ယောက် မတ်တပ်ရပ်လျှက် ဝရံတာလက် ရမ်းကလေးကိုကိုင်ပြီး ကြည့်နေကြ သည်။

လူတစ်ယောက် ပြေးလာတဲ့ အသံမျိုးက ကျိန်းသေနေသည်။ ကန်ကိုပတ်နေသော အသံသည် လှည်းလမ်းကြောင်းဘက်ကို ဦး





ည်နေသည်ကို ကျွန်တော်သတိ ားမိသည်။ ကျွန်တော်ပင် အ က်ရှုဖို့ မေ့နေသလို အဖြစ်မျိုးကြုံတွေ့နေရသည်။ ဒီကြုံတွေ့မှုမျိုးတွေ ကြုံနေရသည်။ လှည်းလမ်းကြောင်းအတိုင်း ပြေးလာသော အသံသည် ခုပ်မ းဘဲ ကျွန်တော်နားတွင် ပို၍ ၍ ကြားနေရသည်ပဲဖြစ်သည်။

ထိုသို့ ကြားရဖန်များလာသော်လည်း ကျွန်တော်တို့နှစ်ယောက်အတွက် အသံသည် နားစွင့်နေရသော အသံပဲဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ ဖြစ်နေရသော အသံကြောင့် ကိုမင်းမောင်သည် ကျွန်တော်ကို မည်သို့လဲဟူသော မျက်လုံးတို့ဖြင့် ကြည့်၍နေသည်။

လူခြေတိတ်နေသော အချိန်တွင် ကြုံတွေ့ရသော ကြုံတွေ့မှုသည် ကျွန်တော်တို့နှစ်ယောက်အတွက် စိတ်သက်သာစရာတော့ မဟုတ်ပေ။ ဒီလိုမှ ခံစားတတ်သည်ဆိုသော သူတွေရှိသည်ဆိုလျှင် ထိုအထဲ၌ ကျွန်တော်မပါချင်တော့၊ အစက ဤမျှလောက်ဆိုးမည် မထင်၍ ကျွန်တော် မျှော်လင့်စောင့်စားနေခြင်းဖြစ်ပြီး ယခုတော့ မဟုတ်တော့ပေ။

လှည်းလမ်းကို ကျွန်တော်တို့အိမ်ပေါ်မှကြည့်လျှင် အတိုင်းသားမြင်နေရသည်။ ကျွန်တော်တို့နှစ်ယောက်စလုံး မြင်နေရသည့် မြင်ကွင်းက လှည်းလမ်းကြောင်းတွင် လူတစ်ယောက် လမ်းလျှောက်လာခြင်းပဲဖြစ်သည်။ ထိုလူသည် ရွာတဲဘက်ကို မသွားဘဲ ကျွန်တော်တို့ အိမ်ဘက်ကို ချိုးကွေ့လာသောကြောင့် ကိုမင်းမောင်သည် အဘယ်တွက်ဟုသော အဖြေသိချင်နေသည့် မျက်နှာပင်တည်း. . . .

ကျွန်တော်တို့ အိမ်ထဲဝင်လာသောသူသည် အလွန်မောပန်းနေပုံရသည်။ ရေနံဆီမီးအလင်းရောင်သည် ဝင်လာသော သူအဖို့ မျှော်လင့်ချက်တစ်ခုလို ဖြစ်နေသည်။ အနီးသို့ရောက်လာမှ ထိုလူသည် အသံ

ပြုနေသည်။

"ကျွန်တော် မောင်ဟန်ပါ အိမ်ပေါ် လာပါရစေ"

ဦးမူတီး၏သား ကိုမောင်ဟန်သည် ကျွန်တော်တို့နေထိုင်ရာ အိမ်ရှေ့အရောက်တွင် အသံတုန်တုန်နှင့် လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ တက်ခဲ့ပါ. . တက်ခဲ့ပါ"

ကျွန်တော်က အလိုက်သင့် ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါ ကိုမောင်ဟန်သည် အိမ်ပေါ်သို့ တခဏအတွင်း ရောက်လာသည်။

"ထိုင်ပါ ကိုမောင်ဟန်"

ကျွန်တော်သည် အသင့်ခတ်ထားသော ရေခွက်ကို ကိုမောင်ဟန်အား ပေးလိုက်သည်။ ကိုမောင်ဟန် ရေကို တစ်ကျိုက်ကျိုက်သောက်ပြီး သူ့ ရင်ထဲ အလုံးကြီးတစ်လုံးကျသွားသည့်ပုံစံဖြင့်. . .

"ကျွန်တော်တို့ကို ကယ်ပါဦး ကိုသက်ပြင်း အိမ်မှာလေ. . . အိမ်မှာ".

ကိုမောင်ဟန်သည် စိ
လောကကြီးစွာ ပြောနေသည်ပဲဖြ
သည်။

"ကိုမောင်ဟန် စိတ်ငြိမ်ငြိ
ထားပြီးပြောပါ ကိုမောင်ဟန်"

"ကျွန်တော် စိတ်လောနေ
ပါ၊ အိမ်မှာ မြွေတွေထွက်လာ
ကျွန်တော်တို့ ဘယ်လိုမှ နေလို့မ
တော့ဘူး ကိုသက်ပြင်း လိုက်
မောင်းထုတ်ပေးပါ ကိုသက်ပြင်း"

ကျွန်တော် ကိုမောင်ဟန်ပြေ
သည့် စကားကို အပြည့်အစုံ န
မလည်ဟု ဆိုရမည်။

"နို့. . . နေပါဦး ကိုမော
ဟန် ခင်ဗျားတို့အဖေ ဦးမူတီ မရှိ
လား"

"မရှိပါဘူးခင်ဗျာ၊ အ
ပဲ ခရီးထွက်သွားပါတယ
အဲ. . . ကျွန်တော်ပြောဖို့ မေ့နေတ
တစ်ခုရှိတယ်"

"အဖေသွားပြီး မနေ့က
ခင်း မော်တော်နဲ့ အိမ်ကိုဧည့်သ
တစ်ယောက် ရောက်လာတယ်





နောက် သည်အမျိုးသမီးလေးဟာ အဖေ့ဆီက စာတစ်စောင်ကို ထုတ်ပြတဲ့အတွက် ကျွန်တော်တို့ဟာ သူ့ကိုအိမ်မှာ နေခွင့်ပေးလိုက်ရတယ်"

"ဒါပေမယ့် ကျွန်တော်တို့အိမ်က လူအရေအတွက်နဲ့ တိုင်းပြီး ဆောက်ထားတဲ့ အိမ်ဆိုတော့ ဧည့်သည်အတွက် နေရာဆိုတာသီးသန့်ရယ်လို့ မရှိတဲ့အတွက် အမေက ကျွန်တော့်ကို တိုင်ပင်တဲ့အခါအခန်းလွတ်တစ်ခုတော့ ရှိတဲ့အကြောင်း ကျွန်တော်တစ်ယောက်ပဲ သိတယ်လေ။ အဲဒီအခန်းကလည်း အဖေရဲ့ သီးသန့်အခန်းကိုပဲ ဆိုရမယ့် အခန်းတစ်ခန်းပဲ အဲဒီအခန်းမှာ ကျွန်တော်ကိုယ်တိုင်ပဲ နေရာပေးခဲ့ပါတယ်။"

"ဒါပေမယ့်. . ."

ကိုမောင်ဟန် သူ့စကားကို ရပ်လိုက်ပြီး တောင်မြောက်လေးပါးစလုံး လိုက်ကြည့်နေသည်။ သူလိုက်ကြည့်သည့်အတွက် ကျွန်တော်လည်း လိုက်ကြည့်မိသည်။ ဒါပေမယ့် ဘာမှ မတွေ့ပေ။

"ကျွန်တော် မျက်လုံးထဲ အခုထိ မထွက်တာတစ်ခုက သူ့ကို ကျွန်တော် အခန်းထဲထည့်ပြီးပြန်အထွက်မှာ ကျွန်တော့်နောက်ကို လှည့်ကြည့်တာကိုး"

"ခင်ဗျား လှည့်ကြည့်တော့ ဘာတွေ့လဲ"

"ပြောမယ်လေ ဆရာရယ်၊ ပြောပါ့မယ်၊ သူ့မျက်လုံးတွေ ကျွန်တော့်ကို အရောင်တစ်ဖိတ်ဖိတ် တောက်အောင်ကို ကျွန်တော့်ကို ကြည့်နေတာပဲ ခင်ဗျာ"

"သူနဲ့ ကျွန်တော်မျက်လုံးချင်း မဆိုင်နိုင်အောင် ဖြစ်သွားတယ်ဗျာ၊ ကျွန်တော်ကြည့်ရင်းက ကြည့် သီးမွေးညှင်းထလာပြီး ဆက်မကြည့်နိုင်တော့ဘူး ခင်ဗျာ"

"သူ့ မျက်လုံးတွေဟာ မြွေမျက်လုံးတွေလိုပဲ မျက်တောင်မခတ်ဘဲ တောက်နေတယ်။"

"ဒါနဲ့ ကျွန်တော် သူ့ရှေ့ မြန်မြန်ထွက်ခဲ့တယ်ဆိုပါတော့ဗျာ"

ကျွန်တော်သည် သူပြောတာ

ကို နားထောင်ရင်း ကြက်သည်းမွေး ညှင်းထလာသည်။ ကိုယ်တိုင်မတွေ့ ကြုံရပေမယ့် သူ့အမူအရာကို ကြည့် သည်နှင့် ကျိန်းသေသည့်အကြောင်း တွေပဲဖြစ်သည်။

"အဲဒါနဲ့ ညကိုရောက်တယ် ပေါ့ဗျာ၊ ဒီမှာ ကျွန်တော့် အမေနဲ့ ညီမလေးကို မပြောမိတာကျွန်တော့် အမှားပဲ"

ကျွန်တော်သည် မော်တော် ပေါ်တွင် အမှတ်တမဲ့ ကြုံခဲ့ရသည့် မိန်းကလေးကို သတိရမိသည်။

"အခု ကျွန်တော်အိပ်တဲ့ နေ ရာက အခုကိုသက်ပြင်းတို့ အိမ်က ကြည့်ရင်း မြင်နေရတဲ့ အခန်းဟာ ကျွန်တော့်အခန်းပဲ ဒီအခန်းထဲမှာ ကျွန်တော်တစ်ယောက်တည်း အိပ် တယ်ဗျာ"

"အခု ကျွန်တော် ဒီကို မလာ ခင် တစ်နာရီလောက်မှာ အဖေ့အ ခန်းဘက်က သေတ္တာဖွင့်သံကြားလို့ ကျွန်တော် လန့်နိုးသွားတယ်ခင်ဗျာ။ ကျွန်တော် နိုးနိုးခြင်းပဲ အဲဒီအခန်းကို

အပြေးသွားပြီး တံခါးဖွင့်တဲ့အခါ… လို့မရဘူး။ ဒါနဲ့ ကျွန်တော်လ… တံခါးအလည်မှာ မှန်ပေါက်က… ထဲကနေ အတွင်းကိုကြည့်လိုက်… အခါမှာ ကျွန်တော်ထင်တဲ့အတို… အဖေရဲ့ ရှေးဟောင်းမျက်လှ… သေတ္တာကြီးက ပွင့်နေတယ်။ … တာမှဗျာ အဖုံးကို ထောင်ပြီးထား… ဖွင့်နေတော့ ကျွန်တော် တစ်ခန်း… ကို မှန်အိမ်အလင်းရောင်ကြေ… ကြည့်တဲ့အခါမှာတော့ အမျိုးသ… ကို မတွေ့ဘူးခင်ဗျာ"

"ဒီလောက်ရှင်းတဲ့အခန်း… မှာ လူတစ်ယောက်လုံးပျောက်… တာဟာ အံ့စရာတစ်ခုပဲ၊ ကျွန်… ကြည့်ရင်း ကြည့်ရင်းနဲ့ဗျာ၊ အ… မျက်လှည့် သေတ္တာထဲက မြွေ… တစ်ကောင် ထွက်လာတယ်။ ကျ… တော့် ပေါင်လုံးလောက်ရှိတဲ့ မြွေ… ပဲ"

"အပြင်ရောက်ပြီးလို့ မကြာ… ဘူး။ အဲဒီမြွေကြီးဟာ စန့်စန့်ကြီး… ပြီး သူ့ဗိုက်ကြီးပေါ်ထွက်လာတ…





ဗျာ"

"အောင်မလေး. . . ဗိုက်ထဲ က မြွေကလေးတွေ ထွက်လာလိုက် တာမှ မပြောနဲ့တော့ အကောင်တစ် ရာ လောက်တောင်ရှိမယ် ထင် တယ်"

"ကျွန်တော်တို့ အိမ်ထဲ မြွေ တွေသားပေါက်တာကို ကျွန်တော် မြင်တာ။ ဒါ ပထမဦးဆုံးအကြိမ်ပဲ။ အဲဒီမြွေလေးတွေကို ကြည့်ပြီး ကျွန် တော် လန့်လာပြီး ဆက်မကြည့်ရဲလို့ ကိုယ့်အခန်းထဲကို ကိုယ်ပြန်ပြေးလာ ရတယ်။ ကျွန်တော် အိပ်တဲ့အခန်းနဲ့ အဖေသီးသန့်အခန်းက ကပ်နေတာ ရယ်၊ အိမ်ရှေ့ဝရံတာကို ထွက်လို့ရ တာ ကျွန်တော့် အခန်းတစ်ခုပဲရှိတာ မို့ ကျွန်တော် ကြောက်ဒူးတုန်အောင် ကြောက်နေတာပေါ့ဗျာ"

"ကျွန်တော် ကြောက်ရတဲ့အ ကြောင်းထဲမှာ အဖေ့စိတ်ကူးကြောင့် လည်း ပါတယ် ကိုသက်ပြင်း။ အဖေ က ကျွန်တော့် အခန်းတံခါးကို အောက်ကနေ တစ်ထွာလောက် ဟ ထားတယ်။ အဲဒီဟထားတဲ့အပေါက် ကပဲ ကျွန်တော်ကြောက်ပါတယ်ဆို တဲ့ မြွေတွေဝင်လာပါရောဗျာ။"

"အခုဆိုရင် ညီမလေးအခန်း နဲ့ အမေ့ အခန်းထဲမှာပါ မြွေတွေ ရောက်နေမှာ ကျိန်းသေနေပြီ။ ဒါ့ ကြောင့် အခု ကျွန်တော် ဝရံတာက ခုန်ဆင်းခဲ့တာ ကိုသက်ပြင်း"

ကိုမောင်ဟန်သည် ပြောရင်း မောသွားပုံပေါက်နေသည်။ ကိုမင်း မောင်သည် ကွမ်းယာတစ်ယာယာပြီး ကိုမောင်ဟန်ကို ပေးလိုက်သည်။

"ကျွန်တော် ကွမ်းမစားတတ် ပါဘူး။ ဆေးလိပ်လည်း မသောက် တတ်ပါဘူး"

ကိုမောင်ဟန်သည် ရေနွေး ကြမ်းတစ်ခွက်ကိုသာ သောက်လိုက် သည်။

"ဒါဆို အခုကိစ္စကို ကျွန် တော်တို့ ဘာကူညီရမလဲခင်ဗျာ"

ကျွန်တော်သည် ကိုယ်နိုင်တဲ့ တာဝန်ကို ကူညီနိုင်သလောက် ကူ ညီချင်သောကြောင့် ကူညီမည်ဟု

ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်တော့် စကားကြောင့် ကိုမောင်ဟန် မျက်နှာလန်းသွားသည်။

"ဒါဆိုလည်း အခုပဲ လိုက်ခဲ့ပါ ကိုသက်ပြင်းရယ်၊ ကျွန်တော့် ညီမလေးကို စိတ်ပူနေပြီခင်ဗျာ"

ကိုမောင်ဟန်သည် ယခုမှ တစ်ကယ်စိတ်ပူသော အမူအရာအပြည့်ဖြစ်နေသည်။

"လိုက်ပေးမယ်နော်"

ကျွန်တော်တို့ နှစ်ယောက်သည် ကိုမောင်ဟန်နှင့်အတူ အိမ်တံခါးစေ့ထားခဲ့ပြီး လိုက်လာခဲ့ကြသည်။

ဦးမူတီးတို့ အိမ်ကိုရောက်သောအခါ မိုးလင်းခါနီးနေပြီးဖြစ်၍ ကျွန်တော်သည် အိပ်ချင်စိတ်ပင်ဖြစ် လာသည်။ ကိုမောင်ဟန်ကြောက် အားလန့်အားနှင့် ပြေးလာသည်ကတော့ အမှန်ဖြစ်နိုင်သည်။ သူတို့၏ ခြံစည်းရိုးဝင်းတံခါးသည် ပွင့်လျက်ပင်ရှိသည်။ သူ ထွက်လာပြီး ပြန်မပိတ်ခဲ့ခြင်းလ
ဖြစ်သည်။

ကျွန်တော်တို့အတွက်
ခက်တွေ့သည် အိမ်၏အဝင် ပေါ
တံခါးပိတ်ထားခြင်းပဲ ဖြစ်သ
ဒါကြောင့် ကိုမောင်ဟန်သ
ဝရံတာမှ ခုန်ဆင်းလာခဲ့ရသည်
လည်း ကျိန်းသေနေသည်ပဲ ဖ
သည်။

"ဒီလိုလုပ် ကျွန်တော်အ
တွယ်တက်ပြီး တံခါးဖွင့်ပေ
ကိုသက်ပြင်းတို့ ဝင်လို့ရမယ်။ ဟ
မဖြစ်သေးဘူး။ ကျွန်တော့် အခန်း
မှာ မြွေ. . . မြွေတွေရှိတယ်ကိုသ
ပြင်း၊ ကျွန်တော်တို့ သုံးရောက်
တွက် အကြံအိုက်စရာပဲ ဖြစ်သ

"ကဲ. . . ဒီလိုလုပ် ကျွန်တေ
အရင်တက်မယ်၊ နောက်
ကိုမောင်ဟန်တက်ပေါ့ ဟုတ်လာ

ထိုအချင်းအရာကို ကိုမော
ဟန်က သဘောတူသည်။

"ကိုမင်းမောင်ကတော့ ဒီ
ပြင်ကပဲစောင့်၊ ကျွန်တော်တို့န





ယောက် တံခါးဖွင့်ပြီးမှ ခင်ဗျားဝင် လာပေါ့ဟုတ်လား"

"ဟာ. . . ကျွန်တော်လည်း အပြင်မှာ တစ်ယောက်တည်း မနေရဲဘူး"

"အေးလေ. . . ဒါဆိုလည်း တက်လိုက်ခဲ့လေ"

ကျွန်တော်တို့ သုံးယောက်သည် တစ်ဆယ့်နှစ်ပေလောက်ရှိတဲ့ အမြင့်ကို ခက်ရာခက်ဆစ်တွယ်တက်လာခဲ့ရသည်။ ဒီအမြင့်ကို ကိုမောင်ဟန် ခုန်ချတာ အံ့စရာတစ်ခုပဲဖြစ်သည်။ ကျွန်တော်က အပေါ်ကို ပထမဦးဆုံးရောက်တဲ့လူဖြစ်၍ နည်းနည်းတော့ လန့်စိတ်ဖြစ်လာသည်။ အကယ်၍ မြွေနှင့်တွေ့လျှင် ကျွန်တော်သည် ဘယ်လိုပြုလုပ်မည်လဲ။

ကျွန်တော် ဝရံတာလက်ရန်းပေါ်က မဆင်းသေးဘဲကိုမောင်ဟန့် အခန်းကို ကြည့်မိသည်။ အခန်းတစ်ခန်းလုံးရှင်းနေသည်။ သူပြောတဲ့ မြွေဆိုတာလည်း တစ်ကောင်မှ မတွေ့ပေ။ သူ့ကုတင်နှင့် အိမ်ထဲကို ထွက်တဲ့ တံခါးပေါက်သည်လည်း ၅ပေလောက်ပဲကွာသည်။ အတွင်းတံခါးကြီးကလည်း ပိတ်ထားမြဲပိတ်ထားသည်။

ကျွန်တော့်နောက်က ကိုမောင်ဟန် လိုက်ပြီးတက်လာသည်။ သူကိုယ်တိုင်လည်း ကျွန်တော် အခြေအနေကို ကြည့်နေသူဖြစ်သည်။ ကျွန်တော်က ခေါင်းငြိမ့်ပြလိုက်မှ သူသည် ကျွန်တော့်အနားကို တိုးကပ်လာသည်။ နောက်ဆုံး ကိုမင်းမောင် တက်လာသည်။

သုံးဦးစလုံး အပေါ်ရောက်သောအခါ ကျွန်တော်က. . .

"ကဲ. . . ကိုမောင်ဟန် ဘာမှ မရှိပါဘူး။ ခင်ဗျားထင်လို့ပါဗျာ"

ကိုမောင်ဟန်သည် မျက်လုံးကလေးအပြူးသားနှင့်ပင် သူ့အခန်းကို ကြည့်၍နေသည်။

"တစ်ကယ်ပါ ကိုသက်ပြင်း ကျွန်တော် မလိမ်ပါဘူး"

ကျွန်တော့် အခန်းထဲသို့ဝင်ပြီး

ကုတင်ပေါ်တွေ ကုတင်အောက်တွေ ကြည့်သော်လည်း မြွေနှင့်တူတာဆို၍ ဘာမှမတွေ့ဘဲဖြစ်နေသည်။ ကိုမင်းမောင်ကတော့ တစ်လုံးမှ ဝင်မပြောဘဲ ကျွန်တော်တို့ကို လိုက်ကြည့်ရုံသက်သက်ပင် ဖြစ်သည်။

ကျွန်တော် ကိုမောင်ဟန်၏ တံခါးမကြီးကို ဖွင့်လိုက်သည်။ တံခါးမကြီးမှတစ်ဆင့် ကျွန်တော်တို့ အိမ်ရှေ့ဘက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ရောက်မှ ကိုမောင်ဟန်သည် သတိရလာပြီး..

"ဟ... နေဦး ကိုသက်ပြင်း ညီမလေးအခန်းကို ကြည့်ရအောင်"

ကျွန်တော်က အိမ်မကြီးအထွက်ပေါက်တံခါးကို ဖွင့်နေစဉ် ကိုမောင်ဟန်က ပြောပြီး သူ့အမေနှင့် သူ့ ညီမလေးအိပ်တဲ့အခန်းသို့ တံခါးခေါက်လိုက်သည်။

"ခေါက်... ခေါက်"

အထဲမှ လူသံလိုလို ကြားလိုက်ပြီး တံခါးပွင့်လာသောအခါ မိန်းမကြီးတစ်ယောက်ဖြစ်သည်။

"ဘာဖြစ်လို့လဲသား"

မိန်းမကြီးသည် သူ့သားအပ အဝင် လူသုံးယောက်ကိုတွေ့၍ အံ့သြသော အမူရာဖြစ်ပြီး မေးနေ၏

"ဘာမှ မဖြစ်ပါဘူးအမေ အမေနဲ့ ညီမလေးလန့်များလန့်သ လားလို့ပါ"

"ဟဲ့... သားရဲ့ ဘာကိုလန့်ရ မှာလဲ"

"ဟဲ့... မောင်သက်ပြင်းနဲ့ မောင်မင်းမောင်က အိမ်ကို ရောက် နေရတာလဲ"

အဖွားကြီးသည် မယုံသင်္ကာ မျက်လုံးတို့ဖြင့် မေးနေခြင်းဖြစ် သည်။

"ဟို... ဟို ကျွန်တော်.."

ကိုမောင်ဟန်သည် မသိစေ ချင်၍လားမသိ စကားကိုထစ်ငေ့ နေသည်။

"ကျွန်တော် ကိုသက်ပြင်းတို့ အိမ် ဆွမ်းထချက်ဖို့ သွားပြောတာပါ"





"ဪ... ဆွမ်းချက်ဖို့ သွားပြောပြီးပြီပဲ၊ သူတို့က ဘာဖြစ်လို့ အမေတို့ အိမ်ကိုလိုက်လာရတာလဲ။

ကတ်သီးကပ်သတ်အဖွားကြီး မေးသောကြောင့် ကိုမောင်ဟန် မည်သို့ ပြန်ဖြေရမှန်းမသိဖြစ်နေ၏။

"ကဲ... အမေပြန်အိပ်ချင်အိပ်တော့နော် ကျွန်တော်တို့ အဖန်ရည်လေးသောက်ဦးမယ်။ ကိုမောင်ဟန်က စကားအသံမာမာနှင့် ပြောလိုက်မှ အဖွားကြီးတိတ်သွားပြီး သူ့အခန်းတံခါးကိုလည်း ပိတ်ပစ်လိုက်သည်။

"ကဲ... လာ ကိုသက်ပြင်း ကျွန်တော်တို့အဖေ အခန်းထဲကို သွား သွားကြည့်ရအောင်"

ကိုမောင်ဟန်က ရှေ့ကဦးဆောင်ပြီး တက်ခဲ့၍ ကျွန်တော်တို့ သူနောက်က လိုက်ခဲ့ရသည်။ ဦးမူတီး၏ သီးသန့်အခန်းသည်ပိတ်ထားမြဲဖြစ်ပိတ်ထားသည်။

အခန်းတွင်းသို့ ကြည့်စရာ မှန်ပေါက်ကလေးတစ်ပေါက်ကကျွန်တော့်ကို ကြည့်ခိုင်း၍ အခန်းတွင်းသို့ ကြည့်လိုက်သောအခါ အခန်းထဲတွင် သေတ္တာကြီးတစ်လုံးရှိသည်မှလွဲ၍ ဘာမှမမြင်ပေ။ ခေါင်းရင်းဘက်နားတွင်တော့ အမျိုးသမီးတစ်ယောက် ပက်လက်ကြီး အိပ်နေသည်ကို တွေ့ရသည်။ ကျွန်တော်ကြည့်ပြီး၍ ကိုမောင်ဟန်ကို ကြည့်စေ၏။ ကိုမောင်ဟန် အံ့သြခြင်းနှင့် ကျွန်တော်တို့ဘက် လှည့်လာပြီး..

"ကျွန်တော် ကြည့်တုန်းက အဲဒီအမျိုးသမီး အဲဒီလို အိပ်နေတာ မဟုတ်ဘူးဗျ။"

ကိုမောင်ဟန်သည် မျက်စေ့မျက်နှာပျက်နှင့် ပြောနေသည်။ ထိုသို့ ပြောနေခြင်းသည် သူတွေ့ခဲ့သည့်အတွေ့က အမှန်ဖြစ်ကြောင်းသက်သေပြနေသလို ဖြစ်သည်။ ကျွန်တော် ကိုယ်တိုင်လည်း မယုံတစ်ဝက်ဖြစ်နေသည်။

ကျွန်တော်ကို တံခါးဖွင့်ပြီး ဝင်ဖို့ကို တိုက်ပင်သောအခါ...

"မဝင်ပါနဲ့ သူက မိန်းကလေး

တစ်ယောက်ဖြစ်နေတဲ့အတွက် ဝင်ဖို့မကောင်းပါဘူး။”

အထဲတွင် အိပ်နေသော သူကတော့ မနိုးပေ။

“ကဲ. . . မိုးလည်းလင်းခါနီးပြီး ကျွန်တော်တို့ ထိုင်စောင့်ကြတာပေါ့ဗျာ”

ကျွန်တော် ကိုယ်တိုင်စိတ်ပါလာ၍ ပြောလိုက်၏။

မိုးသည် ထိန်ထိန်ကြီးလင်းလာပြီဖြစ်သည်။ အိမ်သားများလည်း အားလုံး နိုးလာပြီဖြစ်၍ ကိုမောင်ဟန်က သူ့အဖေ၏သီးသန့်အခန်းသို့သွားရန် ကျွန်တော်ကိုပြော၍ ကျွန်တော်တို့အားလုံးအပေါ်သို့တက်ခဲ့ကြသည်။

တံခါးသည် ပိတ်ထားမြဲပိတ်ထားသည်။ ကျွန်တော်တို့ အထွက် အထဲကို ချောင်းကြည့်သောအခါ၌လည်း ညှို့သည်မိန်းကလေးသည် ကျွန်တော် တွေ့တဲ့နေရာတွင် တုံးလုံးကြီးပဲဖြစ်သည်။

“ကိုမောင်ဟန် တံခါးတွန်းဖွင့်ဖို့ပဲ ရှိတော့တယ်”

ကျွန်တော် ပြောသည်က… ကိုမောင်ဟန်က ထောက်ခံနေသော… ကြောင့် ကျွန်တော်လည်း ကိုမင်း… မောင်ကို ကိုယ်လုံးနှင့်တွန်းဖွင့် ရ… ပြောလိုက်သည်။

ကိုမင်းမောင် ဆယ်ချက်… တွန်းဖွင့်သော်လည်း မပွင့်ဘဲဖြစ်… ၍ ကျွန်တော်သည် အထဲက အိ… နေသူမှာ နိုးမလားဟူသော စိုးရိ… စိတ်ဖြစ်လာရတော့သည်။ ကျွ… တော့်အခန်းကို ကြည့်သောအခါ… မိန်းကလေးသည် တုတ်တုတ်မျှမလှု… ၍ အထဲတွင် တစ်စုံတစ်ခုဖြစ်နေပြ… မှာ သေချာနေပြီဖြစ်သည်။ ထိုအ… ခိုက်တံခါးသည် လျှောလျှောရှုရှု… ပွင့်သွား၍ ကျွန်တော်တို့အားလုံး အ… အားသင့်ပြီး အထဲသို့ဝင်ခဲ့ကြသည်…

ကျွန်တော်မျက်လုံးများ မယုံ… နိုင်စရာပင် ယခု ကျွန်တော့်ရှေ့က… မိန်းကလေးသည် ကျွန်တော်နှင့် မှ… ဟင်းခါးဆိုင်မှာ မော်တော်ပေါ်မှာ… တွေ့ခဲ့သော မိန်းကလေးပင် ဖြစ်…





…သည်။ သို့သော် စိတ်မကောင်းစရာ…ပင်။ ကျွန်တော်တို့ အားလုံးကြည့်နေ…ရသော မိန်းကလေး၏မျက်နှာသည် …ချက်ဖြူလန်နေပြီး ဖြစ်သည်။ ကိုမောင်ဟန်၏ အမေနှင့် ညီမတို့သည် မကြည့်ရဲကြတော့ပေ။

“အသက် မရှိတော့ဘူး ကိုမောင်ဟန်”

မိန်းကလေးကိုယ်တွင် သွေးခုန်ခြင်းမရှိသောကြောင့် ကျွန်တော် …ပြောလိုက်သည်။

“ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြ…မလဲ၊ မောင်သက်ပြင်း မင်းဦးလေး…ကလည်း မရှိဘူး။”

“ဒါကတော့ ရွာသူကြီးကို အ…ကြောင်းကြားပြီး စီစဉ်ရမှာပဲ ဒေါ်…ဒေါ်”

ကျွန်တော်မှာ ကိုယ့်အလုပ်နှင့်ကိုယ် အေးအေးပဲနေတတ်သူ တစ်…ယောက်ဖြစ်ပြီး ယခုလိုအရေးကိစ္စ…တွေတွင်တော့ မိမိတတ်နိုင်သ…လောက် ကူညီရမည်ကိုပင် ကိုယ်အသိစိတ်က ကူညီဖို့ဆုံးဖြတ်ပြီး၊ ဒီကိစ္စတွေကို အမြဲလုပ်ပေးနေကြ ဦးမြနှင့်အတူ ကျွန်တော်ကိုယ် ဆောင်ရွက်ပေးလိုက်ရသည်။

ကျွန်တော်တို့ အလောင်းကို မြေချပြီး ဦးမူတီးတို့ အိမ်သို့ပြန်လာကြသည်။ ညှို့သည်ဖြစ်၍ လိုက်ပို့တဲ့သူဆို၍ ကျွန်တော်၊ ဦးမြ၊ ကိုမောင်ဟန်၊ ကိုမင်းမောင်ပဲဖြစ်၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက် အမှုကို ပြုခဲ့ကြရသည်။

ကျွန်တော်တို့ အသုဘ အလောင်းကို မြေချပြီးသောအခါ အိမ်ကိုပြန်လာခဲ့ကြရာ အိမ်တွင် ဦးမူတီးတစ်ယောက် ပြန်ရောက်နေပြီဖြစ်သည်။ ကျွန်တော်တို့ ပြန်ရောက်သည်ကိုလည်း သူသည် စိတ်ဝင်စားဟန်မပြဘဲ သူနှင့် သူ့တပည့်များ တမူးမှုနေ၍ မည်သို့ပြန်လာရသည် အကြောင်းကိုသာ ပြောပြနေသည်။ ကျွန်တော်တို့ တစ်တွေကို အမင်္ဂလာဟုပဲ မှတ်ထားသလားမသိပေ။ စကားတစ်လုံးမှ မပြောဘဲနေသည်။ ကျွန်တော်တို့လည်း သူတောင်ပြော

စရာမရှိသည်မို့ ကိုယ်တိုင်က စပြော ရိုးထုံးစံမရှိပေ။

ထို့ကြောင့်လည်း ကိုမောင်ဟန်ကို နှုတ်ဆက်ပြီး ကျွန်တော်တို့ အသာပင်ပြန်ခဲ့ကြသည်။ ကျွန်တော်မှာ အခမ့်အသုဘပို့ခြင်းအပြင် ဦးမြကို ဒီလိုကူညီတဲ့အတွက် ဆန်၅ပြည်ပင် ထပ်ဆောင်း၍ ကုသိုလ်လုပ်လိုက်ရသေးသည်။

ဒီအတွက် ကျွန်တော်၏ ရလဒ်ကတော့ ဦးမြ၏ကျေးဇူးတင်ခြင်းပင်ဖြစ်သည်။

❁❁❁

ကျွန်တော်သည် အရာရာကို စေ့စပ်သေချာသူ ကျွန်တော် တွေ့လိုက်ရသော အလောင်းတွင် အဘယ်ကြောင့် ဗိုက်ပေါက်နေသည်ကိုတော့ စဉ်းစားမရအောင်ပဲဖြစ်သည်။ ဒီအရာကို အခြားလူတွေစိတ်ဝင်စား

မှု မရှိခဲ့ပေမယ့် ကျွန်တော်စိတ်
စားခဲ့သည်။ မည်သို့သော အဓိပ္ပာ
ကိုသာ ကျွန်တော် မသိသည်ပဲဖြ
သည်။

ဒီညတွင် ကျွန်တော်အတွ
တာဝန်တစ်ခု တိုးသည်ဟုဆိုနို
သည်။ ကျွန်တော်တစ်ဦးတည်
မတင်မကျမှုကို ကိုမင်းမောင်အ
ပြောမပြဖြစ်ဘဲ ကျွန်တော် ညအိ
ရာဝင်သည်အထိ နေခဲ့သည်။ တ
ချိန်ကျမှ ပြန်ပြောမည်ဟုလည်း ဆ
ဖြတ်ထားသည်။

တစ်ယောက်တည်းနေသေ
ညသည်ပို၍ ကြာနေသလိုပဲ ဖြ
သည်။ ညသည် တဖြည်းဖြည်းန
ညဥ့်နက်လာသည်။ ကျွန်တော် မီး
လုံးဝမဖွင့်ဘဲထားပြီး ကုလားထို
တွင် တစ်ယောက်တည်း ထိုင်၍
သည်။ ဒီကနေ့ သိချင်တာတွေ သိ
မည်ဆိုသော အတွေးတွေသည
ကျွန်တော့် ရင်တွင်ပြည့်၍နေသည်
တွေးဖို့ကြံဖို့ရခဲ့သော ကျွန်တော် ဦ
နှောက်ကို ဖန်ဆင်းပေးလိုက်သူတေ





အား ကျေးဇူးတင်မိသည်။ အချိန်သည် ကျွန်တော့်အတွက် တန်ဖိုးရှိခြင်းတစ်ခုပဲ ဖြစ်သည်။

"ဟုတ်ပြီ. . ."

အိမ်အပေါ်ထပ်တွင် အလင်းရောင်တစ်ခုသည် မျက်လုံးနှင့် တတ်အပ်မြင်လိုက်ရ၏။ မြင်သည်မှာ သဲသဲကွဲကွဲမြင်ရသည့် မြင်ကွင်းတစ်ခုဖြစ်သည်။ အလင်းသည် မှန်အိမ်အလင်းရောင်ဖြစ်သည့်အတွက် ပထမမှုန်မှုန်လေးမှ မကြာမီလင်းထိန်လာသည်။

ထိုအလင်းရောင်သည် ဦးမူတီး၏ သီးသန့်အခန်းထဲမှ ဖြစ်သည်မှာ ကျိန်းသေသည်။ ကျွန်တော်သည် လူကိုယ်တိုင်သွားကြည့်ချင်စိတ်တွေ တဖွားဖွားဖြစ်၍လာသည်။ သို့သော် သွားချင်စိတ်ကို တခဏအတွင်းပင် မျိုသိပ်ထားလိုက်သည်။

နေ့လည်က ဦးမူတီးလက်ထောက်ထားသော ပချုပ်သည် မြေလှော်င်တဲ့ ပချုပ်အမျိုးအစားပဲဖြစ်သည်။ ဒီပချုပ်မျိုးကို သူဘာကြောင့်သူ့အနားတွင် ထားရသည်မှာ အကြောင်းတစ်ခုတော့ ရှိမည်မှာသေချာသည်။ ကျွန်တော်တို့သည် သူပါလာသည့် ပချုပ်ကို စိတ်ဝင်စားမည်စိုး၍ မရိပ်မိအောင် ကျွန်တော်တို့ကို စကားမပြောခြင်းပဲ ဖြစ်သည်။

ကျွန်တော် မြင်နေသော မီးရောင်သည် တစ်နေရာထဲတွင် ရပ်မနေဘဲ ရွေ့နေသည်ဟုထင်ရသည်။ မျက်လုံးကို စူးစိုက်ပြီးကြည့်သောအခါ လက်ဆွဲမီးအိမ်သည် အောက်ထပ်အိမ်အပေါက်ဝတွင် ဖြစ်နေသည်။ မီးအိမ်ကို ဆွဲလာသော သူကတော့ မသဲမကွဲဘဲ ဖြစ်နေသည်။

ကျွန်တော်သည် စိတ်ရှည်သူတစ်ယောက်မဟုတ်ပေ။ ဒီကနေ့မှ ကျွန်တော် စိတ်ရှည်နေခြင်းသည် အံ့စရာတစ်ခုလိုဖြစ်နေသည်။ သဘော်မီးအိမ်သည် တစ်ရွေ့ရွေ့နှင့် ဇီးတစ်ပင်ကန်နားသို့ ရောက်လာသည်။ မိမိ၌ ကြက်သီးမွေးညှင်းထသွားသည်ကို သတိထားမိရင်းက လန့်လာသည်။

မီးအိမ်ကို ဆွဲလာသောသူသည် ကျွန်တော် ကြည့်နေသောနေရာနှင့် နီးသထက်နီးလာသည်ဟု ထင်သည်။ မီးအိမ်ဆွဲထားသောလက်အပြင် သူ၏လက်တစ်ဖက်တွင် အလေးပင်တစ်ခုကို ဆွဲထားသလိုမျိုးပင်။

“ဟုတ်ပြီ ပခြုပ်ပဲ”

ကျွန်တော်နှုတ်မှ ထွက်သွားသည်။ သို့ပေမယ့် ကိုမောင်ဟန်လား ဦးမူတီးလား ဒါမှမဟုတ် သူတပည့်လားကို ကျွန်တော်သေချာစွာမသိပေ။ လမ်းပေါ်ရောက်သောအခါ မီးအိမ်သည် နည်းနည်းမှိန်သွားသည်။ ထိုလူသည် ရွာထဲဘက်ကို လျှောက်သည်မဟုတ်ဘဲ ရွာပြင်ဘက်ကို လျှောက်သွားသည်မို့ ထူးခြားသည်ဟု ကျွန်တော်ထင်ပြီး သူ့နောက်က လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

“ရွှေ့က အလင်းရောင်နှင့် ကျွန်တော်သည် အတောင်နှစ်ဆယ်အကွာတွင် ရှိသည်။ သူ့ကိုမမှီတာသည် ကျွန်တော်အဖို့အကောင်းဆုံ ဖြစ်သည်။ ဒါပေမယ့် ကျွန်တော်ရှေ့ ကလူလျှောက်နေသော လမ်းသည် တဖြည်းဖြည်းနှင့် ဘုန်းကြီးကျောင်း နား ရောက်လာသည်။

ဘုန်းကြီးကျောင်းနား အ ရောက်တွင် ကျွန်တော် တစ်ချက်မ ရပ်လိုက်ပြီး ရှေ့ကလူကို အကဲခတ် ကြည့်လိုက်သည်။ မီးအိမ်သည် ဘုန်းကြီးကျောင်းကို ဆက်၍ကျော် သွားပြန်သည်။ ဒီဘုန်းကြီးကျောင်း အလွန်တွင် သင်္ချိုင်းကုန်းပဲရှိတော့ သည်။ လူမရှိတဲ့ ကွင်းပြင်ကို သွား နေသော သူသည် သင်္ချိုင်းကိုသွား နေခြင်းပဲဖြစ်သည်။

“ဒီလူ ဘာဖြစ်လို့ သင်္ချိုင်း ဘက်ကို သွားရတာလဲ”

ကျွန်တော်၏ မသင်္ကာမှုတွေ တိုးတိုး၍ လာသောကြောင့် ကျွန် တော်လည်း လိုက်ခဲ့ရတော့သည်။ သူ့ရဲ့မီးအိမ်အလင်းနှင့်သာ လိုက် လာခဲ့ရသည်။ ပတ်ဝန်းကျင်ကိုတော့ မြင်ရသည်မဟုတ် နီးသထက်နီးလာ





သောအခါ ရှေ့မှလူသည် ဦးမူတီးကိုယ်တိုင်ပဲဖြစ်သည်။

“ဒီလူကြီး သင်္ချိုင်းကို ဘာလာလုပ်တာလဲ”

သူ့ပခုံးတွင် လွယ်ထားသည်ကပခြုပ်ဖြစ်သည်။ ကျွန်တော် နည်းနည်းတော့ ထိတ်လန့်လာသည်။ နေ့ခင်းကမှ ကျွန်တော်တို့ မြှုပ်ခဲ့သောမြေပုံနားတွင် သူရပ်လိုက်သည်။ မီးအိမ်ကို မြေတွင်းချလိုက်ပြီး သူလွယ်ထားသောပခြုပ်ကို မီးအိမ်ဘေးတွင်ချလိုက်သည်ကို ကျွန်တော် အတိုင်းသား မြင်နေရသည်။ ဦးမူတီးသည် ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်၍ကြည့်သောကြောင့် ကျွန်တော်ရပ်နေသော အုတ်ဂူကို အကွယ်ယူထား၍ သူမတွေ့ခြင်းပင်ဖြစ်သည်။

ပတ်ဝန်းကျင်ကို ဦးမူတီးစိတ်ချပြီဟု အထင်ဖြင့် သူသည် မီးအိမ်ကို မြှောက်လျက် ပခြုပ်ကိုဖွင့်နေသည်ကို ကျွန်တော် အတိုင်းသားတွေ့နေရသည်။ ကျွန်တော်သည် မျက်လုံးများကို မျက်တောင်ပင်မခတ်မိအောင်ဖြစ်နေသည်။ ပခြုပ်အံ ကတော့ပုံ ဝါးနှီးဖြင့်ရက်ထားသော ရှည်မျှော်မျှော်အရာဝတ္ထုလေးကို သူ့အရင် ထုတ်လိုက်သည်။ အထဲမှ မည်သည့်အရာမှ ထွက်မလာပေ။

ထိုအခါ ဦးမူတီးသည် ပချုပ်ကို စောင်းလိုက်သည်။

“ဟာ. . .”

ကျွန်တော် ကိုယ့်ပါးစပ်ကို ကိုယ်တိုင်မနည်း ပြန်ပိတ်ယူရသည်။ မြွေတွေသည် ပခြုပ်ထဲမှနေ၍ အပြင်သို့ ထွက်လာတော့ မြွေတွေက တကယ့်မြွေဆိုးတွေပဲဖြစ်သည်။ မြွေတွေသည် ဦးမူတီးကို လှည့်၍ပင် မကြည့်ဘဲ ကျွန်တော်တို့ ဖို့ခဲ့သော မြေပုံဆီသို့ သွားနေတော့သည်။

မြွေတို့သည် မြွေဆိုးတွေဖြစ်သည်က ကျိန်းသေသည်။ ကျွန်တော်တို့ ဖို့ထားသော မြေပုံပေါ်က ကျင်စာခဲတို့သည် အနည်းငယ်ဟနေသောနေရာတို့ ရှိသောကြောင့် မြွေဆိုးတို့သည် အလျှိုလျှိုဝင်ရောက်

သွားသည်။ ဦးမူတီးမြွေတွေကိုတော့ မကြည့်ဘဲ မှန်အိမ်အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကိုသာ ကြည့်နေသည်။ ကျွန်တော့်ကို မြင်မှာစိုးရိမ်နေသော ကျွန်တော်သည် ဂူနှစ်ဂူကြားတွင် ကြောက်စိတ်ပျောက်ပြီး ပုန်းနေရတော့သည်။

ဦးမူတီး သူ့အလုပ်ကို သူလုပ်ပြီးသည်ဟု ယုံကြည်စိတ်ချစွာဖြင့် ပခြုပ်ကို သူပြန်ထမ်းလာသည်။ ကျွန်တော်ကတော့ ဒီအကြောင်းအရာတွေ နားမလည်နိုင်အောင်ဘဲ ဖြစ်နေသည်။ ဦးမူတီး ပြန်တဲ့နောက်ကို ကျွန်တော်လည်း နောက်က လိုက်ပြန်လာခဲ့၏။ ကျွန်တော်သည် အိမ်ပြန်ရောက်သော်လည်း ကိုမောင်ဟန်တွေ့တဲ့ မြွေတွေအကြောင်း၊ ဦးမူတီးတို့အိမ်ကို လာလည်တဲ့ညေ့သည် မိန်းကလေးသေဆုံးရသည့် အကြောင်းတို့ကို စဉ်းစားရင်း အိပ်ပျော်သွားတော့သည်။

"ကိုသက်ပြင်း. . . ကိုသက်ပြင်း"

အပြင်မှ ကျွန်တော့်ကို … သောအသံကြောင့် ကျွန်တေ… ကမန်းကတန်း အိပ်ရာကထလာ… သည်။ နေလည်းအတော်မြင့်နေ… ဖြစ်သည်။

"ကိုသက်ပြင်း လုပ်ပါဦး… လုပ်ပါဦး"

ကျွန်တော်သည် ငိုသံပါ… နှင့် ပြောနေသော ကိုမောင်ဟန်… ကျိန်းစပ်နေသော မျက်လုံးကို ပွ… ၍ ကြည့်ရသည်။

"ဘာဖြစ်ပြန်ပြီလဲ ကိုမော… ဟန်"

"အဖေ. . . အဖေဆုံးပြီ"

"ဗျာ"

ကျွန်တော့်ကိုယ်တိုင် ဦးမော… ဟန်နှင့်အတူ ပြန်လာခဲ့သည်… ကျွန်တော် အိပ်ရာမဝင်ခဲ့သေးသ… အချိန်မှုဖြစ်သည်။

"ဘယ်လိုဖြစ်ရတာလ… ကိုမောင်ဟန်ရယ်"

"မသိပါဘူး ကိုသက်ပြင်းရ… မနက်က တစ်အိမ်သားလုံး နိုး…





…သမင်းကြော်စားမယ့် အချိန်အထိ …အဖေမနိုးသေးလို့ သွားနှိုးတာ အ…ဖေတစ်ကိုယ်လုံးပြာပြီး အသက်မရှိတော့ဘူး"

ကိုမောင်ဟန်သည် ယောက်ျားကြီးတန်မဲ့ ငို၍ပြောနေသည်။

"ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့တာနဲ့ ကိုသက်ပြင်းရှိ…လာခဲ့တာပါ"

ကျွန်တော် မျက်နှာသစ်တဲ့နေရာသို့ ကိုမောင်ဟန် လိုက်၍နေသည်။

"ခဏလေးစောင့် ကျွန်တော် လိုက်ခဲ့မယ်"

ကမန်းကတန်းပင် သူနှင့်ကျွန်တော် လိုက်ခဲ့ရသည်။ ဦးမူတီးတို့အိမ်ရောက်သောအခါ တစ်အိမ်သားလုံး ငိုထားတဲ့မျက်နှာတွေနှင့် ကျွန်တော့်ကို ကြည့်နေကြသည်။ ကျွန်တော်နှင့် ကိုမောင်ဟန်အပေါ်တက်ပြီး ဦးမူတီးအခန်းကို ဝင်ကြည့်သောအခါ ဦးမူတီးသည် တစ်ကိုယ်လုံး ပြာနှမ်းနေသည်။

"ဒါ အဆိပ်ရှိတဲ့ ပိုးကောင်ကိုက်တာပဲဖြစ်မယ်"

"ဒါဆို မြွေကောမဖြစ်နိုင်ဘူးလား"

ကျွန်တော် ကိုမောင်ဟန်စကားကြောင့် သတိရသွားသည်။ ညက ဦးမူတီး မြွေတွေလွှတ်ရင်းနှင့် မြွေကိုက်ခံရတာလည်း ဖြစ်နိုင်သည်ပဲဖြစ်သည်။ ဒါပေမယ့် အဆိပ်ရှိတဲ့ မြွေအကိုက်ခံခဲ့ရတယ်ဆိုလျှင် ဦးမူတီးသည် ထိုနေရာတွင်ပင် တုံးခနဲ လဲသွားနိုင်သည်ပဲ ဖြစ်သည်။ ယခုတော့ အိမ်အထိ သူအသက်ရှင်ခဲ့ပြီး အိမ်ရောက်မှ ဆုံးရသည်လား၊ ကျွန်တော် သံသယတွေကြောင့် ဦးမူတီး၏ သေတ္တာကြီးနားကို သွားကြည့်မိသည်။ သေတ္တာသည် အနည်းငယ် ဟနေသည်မှလွဲ၍ တစ်ခန်းလုံးဘာမှ မထူးခြားပဲဖြစ်သည်။

ကျွန်တော် ကိုယ်တိုင် စိတ်အိုက်နေတဲ့အချိန် ကိုမင်းမောင် ရောက်လာ၍ အသုဘကိုစီစဉ်ရတော့သည်။

ထိုအကြောင်းနှင့် စပ်လျဉ်းပြီး ကျွန်တော်ကိုယ်တိုင်ပြန်မပြောတတ်သော်လည်း ဦးမူတီးဆုံးပြီး တစ်လခန့်ကြာသော နေ့တစ်နေ့တွင် ဦးမူတီး၏တပည့်ဖြစ်သူသည် သူ့ရွာကို အလည်ပြန်ဦးမည်ဆိုပြီး ပြန်သွားသည်။

ကျွန်တော်နှင့် ကိုမင်းမောင်သည် နိစ္စဓူဝတို့ကို လုပ်နေရသောကြောင့် ဦးမူတီးတို့ အိမ်အကြောင်း မေ့ပင်မေ့နေသည်။

ထိုနေ့က ဦးမူတီးတို့ အိမ်နွားနို့ပို့နေသော ကလေးသည် ရွာလမ်းကို ပြေးဝင်လာပြီး ကျွန်တော်တို့ အိမ်ရှေ့သို့ အရောက်တွင် ဆက်မသွားဘဲ အိမ်ထဲဝင်သည်။

"ကိုသက်ပြင်း ဟိုအိမ်ကြီးမှာ လူတွေ. . . လူတွေ. . ."

သူ့စကားကို ထစ်ငေါ့နေ၍ ကြိုးစားပြီး နားထောင်ရသည်။

"လူတွေဘာဖြစ်လဲ ငါ့ကို ပြောစမ်းပါ"

"သေနေတယ် ကိုသက်ပြင်း"

"ဟော. . . ဒုက္ခပါပဲ၊ ကိုမ
မောင်ရေ ကြားတယ်မဟုတ်လား

ကိုမင်းမောင်က ခေါင်းငြိမ့်
လိုက်သည်။

"ကဲ. . လိုက်သွားရအော
ကိုမင်းမောင်"

ကျွန်တော်တို့နှစ်ယောက်
ကြီးဆီသို့ လိုက်သွားကြသည်။

ထူးဆန်းစွာပင် ကိုမောင်ဟ
သည် ဧည့်ခန်းတွင် ကုလားထိုင်ပေ
၌ ဇက်ကျိုးနေသည်။ သူ့တစ်ကိုယ
လုံးလည်း ပြာနေသည်။ ကိုမော
ဟန်၏ အမေနှင့် ညီမသည်လည
အပေါ်ထပ် အတက်အဆင်းတွ
တုံးလုံးလဲပြီး ကိုမောင်ဟန်အတိုင်း
ခန္ဓာကိုယ်တစ်ခုလုံး ပြာနှမ်းနေ
သည်။

"ဘယ်လို ဖြစ်တာလဲဗျာ"

"အင်း. . ."

ကျွန်တော်သည် ပန်းပုပဲ
တတ်သူဖြစ်ပြီး အခြားအကြောင်းတေ
ကိုတော့ သိသူတစ်ယောက် မဟု
ပေ။





"တစ်မိသားစုလုံး စိတ်မကောင်းစရာပဲဗျာ"

✿✿✿

"ဒေါက်. . . ဒေါက်"

ကျွန်တော့် အိမ်ကို အချိန်မတော် တံခါးလာခေါက်သူတစ်ကြိမ်မှမရှိ၍ ကျွန်တော် အိပ်ရာထဲတွင် ကြက်သည်းမွေးညှင်းထသွားသည်။ ကိုမင်းမောင်က အတွင်းခန်းတွင် အိပ်နေသည်မို့ ကျွန်တော်ပဲ အရင်ကြားရသည်ဖြစ်သည်။

"ဒေါက်. . . ဒေါက်"

တံခါးခေါက်သံထပ်မံ ထွက်လာ၍ ကျွန်တော်ကြောက်ကြောက်နှင့် အိမ်ရှေ့တံခါးဝသို့ ထွက်လာခဲ့သည်။ အပြင်မှ အလင်းရောင်လိုလို ထရံကြားမှ တိုးဝင်နေသည်ဖြစ်၍ လူတစ်ယောက်ယောက်ပဲ ဖြစ်နိုင်သည်ဟု မှတ်ပြီး ကျွန်တော်တံခါးဖွင့်ပေးလိုက်သည်။

"ဟာ. . ခင်ဗျာ. . ခင်ဗျာ"

ကျွန်တော်ကို အချိန်မတော် တံခါးလာဖွင့်ခိုင်းသူမှာ ဦးမူတီး၏ တပည့်ဖြစ်သူ ဆာမိဖြစ်နေသည်။ သူ့ရွာတစ်လစ်နှင့် ကျွန်တော်ကို ဖြူဖွေးသောသွားများ ပေါ်အောင်ပြုံးပြသော်လည်း ဆာမိ၏မျက်လုံးများကို ကျွန်တော် ကြည့်ပြီး မင်သက်မိနေသည်။

"ကျွန်တော် ဥပုသ်ထွက်ပြီး ပြန်လာတာအစ်ကို ကျွန်တော် ဆရာမူတီး အိမ်မှာ ကျွန်တော်သေတ္တာ တစ်လုံး ကျန်လို့လာယူတာပါ။ အစ်ကို လိုက်ခဲ့ပေးပါ၊ ကျွန်တော် တစ်ခြားပစ္စည်း ဘာမှမယူပါဘူး"

သူ အတင်းခေါ်၍သာ ကျွန်တော် လိုက်ခဲ့ရသည်။ အဖော်အဖြစ်ကိုမင်းမောင်ကို မနှိုးခဲ့မိခြင်းကို ဦးမူတီးအိမ်ရောက်မှ နောင်တရမိသည်။

"အစ်ကို. . ဒီကစောင့်နော်၊ ကျွန်တော် သေတ္တာသွားယူလိုက်ဦး

မယ်"

ဆာမိသည် ကျွန်တော်ကို သင်္ဘောမီးအိမ်ကလေးဖြင့် အိမ်ရှေ့တွင်ထားခဲ့ပြီး သူက အပေါ်ထပ်သို့ တက်သွားသည်။ ဒီအိမ်ကြီးတွင် မည်သူတစ်ယောက်မှ မရှိတော့သည်မို့ အခန်းတိုင်းကို တံခါးတွေ အသေပိတ်ထားခဲ့သည်မှာ ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်သည်။

ဆာမိ ပြန်မဆင်းလာသည်မှာ နာရီဝက်ခန့်ရှိ၍ ကျွန်တော် အပေါ်ထပ်သို့ တက်လိုက်ခဲ့သည်။ ကိုမောင်ဟန် အခန်းက အသေပိတ်ထားသည်။ ဦးမူတီး၏ သီးသန့်အခန်းလည်း အသေပိတ်ထားသည်မှာ ကျွန်တော်ပဲ ဖြစ်သည်။

အခု ဒီ အခန်းပွင့်နေသည်မို့ ဆာမိ ဒီအခန်းထဲကို ဝင်ပြီးသူ သေတ္တာဝင်ယူတာပဲ ဖြစ်နိုင်သည်။ တစ်ခန်းလုံး မီးအိမ်၏အလင်းရောင်ဖြင့် တွေ့နိုင်သော်လည်း ဆာမိကို မတွေ့ပေ။ ကျွန်တော် ကြက်သီးဖျန်းခနဲ ထသွားသည်။ တစ်ခန်းလုံးတွင် ဒီသေတ္တာတစ်လုံးပဲရှိသည်ကို ကျွန်တော်သိသည်။

ကြောင်တစ်ကောင်၏ မျက် လုံးကို အရောင်တောက်တောက် အလင်းသည် သေတ္တာနားမှ ထွက် လာ၍ ကျွန်တော် ကြည့်လိုက်သော အခါ သေတ္တာအဖုံး နည်းနည်းပ နေသည်မှလွဲ၍ ဘာမှမရှိပေ။ ဆာ ကို ကျွန်တော် ကျိန်ဆဲမိသည်။ ကျွ တော်ကို အိပ်ရေးပျက်အောင်လု သူကို စိတ်ဆိုးသည်။ ထိုစဉ် ရုတ်တ ရက် ဆာမိအကြောင်းစဉ်းစား သည်က သူအပေးတက်ပြီး ဒီအခန် တစ်ခန်းပဲ ဖွင့်ထားသည်မှာ သေချ ရက်နှင့် ယခုမတွေ့ခြင်းမှာ ဆာ ကျွန်တော်ကို နောက်ချင်၍ သေတ္တာ ထဲ ဝင်ပုန်းနေခြင်းပဲဟု ကျွန်တော ထင်ပြီး သေတ္တာကို မီးအိမ်ကိုတ ဖက် ကိုင်ထားရသည်မို့ ခဲရာခဲဆ ဖွင့်လိုက်ရသည်။

"အမယ်လေး. . . အား. . အား. . မြွေ. . ."

ကျွန်တော်သည် သေတ္တာကို ပြန်မပိတ်မိဘဲ အံ့အားသင့်စွာ လက်ထဲမှ မီးအိမ်ထွက်ကြသွားသည်။ မျက်လုံးများသည် အနီရောင်မီးတောက်နှင့်အတူ သေတ္တာထဲတွင် မီးလောင်နေပြီမို့ ကျွန်တော်မသိစိတ်က ကြောက်အားလန့်အားနှင့် အိမ်ခြံအပြင်သို့ ရောက်အောင်ပြေးလာမိသည်။

လှည့်ကြည့်သောအခါ ဦးမူတီး၏ သီးသန့်အခန်းတွင်မီးတောက်ကြီးဖြစ်နေပြီး၊ ဒီမီးတောက်ကို တွေ့၍ ရွာထဲက လူတွေလာရင်း ကျွန်တော်ကို တွေ့လို့ မဖြစ်နိုင်မှန်းသတိရ၍ ကျွန်တော်အိမ်သို့ တစ်ကျိုးထဲပြေးလာခဲ့သည်။ အိမ်ရောက်၍ ကိုမင်းမောင် နိုးမနိုးကြည့်သောအခါ မနိုးဘဲ အိပ်ကောင်းတုန်းပင်။

ဦးမူတီး၏ အိမ်ကြီးကတော့ မီးတောက်မီးလျှံတို့က ဝါးမျိုနေသည်။ ရွာထဲကလူအချို့ မီးဝိုင်းငြိမ်းသော်လည်း အိမ်ကြီးကို စွဲနေသော မီးတောက်က အနိုင်ယူသွားပြီဖြစ်သည်။

အသံများဆူညံ၍ ကိုမင်းမောင်နိုးလာပြီး ကျွန်တော်ကို ဝရံတာတွင် မီးတောက်တွေကိုကြည့်နေသောကြောင့်. . .

"ဟေ. . . သက်ပြင်း မီးဝိုင်းငြိမ်းဖို့ မသွားဘူးလား"

ကိုမင်းမောင်သည် ရေပုန်းတစ်ပုံးယူပြီး ပြေးဆင်းသွားသည်ကို ကျွန်တော်တွေ့သော်လည်း ကျွန်တော် မတ်တပ်ရပ်လျှက်ပင် ရပ်နေသည်။

မင်းရွှေသိုက်




# "ဂမ္ဘီရနာရီလေး"

သီဟထိပ်တင်စော

(၁)

ပြောရင်ယုံချင်မှယုံမယ်.. လျှို့ဝှက်ဆန်းကြယ်သလားတော့ မမေးနဲ့.. ဒါပေမယ့် ဘာကြောင့် ဘာညဆိုတဲ့.. အကြောင်းရင်းတွေတော့ ကျုပ်မသိဘူး.. ကျုပ်နားမလည်ဘူး.. ကျုပ်ကလည်း.. ဘာမှ လေ့လာလိုက်စားဖူးတာ မဟုတ်ဘူး...

ပြီးတော့ ကျုပ်က လက်တွေ့သမား.. လက်တွေ့ကျမှယုံတယ်.. လက်တွေ့ပြမှယုံတယ်.. စိတ်နယ်လွန်တွေ.. ဝိဉာဉ်တွေ.. ပရတွေ.. ကျုပ်စိတ်မဝင်စားဘူး...

ဒါပေမယ့်...

အခု ကျုပ်ကိုယ်တိုင်စိတ်ဝင်စားပြီး ကျုပ်ကိုယ်တိုင် လျှို့ဝှက်နက်နဲဆန်းကြယ်ပါတယ်လို့ လက်ခံမိတဲ့အကြောင်းပါ.. ရိုးတော့ရိုးရိုးလေးပါ..။

တခြား မဟုတ်ဘူး..

ကျုပ် နာရီလေးအကြောင်းပါ၊ ကျုပ်ရဲ့ အိတ်ဆောင်နာရီလေးပေါ့.. ကျုပ်ရဲ့ မိဘအမွေ.. အိတ်ဆောင်နာရီလေးတစ်လုံးပေါ့...

ကျုပ်ကို ပေးခဲ့တာကတော့ ကျုပ်ရဲ့ ဖခင်ကြီးကပါ.. ဖခင်ကြီးက အခု မရှိတော့ပါဘူး.. ကွန်လွန်သွားပါပြီ.. ဖခင်ကြီး ရှိစဉ်တုန်းကတော့.. ဖခင်ကြီးပဲ ဒီနာရီကို သုံးတာပါ.. အဲ့ဖခင်ကြီးလက်ထဲမှာတုန်းကတော့ ဘယ်လိုထူးခြားမှုရှိခဲ့တယ်ဆိုတာ ကျုပ်မသိခဲ့ပါဘူး.. ကျုပ်ကို ဖခင်ကြီးကလည်း ဘာမှ မပြောပြခဲ့ဖူးပါဘူး...

ဖခင်ကြီး နာမကျန်းဖြစ်တဲ့အခါကျမှ ဖခင်ကြီးက ကျုပ်ကိုခေါ်ပြီး ပေးခဲ့တာဖြစ်တယ်...

"သား.. သားကို အဖေ ပေးနိုင်ခဲ့တာက ပညာအမွေပဲ.. ဥစ္စာအမွေ ရယ်လို့ ဘာမှမယ်မယ်ရရ မ[illegible]ဘူး၊ အခုဆို မင်းအမေလည်း မရှိတော့ဘူး

ဆိုတော့ တစ်ယောက်တည်းသော သားဖြစ်တဲ့ မင်းမှာ ညီအစ်ကိုမောင် နှမအရင်းအချာမရှိတဲ့ တစ်ကောင် ကြွက်ဘဝနဲ့ မင်းကျန်ရစ်ရတော့မှာ.. ဒီတော့ သားကို အဖော်အဖြစ်လည်း ဖြစ်စေ.. အဖေ့အမွေလည်းဖြစ်စေ ဆိုပြီး အဖေသားကို ဒီအိတ်ဆောင် နာရီလေးပေးခဲ့မယ်.. ဒီနာရီလေးက အဖေဝယ်ထားတာ မဟုတ်ဘူး.. အဖေ့ရဲ့ အဖေ သားရဲ့အဘိုးက သူ မကွယ်လွန်မီမှာ အဖေ့ကို ပေးခဲ့တာ.. အဘိုးကလည်း ဒီနာရီကို သူဝယ်ခဲ့တာ မဟုတ်ဘူးတဲ့.. သူ့ရဲ့ ဆရာသမား တစ်ဦးက ဆုပေးခဲ့တာတဲ့.. ဒီတော့ ဒီနာရီလေးဟာ တန်ဖိုးကြီးချင်မှကြီးမှာ ဖြစ်ပေမယ့် လှချင်မှလည်း လှမှာဖြစ် ပေမယ့် သား.. အမြတ်တနိုးထား လက်ခံပြီး ထိန်းသိမ်းသွားစေချင်တယ်"

နာရီကိုပေးရင်း အဖေမှာခဲ့ တာက အဲဒီလိုပါ..

နာရီက ပုံစံရှိုးရှိုးကလေးပါမဲ၊ အဝိုင်းကလေးဖြစ်တယ်.. ဒိုင်ခွက်က ရွှေရောင်ကလေးဖြစ်တယ်.. ကာလ ကြာရှည်ခဲ့ပြီမို့ ရွှေရောင်က မှိန်ပြီး နေပါပြီ.. ROMAအမျိုးအစားနာရီ လေးပါ.. ဒိုင်ခွက်ထဲက ဂဏန်းတွေ ကလည်း ရှေးရောမဂဏန်းတွေပါ. အပေါ်မှာ အဖုံးကလေးပါ ပါတယ်. ရွှေရောင်.. သံကြိုးကလေးလည်း ပါတယ်.. အိတ်ထဲထည့်ပြီး ဆောင် သွားရတဲ့ နာရီလေးပါ..

ဖခင်ကြီး ကွယ်လွန်သွား တဲ့နောက် သူငယ်ချင်းတစ်ယောက် အဲဒီအိတ်ဆောင်နာရီလေးတွေ စိတ်ဝင်တစားနဲ့ တောင်းဝယ်ပါတယ်. သူပေးတဲ့ဈေးက (အဲဒီအခြေအနေ အင်မတန်ကို များတဲ့ဈေးပါ.. သူ ရှေးဟောင်းပစ္စည်းအရောင်းအဝယ သမားမို့ တန်ဖိုးမြင်တာနေမှာပေါ့..

ဒါပေမယ့် ကျွန်တော် မရောင ပါဘူး.. ဒီနာရီလေးဟာ အဖေ အမွေတစ်နည်းအားဖြင့် အဘိုးရဲ့အမွေ တန်ဖိုး မဖြတ်နိုင်ပါဘူး..

နာရီလေးက အချိန်အင်မတ မှန်ပါတယ်.. ရေဒီယိုကလာတဲ့ မြန်မ စံတော်ချိန်နဲ့တိုက်ကြည့်.. ဘယ်အခ မှ မလွဲဘူး.. မိနစ်ဝေးလို့.. စက္က တောင်မကွာဘူး.. သိပ်တိကျတာ..

အဲ ကျွန်တော်ကတော့ တစ နှစ်တစ်ခါ.. နှစ်နှစ်တစ်ခါဆိုသလို မိတ်ဆွေနာရီပြင်ဆရာဆီမှာပြပြီး ဆေး ဆေးပေးရတာပေါ့..





နာရီပြင်ဆရာက...

"ခင်ဗျား နာရီမျိုး ကျွန်တော် ...စ်လုံးပဲ မြင်ဖူးတယ်.. ကောင်း ...ယ်ဗျာ.. ပစ္စည်းတွေက.. ခင်ဗျား ...ဖို့ ဒီနာရီဟာ မိတ်ဆွေကောင်းပဲ ...မှာ.. ဘယ်တော့မှ မရောင်းပါနဲ့.. ...ရောင်နှတွဘာတွေထပ်မတင်နဲ့.. ...ပင်ကိုအတိုင်းရှိပါစေ" လို့ပြောတယ်။

နာရီပြင်ဆရာ ပြောမှ ဖခင် ...းပြောခဲ့တဲ့ စကားတစ်ခွန်းပြန်သတိ ...ယ်.. ဖခင်ကြီးက...

"ဒီနာရီက သားကို မင်္ဂလာ ...မယ့် အရာတွေ ဆောင်ကျဉ်းလာလိမ့် ...ယ်.. မင်္ဂလာမရှိမယ့်အရာတွေကို ...ယ်ရှားပေးလိမ့်မယ်.. နိမ့်ကျယုတ်ညံ့ ...နေရာမှာ မထားပါနဲ့.. သွားလေရာ ...ကိုယ်နဲ့ မကင်းမကွာ ယူသွားပါ" ...့ ပြောခဲ့တာလေ..

ဖခင်ကြီးက တရားထိုင်.. ...ဘီးစိပ်သူဖြစ်လေတော့ ဒီနာရီလေး ...ာ.. သူ့အတွက်လည်း မင်္ဂလာနာရီ ...လေးဖြစ်ခဲ့မှာပေါ့..

ကျွန်တော်က ဖခင်ကြီးရဲ့ ...ကားကို မြေဝယ်မကျနားထောင်ပါ ...ယ်.. ခရီးသွားရင်.. အပြင်ထွက်ရင် ...ိတ်ထဲမှာ နာရီကို ဆောင်ထားပြီး အိမ်ပြန်ရောက်ရင် ခုတင်ခေါင်းရင်းက ကျွန်တော့် စားပွဲလေးပေါ်မှာပဲ တင် ထားပါတယ်..

ဖခင်ကြီးပေးခဲ့ပြီးတဲ့အချိန်က စပြီး ကျွန်တော့်အဖို့ ဒီနာရီလေးက အချိန်မှန်ကိုပဲ ပေးခဲ့တာပါ.. တစ်ခြား ဘာထူးခြားဆန်းကြယ်တာကိုမှ မပြခဲ့ ပါဘူး..

ဒါပေမယ့်...

ဒီအိတ်ဆောင်နာရီလေးက ဖခင်ကြီး ပြောခဲ့သလို ကျွန်တော့်ကို မင်္ဂလာရှိမယ့် အရာတွေ ဆောင်ကျဉ်း ပေးတယ်လို့ ပထမဆုံး ကျွန်တော် သိရှိလက်ခံလာခဲ့တာက.. မွေးနဲ့ တွေ့ဆုံဖူးစာဖက်ရခြင်းပါပဲ..

* * * * *

(၂)

အဲဒီနေ့က သူငယ်ချင်းတွေ ဖြစ်တဲ့ ဝင်းမောင်တို့.. ဆွေမင်းတို့ တစ်တွေ.. မှောင်ဘီက ဝင်းမောင်ရဲ့ ခြံထဲမှာ ပျော်ပွဲစားလေးတစ်ခုလုပ်ကြ တယ်.. ပျော်ပွဲစားဆိုပေမယ့် မကြာခင် နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ့် ဝင်းမောင်ရဲ့ ညည့်ခံပွဲလေးလည်းဖြစ် တယ်.. လူက မများပါဘူး.. သူငယ်ချင်း

အရင်းတွေချည်းပါပဲ. . ဆယ်ယောက် လောက်ပဲ ဖိတ်ပါတယ်. . .

"ဟော့ကောင်. . သီဟ. . မင်း ဆက်ဆက်လာရမယ်နော်. . ငါတို့ အိမ်ကနေ မနက် ၆ နာရီတိတိ ကား ထွက်မယ်. . ၆ နာရီမထိုးခင် ငါတို့ အိမ်ကို အရောက်လာ. ."

ဝင်းမောင်ရဲ့ ဖိတ်မန္တက အဲဒီ လို. . . ။

"ငါ. . မလိုက်လို့ မရဘူးလား"

"မရဘူး. . ဟေ့ကောင်၊ မင်း က ငါ့သူငယ်ချင်းအရင်း. . ဘာလဲ မင်းက ငါနိုင်ငံခြားသွားမှာကို မလို ဘူးလား. . ."

"မဟုတ်ပါဘူးကွာ. . ငါက အိပ်ရာထနောက်ကျတယ်. . မနက်ဆို ၇ နာရီလောက်မှနိုးတာ. . အကျင့်ဖြစ် နေပြီ. . မင်းဆီလာဖို့ အချိန်မီနိုးမှာ မဟုတ်ဘူး. . ."

"လုပ်မနေနဲ့. . နိုးအောင်လုပ် ပြီးလာခဲ့. . အဲဒီလိုမှ မနိုးမှာစိုးရင် ငါ့ ဆီကို ခုတည်းကလာအိပ်. . ."

"ဟာ. . ငါ အဲဒီလို အိပ်ရာ ပြောင်းမအိပ်တတ်ဘူး. . ."

"မင်းက ဂျီဂျောင်ပဲကွာ. . ကဲ. . ဘယ်လိုပဲဖြစ်ဖြစ်. . မနက်ငါ့ဆီ ရောက်အောင် အချိန်မီလာ. . [illegible] မင်းဘာသာ တစ်ညလုံး မအိပ်ဘဲ[illegible] နေ. . နှိုးစက်ပေးလို့ပဲအိပ်အိပ်[illegible] ရောက်လာဖို့ အဓိကပဲ. . ."

ကျွန်တော်က စိတ်မပါဘူး[illegible] မနက်ကျလို့ အိပ်ယာထနောက်ကျ[illegible] မလိုက်ဖြစ်ရင်လည်း နောက်မှ တော[illegible] ပန်မယ်ဆိုပြီး. . အဲဒီညက စိတ်ချလ[illegible] စိတ်အေးလက်အေးပဲ. . အိပ်ပါတယ်[illegible]

ဒါပေမယ့်. . .

"ကလင်. . ကလင်. ."

တဲ့ နှိုးစက်သံကြောင့် ကျွန်တေ[illegible] အိပ်ရာက လန့်နိုးပါတယ်. . အိပ်မှု[illegible] မွှားနဲ့ စားပွဲပေါ်က နာရီကိုယူ[illegible] အပြင်က အလင်းရောင်မှုန်မှုန်နဲ့ ကြ[illegible] လိုက်တော့ ငါးနာရီတိတိ. . .

ဒီမှာ ကျွန်တော် အံ့ဩတ[illegible]

ကျွန်တော့်မှာစားပွဲတင်န[illegible] မရှိဘူး. . နှိုးစက်မရှိဘူး. . အိမ်ခေ[illegible] ရင်း. . ခြေရင်းအိမ်တွေကလည်း[illegible] စက်သံတစ်ခါမှ မကြားဖူးဘူး. . ဘ[illegible] က နှိုးစက်သံ့လဲ. . .

ကျွန်တော် သတိထားမိ[illegible] က နှိုးစက်သံဟာ အဝေးကြီးက[illegible] တာ မဟုတ်ဘူး. . အနီးကဖြစ်တယ်[illegible] ခေါင်းရင်းဆီကဖြစ်တယ်. . ဒါဖြင့်[illegible]





အိတ်ဆောင်နာရီလေးကပဲလား. . နာရီလေးမှာလည်း နှိုးစက်ပါတာ ဟုတ်ဘူး. . .

ဆန်းကြယ်တာအမှန်ပဲ. .

ဒါပေမယ့် ကျွန်တော် တွေး ဘယ်. . ဝင်းမောင်တို့ ပျော်ပွဲစားကို ကျွန်တော်သွားဖြစ်အောင် နှိုးတာပဲ. . သွားစေချင်တဲ့ အကြောင်းကြောင့် နှိုး ဘာပဲ. . ဘယ်လို နှိုးစက်သံ မြည်တာ ဲတော့ တွေးမရဘူး. . .

ဒီလိုနဲ့ ပြင်ဆင်စရာရှိတာ ခပ် သုတ်သုတ်ပြင်ဆင်ပြီး. . ဝင်းမောင်တို့ အိမ်ရောက်သွားတယ်. . အချိန်မီပါပဲ။ အချိန်မီရောက်လာလို့ ဝင်းမောင်က တောင် အံ့ဩနေတယ်. . အဲဒီမှာပဲ ဝင်းမောင်က နယ်က ရောက်လာတဲ့ သူ့ညီမဝမ်းကွဲနဲ့ မိတ်ဆက်ပေးတယ်. .

မွှေးတဲ့. . .

လှလည်းလှတယ်. . ယဉ် လည်း ယဉ်တယ်. . ကျွန်တော့်ရင်တွေ လည်း ခုန်သွားတယ်. . .

တိုတို ပြောရရင်တော့. .

နောက်ပိုင်းမှာ မွှေးနဲ့ကျွန်တော် ချစ်သူဖြစ်ကြတယ်. . လက်ထပ်ဖြစ် ကြတယ်. . ဒီတော့ ကျွန်တော့် ဖူးစာ ရှင်ကို ဖန်တီးပေးခဲ့တာ. . အဲဒီ အိတ် ဆောင်နာရီလေးပဲလို့. . ကျွန်တော် ယုံကြည်တယ်. . .

ဟုတ်တယ် မဟုတ်လား. .

* * * * *

(၃)

ဒုတိယ တစ်ခါကတော့ ကား ပေါ်မှာ ကျွန်တော် ခါးပိုက်နှိုက်ခံရခြင်း ပဲ. . ရုံးအသွားမှာပေါ့ဗျာ. . ကားက ထုံးစံအတိုင်း ကြပ်တယ်. . ကျွန်တော့် မှာက. . လွယ်အိတ်ကြီးနဲ့. . ထမင်း ချိုင့်နဲ့. . ဘေးကလူတွေကတိုး. .

အဲဒီမှာ ကျွန်တော့်ဘေးကို လူတစ်ယောက်ကပ်နေတာတော့ သတိ ထားမိသား. . ဒါပေမယ့် ကားကြပ်လို့ ပဲလို့ထင်တာ. . လွယ်အိတ်ထဲမှာ ပါ လာတဲ့ရုံးက ငွေတစ်ချို့ကို စိတ်ပူလို့ လွယ်အိတ်ကိုတော့ ကျွန်တော်က အာရုံမပြတ်ဘူး. . အဲဒီတော့ လွယ်အိတ် ထဲက ငွေတော့ အနှိုက်မခံရပါဘူး. . အနှိုက်ခံရပြီး ပါသွားတာက အိတ်ထဲ က အိတ်ဆောင်နာရီလေး. .

နှမြောလိုက်တာဗျာ. .

ပိုက်ဆံတွေပါသွားတာထက် နှမြောတယ်. . ပိုက်ဆံပါသွားရင် အစားပြန်ရှာလို့ရတယ်. . ဒီအိတ်

ဆောင်နာရီက ဘယ်လို ပြန်ရှာမလဲ. . တစ်ခြားအိတ်ဆောင်နာရီဝယ်ရင် ရနိုင်ပေမယ့် အဘိုးရဲ့ အမွေ . . အဖေ့ရဲ့အမွေ . . မဖြစ်နိုင်တော့ဘူးလေ. .

ကျွန်တော် စိတ်မကောင်းလွန်းလို့ ထမင်းတောင် မစားနိုင်ဘူး. . . ညနေရောက်တော့လည်း မအိပ်နိုင်ဘူး. . .

ဇနီးသည် မွှေးက. .

"အစ်ကိုရယ်. . ဒီလောက်ကြီးလည်း စိတ်ထဲမစွဲလန်းပါနဲ့. . ." လို့ ဖြေသိမ့်တယ်. . ဒါပေမယ့် ဖြေလို့မရ. . ။

နောက်တစ်နေ့ ရုံးတက်ရတာကိုပင် . . စိတ်မပါ. . အလုပ်လုပ်ရတော့လည်း အာရုံမကပ်. . မျက်လုံးထဲမှာ နာရီလေးကိုပဲ မြင်ယောင်နေတယ်. . .

ညနေ ရုံးအဆင်းမှာတော့ မထင်မှတ်တာ တစ်ခုဖြစ်လာတယ်. . လူတစ်ယောက်က ကျွန်တော့်ကို လာစောင့်နေခြင်းပဲဖြစ်တယ်. . သူ့ကို မြင်မြင်ချင်း မှတ်မိတာပေါ့. . မနေ့က ကားပေါ်မှာ ကျွန်တော့်ဘေးမှာ ကပ်ရပ်ခဲ့သူ. . တစ်နည်းပြောရရင် ကျွန်တော့်ရဲ့ အိတ်ဆောင်နာရီလေးကို နှိုက်ယူသွားခဲ့သူလို့ ကျွန်တော် ယူဆထားခဲ့

သူက ပြုံးပြီး. . .

"အစ်ကိုနဲ့ စကားပြောချင် လို့ပြောတယ်. .

"ဘာကိစ္စလဲ. . ."

ကျွန်တော်က ခပ်တင်းတ ပြန်မေးလိုက်တယ်. . စိတ်ထဲမှာ ရှိ တဲ့တင်းမာမှုက စကားသံတွေထဲ ရောပါသွားတယ်. .

"အစ်ကိုကိစ္စပါ. . ခဏလော လိုက်ခဲ့ပါ. . လက်ဖက်ရည်သောက်ရ စကားပြောကြရအောင်ပါ. . ."

သူက ချိုချိုသာသာပဲ ပြေ ပါတယ်. . .

ဒါနဲ့ လက်ဖက်ရည် ဆို ရောက်တော့. . .

"ကဲ. . ပြော ဘာပြောချ တာလဲ. . ."

ကျွန်တော်က သူ့ကို မေးခွန်း ထုတ်တယ်. . မေးရင်းကနေ နာ အကြောင်းမေးပြီး ပြန်တောင်းဖို့ အသ တကြည်တောင်းမရရင်. . ရဲတိုင်မယ် ဘာညာခြိမ်းခြောက်ရင် ကောင်းမလာ လို့တောင် တွေးမိတယ်. . .

ဒီအချိန်မှာပဲ သူက သူ့လွယ် အိတ်ထဲကနေ. . တစ်စုံတစ်ခု နှိုက်ပြီး





န်တော့်ရှေ့ကို အသာချပေးတယ်. . ဲဒီတစ်စုံတစ်ရာကို မြင်လိုက်ရတယ် ရင်ပဲ ကျွန်တော့်ရင်တွေခုန်ပြီး မျက် ်းတွေလည်း ပြူးသွားတယ်. .

အိတ်ဆောင် နာရီလေးလေ. . န်တော့်ရဲ့ အိတ်ဆောင်နာရီလေး. .

ကျွန်တော်ဝမ်းသာသွားတာ ည်း ဖော်မပြတတ်အောင်ပါပဲ. .

"ကျွန်တော့်ကို ခွင့်လွှတ်ပါ. . အစ်ကို့ပစ္စည်းကို အစ်ကို့ဆီကို ပြန် ာပို့တာပါ. ."

ကျွန်တော် သူ့ကို ဒေါမပွနိုင်တော့ဘူး. . .

"ရပါတယ်ဗျာ. . ဒါနဲ့. . ခင်ဗျားက ဘာကြောင့် ဒီပစ္စည်းကို ကျွန်တော့်ဆီ ပြန်လာပို့တာလဲ. . ."

ကျွန်တော့်အမေးကို သူ. . မဖြေဘဲ မော့ကြည့်နေတယ်. . အတန်ကြာမှ. . .

"အဲဒါ မမေးနဲ့တော့ အစ်ကိုရာ. . အစ်ကိုလည်း အစ်ကို့ပစ္စည်းပြန်ရပြီပဲ. . ." လို့ငြင်းဖြေ. . ဖြေတယ်. . ကျွန်တော်လည်း လက်လျှော့လိုက်ပါတယ်. . သူမဖြေချင်တာ ထပ်မမေးတော့ပါဘူး. . .

အိမ်ပြန်ရောက်တော့ ဇနီးသည်မွှေးကို နာရီလေးပြန်ရကြောင်း ပြောပြတဲ့အခါ မွှေးက တအံ့တသြနဲ့. .

"ခါးပိုက်နှိုက်ဆိုတာ ပစ္စည်းလိုချင်လို့ နှိုက်တာပဲ. . ဒီနာရီဟာ ရှေးဟောင်းပစ္စည်းမို့ အဖိုးတန်တယ်ဆိုတာလည်း သူသိမှာပဲ. . ဒါနဲ့တောင် အစ်ကို့ကို ရှာပြီး ပြန်လာပေးတယ်ဆိုတော့ တစ်ခုခုဖြစ်လို့ပဲ. . သူ ပြန်မပေးဘဲ မနေနိုင်လို့လာပေးတာပဲ အစ်ကို" လို့ ဝေဖန်သုံးသပ်တယ်. .

ကျွန်တော့် အမြင်လည်း မွှေးနဲ့ ထပ်တူပါပဲ. . .

ဒီအိတ်ဆောင်နာရီလေးဟာ ဘယ်လို ဆန်းကြယ်လျှို့ဝှက်မှုတွေနဲ့ ပြည့်နေတာလဲဆိုတာသာ တိတိကျကျ မသိတာ. . ဆန်းကြယ်လျှို့ဝှက်တာတော့ အမှန်ပဲ. . . ။

* * * * *

(၄)

"အစ်ကိုရေ. . နွယ်နီတို့က ချောင်းသာကို သွားကြမလို့တဲ့. . မွှေးတို့နှစ်ယောက် လိုက်ခဲ့ဖို့ခေါ်တယ်. . မွှေးကလည်း အစ်ကိုရော. . မွှေးပါ ရုံးအားရက်မို့ လိုက်မယ်လို့ ပြောခဲ့ပြီ"

တစ်နေ့ ကျွန်တော် ရုံးက

အပြန်မှာ မွေးက ပြောတယ်. .

"ကောင်းသားပဲ. . ဘယ်နေ့ သွားမှာလဲ. . ."

"မနက်ဖြန် မနက်. . အစ်ကို"

"သွားကြတာပေါ့. . ."

"ဒါဖြင့် နွယ်နီတို့ဆီကို မွေးက မွေးတို့လိုက်မှာ အတည်ပြုလိုက်ပြီလို့ ဖုန်းဆက်လိုက်မယ်. ."

"ကောင်းပြီ မွေး. . ."

မွေးက လမ်းထိပ်မှာ ဖုန်းသွားဆက်တယ်. .

စနေ. . တနင်္ဂနွေ ပိတ်ရက်ရယ်. . ခရစ်စမတ်ပိတ်ရက်ရယ်. . ဆက်သွားတာမို့. . အဆင်ပြေတယ်လို့ ပြောရမယ်. . ကျွန်တော်တို့ကလည်း ချောင်းသာကို တစ်ခေါက်မှမရောက်ဖူးကြဘူးလေ. . .

မွေးဖုန်းဆက်ရာက ပြန်လာတော့. . .

"မနက်ဖြန် မနက်. . ၇ နာရီ ကားထွက်မယ်တဲ့. . သူတို့အိမ်မှာပဲ စုရပ်လုပ်မယ်လေ. . မွေးတို့ ဒီည ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားမှ ဖြစ်မယ်. . " လို့ပြောတယ်. . .

အဲဒီညက ကျွန်တော်တို့ နှစ်ယောက် ချောင်းသာခရီးအတွက် လိုအပ်တာတွေ ပြင်ဆင်ထည့်သိုပြီ အိပ်တော့ ည ဆယ့်တစ်နာရီ ထိုးနေ ပြီ. . ကျွန်တော့်ရဲ့ အိတ်ဆောင်နာရ ကိုကြည့်နေတဲ့ ကျွန်တော့်ကို မွေးက ရယ်ပြီး. . .

"ဘာလဲ. . မွေးနဲ့စတင်ပြီး. . ဆုံခဲ့ရတာကို သတိရနေတာလား. . လို့မေးတယ်. . ကျွန်တော်က ခေါ ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်. . အစ်ကိုနဲ့ မွေ တို့ဖူးစာဆုံပေးခဲ့တာ ဟောဒီ နာရီလေ ပဲလေ. . ." လို့ထောက်ခံလိုက်တယ်. .

"မွေးနာရီတောင် ပျက်နေလ ဆိုင်မှာ အပ်ထားတယ် အစ်ကို. . တနလာင်္နေ့ကျမှ ရမယ်တဲ့. . ."

"ရပါတယ် မွေးရယ်. . အစ်က နာရီလေးရှိသားပဲ. . ."

ကျွန်တော့်ဟာ အိတ်ဆော နာရီလေးကို ချစ်မြတ်နိုးလွန်းလှတ အတွက် လက်ပတ်နာရီဝယ်မဝတ်ဘ လေ. . ဒီနာရီကလည်း အချိန်အလွ မှန်တယ်မဟုတ်လား. . .

"အစ်ကို. . ."

"ဟင်. . ဘာလဲ မွေး. . "

"အစ်ကို့ နာရီလေးကို မန ကျရင် မွေးတို့ကို နှိုးဖို့ သတိပေးထား





မွေးတို့ ငါးနာရီလောက် ထပြီး ပြင်ဆင်မှ ဖြစ်မှာ. . ."

"အေးပါကွာ. . အစ်ကို့နာရီလေးက နှိုးမှာပါ. . ကဲ. . ရွှေနာရီလေးရေ. . ချောင်းသာခရီး မနှောင့်နှေးရအောင် မနက်ကျရင် ငါးနာရီလောက် နှိုးပေးပါနော်. . ."

"အစ်ကိုကလည်း အတည်ပြောလေ. . ရွှတ်နောက်နောက် မလုပ်နဲ့. . ."

"အတည်ပြောတာပါ. . မွေးရယ်. . မွေးစိတ်ချပါ. . . "

ကျွန်တော်က မွေးကိုပြောရင်း နာရီလေးကို တစ်ချက်. . နမ်းလိုက်ပြီး ကုတင်ခေါင်းရင်းက စားပွဲလေးပေါ်မှာ တင်ထားလိုက်တယ်. .

ပြီးတော့ ကျွန်တော်တို့ အိပ်ရာဝင်ကြတယ်. . .

ကျွန်တော်တို့ဟာ မနက်ဖြန်မှာ သွားကြရမယ့် ချောင်းသာခရီးကို တွေးရင်း ပျော်ရွှင်ကြည်နူးမှုတွေနဲ့ တော်တော်နဲ့ အိပ်မပျော်ကြဘူး. . .

အတော် ညဉ့်နက်မှ နှစ်ယောက်သား အိပ်ပျော်သွားကြတယ်. . .

ကျွန်တော် ဖျတ်ခနဲ နိုးလာတော့ ခေါင်းရင်း ပြတင်းပေါက်တံခါး ရွက်ကြားက အလင်းရောင်လေးတွေ တိုးဝင်လာနေတာ တွေ့ရတယ်. . နောက်ကျနေပြီလားဆိုတဲ့ အသိနဲ့ မွေးကိုပါ လှုပ်နှိုးလိုက်တယ်. . .

"မွေး. . မွေးထတော့ မိုးလင်းနေပြီ. . "

မွေးလည်း လူးလဲထ. . တယ်။

ကျွန်တော်လည်း ခေါင်းရင်း စားပွဲပေါ်က အိတ်ဆောင်နာရီလေးကို လှမ်းယူပြီးကြည့်လိုက်တယ်. . ငါးနာရီ တိတိ. . .

"ငါးနာရီတိတိပဲ. . မွေးရေ အစ်ကိုတို့ အချိန်ကိုက်ပဲ. . . "

"အစ်ကို့ နာရီက နှိုးလိုက်တာလား. . ."

"မဟုတ်ဘူး. . နှိုးစက်သံတော့ မကြားရဘူး. . ဒါပေမယ့် ဖျတ်ခနဲနိုးလာတာ. . အချိန်က အံကိုက်ပဲ"

"အင်းပေါ့. . ဒါလည်း နာရီလေးက နှိုးတာ နေမှာပေါ့. . . "

"ကဲ. . အစ်ကိုတို့ အမြန် ပြင်ဆင်ကြစို့. . ."

ကျွန်တော်နှင့် မွေးတို့ ပြင်ဆင်ပြီး အိမ်က ထွက်လာတော့ ကျွန်တော့် အိတ်ဆောင်နာရီလေးက ငါးနာရီ လေးဆယ့်ငါးမှာ ဖြစ်နေတယ်. . .

ကျွန်တော်တို့ အငှားကားရှင်းပြီး နွယ်နီတို့အိမ်ကိုသွားကြတယ်. . နွယ်နီတို့အိမ်ကိုရောက်တော့ ကျွန်တော့် အိတ်ဆောင်နာရီလေးက ခြောက်နာရီခွဲ. . ဒါပေမယ့် နွယ်နီတို့ အိမ်မှာ နွယ်နီတို့ကို မတွေ့ရတော့ဘူး. . .

နွယ်နီ အမေပဲ တွေ့ရတယ်။

"ဟဲ. . မွေးတို့နောက်ကျလိုက်တာ. . နွယ်နီတို့လည်း မွေးတို့ကို တစ်စောင့်စောင့်နဲ့. . နောက်ဆုံး မွေးတို့မလိုက်ဖြစ်တော့ဘူးထင်လို့ ထွက်သွားကြပြီ. . ."

နွယ်နီ အမေရဲ့ စကား. . မွေးက ငြင်းတယ်. . .

"အန်တီကလည်း မွေးတို့ နောက်မကျပါဘူး. . နွယ်နီတို့က ခုနစ်နာရီကားထွက်မယ်လို့ ပြောထားတာ"

"ဟုတ်တယ်လေ. . ခုနစ်နာရီ ကားထွက်တယ်ပြောတာအမှန်ပဲ. . ခုမနက်သူတို့ထွက်သွားတာ ခုနစ်နာရီ မိနစ်နှစ်ဆယ်မှပါ. . ."

"ဟာ. . မဟုတ်တာ. . အချိန်က ခုမှ ခြောက်နာရီခွဲပြီးရုံပဲရှိသေးတယ်. ."

ကျွန်တော်က အိတ်ဆောင်နာရီလေးကို ထုတ်ပြီး သက်ဇ်သထူလိုက်တယ်. . နွယ်နီအမေက နံရံမှ ရှိတဲ့နာရီကို ညွှန်ပြရင်း. . .

"မဟုတ်ဘူးကွယ်. . ခုနစ်နာ ခွဲပြီးနေပြီ. ." လို့ပြန်ပြောတယ်. ဟုတ်ပါရဲ့. . နံရံပေါ်က နာရီက ခုနှ နာရီသုံးဆယ့်ငါး. . ဘယ်လိုဖြစ်တာလ

"ကျွန်တော့် နာရီက ဘယ တုန်းကမှ မလွဲချော်ဘူး အန်တီ. . အန်တီတို့နာရီက မြန်နေတာဖြစ်မှာ

"နွယ်နီတို့အားလုံးမှာ နာ ပါကြတယ်. . အားလုံး အချိန်ကိုက် ကွယ့်. . ."

ကျွန်တော် လက်မခံချင်ဘူး

နွယ်နီအမေက သူတို့တိုက်ခ ထဲက နာရီတွေ (လက်ပတ်နာရီတစ်လုံး နဲ့ စားပွဲတင်နာရီတစ်လုံး) သွားယူလာ တယ်. . ကြည့်လိုက်တော့ အဲဒီနာရီ နံရံက နာရီနဲ့ အားလုံးအချိန်တွေ တ နေတယ်. . .

ဒါဆို ကျွန်တော့် နာရီလေးက နောက်ကျနေတာ သေချာပြီ. . တစ်ခ မှ နောက်မကျဖူး. . မမြန်ဖူးတဲ့ ထာဝ မှန်နေတတ်တဲ့ ကျွန်တော့်အိတ်ဆော နာရီလေးဟာ ဒီတစ်ကြိမ်မှာ ဘယ်လ ဖောက်ပြန်ပြီး နောက်ကျနေပါလိမ့်. .

ကျွန်တော် နားမလည်ဘူး. .





ဒီလိုနဲ့ ကျွန်တော်တို့ နွယ်နီတို့ ိမ်ကနေ ပြန်လာခဲ့ရတယ်. . ကျွန်တော် ရဲ့ ချောင်းသာခရီးစဉ်က နာရီလေး ောင့် ခြောက်ကပ်တိတ်ဆိတ်စွာနဲ့ က်သိမ်းခြင်းခံလိုက်ရလို့ မွေးရော. . န်တော်ပါ. . စိတ်ထဲမှာ ခံစားနေရ ယ်. . တစ်ယောက်နဲ့တစ်ယောက် ောင်း စကားသိပ်မပြောဖြစ်ကြဘူး. .

အဲဒီနေ့ဟာ ကျွန်တော်တို့ ိမ်မှာ အဓိပ္ပါယ်မဲ့နေသလိုပဲ. . န်တော်ဟာ နေ့လည်ပိုင်းမှာ နာရီ လေးကို ပြင်မှပဲဆိုပြီး အိမ်ကထွက်ဖို့ င်နေတုန်း မွေးက. . သူလည်း အပြင် က်မယ်လို့ဆိုလာတော့ နှစ်ယောက် ား ရန်ကုန်ထဲကို ထွက်လာဖြစ်ခဲ့ကြ ယ်. . နှစ်ယောက်ထွက်လာတာမို့ ရီကို အရင်သွားမပြင်သေးဘဲ ရွှေတိဂုံ ရားကို ဦးဆုံးသွားဖူးကြတယ်. . မှ မြို့ထဲမှာရှိတဲ့ ကျွန်တော့် မိတ်ဆွေ ရီပြင်ဆိုင်ကို လာခဲ့ကြတယ်. .

"ခင်ဗျား နာရီက အကောင်း းပဲ. . ဘာမှမဖြစ်ဘူး. . ."

မိတ်ဆွေ နာရီပြင်ဆရာက ပြောတယ်. . .

"မနက်က တစ်နာရီ နောက် နေတယ်ဗျ. ."

ကျွန်တော်က ရှင်းပြတယ်။

"အခု အချိန်မှန်ပဲလေ. . နာရီကလည်း သွားနေတာပဲ. . ."

သူကလည်း သူ့ဆိုင်တွေက နာရီတွေနဲ့ တိုက်ပြတယ်. . ကျွန်တော့် အိတ်ဆောင်နာရီလေးက အချိန်မှန်ပါပဲ. . .

ကျွန်တော်နဲ့မွေး. . ဘာပြောရမှန်းမသိတော့ဘူး. . နာရီလေးကို ယူပြီး အိမ်ပြန်လာခဲ့ရတယ်. . .

"အစ်ကို ဒါ ထူးဆန်းတယ်. . လို့ မွေးထင်နေတယ်. . မွေး. . နွယ်နီတို့အိမ်ကို ဖုန်းသွားဆက်လိုက်ဦးမယ်"

မွေးက နွယ်နီတို့အိမ်ကို ဖုန်းသွားဆက်တယ်. . မကြာခင်မှာပဲ မွေးမျက်နှာအပျက်ပျက်နဲ့ ခပ်သုတ်သုတ်ပြန်ရောက်လာတယ်. . .

ကျွန်တော့်ရင်ခွင်ထဲ တိုးဝင်ပြီး-

"အစ်ကို. . စိတ်မကောင်းစရာပဲ. . နွယ်နီတို့စီးသွားတဲ့ကား လမ်းမှာ ကားချင်းတိုက်မိလို့. . တိမ်းမှောက်သွားတယ်တဲ့. . နွယ်နီတို့ကို ပုသိမ်ဆေးရုံမှာ တင်ထားရတယ်တဲ့. . ."

လို့ မျက်ရည်ဝဲဝဲနဲ့ ပြောတယ်. . .

"ဟာ. . ဖြစ်မှ ဖြစ်ရလေ. ."

ဒီမှာပဲ ကျွန်တော်ရော. . မွေး

ပါ. . သတိရလိုက်ကြတယ်. . ကျွန်တော့်ရဲ့ အိတ်ဆောင်နာရီလေးက ကျွန်တော်တို့ကိုကယ်ဆယ်လိုက်တာပဲ. . ဆိုတာ. .

မွေးရော. . ကျွန်တော်ပါ စားပွဲပေါ်တင်ထားတဲ့ အိတ်ဆောင်နာရီလေးကို လေးစားစွာ. . မြတ်နိုးစွာ တန်ဖိုးထားစွာ လှမ်းကြည့်လိုက်မိကြတယ်. . . .

(၅)

လျို့ဝှက်ဆန်းကြယ်သလားတော့ မမေးနဲ့. . ပြောရင်. . ယုံချင်မှ ယုံမယ်. .

ကျွန်တော်နဲ့ မွေးကတော့ ကျွန်တော့်ရဲ့ အိတ်ဆောင်နာရီလေးကို ဂမ္ဘီရနာရီလေးလို့ပဲ အမည်တပ်ထားလိုက်ကြတယ်. . . . ။

* * * * *

သီဟထိပ်တင်စော

ပြီးပါပြီ



# ဆာဂျင်ဟံသာနှင့် ဂမုန်းပျံဆေးမြစ်

ငွေစိုး (ရွှေကြန့်ဗြဲ)

၁၉၄၂ ခုနှစ်၊ ဧပြီလ . . ။ ဗြိတိသျှကိုလိုနီနယ်ချဲ့များ မြန်မာ့မြေမှ စတင်ဆုတ်ခွာ နေသော ကာလ . . . ။

× × ×

စာစု ( ၁ )

မြန်မာ့မြေမှ . . ဆုတ်ခွာလာသော ဗြိတိသျှတပ်မတော်၏ တပ်ခွဲ တစ်ခွဲသည် ရခိုင်ရိုး တောင်တန်းကြီးကို ဖြတ်ကျော်က အိန္ဒိယ နယ်စပ်ဘက်သို့ ဦးတည် ချီတက် နေလျက်ရှိ၏။ စင်စစ် ထိုတပ်ခွဲသည် ယခင်က ဗိုလ်ချုပ် ကြီး အလက်ဇန်းဒါး ဦးစီးသည့် ဗြိတိသျှ အမှတ် (၁၇) တပ်မကြီး (17 Division) ၏ လက်အောက်ခံ တပ်ရင်း (Battalion) တစ်ခု ဖြစ်ခဲ့ လေ၏။ သို့သော်လည်း အမှတ် (၁၇) တပ်မကြီး၏ ဆုတ်ခွာရာ စစ် လမ်းကြောင်းများကို မြန်မာနိုင်ငံ အတွင်းသို့ ထိုးဖောက်ဝင်ရောက် လာသော ဂျပန်ဘုရင့်တပ်မတော် (၁၅) နှင့် ဗမာ့ လွတ်လပ်ရေး တပ်မတော် (BIA) တို့က တရ ကြမ်းကိုးစစ်ဆင်မှုကြောင့် ဗြိတိသျှ တပ်မကြီး ကစဉ့်ကလျား ဖြစ်သွား ခဲ့သည်နှင့်အညီ လက်အောက်ခံ တပ်ရင်းအသီးသီးသည်လည်း ဖရို ဖရဲဖြင့် ပြိုကွဲကာ အိန္ဒိယနယ်စပ်သို့ နီးစပ်ရာလမ်းများကို သုံး၍ အလျင်အမြန် ဆုတ်ခွာရလေတော့၏။ ယင်း တပ်ခွဲကလေးသည် အစိတ်စိတ် အမွှာမွှာ ပြိုကွဲသွားသော ဗြိတိသျှ တပ်ရင်းများစွာ အနက်တွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ပြီး စတင်ဆုတ်ခွာစဉ်က အင်အားတောင့်တင်းသော တပ်ရင်း အသွင်ဖြင့် ရှိခဲ့သော်လည်း ဆုတ်ခွာရာလမ်းခရီး တစ်လျှောက်တွင် ဂျပန်ဘုရင့် တပ်မတော်နှင့် လည်းကောင်း ၊ ဗမာ့ လွတ်လပ်ရေး တပ်မတော်(BIA)နှင့်လည်းကောင်း အကြိမ်ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့ သောကြောင့် ထိခိုက်ကျဆုံးသူများ အလွန်များပြားလာကာ ရခိုင်ရိုးမ ကို ဖြတ်ကျော်နေချိန်တွင်မူ တပ်ခွဲ တစ်ခွဲခန့်သာ လူအင်အား ကျန်ရှိ လေတော့၏။ လက်ရှိအခြေအနေ တွင် ကပ္ပတိန် မက္ကဇီသည် ထို တပ်ခွဲကလေး၏ တစ်ဦးတည်း သော တပ်ခွဲမှူးအဖြစ် တာဝန်ယူ ကာ ဦးဆောင် ချီတက်နေလျက် ရှိ၏။ တကယ်တော့ တပ်ရင်းမှူး ဖြစ်သူ လက်ဖတင်နဲ့ကာနယ်လ် မာတင်နှင့် ဒုတိယ တပ်ရင်းမှူး မေဂျာဂျက်ဖရီ (2 IC) တို့သည် တောင်ကုတ်တိုက်ပွဲနှင့် ကုလား တနိမြစ်ဝတို့တွင် ရှေ့ဆင့်နောက် ဆင့် ကျဆုံးခဲ့လေ၏။ ထို့ကြောင့် တပ်ရင်း၏ လက်ကျန် အရာရှိ တစ်ဦးဖြစ်သူ ကပ္ပတိန်မက္ကဇီက ကြွင်းကျန်နေသော စစ်သည်များ ကို အုပ်ချုပ်ကာ ခွာစစ်ခရီးကို အပြင်းနှင်နေကြခြင်း ဖြစ်လေ၏။ ထိုထပ်ခွဲတွင် ဆားဂျင့်(တ်)ဟံသာ တစ်ယောက်လည်း ပါဝင်လေ၏။ ဆာဂျင့်စံသာသည် လွန်ခဲ့သော (၇) နှစ်ခန့်က ဗြိတိသျှ စစ်တပ်

အတွင်းသို့ ဝင်ရောက်စစ်မှုထမ်းခဲ့သူဖြစ်ပြီး အင်္ဂလိပ် ကျောင်း (၇) တန်း အောင်မြင်ထားသောကြောင့် လည်းကောင်း၊ မျက်နှာဖြူအရာရှိများနှင့် လိုက်လျော ညီထွေစွာ ပေါင်းသင်း ဆက်ဆံတတ်သောကြောင့် လည်းကောင်း စသည့် အချက်များကြောင့် စစ်မှုထမ်းသက် ( ၇ ) နှစ်တာ ကာလအတွင်း၌ ရာထူးများ တိုးကာ စစ်သင်တန်း အမျိုးမျိုးကို တက်ရောက်ခွင့် ရရှိခဲ့သူလည်းဖြစ်၏။ ယခုနှစ်ပိုင်း အတွင်း၌လည်း ဌာနချုပ်တပ်ရင်းမှ ဖွင့်လှစ်သော “စစ်မြေပြင် သူနာပြုသင်တန်းကို တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်းပြီး၍ လအနည်းငယ်အတွင်းမှာပင် ကော်ပိုရာလ် (တပ်ကြပ်) အဆင့်မှ ဆာဂျင့်တ်အဆင့်သို့ ရာထူး တိုးမြှင့်ခြင်းကို ခံခဲ့ရကာ အထက် မြန်မာပြည်တွင်ရှိသော အမှတ်(၆)မဒရပ်ခြေကျင်တပ်ရင်းသို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရလေ၏။ ထိုနှစ်မှာပင် ဒုတိယကမ္ဘာစစ်မီးက မြန်မာပြည်သို့ ကူးစက်လာခဲ့လေ၏။ မြန်မာပြည်သားဖြစ်သော ဆာဂျင့်ဟံသာအဖို့ ဗြိတိသျှအာဏာပိုင်များနှင့်အတူ အိန္ဒိယသို့ မလိုက်လိုသော်လည်း ဖက်ဆစ်ဂျပန်တို့၏ လက်အောက်တွင် မနေလိုသောကြောင့် လည်းကောင်း၊ လူငယ်ပီပီ စွန့်စားလိုသောစိတ်ကြောင့် . . လည်းကောင်း၊ ဗြိတိသျှတပ်မတော်နှင့်အတူ အိန္ဒိယသို့တပါတည်း လိုက်ပါခဲ့ခြင်း ဖြစ်လေသည်။ ဆာဂျင်ဟံသာ၏ တပ်ရင်းသည် မျက်နှာဖြူအရာရှိ အနည်းငယ်နှင့် အိန္ဒိယနွယ်ဖွား တိုင်းရင်းသား အများစုဖြင့် ဖွဲ့စည်းထားသော တပ်ရင်းဖြစ်သောကြောင့် မြန်မာပြည်ဖွား





တိုင်းရင်းသား စစ်သည်တို့မှာမူ လက်ချိုးရေတွက်၍ ရလောက်အောင် နည်းပါးလှလေ၏။ ထိုကြားထဲ တိုက်ပွဲ အသီးသီးတွင် ပါဝင်ကျဆုံးကုန်လေသောကြောင့် ဆာဂျင့်ဟံသာ၏ တပ်ခွဲကလေးတွင် ဆာဂျင့်ဟံသာ၏ တပ်ခွဲကလေးတွင် ဆာဂျင့်ဟံသာ တစ်ယောက်သာ မြန်မာတိုင်းရင်းသား စစ်သည် အဖြစ် တစ်ဦးတည်း ကျန်ရစ်ခဲ့လေတော့၏။ သို့သော်လည်း ကပ္ပတိန်မက္ကင်ဇီနှင့် ဆာဂျင့်ဟံသာသည် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သောကြောင့် ဆာဂျင့်ဟံသာ အဖို့ အိန္ဒိယ တိုင်းရင်းသားစစ်သည်တို့ အလည်တွင် မျက်နှာမငယ်စေပဲ ခွာစစ်ခရီးကို လိုက်ပါခွင့် ရရှိခဲ့လေ၏။ နောက်တစ်ချက်မှာ ဆာဂျင့်ဟံသာသည် ထိုတပ်ခွဲကလေး၏ တစ်ဦးတည်းသော သူနာပြုတပ်ကြပ်ကြီး ဖြစ်နေသောကြောင့် ပန်ချာပီ ၊ ဂေါ်ရခါး စစ်သည်များသည် . . ဆာဂျင့်ဟံသာကို အရာရှိ တစ်ယောက်ကဲ့သို့ ဆက်ဆံကြလေ၏။ ဆာဂျင့်ဟံသာ ကိုယ်တိုင်ကလည်း ဒဏ်ရာရ စစ်သည်များကို . . ညီအစ်ကိုအရင်းများပမာ ဂရုစိုက်ပြီး ပြုစု စောင့်ရှောက်ခဲ့လေ၏။ တကယ်တော့လည်း . . ဆင့်ဂျင့်ဟံသာတို့၏ တပ်ခွဲကလေးသည် ရခိုင်ရိုးမကို ဖြတ်ကျော်စဉ်ကပင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးနှင့် ရောဂါအမျိုးမျိုးဒဏ်ကို အလူးအလဲ ခံစားခဲ့ရလေ၏။ ရေစီးသန်လှသော ချောင်းများကို ကူးဖြတ်ရာတွင်လည်းကောင်း၊ ကျောက်ဆောင် ချောက်ကမ်းပါးများကို ဖြတ်ကျော်ရာတွင်လည်းကောင်း၊ ထိခိုက် တိမ်းစောင်းမှုများဖြင့် ကြုံ

တွေ့ခဲ့ရလေ၏။ ရခိုင်ရိုးမတောင်တန်းသည် ချောင်း၊ ကမ်းပါး၊ ကျောက်ဆောင် ကျောက်တုံးများနှင့် ပိန်းပိတ်အောင် ထူထပ်လှသော ဝါးပင်များ ပေါများလှသောကြောင့် ဆာဂျင့်ဟံသာတို့၏ တပ်စုကလေးမှာ နှစ်မိုင်ခန့် ခရီးအကွာအဝေးကိုပင် နာရီပေါင်းများစွာ ချီတက်နေရလေ၏။ တောတစ်စတစ်စ နက်လာသည်နှင့်အမျှ လမ်းခရီးသည် ပိုမို၍ ကြမ်းတမ်းလာလေ၏ .. အဆိုးဝါးဆုံးမှာ တံတိုင်းများသဖွယ် ဖြစ်နေသော ဝါးတောကြီးများကို .. ခုတ်ထွင်ရှင်းလင်း၍ ချီတက်ရခြင်းပင် ဖြစ်လေသည်။ ဝါးရုံများကို ခုတ်ထွင်ရခြင်းကြောင့် စစ်သည်အများစုသည် ဝါးကြောများ ရှကာ အပူပိုင်းဒေသ၏ ရောဂါပိုးများ ဝင်ရောက်လာပြီး အချိန်အနည်းငယ်အတွင်းမှာပင် သေဆုံးခြင်းကို ရောက်ရလေတော့၏။ သို့သာမက ချောင်းငယ်၊ မြောင်းငယ်များကို ဖြတ်ကျော်တိုင်း ထိုချောင်း၊ မြောင်းများအတွင်းမှ သွေးစုတ်နေသည့် မျှော့ကြီးများ၏ တွယ်ကပ် ဒုက္ခပေးခြင်းကို စစ်သည်များ ကြုံခဲ့ရလေပြီး အလွန်တရာ ထူပြောသည့် တောကြီးများကို တိုးသော အခါတွင်ကား ချွန်ထက်သည့် ဆူးတောများ၊ သင်တုန်းဓားသွားကဲ့သို့ ထက်မြက်လှည့် မြက်ရိုင်းများသည် စစ်သည်တို့၏ အဝတ်အစားများနှင့်အသားအရေများကို ဓားပါးပါးနှင့် မွှမ်းထားသကဲ့သို့ သဘာဝ အတားအဆီးများက ဆာဂျင့်ဟံသာတို့၏ တပ်ခွဲကလေးကို လူ အင်အားနည်းပါးစေခဲ့ပြီ ဖြစ်သည်။ သို့ဖြင့် ရက်အတန်ငယ်ကြာလာ သောအခါတွင်ကား ဆာဂျင့်ဟံသာ၏





တပ်ခွဲတွင် ရှိနေသော စစ်သည်များသည် ဒဏ်ရာဒဏ်ချက်များ ကိုယ်စီဖြင့် ရှိလာကြကာ အလွန်သန်မာတောင့်တင်းသည် ဆိုသော စစ်သည်များပင် ယုံ့ယုံ့ကလေးမျှသာ ကျန်တော့ပြီး လှုပ်လီ လှုပ်လဲ့သာ ချီတက်နိုင်တော့သည် အခြေအနေသို့ ဆိုက်ရောက်လာ လေတော့၏။ သို့သော်လည်း ကပ္ပတိန်မက္ကဇီ၏ အုပ်ချုပ်ရေး စွမ်းရည်ကောင်းမွန်မှု၊ ဆာဂျင့်ဟံသာ၏ အစွမ်းကုန် ဆေးဝါးကုသမှုများကြောင့် ထို တပ်ခွဲကလေးသည် ရခိုင်ရိုးမ တောင်တန်း၏ ကြမ်းတမ်းလှသော သဘာဝ အတားအဆီးများကို အံတုကာ ဆက်လက်ချီတက်လျက် ရှိနေလေတော့သည်။

× × ×

## စာစု (၂)

" ရှေ့မှာ ရွာတစ်ရွာ တွေ့တယ် ဆပ် .. "

အချွန်အတက်များ နှင့် ကျောက်တုံးကျောက်ဆောင်များ ပေါများသော တောင်ကြောကြီး တစ်ခုကို ဖြတ်ကျော်ပြီး၍ တောင်တန်းငယ် တစ်ခုကို ထိုးဖောက်ချီတက်နေချိန်တွင်ကား ရွာငယ်တစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ရပြီဖြစ်သည်။ ရှေ့ပြေးစစ်သည်၏ သတင်းပို့မှုကြောင့် တပ်ခွဲတစ်ခုလုံး အပြုံးမျက်နှာများ ကိုယ်စီဖြင့် ဖြစ်ထွန်းကြ၏။ မှန်၏။ ရိက္ခာပြတ်လပ်နေသည်မှာ ကြာခဲ့လေပြီ ...။ ရွာကိုတွေ့သည် ဆိုပါက လိုအပ်နေသော စားနပ်ရိက္ခာတစ်ခုခုကို ထို ရွာကလေးမှ ဖြည့်တင်းနိုင်မည် ဖြစ်၏။ ရွာကလေးသည် တောင်

ကုန်းတစ်ခု၏ အပေါ်တွင် တည်ထားဟန်တူ၏။ အိမ်တိုင်းလိုလိုတွင် မီးခိုးများ တလူလူ ထွက်နေသောကြောင့် ကပ္ပတိန်မက္ကင်ဇီက ရွာအတွင်းသို့ ချက်ခြင်းမဝင်သေးဘဲ စစ်သည်နှစ်ဦးကို ရှေ့ပြေးအဖြစ် ဦးစွာ စေလွှတ်လိုက်၏။ အချိန် အနည်းငယ် အတွင်းမှာပင် စစ်သည်နှစ်ဦးစလုံး ပြန်ရောက်လာပြီး ရန်သူ၏ အရိပ်အယောင်ကို မမြင်ကြောင်း သတင်းပို့သောအခါမှသာ ကပ္ပတိန် မက္ကင်ဇီက သူ၏ တပ်ခွဲကို ရွာအတွင်း သို့ ဝင်ရောက် တပ်စွဲ စေလိုက်၏။ ထိုရွာကလေးသည်ကား ခမိန်လူမျိုးတို့၏ ရွာငယ် တစ်ရွာပင် ဖြစ်၏။ ရွာကလေးသည်ကား ခမိန်လူမျိုးတို့၏ ရွာငယ်တစ်ရွာပင် ဖြစ်၏။ ရွာကလေးသည် အိမ်ခြေ (၃၀)ခန့်သာရှိပြီး တဲကလေးများမှာ ခနော်ခနဲ့ဖြစ်နေကာ တံခါးဟူ၍ မရှိပဲ မိုးပက်ခြင်း၊ လေဝင်ခြင်းတို့မှ ကာ ကွယ်ရန် ဖိနပ်ချွတ်အမိုးကို တစ် ဖက်လျှောထိုးကာ ချထားလေ၏။ အိမ်တိုင်းလိုလိုသည် အေးလွန် သောကြောင့်လည်းကောင်း၊ မှက် ခြင်၊ ဖြုတ် ပေါ်များလွန်းသော ကြောင့် လည်းကောင်း မီးမပြတ် ဖိုထားသည့်အတွက် တစ်ရွာလုံး မီးခိုးဖုံးနေခြင်းဖြစ်၏။ မှန်ပါသည်။ ဆာဂျင့်ဟဲသာတို့ တပ်ခွဲချီတက်ရာ လမ်းတလျှောက်လုံးတွင် အနေ ခက်အောင် တရစပ် အနှောက် အယှက် ပေးလာသော ( Sand Flies ) သဲယင်ကောင်ကြီးများ သည်ပင် မီးခိုးဒဏ်ကို မခံ နိုင် သောကြောင့် တောနက်အတွင်း သို့ပြန်၍ ပြေးဝင် ကုန်ကြလေပြီ ဖြစ်သည်။ ကပ္ပတိန်မက္ကဇီသည် ရွာအတွင်း၌ တပ်စွဲပြီးသည်နှင့်





ရွာလူကြီးနှင့် တွေ့ဆုံကာ စားနပ်ရိက္ခာများကို အခ ငွေကြေးဖြင့် ဝယ်ယူစေပြီး ပြတ်လပ်နေသည့် ရိက္ခာပြဿနာကို ဦးစွာ ဖြေရှင်းလိုက်လေ၏။ တစ်ဆက်တည်းဆိုသလို ရန်သူသတင်းကို ထပ်မံ စုံစမ်းပြန်လေရာ . . . ရွာလူကြီးဖြစ်သူထံမှ ဂျပန်စစ်သားများကိုလည်း မမြင်ဘူးမတွေ့ဘူးကြောင်း၊ မည်သည့် ဂျပန်စစ်တပ်မှ ဤရွာသို့ ရောက်ဖူးခြင်း မရှိကြောင်းကို . . ခိုင်ခိုင်လုံလုံ သိရှိ လိုက်သောကြောင့် စိတ်ချသည်ဟု ယူဆကာ ခရီးပမ်းနေပြီဖြစ်သော သူ၏တပ်ခွဲကလေးအား (၅) ရက်ခန့် အနားယူစေပြီးမှ ဆက်လက်ထွက်ခွာရန် ဆုံးဖြတ်လိုက်လေတော့၏။ ထိုအတောအတွင်း တပ်ခွဲတွင် ရှိသော စစ်သည်များအား ရွာတွင်ရှိသော အိမ်များတွင် အသီးသီး အနားယူစေ၏။ ထို အစီအမံကြောင့် ဆာဂျင့်ဟဲသာနှင့် ဂေါ်ရခါး ရဲဘော် (၂) ယောက်သည် ရွာစွန် တောင်ကုန်းကလေးပေါ်တွင် တည်ရှိသော ခမိန်လင်မယား အဘိုးအို နေအိမ်တဲတွင် အနားယူခွင့် ရရှိလေခဲ့၏။

ခမိန်ယောက်ျားကြီးများသည် . . ခိုင်ခန့်သော ကိုယ်လုံးကိုယ်ထည်ကြီးမားလှသော ရင်ဘတ်ကြွက်သား၊ တောင့်တင်းကြံ့ခိုင်သည့် ခြေသလုံးသားများဖြင့် ကျားကျားလျားလျားရှိကာ ယောက်ျားပီသသူများ ဖြစ်ကြ၏။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို တဲရှင် ခမိန်အဘိုးအိုလင်မယားသည် ရောဂါများ စွဲကပ်ကာ ဝေဒနာ အသီးသီး ခံစားနေရသည်ကို ဆာဂျင်ဟံသာ တွေ့လိုက်ရလေသည်။ ထို့ကြောင့် စတင် ထွက်ခွာစဉ်က ပါလာသော ဆေးဝါးများဖြင့် အဘိုးအို လင်မယားအား ကုသခွင့်ပြုရန် . . ကပ္ပတိန်မက္ကင်ဇီထံ သတင်းပို့လိုက်လေ၏။ ထိုအခါ ကပ္ပတိန်မက္ကင်ဇီက-

" ဆာဂျင်ရဲ့ အကြင်နာတရားကို ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ရှေ့ဆက်မယ့်လမ်းခရီးမှာ ကြုံတွေ့နိုင်တဲ့ အန္တရာယ်တွေကို ကာကွယ်ဖို့ အတွက် ကျွန်တော်တို့ရဲ့ ဆေးဝါးတွေကို ဘယ်သူ့ကိုမှ ကုသခွင့်မပေးနိုင်ပါဘူး။ ဒါကလည်း တပ်ခွဲရဲ့ အကျိုးကို မျှော်တွေးပြီး ပြောရတာပါ "

ဟု ဆိုကာ ဆာဂျင့်ဟံသာ၏ တင်ပြချက်ကို ငြင်းပယ်လေ၏။ သို့သာမက ဆူပေဒါများနှင့် ဂျမဒါကြီးများကလည်း ဆာဂျင်ဟံသာ၏ အကြံအစည်ကို ဝိုင်း၍ ဖျက်ကြ၏။

"ကပ္ပတိန်ပြောတာ မှန်တယ်၊ ဆာဂျင်ဟံသာ. . .၊ ကျွန်တော်တို့တပ်ခွဲမှာ ထိခိုက်ဒဏ်ရာရသူတွေနဲ့ ဖျားနာနေသူတွေ တော်တော်များနေတယ်၊ သူတို့တွေအသက်ရှင်ဖို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ဆေးဝါးတွေအပေါ်မှာ မူတည် နေတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ သဘောကတော့ တပ်ခွဲမှာရှိတဲ့ . . စစ်သည်တွေအတွက်ပဲ ဆေးဝါးတွေကို သုံးစွဲခွင့်ပြုချင်တယ်. ."

ကပ္ပတိန်အပါအဝင် ဘူပေဒါ၊ ဂျမဒါကြီးများ၏ စကားကရှင်းလှ၏။ သို့သော်လည်း ဆာဂျင့်ဟံသာအနေဖြင့် ဝေဒနာရှင်ကို တွေ့နေလျက်နှင့် မကုသပဲလျှစ်လျူရှုနေရမည့်အဖြစ်ကို မလိုလား . .၊ ထို့ပြင် အဘိုးအိုလင်မယားသည် လက်ရှိအခြေအနေတွင် မိမိ၏ အိမ်ရှင်ဖြစ်၏။ သို့ဆိုစေ ဆာဂျင့်ဟံသာအဖို့ ထပ်မံ၍အတွန့်တက်ရပေတော့မည်။

"ဒီလို ကပ္ပတိန်အဘိုးအိုလင်မယားအတွက် အသုံးပြုမယ့် ဆေးဝါးတွေကို ကျွန်တော်ရဲ့ရာရှင်အဖြစ်သတ်မှတ်ပေးပါ၊ ရှေ့ဆက်မယ့် ခရီးမှာ ကျွန်တော်တစ်ခုခုဖြစ်ခဲ့ရင် ဆေးဝါးအသုံးပြုပဲနေပါ့မယ်. . ."

ဆာဂျင့်ဟံသာ၏ တောင်းဆိုမှုကို . . ကပ္ပတိန်မက္ကင်ဇီက လေးလေးနက်နက် စဉ်းစားအာလက်ခံသဘောတူလိုက်လေ၏။ သို့ဆိုစေ ဆူပေဒါနှင့် ဂျမဒါကြီးကတော့မကန့်ကွက်တိုင် နှစ်သက်ပုံသည့်မရ . . .။ သို့သော်လည်း ဆာဂျင့်ဟံသာအဖို့ . . ကပ္ပတိန်

မက္ကင်၏ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်နက် ဆေးသေတ္တာကို ဖွင့် ကာကုသမှုကို အားချင်းစီစဉ်လိုက် ၏။ ဦးစွာအသင့်ရှိနေသောမီးဖိုကို မီးထိုး၍ ရေနွေးအိုးတစ်လုံးတည် လိုက်ပြီး ဆေးထိုးအပ်များကို ပြုတ် လိုက်၏.. ပြီးနောက် ငှက်ဖျား ရောဂါဝင်နေသော အဘိုးအိုကို "ကွီနိုင်" ထိုးဆေးတစ်လုံးထိုးပေး လိုက်ပြီး ဝမ်းရောဂါဖြစ်နေသော အဘွားအိုကိုမူ " ကလိုရိုဒိုင် " သောက်ဆေးပြားပေးလိုက်လေ၏။ တစ်ဆက်တည်းဆိုသလို ခွဲတမ်း ရထားသော ကြက်ကို သတ်၍ ရေနွေးဖျော၊ အမွေး နုတ်ကာ တစ်ချို့ကိုပြုတ် ၊ တစ်ချို့ကိုကင် ကာ ဆန်ပြုတ်ဖြင့် တွဲဖက်စားသုံး စေ၏။ ဆာဂျင့်ဟံသာ၏ ကိုယ်ဖိ ရင်ဖိပြုစုမှုကြောင့် (၂)ရက်ခန့် အတွင်းမှာပင် အဘိုးအိုလင်မယား ထူထူထောင်ထောင် ဖြစ်လာလေ တော့၏။ ထို အတောအတွင်း ဆာဂျင်ဟံသာတို့၏ တပ်ခွဲလေး သည်ကား ခမိန်ရွာကလေးတွင် ဘေးရန်ကင်းစွာဖြင့် အတိုးချကာ အနားယူလျှက်..။ (၃) ရက် မြောက်သောနေ့တွင်ကား အဘိုး အိုသည် ပြန်လည်လမ်းလျှောက် နိုင်လာပြီး အဘွားအိုကမူ ချက်ရေး ပြုတ်ရေးကိစ္စများကို ကိုယ်တိုင် ဆောင်ရွက်နေပြီ ဖြစ်သည် .. ဆာဂျင့်ဟံသာတို့၏ .. တပ်ခွဲ ကလေးသည် ခမိန်ရွာကလေးတွင် အနားယူစဉ်ကာလ၌ မည်သည့် ရွာသားများနှင့်မျှ ပြဿနာဖြစ်ခြင်း မရှိပဲ အေးအေးချမ်းချမ်းအနားယူ ခွင့်ရခဲ့လေ၏ .. တကယ်တော့ လည်း ကပ္ပတိန်မက္ကင်ဇီ၏ စည်း လုံးရေးစွမ်းရည်ကောင်းမွန်မှုကြောင့် ရက်ပိုင်းအတွင်းမှာပင် ခမိန်





တစ်ရွာလုံးသည် ဗြိတိသျှအစိုးရ၏ ဘက်တော်သားများအဖြစ် သို့ ရောက်ရှိကုန်လေတော့သတည်း။

× × ×

စာစု(၃)

ဆာဂျင့်ဟံသာတို့တပ်ခွဲ ကလေး ခမိန်ရွာကလေးတွင် စခန်း ချ၍(၄)ရက်မြောက်သောနံနက်ခင်း တွင်ကား အဘိုးအိုက ဆာဂျင့်ဟံ သာကို ကျေးဇူးတင်စကားဆိုလေ တော့၏။

"လူကလေးရဲ့ ကျေးဇူး ဟာ အဘတို့လင်မယားအတွက် ဆပ်လို့မကုန်နိုင်လောက်အောင်များ လှပါတယ်ကွယ်၊ ဒါကြောင့်မို့ လူကလေးကို ကျေးဇူးဆပ်တဲ့အနေ နဲ့ ပစ္စည်းတစ်ခုပေးလိုက်ချင်တယ် ကွယ်"

အဘိုးအိုက သူ၏လက် ထဲတွင် ဆုပ်ကိုင်ထားသော သစ်မြစ်ကလေးတစ်ခုကို ဆာဂျင် ဟံသာအားလှမ်းပေးလိုက်၏ သစ်မြစ်လေးတစ်ခုဖြင့် အဘိုး အိုက ဆာဂျင်ဟံသာကို ကျေးဇူး ဆပ်နေချေပြီ..။ ယူသာယူထား လိုက်ရသည်။ ဆာဂျင်ဟံသာအဖို့ နားဝေတိမ်တောင်ဖြစ်နေလျက်..။ သို့သော်လည်း အဘိုးအိုကသစ် မြစ်ကလေးဂုဏ်ဒြပ်ကို ထုတ်ဖော် ဖွင့်လှစ်ပြ၏။ ဆာဂျင်ဟံသာအနေ ဖြင့် နားထောင်ရုံမှလွဲလို့ အခြားမ ရှိ..။

"ဒီသစ်မြစ်ကလေးဟာ သာမာန်သစ်မြစ်ကလေးမဟုတ်ဘူး ကွဲ့၊ သူ့မှာထူးဆန်းတဲ့ အစွမ်း သတ္တိရှိတယ်ကွဲ့ သူ့ရဲ့အစွမ်းကို မပြောခင်၊ သူ့ကိုအဘ ဘယ်လိုရ ခဲ့တယ်ဆိုတာကိုအရင်ပြောပြမယ်၊ ဒါမှ ဒီသစ်မြစ်ကလေးကို လူက လေးအထင်မသေးဝံ့မှာ..."

အဘိုးအိုက သူ၏သစ်မြစ်ကလေးအကြောင်းကို ငြီကာချဲ့နေချိန်တွင်အဘွားအိုတစ်ယောက်ကတော့မီးဖိုချောင်ထဲတွင် တကုပ်ကုပ်အလုပ်ရှုပ်နေလျှက်. . .။ တဲပေါ်တွင်ကားအဘိုးအိုနှင့်ဆာဂျင်ဟံသာတို့နှစ်ယောက်သာရှိ၏။ ဂေါ်ရခါးရဲဘော်(၂)ဦးသည်လည်း မိုးလင်းကတည်းကပင် ရွာအတွင်းသို့ဝင်သွားချေပြီ။

"အဘ အိမ်ထောင်ကျပြီး (၂)နှစ်လောက်ကြာတော့၊ အဘဆီကိုအိန္ဒိယဘက်ကနေ ဆင်းလာတဲ့ ဆာဒူးကြီးတစ်ယောက်ရောက်လာတယ်၊ အဲဒီတုန်းက အဘကမုဆိုးပညာနဲ့ အသက်မွေးတယ်၊ ဒီတောဒီတောင်တွေဆိုတာ အရင်တုန်းက အဘရဲ့ခြေရာတွေ ထပ်နေတာပေါ့၊ တိုတိုပြောရရင် ဆာဒူးကြီးက သူလိုအပ်နေတဲ့ဆေးဘက်ဝင်သစ်ဥ၊သစ်ဖုတွေကို ရှာဖို့ အဘက
လမ်းပြအဖြစ်ငှားတယ်ဆိုပါတော့
ဒီလိုနဲ့ အဘဟာ ဆာဒူးကြီးသွာ
ချင်တဲ့တော၊ တောင်၊ လျှို၊ မြောင်
တွေကို လမ်းပြပေးရင်းနဲ့(၁) လ
လောက်ကြာတော့ ဆာဒူးကြီ
လည်းသူလိုအပ်နေတဲ့ပစ္စည်းတွေ
အကုန်ရရှိသွားတယ်၊ ဆာဒူးကြီ
လည်း အဘနဲ့ရက်အတန်ကြာ
အောင်နေလိုက်ရတော့ သံယော
ဇဉ်ဖြစ်သွားတယ်တူပါတယ်၊ သ
ပြန်ခါနီးမှာအဘကို ဒီသစ်မြစ်က
လေးကိုပေးခဲ့တယ်၊ သူ့အပြော
အရဆိုရင် ဒီသစ်မြစ်လေးဟာ
သိဒ္ဓိဝင်ဂမုန်းသူတော်စင်ရဲ့ အမြစ်
ကလေး ဖြစ်တယ်တဲ့၊ သိဒ္ဓိဝင်
ဂမုန်းပင်ဖြစ်တဲ့အတွက် မြေမြ
မှာမပေါက်ပဲ သစ်ကြီးဝါးကြီး
တွေပေါ်မှာပဲပေါက်တယ်တဲ့
နောက်ပြီးသူ့ကိုတစ်ချို့က ဂမုန်းပ





ဲ့လည်းခေါ်တယ်တဲ့ . . . "

အရေးကောင်း ဒိန်းဒေါင်း
ဲက်သည့်နှယ်. . .။ အဘိုးအိုက
ပြောလက်စ စကားကိုခေတ္တရပ်
ာ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့
သောက်နေပြန်၏။ ဆာဂျင့်ဟံသာ
ကတော့အဘိုးပေးထားသည့်သစ်မြစ်
ကလေးကိုကြည့်ကာနားစွင့်နေလျှက်
. . .။ တကယ်တော့လည်း "ထူး
ဆန်းသည့်အစွမ်းသတ္တိ" ရှိသည်ဟု
ဆိုသော အဘိုးအို၏သစ်မြစ်က
လေးသည်ချင်းတက်ကလေးလို
ဆေးနီရည်စိမ်ထားသည့်အလားရဲ
နှိနေပြီး၊ အရွယ်အစားမှာ လက်မ
နှံ့သာရှိ၏။ သို့သော် အလေး
ချိန်ကမူကျောက်ခဲတုံးကလေး တစ်
တုံးကဲ့သို့ စေးဖိုးလှသည်ကို ဆာဂျင့်
ဟံသာ သတိပြုမိလေသည်။
ထိုဆေးမြစ်ကလေးကို ဆာဂျင့်
ဟံသာသတိပြုမိလေသည်။

ထိုဆေးမြစ်ကလေးကိုဆာဂျင့်ဟံသာကြည့်ရှုနေဆဲမှာပင် အဘိုးအိုထံမှ စကားသံထွက်ပေါ်လာပြန်၏။ ဂမုန်းနှင့်ပတ်သက်လျှင်မယ်တော်ကြီးဂမုန်း၊ ကွင်းထိုးဂမုန်း လောက်သာသိထားသော ဆာဂျင် ဟံသာအဖို့ အဘိုးအို၏ ဂမုန်းဋီကာကို နားထောင်ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေပြီဖြစ်သည်။

"ဘာဖြစ်လို့ ဂမုန်းပျံလို့ခေါ်လည်းဆိုတော့၊ သူဟာ တစ်နေရာထဲမှာ အတည်တကျမနေပဲ အပင်ကြီးတွေ အပေါ်ကို ငှက်တွေလို့ ကူးပြောင်းပျံသန်းပြီး ကွယ်ကပ်နေတက်တဲ့ အစွမ်းရှိလို့ ဂမုန်းပျံလို့ ခေါ်တဲ့ အကြောင်း ဆာဒူးကြီးက အဘကို နားလည်အောင်ရှင်းပြခဲ့ဖူးတယ်၊ ဆာဒူးကြီးအနေနဲ့ ကံကောင်းထောက်မစွာနဲ့ ဒီဂမုန်းပျံကို ရရှိခဲ့တုန်းကဆိုရင် တက်သိနားလည်တဲ့ ဆရာသခင် ကြီးတွေရဲ့ ညွှန်ကြားချက်နဲ့

အစွမ်း ထက်အောင် ဆေးဝါးဖော်စပ်ခဲ့ဖူးတယ်၊ ဂမုန်းပျံတစ်မျိုးတည်းတော့ မဟုတ်ဘူးပေါ့။ အခြားသိဒ္ဓိဝင်တဲ့ မြေပေါ်မြေအောက် သံယံဓာတ ပစ္စည်းတွေလည်း ပါတာပေါ့၊ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ဘူးလို့ ဆာဒူးကြီးကဆိုတယ်၊ သူပြောပုံအရဆိုရင်တော့ သူစီရင်တဲ့ အတိုင်းသာ အောင်မြင်ခဲ့ရင် ကိုယ်ပြောင်း ကိုယ်ခွာနိုင်တဲ့ အစွမ်းနဲ့ကိုယ် ပျောက်နိုင်တဲ့ အစွမ်းကို ရလိမ့်မယ်လို့ ပြောတာပဲ . . . ”

“ဒါဆိုရင် ဒီဂမုန်းပျံကလေးက အစွမ်းမထက်ပဲ အစွမ်းမဲ့ သွားတယ်ဆိုတဲ့ သဘောပေါ့.” ဆာဂျင်ဟံသာ၏ ထင်မြင်ချက်ကို အဘိုးအိုက ခေါင်းခါလိုက်ပြီး . .

“ဒီလိုလည်း မဟုတ်ပြန်ဘူးကွဲ့၊ ဒီဂမုန်းပျံကလေးဟာ လုံးဝ အစွမ်းမဲ့သွားတာလည်း မဟုတ်ဘူး၊ အစွမ်းလျှော့သွားတာ၊ စွမ်း

သင့်သလောက်တော့ စွမ်းသေ
တယ်ဆိုပါတော့။ သူရဲ့စွမ်းပုံက
လည်း ခတ်ဆန်းဆန်းကွဲ့ . .
ဒါကလည်း အဘတို့လို သာမ
လူတွေအနေနဲ့ ကြည့်ပြီး ပြော
တာပါ ၊ ဆာဒူးကြီးတို့လို ပုဂ္ဂိုလ
တွေအနေနဲ့ကတော့ ဒီဂမုန်းပ
လေးရဲ့ အစွမ်းသတ္တိဟာ သူ
အတွက် ကလေးကစားသလို ဖြ
နေတာပေါ့ ၊ ဒါကြောင့်လည်
အဘကို ရက်ရက်ရောရော ပေး
တာဖြစ်ပါလိမ့်မယ် . . . ”

“ဒီဂမုန်းပျံကလေးဟာ
ဘယ်လိုအစွမ်းသတ္တိတွေ ရှိနေလို
လည်း . . . ” ဆာဂျင်ဟံသာ၏
သံသယဝင်နေသော မေးခွန်းကို
အဘိုးဘိုက လေသံအေးအေးဖြင့်
ပြန်ဖြေ၏။

“အဘကို ဆာဒူးကြီး
ဒီဂမုန်းကလေး ပေးကတည်းက
သုံးစွဲနည်းကို တစ်ခါတည်း ပြောပြ
ခဲ့တယ်။ အဲဒီတုန်းကတော့ ပေးလို





သာယူထားရပါတယ် အဘအနေနဲ့ သိပ်ပြီး စိတ်မဝင်စားလှဘူး ၊ ဒါကြောင့်လည်း ဆာဒူးကြီး ပြန်သွားပြီး လပေါင်းအတော်ကြာအထိ ဒီဂမုန်းပျံကလေးရဲ့ အစွမ်းကို မစမ်းသပ်ပဲ နေခဲ့တယ်။ ဒါပေမဲ့ တစ်နေ့မှာတော့ ဒီဂမုန်းပျံကလေးရဲ့ အစွမ်းကို စမ်းသပ်ဖို့ အကြောင်းတစ်ခု ပေါ်လာတယ် ၊ ဘာ အကြောင်းလည်းဆိုတော့ အဘရဲ့ မိန်းမမှာ မောင်တစ်ယောက်ရှိတယ် အဘရဲ့ယောက်ဖလို့ ခေါ်ရမှာပေါ့၊ သူက အဘတို့ရွာနဲ့ (၁၀) မိုင်လောက် ဝေးတဲ့ ရွာတစ်ရွာမှာနေတယ်၊ အဲဒီအချိန်တုန်းက အဘရဲ့ ယောက်ဖဟာ တော်တော်မကျန်းမမာဖြစ်ဖြစ်နေတယ်လို့ သတင်းသိုးသိုးသန့်သန့်ရထားတယ်၊ သွားလည်းမကြည့်နိုင်ဘူး၊ မိုးတွင်းကာလမို့ တောင်တွေပြို၊ ရေတွေကြီးနေတဲ့ အချိန်ဖြစ်နေလို့၊ ဒါပေမဲ့ အဘရဲ့ မိန်းမလည်း သူမောင်ဆီကို သွားမယ်တကဲကဲလုပ်နေတယ်၊ အဲဒီမှာပင် အဘလည်း ဂမုန်းပျံကလေးကို ပြေးပြီး သတိရလိုက်မိတာပဲ၊ ဟုတ်တယ်လေ . . . . ၊ ဆာဒူးကြီး ပြော စကားအရဆိုရင် ဒီဂမုန်းပျံကလေး က ကိုယ်သိချင်တဲ့အကြောင်းအရာတွေကို ကြိုပြီးမြင်နိုင်စွမ်း၊ သိနိုင်စွမ်း ကြားနိုင်စွမ်းရှိတယ်တဲ့၊ သည်လိုဆိုထားတာကိုးကွဲ့ . ”

ထိုအချိန်တွင် မီးဖိုချောင်းအတွင်း၌ တကုပ်ကုပ်အလုပ်ရှုပ်နေသော အဘွားအိုသည် အငွေ့တထောင်းထောင်းထနေသည့် ကန်စွန်းဥပြုတ် ပန်းကန်ကြီးကို ဆာ ဂျင်ဟံသာတို့ နှစ်ယောက်အကြားသို့ လာရောက်ချပေးလိုက်သောကြောင့် ပြောလက်စစကားစ ခေတ္တပြတ်သွား လေပြန်၏။ ဆာဂျင်ဟံသာအဖို့ ဆာလောင်နေသည့်တိုင် ထိုကန်စွန်းဥပြုတ်ကို စိတ်မစဝင်စားနိုင် . . . ။ အဘိုးအို

ကတော့ အားရပါးရ စားသောက်
နေချေပြီ . . . ။ ပြီးမှ သူ၏ စကား
စကို ပြတ်ဆက်လေပြန်၏။

"အဲဒီတော့ အဘလည်း ညအိပ်ရာဝင်ချိန်ရောက်ရော ဆာဒူးကြီးပြောထားတဲ့ အတိုင်း ဂမုန်းပျံဆေးမြစ်ကလေးကို ရေနွေးပူပူထည့်ပြီး အချိန်အနည်းနည်း ကြာအောင် စိမ်လိုက်တယ်၊ ထူးဆန်းတယ် ငါ့တူရေ၊ ရေနွေးစိမ်လိုက်တယ်ဆိုရင်ပဲ ညိုပုပ်ပုပ်အရောင်အဖြစ်ကို ပြောင်းသွားတယ် ၊ ပြီးတော့ အဘလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး တစ်ခါတည်း မော့သောက်လိုက်တယ်၊ သိပ်မကြာပါဘူး အဘလည်း အိပ်ပျော်သွား တော့တာပဲ၊ ဒါပေမဲ့ အိပ်တယ်သာ ပြောရတာပါ၊ အဘဟာ အိပ်မက်လိုလို အပြင်မှာလိုလို အဘယောက်ဖနေတဲ့ ရွာကို ရောက်သွားတယ်။ ဒါပေမဲ့ တစ်ရွာလုံးက အဘရောက်လာတာကို မြင့်ပုံ မရဘူး၊ တို တို ပြောရရင် အ
ယောက်ဖရဲ့ အခြေအနေကို မျ
ဝါးထင်ထင်မြင်ခွင့်ရလိုက် တ
အဘအိပ်ရာနိုးတော့ အဘ
မိန်းမကို ပြောလိုက်တယ်၊ မင်း
မောင်သေပြီလို့ . . ."

"အဘိုးက ဘာဖြစ်
အဲဒီလို ပြောနိုင်ရတာလည်း . . .

"အဘတွေ့ခဲ့တဲ့ မြင်ကွ
အရဆိုရင် အဘရဲ့ ယောက်ဖ
သေနေပြီလေ၊ သူကိုယ်ကို
စောင်အနီလေးလွှမ်းထားတာ
တောင် အဘ သေသေချာချာ မြ
ခဲ့ရတယ် . . . ."

"ဟုတ်ရဲ့လား အဘရဲ့ . . ."

"အဲဒီတုန်းက အဘလည်
ပြောသာပြောလိုက်ရတယ်၊ လူ
လေးလို နည်းနည်းတော့ သံသယ
ဝင်မိတာပေါ့၊ ဒါပေမဲ့ သေသေချာ
ချာ မြင်လိုက်ရတယ်ဆိုတော့ ဒီလို
ပဲ ပြောလိုက်ရတာပေါ့၊ သိပ်မကြာ
ပါဘူး (၁/၂) ရက်လည်း ကြာရော





အဘယောက်ဖရဲ့ နာရေးသတင်းကို ကြားလိုက်ရတော့တာပဲ၊ ပိုပြီး ထူးဆန်းတာက အဘမြင်ခဲ့တဲ့ အတိုင်းပဲ၊ စောင်အနီကလေး ပတ်ပြီး မြေမြှုပ်လိုက်တာတဲ့ . . ."

"တိုက်ဆိုင်သွားတာများလား . . . ."

ယခုအချိန်အထိ အဘိုးအို၏ စကားများကို ဆာဂျင်ဟာသာ တစ်ယောက် ယုံရချက်ခက် ဖြစ်နေ၏။ သို့သော် အဘိုးအို၏ နောက်ဆက်တွဲ စကားများကလည်း စိတ်ဝင်စားဖွယ် ကောင်းနေရပြန်၏။

"အဘလည်း လူကလေး ပြောသို တိုက်ဆိုင်သွားတာဖြစ်မှာပါလို့ ပထမတော့ ထင်မိတယ်၊ အဲဒီနောက်ပိုင်းမှာ အဘဟာ ကိုယ်သိချင်တဲ့ အကြောင်းအရာမှန်သမျှကို ဂမုန်းပျံ ဆေးမြစ်ကလေး အစွမ်းကို သုံးပြီးတခြားသူတွေထက် ကြိုပြီး သိခွင့်ရလာခဲ့တယ်၊ တစ်ခါက အဘနဲ့ အပေါင်း အသင်းတစ်စု အမဲပစ်သွားဖို့ စီစဉ်ကြတယ်၊ အဘလည်း ဘာ တွေဖြစ်မလည်းဆိုတာကို ဂမုန်းပျံ ဆေးမြစ်အစွမ်းနဲ့ ကြိုပြီး သိခွင့်ရအောင်လုပ်ခဲ့တယ်၊ အိပ်မက်နိုး ရော အပေါင်းအသင်းတွေကို 'တို့ ဒီနေ့ ပြောင်ကြီးနဲ့ တွေ့မယ်လို့ပြောလိုက်တယ်' အဘစကားကို သူတို့က မယုံကြဘူး၊ သူတို့မှန်းထားတာ သတ္တဝါငယ်ကလေးတွေလောက်ပဲ မှန်းထားတာ၊ အားလုံး တောထဲကို ဒူးလေးကိုယ်စီနဲ့ ဝင်ကြမှာ၊ သူငယ်ချင်းတစ်ယောက်စီမှာတော့ တူမီးသေနတ် တစ်လက်ရှိတယ်၊ တကယ်လို့သာ 'ပြောင်' နဲ့တွေ့ခဲ့မယ်ဆိုရင် အဘတို့ ယူသွားတဲ့ ဒူးလေးက ထိရောက်မှုရှိမှာ မဟုတ်ဘူး၊ ဒါကြောင့် အဘက တူမီးယူခဲ့ဖို့ တိုက်တွန်းလိုက်တယ်၊ သူတို့က အဘစကားကို မယုံပေမဲ့ လိုရမယ်

ရ ဆိုပြီး တူမီးကို ယူခဲ့ဖို့ သဘော
တူလိုက်တယ်၊ ဒီလိုနဲ့ တောထဲ
ဝင်ခဲ့တယ်ဆိုပါတော့၊ အံ့ဩစရာ
ကောင်းတယ် ငါလူရေ၊ တကယ်
ကို 'ပြောင်' ကြီးနဲ့ တည့်တည့် သွား
တိုးတယ်၊ ပြောင်ကြီးက သင်းကွဲ
ပြောင်ပြီး . . တွေ့တွေ့ခြင်းပဲ တူမီး
သမားက ချက်ကောင်းကို မှန်
အောင်ပစ်နိုင်ခဲ့တယ်၊ ဒါတောင်
ပြောင်ကြီးက မဖြုံချင်သေးဘူး၊ ဒူး
လေးတွေနဲ့ တရစပ်ဝိုင်းပစ်တော့မှ
ပဲ ကိစ္စချောသွားတော့တယ်၊ အဲဒီ
တော့မှ သူငယ်ချင်းတွေက မင်း
'ပြောင်ကြီး' နဲ့ တွေ့မယ်ဆိုတာ
ဘာဖြစ်လို့ ပြောနိုင်ရတာလည်း
တဲ့' အဘလည်း အလွယ်ပဲ ပြန်
ဖြေလိုက်တယ် 'စိတ်ထဲကထင်လို့
ပါကွာ' လို့ ဂမုန်းပျံဆေးမြစ်
ကလေးရဲ့ အစွမ်းကိုတော့ သူတို့
မသိအောင် လျှို့ထားလိုက်တယ်၊
အဲဒီနောက်ပိုင်းမှာ အဘဟာ
ဆေးမြစ်လေးအစွမ်းနဲ့ ဘယ်အချိန်
မှာ ဘာဖြစ်မယ်ဆိုတာကို ကြိုပြီး
ဟောကိန်းထုတ်နိုင်လာတယ်၊
အဘကြောင့်ပဲ၊ ရေကြီးမယ်ဆိုတာ
တို့၊ လေမုန်တိုင်းကျမယ်ဆိုတာ
တို့၊ တောင်ပြိုလိမ့်မယ်ဆိုတာတွေ
ကို ကြိုပြီးသိခဲ့တဲ့အတွက် တစ်ရွာ
လုံးအသက်အန္တရာယ်က ဝေးခဲ့ကြ
တယ်၊ မယုံတဲ့ သူတွေကတော့
သေကုန်ကြတာပေါ့လေ အဘိုးအို
၏ စကားက ဟုတ်မဟုတ်တော့
မသိ. . .။ ဆာဂျင်ဟံသာ အဖို့
တော့ နားထောင်လို့ ကောင်းလှ
၏။

"နောက်တော့ တစ်ရွာလုံး
က အဘရဲ့ စကားဆိုရင် မပယ်
ရှားဝံ့တော့ဘူး၊ အဘအနေ နဲ့လည်း
ဂမုန်းပျံအဖြစ်ကလေးရဲ့ အစွမ်းကို
သုံးပြီး ရပ်ရွာရဲ့ အကျိုးနဲ့ ကိုယ်ရဲ့
အကျိုးကို အချည်းအနှီးမဖြစ်
အောင် အသုံးချခဲ့တာ ဒီအသက်
အရွယ်ကို သုံးပြီးရပ်ရွာရဲ့ အကျိုး
နဲ့ ကိုယ့်ရဲ့အကျိုးကို အချည်းအနှီး





မဖြစ်အောင် အသုံးချခဲ့တာ
ဒီအသက်ဒီအရွယ်အထိပဲ ဆိုပါ
တော့၊ အခုအဘတို့လင်မယား
လည်း အသက်ကြီးနေကြပါပြီ၊
ဒီတစ်ခါရောဂါဖြစ်တာ သေပြီလို့
တောင်ထင်တာ၊ လူကလေးနဲ့
တွေ့လို့ အသက်ရှင်ခဲ့တာပဲ
ဆိုပါတော့၊ ဒါကြောင့် အဘတို့
လင်မယားနှစ်ယောက်တိုင်ပင်ပြီး၊
လူကလေးကို ကျေးဇူးဆပ်တဲ့
အနေနဲ့ နှစ်ပေါင်းများစွာ လျှို့ဝှက်
ထားခဲ့တဲ့ ဒီဆေးမြစ်ကလေးကို
ပေးခဲ့တာပဲ၊ လူကလေး အနေနဲ့
သာ အကျိုးရှိအောင် အသုံးချ
တက်ဖို့ပဲ လိုတယ်။ အဘတို့က
နေရနောက် (၁/၂) နှစ်ပေါ့၊
ဒီပစ္စည်းလေးကို သေရွာကိုလည်း
ယူမသွားချင်ဘူး၊ ဒါကြောင့် လူက
လေးကို ပေးရတာပဲ. . ."

အဘိုးအို၏ စကားက ဆုံး
သွားလေပြီ . . .။ ထူးခြားဆန်း
ကြယ်သည်ဆိုသော ဂမုန်းပျံ ဆေး
မြစ်ကလေးကား ဆာဂျင်ဟံသာ
၏ လက်ဝယ်တွင် ရောက်ရှိနေပြီ
ဖြစ်သည်၊ သို့သော်လည်း နား
လည်ရခက်နေဆဲ. . .။ အဘိုးအို
၏ စကားမှန် မမှန် သိစေရန်အ
တွက် လက်တွေ့စမ်းကြည့်မှ သာ
ဖြစ်မည်ဟု ဆာဂျင်ဟံသာ စဉ်း
စားမိ၏။ အဘိုးအိုကား ရွာထဲသို့
ဆင်းသွားပြီဖြစ်သည်။ ဆာဂျင်
ဟံသာအဖို့တော့ ဂမုန်းပျံဆေးမြစ်
ကလေးကိုကိုင်ကာ အတွေးပင်
လယ်ဝင်နေဆဲ. . .။ အချိန်
အတန်ငယ်ကြာသော်မိမိနှင့် အတူ
တူ တည်းခိုလျှက်ရှိသော ဂေါ်ရခါး
ရဲဘော် (၂) ယောက်ပြန် ရောက်
လာသောကြောင့် အတွေးစများ
ပျက်တောက်သွားရလေတော့
သတည်း။

× × × × ×

စာစု (၄)

ထိုနေ့ညမှာပင် ဆာဂျင့်ဟံသာသည် စမ်းသပ်မှုကို စတင်လိုက်လေ၏။ အဘိုးအို ပြောထားသည့် အတိုင်း ဂမုန်းပျံဆေးမြစ်ကလေးကို ရေနွေးပူပူထဲသို့ ထည့်လိုက်ရာ ညိုပုပ်ပုပ်အရည်များ အဖြစ် ပြောင်းလဲသွားသည်ကို တွေ့လိုက်ရလေ၏။ တစ်ဆက်တည်း ဆိုသလို ထိုအရည်များကို သောက်ချလိုက်ပြန်၏။ အရသာကပူရှိန်းရှိန်း ခပ်သက်သက်. .။ ချက် အရက်ပြင်းကို သောက်ရသည့် နှယ်. . တကယ် တော့ အရက်သောက်ရသည်နှင့်မခြား . .။ အချိန်ပိုင်းအတွင်းမှာပင် ဆာဂျင်ဟံသာ တစ်ယောက် အိပ်ပျော်ခြင်းကို ရောက်သွား၏။ စင်စစ်အိပ်နေသည်ဟုလည်း မဆိုနိုင် . . .။ မှန်၏. . .။ ဆာဂျင်ဟံသာတို့၏ တပ်ခွဲကလေး ဂျပန်တိုက်လေယာဉ်များ၏ တိုက် ခိုက်ခြင်းကို တောင်ကုန်းတစ်ခု အပေါ်တွင် အလူးအလဲခံလိုက်ရ၏။ မြင်ကွင်းက ထင်ထင်ရှားရှား ဂေါ်ရခါးစစ်သည်များ စစ်သေနတ်ကျည်ဆံများထိမှန်ကာ လဲပြိုကျနေသည်ကို ဆာဂျင်ဟံသာ နောက်ဆုံးမြင်လိုက်ရပြီး အိပ်ရာမှ လန့်နိုးသွား၏။ ဂမုန်းပျံလေး၏ အစွမ်းပြမှုက အဘိုးအို ပြောခဲ့သည့်အတိုင်းပင်ဖြစ်၏။ ဤသို့ဆိုလျှင် မိမိတို့၏ တပ်ခွဲကလေးသည် ဂျပန်လေယာဉ်များနှင့် ကြုံတွေ့ရပေတော့မည်။ ဆန်းကြယ်သောဖြစ်ရပ်ကြောင့် ဆာဂျင်ဟံသာ ဆက်မအိပ်နိုင်တော့. . .။ အိပ်မက်ဟုဆိုရသော်လည်း နဖူး တွေ့ဒူးတွေ့ကြုံလိုက်ရသည်နှယ် . . .။ သို့ဖြင့် ဆာဂျင်ဟံသာ တစ်ယောက်မျက်စိအကြောင်သားဖြင့် မိုးစင်စင်လင်းခဲ့တော့လေ၏။ ထိုနံနက်မှာပင် ဆာဂျင်ဟံသာတို့၏ တပ်ခွဲကလေးသည် ခပိန်ရွာ





ကလေးမှ ဆက်လက်၍ ဆုတ်ခွာခဲ့လေ၏။ ခပိန်ရွာသူကြီး၏ စကားအရဆိုပါက အိန္ဒိယနယ်စပ် သို့ ရောက်ရန် (၁၅) မိုင်ခန့်သာ ကွာဝေးတော့သည်ဟုဆို၏။ တစ်တောင်ဆင်း တစ်တောင် တက်ဖြင့် (၅) မိုင်ခန့်မျှ ခရီးပေါက် လာသောအခါ 'လူရှေတောင် တန်းများ အောက်ဘက်တွင်ရှိ သော 'ဆင်ဂူမြစ်များ' သို့ ရောက်ရှိလာလေ၏။ ထိုနေရာတွင် ကပ္ပတိန်မက္ကင်ဇီက (၁) နာရီခန့် အနားယူခွင့်ပေးသောကြောင့် ဆာဂျင်ဟံသာတို့၏ စစ်သည် များအား 'မကြာမီ အိန္ဒိယနယ်စပ် သို့ ရောက်တော့မည်ဖြစ်သည့် အတွက် စိတ်ပူပင်စရာ မရှိတော့ ကြောင်း၊ လက်ရှိအချိန်တွင်လည်း ဂျပန်များ လက်လှမ်းမမှီနိုင်သော အကွာအဝေးတွင် ရှိနေသော ကြောင့် အေးအေးလူလူ ဆက်လက်ချီတက်ရန်သာ ရှိတော့ကြောင်းကို ပြောကြားလေ၏။ ကပ္ပတိန်မက္ကဇင်၏ စကားကြောင့် တပ်ခွဲရှိစစ်သည်အားလုံးသည် စိတ်အေးလက်အေး ဖြစ်ကုန်ကြ သော်လည်း ဆာဂျင်ဟံသာ အဖို့ကား ဂမုန်းပျံဆေးမြစ်ကလေး၏ အစွမ်းကြောင့် မက်မြင်ခဲ့သော အိပ်မက်ခဲ့သော အိပ်မက်ပုံရိပ်များအတွက် ရတက်မအေးနိုင်အောင် ဖြစ်နေခဲ့လေသည်။ ဆာဂျင်ဟံသာအနေဖြင့် မိမိရရှိထားသော ဂမုန်းပျံ ဆေးမြစ်ကလေး၏ အစွမ်းနှင့် မက်မြင်ခဲ့သော အိပ်မက်ပုံရိပ်အကြောင်းကို ကပ္ပတိန် မက္ကင်ဇီတင်ပြလိုသော်လည်း အဘိုးအိုက ထိုဆေးမြစ်ကလေး၏ အစွမ်းထက်ပုံကို မည်သူကိုမှ မပြောရန် တားမြစ်ထားသောကြောင့်လည်းကောင်း၊ ဂမုန်းပျံဆေးမြစ်ကလေးအပေါ် သံသယဝင်နေသေးသောကြောင့်လည်းကောင်း စသည့်အချက်များကြောင့် တစ်စုံတစ်ယောက်ကိုမှ

ထုတ်ဖော်မပြောဆိုရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ မိမိကသာ ထိုဆေးမြစ်ကလေးအကြောင်းကို အများသိအောင် ပြောပြခဲ့လျှင်လည်း ပြက်ရယ်ပြုခြင်းသာ ခံရပေလိမ့်မည်ဟု ဆာဂျင်ဟံသာ စဉ်းစားမိ၏။ တကယ်တော့လည်း ဆာဂျင်ဟံသာ၏ ဘဝတွင် ဤမျှ ထူးခြားလှသည်ဆိုသော သိဒ္ဓိဝင် ဆေးမြစ်ကလေးနှင့် ခပိန်အဘိုးအို ကြုံတွေ့ခဲ့ရသည်ဖြစ်ရပ်ဆန်းများကို နားထောင်ရသည်မှာ ပထမဦးဆုံး အကြိမ်ဟုပင်ဆိုရပေမည်။ သို့သော်လည်း ကိုယ်တွေ့မကြုံရသေးသောကြောင့် ဆာဂျင်ဟံသာ၏ စိတ်ထဲတွင် မှားသည် မှန်သည်ကို ခွဲခြား၍ မရရှိနေခဲ့၏။ ထို့ကြောင့်လည်း အင်္ကျီအိတ်ထဲတွင်ထည့်ထားသော ဂမုန်းပုံ ဆေးမြစ်ကလေးကို ဆေးသေတ္တာထဲသို့ထည့်သွင်းကာ ပင်ပမ်းသမျှ အတိုးချကာ အနားယူလိုက်တော့လေသတည်း။

× × × × ×

စာစု (၅)

ဆာဂျင်ဟံသာတို့၏ တ ခွဲကလေး ဆက်လက်ခရီးထွ လာချိန်တွင်ကား မွန်းလွဲ (၂) ရီခန့်ပင်ရှိနေပြီဖြစ်သည်။ ထပ်မံ (၁) မိုင်ခန့် ခရီးပေါက်လာသေ အချိန်တွင်ကား တောင်ကုန်းတစ် ဆီသို့ ဆိုက်ရောက်လာလေ ထို တောင်ကုန်းကလေး ဖြစ် သော ကြောင့်တည်း။ အိပ်မက် ရိပ်အရ ဆိုပါက ထိုတောင်ကု ပေါ်တွင် ချီ တက်နေခိုက် ဂျပ တိုက်လေယာဉ် တို့၏ ချေမှုန်းခြ ကို ခံရမည်ဖြစ်သည်။ တော ကုန်းကလေးပေါ် တွင် ကားပုပြ ပြတ် ချုံပုတ်ကလေးရှိနေပြီး တောင်ကုန်းကလေးကို ကျေ ဖြတ်ပြီးပါက ပေအတန်ငယ်မြ သော တောင်တန်း တစ်ခု





အခြေသို့ ရောက်ရှိမည် ဖြစ်သည်။ တပ်ခွဲတစ်ခုလုံးရှိ စစ်သည်များ အားလုံး တောင်ကုန်း ကလေးကို ဖြတ်တင်ဖြတ် သန်းနေပြီ ဖြစ်၏ ဆာဂျင်ဟံသာကတော့ စိုးရိမ်ထိတ်ထိတ်ဖြစ်နေလျှက်. . .။ မျက်လုံး အစုံက ကောင်းကင်ပေါ်သို့ လည်တဆန့်ဆန့်. . .။ သို့သော် အချိန်ပိုင်းအတွင်းမှာပင် ဆာဂျင်ဟံသာ၏ အိပ်မက်ပုံရိပ် အပ်လုံး ပေါ်လာခဲ့ချေပြီ. . .။

"လေယာဉ်ပျံ . . ဆပ်. . လေယာဉ်ပျံ . . ဆပ်. ."

"နေရာယူ . . ."

"ဝုန်း . . . ဝုန်း. . . ."

"ဒက်. . . ဒက်. . ဒက်. ဒက်. . ဒက်. ."

ဂျပန်ဘုရင့်တပ်မတော် ၏ နာမည်ကျော် ဇီးရိုး (Zero) တိုက်လေယာဉ် သုံးစင်း 'လူရှေ့တောင်ကုန်း' ပေါ်ရှိ တိမ်တိုက်များကြားမှ ရုတ်တရက် ထွက်ပေါ်လာကာ၊ အကာအကွယ်ကင်းနေသော ဆာဂျင်ဟံသာတို့၏ တပ်ခွဲကလေး အပေါ်သို့ ဗုံးမိုးရွာချလိုက်၏။ တစ်ဆက်တည်းဆိုသလို စက်သေနတ်ဖြင့် တရစပ် မွှေရမ်းလိုက်ပြန်၏။ ရုတ်တရက် အငိုက်မိသွားသောကြောင့် ဗုံးဆန်နှင့် စက်သေနတ်ကျည်ဆန်များ အောက်တွင် စစ်သည်များ အရုပ်ကြိုးပြတ်ပုံလဲကျကုန်ကြ၏။ တပ်ခွဲကလေး ဖရိုဖရဲ ဖြစ်သွားခဲ့ချေပြီ . . .။ ဂျပန်တိုက်လေယာဉ်များကား ရုတ်ခြည်းဆိုလို တိမ်တိုက်များ အတွင်းသို့ တိုးဝင် ပျောက်ကွယ်သွားပြီဖြစ်သည်။ ဗုံးဒဏ်စစ်သေနတ်ဒဏ်များကြောင့် အတုံးအရုံးဖြစ်ကုန်သော စစ် သည်များကို ကပ္ပတိန်မတ္တင်ဇီက ကျည်ကွယ်မျက်ကွယ် နေရာဖြစ် သည့် တောင်ခြေရင်းသို့ အမြန် ရွှေ့ပြောင်းစေကာ ဆေးဝါးကုသမှုများ ပြုလုပ်စေ၏။ ကံကောင်း ထောက်မစွာဖြင့်

ဆာဂျင်ဟံသာ တစ်ယောက် ရန်သ
ကျည်မသင့်လိုက်. . ။ သို့သော်
အကူဆေးရဲ ဘော်ကမူ ကံဆိုးသူ
စာရင်းတွင် ပါသွားလေ၏။
ထို့ကြောင့် စစ် သည်တစ်ယောက်
ကို အဖော်ပြုကာ ဆေးဝါးကု
သမှုများကို ဆက်တိုက်လုပ်လိုက်
၏။ စစ်သည် (၅) ဦး ကျဆုံးကာ
(၁၀) ဦးကဒဏ် ရာအပြင်းအထန်
ရရှိသွား၏။ မျှော်လင့်မထားသည့်
ဖြစ်ရပ်ကြောင့် ကပ္ပတိန် မက္ကင်ဇီ
သည် အကြီး အကျယ်စိတ်ဓာတ်
ကျသွား၏။ သူ၏ရဲဘော်များ
အတွက် ယူကျုံးမရဖြစ်နေ
လျှက်၊ သို့တစေ ဆာဂျင် ဟံသာက
တော့ ဂမုန်းပျံဆေးမြစ် ကလေး၏
အစွမ်းကို ကိုယ်တွေ့ ကြုံလိုက်ရပြီ
ဖြစ်လေသည်။ တကယ်တော့ ဂမုန်း
ပျံဆေးမြစ် ကလေး၏ အစွမ်းသည်
တိုက်ဆိုင် မှု မဟုတ်ပဲ 'အနာဂတ်
ကာလကို အိပ်မက်နယ်ပယ်တွင်
အမှန်ပင် ဖော်ပြပေးကြောင်းကို
ရိပ်စားမိ လိုက်ပြီဖြစ်၏။
ထို့ကြောင့် ခမိန်အဘိုးအိုပေး အပ်…
စဉ်ကတည်းက အလေးအနက်မ…
ထားခဲ့သော ဂမုန်းပျံဆေးမြစ်က…
လေးကို ကိုယ် နှင့်မကွာ သိမ်းထား…
ရန် ဆုံးဖြတ်ချက်ချလိုက်၏။ သို့ဖြ…
ဆေးဝါးကုသမှုများ ပြီးစီးသည်နှ…
တစ်ပြိုင်နက် ဆေးသေတ္တ…
အတွင်း၌ ထည့်သွင်းထားသော…
ဂမုန်းပျံ ဆေးမြစ် ကလေးကို…
ရှာလိုက်၏။ ကုသမှုများ ပြီးစီ…
သည်နှင့် တစ်ပြိုင်နက် ဆေးသေ…
တ္တာ အတွင်း၌ ထည့်သွင်းထား…
သော ဂမုန်းပျံဆေးမြစ်ကလေးကို…
ရှာလိုက်၏။ ဆေးမြစ်ကလေး သို့…
ပေါက်ကာ ပုန်းလျှိုးနေသည်ထ…
၏။ ဆေးပစ္စည်းများအတွင်းထဲ…
လှန်လျှော၍ ရှာသည့်တိုင်အော…
မတွေ့ပဲ ပျောက်ချက်သားကော…
နေ၏။ ဆာဂျင်ဟံသာ ရင်ခုန်သွ…
၏ လက်များပင် တုန်ယင်လ…
သလို. . . ။ ရှာရင်း ဖွေရင်း တွေ့…





ရင်းဖြင့် တစ်စုံတစ်ယောက်ကို ပြေး
မြင်လိုက်၏။ မှန်၏ ကျဆုံးသွား
သော ဆေးရဲဘော်နေရာတွင်
အစားထိုးထားသော ဂေါ်ရခါးစစ်
သားလေးကိုပင်ဖြစ်၏။ ဤဆေး
သေတ္တာကို မိမိတို့နှစ်ယောက်သာ
လျှင် ကိုင်တွယ်သုံးစွဲခဲ့လေ၏။
ထိုရဲဘော်ကလေးကိုပင် မေးရပေ
တော့မည်။

"ရဲဘော်လေး. . ဆေး
သေတ္တာထဲမှာ ထည့်ထားတဲ့ လက်မ
လောက်သစ်မြစ်လေး မတွေ့မိ
ဘူးလား. ."

"တွေ့မိပါတယ် ဆာဂျင်"

ရဲဘော်လေး၏ အဖြေ
ကြောင့် ဆာဂျင်ဟံသာဝမ်းသာ
သွား၏။ နောက်နောင်ကာလ
များတွင် ဤဆေးမြစ်ကလေးသည်
မိမိကို များစွာ အကျိုးပြုတော့
မည်ဖြစ်၏။ သို့သော်လည်း
ဂေါ်ရခါး ကလေး၏ နောက်ဆက်
တွဲ ပြောစကားကြောင့် ဆာဂျင့်
ဟံသာပျက်ကလဲ ဆန်ပျာဖြစ်
သွား၏။

"ဆေးပစ္စည်းတွေထဲမှာ
ရှုပ်နေတယ်ထင်လို့ လွှင့်ပစ်လိုက်
တယ် ဆပ်. . ."

"ဘယ်. . . ဘယ်နေရာ
ကို လွှင့်ပစ်လိုက်တာလည်း ရဲ
ဘော်. ."

ဆာဂျင်ဟံသာ၏ စကား
က အထစ်ထစ်အငေါ့ငေါ့. . ။ သို့
တစေ ဂေါ်ရခါးရဲဘော်ကတော့
လေသံအေးအေး. . . ။

"နေရာကို အတိအကျ
မသိတော့ဘူးဆပ်. . ဒါပေမဲ့ အိန္ဒိ
ယမှာ ချင်းပင်တွေ ပေါပါတယ်
ဆာဂျင်ရာ. . ."

ဆာဂျင်ဟံသာ၏ ကံဆိုး
ပုံက ဂမုန်းပျံဆေးမြစ်လေး ကို ချင်း
တက်အမှတ်ဖြင့် ဂေါ်ရခါး ရဲဘော်
က ကိစ္စတုံး ပေးလိုက် ပြီဖြစ်သည်။
ဆာဂျင်ဟံသာအဖို့ ဤမျှချုံနွယ်
ပိတ်ပေါင်းများ ထူထပ်လှသော

နေရာတွင် လက်မ ခန့်သာရှိသော ဆေးမြစ်ကလေးကို မည်သို့ရှာနိုင်တော့မည်နည်း၊ ကပ္ပတိန်မက္ကင်ဇီကလည်း တပ်ခွဲ ကလေးအားတပ်ခွဲ ကလေးအား ဆက် လက် ချီတက်ရန် အမိန့်ပေး နေပြီဖြစ်သည်။ အကယ်၍သာ ဆာဂျင်ဟံသာ လက်ဝယ်တွင် ဂမုန်းပျံဆေးမြစ်ကလေးရှိနေ ဦးမည်ဆိုပါလျှင် ဆာဂျင်ဟံသာသည် သာမန်သူတို့ထက်ဦးစွာ အနာဂတ်ကာလကို ပိုင်ဆိုင်ခွင့်ရရှိ တော့မည် မဟုတ်ပါလား . . ။

ငွေစိုး (ရွှေကြန့်မြေ)
၂ ပိဋကလမ်း၊ တိလောကရပ်ကွက်၊
ယောက်ကြုံမြို့၊ မင်္ဂလာဒုံမြို့နယ်။
၁၂/မဂ၃ (နိုင်) ၁၀၄၃၉၄

၂၂.၆.၂၀၀၅

ပြီတ်စာပေ



# သုံးဘဝ ဝဋ်ကြွေး

ဂန္ဓာရီမောင်မောင်

အင်္ဂပူခရိုင်အတွင်းရှိ စော ပြာရွာလေးသည် နံနက်အရုဏ်မိုး သောက်သည်နှင့် သက်ဝင်လှုပ်ရှား လာသည်။ ဦးသူတော်သည် ဘုရား ဝတ်ပြုပြီးနောက် မြူနှင်းတွေကြားမှ ဒီနေ့ရောက်ရှိလာမည့် သူရင်းငှား မောင်လူအေးအား စောင့်မျှော် နေမိသည်။ အမယ်ကြီး မရှိတော့ ချိန်တွင် ဦးသူတော်တစ်ယောက် တည်း အထီးကျန်စွာ ဘဝအခ များ ဖြတ်သန်းနေရတော့၏။ သူ တွင် သာသမီး ရတနာ မထွန်းက ခဲ့ချေ။

မောင်လူအေး

ခြံဝိုင်းပေါက်မှ လူရွ (၁၇)နှစ်(၁၈)နှစ်လောက် ဖြူ သွယ်သွယ်တစ်ယောက် တော ကြည့်မြော့က်ကြည့်ကြည့်ရာမှ မိ ကိုမြင်သွားပြီး . . .

"အဘက ဦးသူတော်လ ခင်ဗျာ"

"အေးကွယ့် ဦးဘမော လွှတ်လိုက်မယ်ဆိုတဲ့ သူငယ်လာ

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွ တော် မောင်လူအေးပါ"

"ဝင်ခဲ့လေ အိမ်ထဲမှ စကားပြောကြရအောင်"

ဦးသူတော် မောင်လူအေ ကို မြင်လိုက်သည်နှင့် ရင်ထဲမှ မဖော်ပြတတ်အောင်ခံစားချက်တ





မျိုးခံစားလိုက်ရ၏။ သည်သူငယ် အား ရင်းနှီးသလိုပင်ရှိ၏။ မြင်မြင် ချင်း ချစ်ခင်သနားစိတ်တို့ ဝင်မိလေ သည်။ မောင်လူအေးလည်းထို နည်းတူတူခံစားရပါသည်။ အဘဦး သူတော်အားဖခင်ကြီးတစ် ယောက်လို သံယောဇဉ်ဖြစ်မိ သည်။

သူ၏ စိတ်ထဲက ဤအိမ် နေရာပတ်ဝန်းကျင်ဖြင့် မစိမ်းသလို ခံစားနေရသည်။ ကိုယ့်အိမ်ကိုယ့် ရာ ရောက်နေသလို စိတ်ထဲက ထင်မိသည်။ ဟုတ်တော့ ဟုတ်နေ ပြီဖြစ်၏။ ဘဝများကူးပြောင်းလာ သူများပါပေ။ အတိတ်ဘဝက ဆွေ မျိုးတော်စပ်ခဲ့ကြသူများပါပေ။ မ တော်စပ်ခဲ့ဘူးသည့်သူ မရှိဟု မြတ် ဗုဒ္ဓဘုရားရှင်က ဟောကြားခဲ့ပေ သည်။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကောင်းမှုကု သိုလ်များ ပြုလုပ်ကြသည်။ နိဗ္ဗာန် ရောက်ကြောင်း တရားအားထုတ် ကြသည်။ ပြုသူအသစ်ဖြစ် သူ အဟောင်းဆိုသည်။ သံသရာဘဝ များ လည်ပတ်ရင်း ဝဋ်ကြွေးဆပ် ရစမြဲသာတည်း။

တကယ် တရားအသိနှင့် လောကကြီးကို ကြည့်ပါက မြင် လာပါလိမ့်မည်။ ဖြစ်လိုက်ပျက် လိုက် မဆုံးနိုင်တော့ပေ။ ဦးသူ တော်အတွေးစဖြတ်ကာ မောင်လူ အေးကို နေရာထိုင်ခင်းပေးသည်။ ဦးသူတော်၏ လယ်ယာများကို မောင်လူအေးလုပ်ကိုင်ရမည်ဖြစ်၏။ ထွက်ရှိသည့်စပါးပေါ် တည်၍ အခ ပေးရပေမည်။

မောင်လူအေးသည် လူက ဖြူနွဲ့သလောက် မညည်းမညူလုပ် နိုင်သည်။ နံနက်ဆို ထင်းပေါက်၊ ရေခွဲကာ သရေစာအတွက် ချက် ခဲ့သည်။ ဘုရားဆွမ်း၊ ရေချမ်း၊ ဆီ မီးကပ်လှူပူဇော်ပြီးမှ ထွက်သွား

တတ်သည်။ နေ့လယ် နားချိန်တွင်
နွားများကို လွှန်ထားခဲ့ပြီး အိမ်ပြန်
လာကာ ချက်ပြုတ်သည်။

ဆွမ်းကပ်လှူပြီးမှ ဦးသူ
တော်အတွက် ခူးခပ်ကျွေးသည်။
သူ ဘယ်တော့မှ ဝင်မစားချေ။ အ
နားမှ ယပ်ခပ်ကာ လိုသည်ကို ဖြည့်
ဆည်းပေးတက်သည်။ အဖန်ရည်
ငှဲ့ပေး၏။ ဦးသူတော် ပီတိဖြာမိ
သည်။ သွားလေသူ အမယ်ကြီးသာ
ရှိလျှင် မည်မျှ ဝမ်းသာလိုက်မည်
မသိချေ။ ဝမ်းမနာသားလေး သ
ဖွယ်ချစ်ရှာပေမည် မလွဲချေ။ မောင်
လူအေးမှာ အလုပ်နှင့် မပြတ်
အောင် အလုပ်အကျွေး ပြုနေတော့
သည်။

× × × × ×

**အတိတ်ဘဝတုန်းက**

အချိန်တွေက အလီလီ
ပြောင်းလာခဲ့သည်။ နေ့ရက်များစွာ
ကြွေကျသွားကာ လများတိုင်ခဲ့
ပြီ။ ဦးသူတော်နှင့် မောင်လူ
တို့ သံယောဇဉ်က သားအဖသဖွ
ခိုင်မြဲချည်နှောင်ထားတော့သ
ဦးသူတော်က မောင်လူအေး
ရှားလုပ်သမျှကို တစိမ့်စိမ့်ကြည့်
တတ်မြဲ ဖြစ်၏။ တစ်နေ့တော့
ခြားလာသည်။ မောင်လူအေး
မျက်နှာမကောင်းလှပေ ပါးစပ်
လည်း တတွတ်တွတ် ဘာတွေ
နေပြောနေမှန်းဝေးနေ၍ မသိ
ခဲ့ပေ။

တစ်ခါက လေတွင် လ
ညှိုးလေး ထိုးကာ မျက်ရည်များ
ဝဲနေသည်ကို တွေ့မြင်ရသည်။ မော
လူအေးအဖြစ်ကို ဦးသူတော် ကြ
မနေရက်တော့ပေ။ ဖခင်သဖွ
ဖြစ်နေပြီမို့ ခေါ်ယူမေးမြန်မိတေ
သည်။ ခေါ်ယူမေးမိပါမှ မော
လူအေးတားမနိုင်ဆီးမနိုင်အော
မျက်ရည်တွင်တွင်ကျတော့၏





“မပြောပါရစေနဲ့ အဘရယ်” ဟု
ဆိုသည်။ ဦးသူတော်စိတ်ထဲ ထင့်
သွား၏။

ငါ့အပေါ် မောင်လူအေး
မကောင်းကြံစည်နေပြီလားဟု စိတ်
နှိုင်းဖြစ်ရပြန်သည်။ မကောင်းကြံ
စည်စရာ မလိုပါချေ။ မိမိ၏ ရင်မှ
သားရင်းသဖွယ် ဖြစ်နေပြီမို့ မောင်
လူအေးအား ရှိသမျှ စည်းစိမ်တွေ
ပ်ကာပေးဖို့ပင် စိတ်ကူးထားသည်။
မိမိမှာ အသက်အရွယ်ထောက်
လာပြီမို့ တရားဓမ္မနှင့်သာပျော်မွေ့
မိပါသည်။ မောင်လူအေးအား “မင်း
မပြောရင်တော့ ငါ့အိမ်ဝိုင်းက ထွက်
သွားပေတော့” ဟု မိမိပြောသည့်
အခါမောင်လူအေးက “ကျွန်တော်
ဖွင့်ပြောပါ့မယ် ဒါပေမယ့် ဝဋ်ကြွေး
ကျေသွားပါပြီလို့ သုံးကြိမ်သုံးခါ
ခေါ်ပြီး သာဓုခေါ်ပေးပါနော်”

“အေးပါ လူလေးရယ်
အဘသာဓုခေါ်ပေးပါ့မယ်”

ဦးသူတော်သည် နုပျိုသန်
မာသော လယ်သမားတစ်ဦးဖြစ်
သည်။ ဇနီးမယားဒေါ်သူဇာနှင့် နှစ်
ဦးသား ဘဝထူထောင်ပေါင်းဖက် ခဲ့
ကြသည်။ သားသမီး မထွန်းကား
ချေ။ လယ်သမားဘဝမို့ မချောင်
လည်ချေ။ သူတစ်ပါး ခိုင်းနွားကို
ငှား၍ လယ်လုပ်ရသည်။ မိမိတို့
ဝမ်းစာအတွက် ပင် အနိုင်နိုင်စား
သောက်ရသည့် ဘဝအချိန်မို့ ကြိုး
စား၍ လုပ်ကိုင်ရသည်။

လယ်ယာထွန်ယက်စိုက်ပျိုး
ပြီးချိန်တွင် ယာခုတ်၊ တောထဲဝင်
ကာ ဝါးခုတ်ရသည်။ ကိုင်းရှင်းကာ
လုပ်ကိုင်ရသည်။ နားချိန်ပင် သိပ်
မရှိလှချေ။ ဒေါ်သူဇာအတွက် အ
ဖော်က မခေါ်ဘဲရောက်လာခဲ့လေ
သည်။ ကြောင်ပေါက်ကလေးတစ်
ကောင် ဖြစ်၏။ အထီးလေးမို့ ဖိုးဖြူ
ဟု မှည့်ခဲ့ပေသည်။

ကြောင်ကလေးဖိုးဖြူ

သည် လိမ္မာလှ၏။ အမယ်ကြီးအား အိပ်နေလှဲနေပါက နှိပ်နယ်ပေးတတ်၏။ အိပ်လျှင်လည်း အမယ်ကြီး၏ ခြေထောက်ရင်းမှာပင် အိပ်၏။ အစာခိုးမစားတတ်ပေ။ ကျွေးမှစားသည်။ တစ်ခါတစ်ရံ ဆန်ရှိပြီး စားသောက်ရန် ဟင်းစားမရှိသည့်အခါ ကြောင်လေးဖိုးဖြူ ပျောက်သွားသည်။

သိပ်မကြာပါချေ။ သူ၏ ပါးစပ်ထဲတွင် ငါး သို့မဟုတ် ငှက်စသည်ဖြင့် ကိုက်ချီလာတတ်သည်။ အမယ်ကြီးရှေ့ချကာ ပေးသည်။ ဟင်းစားရှာပေးခြင်းပေတည်း။ အမယ်ကြီး နေထိုင်မကောင်းဖြစ်နေပါက ဆေးဝါးထားရာ ဆေးများကို ပါးစပ်ဖြင့် ကိုက်ချီယူပေးခဲ့၏။ ဖိုးဖြူကလေးအား အမယ်ကြီးက သားသဖွယ်တွယ်တာနေခဲ့ပေသည်။

တစ်နေ့တော့ ဖိုးဖြူလေး ဟင်းစားရှာရန် လယ်ထဲဆင်းခဲ့ရာမှ မြွေဆိုး၊ မြွေဟောက်နှင့် ... တော့သည်။ မြွေပေါက်ခံရပြီး ... သို့ပြန်လာသည်။ အမယ်ကြီး... နေကျနေရာလေးတွင် ခွေခွေ... အသက်ပျောက်နေခဲ့သည်။ ... ရင်သွေးဖြစ်သော ဖိုးဖြူလေး... ကောင်းမွန်စွာ မြှုပ်နှံခဲ့ပါ၏။ အ... ကြီးမှာတော့ မျက်ရည်နှင့် မျ... ခွက်ဖြစ်ရရှာတော့သည်။ အ... ခွက်ကလေးထဲ အစာထည့်... ကျွေးနေဆဲပါပေ။

ခွေးကလေးဘဝ

နှစ်တွေလည်း ကြာခဲ့... ပြီ။ ဖိုးဖြူလေးမရှိသည့်နောက်... ခွေးကလေးတစ်ကောင် မိမိနော... က တကောက်ကောက်လိုက်... ၍ အိမ်ခေါ်လာခဲ့၏။ အမယ်... တစ်ယောက်တည်း အိမ်မှာကျ... သည်မို့ အဖော်ဖြစ်စေရန် ခေါ်... ခြင်းပါပေ။ ခွေးကလေးကို တေ... ကောက်ရဟု အမည်မှည့်ခဲ့သည်...





ခွေးကလေး ကောက်ရ ရောက်ရှိလာချိန်တွင် မိမိတို့ ချောင်သည်နေပြီဖြစ်၏။ ကိုယ်ပိုင်နွားတစ်ရှူးပင် ပိုင်ဆိုင်နေတော့သည်။ ကောက်ရလေးသည် အိမ်ဝိုင်းထဲကြက်ငှက်ပင် အဝင်မခံချေ။ တဝုတ်ဝုတ်နှင့် မောင်းထုတ်တတ်၏။ အစာခွက်ကိုလည်း သန့်ပြန့်မှ စားသည်။ ထူးဆန်းသည်မှာ သတ်သတ်လွတ်စားခြင်းပေတည်း၊ သူ့အား သားငါးဖြင့်ကျွေးမိပါက မစားတော့ချေ။ အငတ်ခံကာနေသည်။ တီအီအီဖြင့် ခွေနေတော့သည်။ ဆီနှင့် ဆားနှင့်နယ်ကျွေးပါမှ စားတော့သည်။ တခြားသတ်သတ်လွတ်ဟင်းများပင် မစားချေ။ မိမိလယ်ယာထဲ ထွက်သွားသည်နှင့် အိမ်ရှေ့ဝက မခွာတော့ဘဲ အိမ်ဝိုင်းကို စောင့်ရှောက်တော့သည်။

အမယ်ကြီးကတော့ တစ်ယောက်တည်းအဖော်မရှိသည်မို့ ကောက်ရလေးကိုပင် အဖော်ပြုနေရသည်။ အမယ်ကြီး ထမင်းဟင်းချက်သည့်အခါ ထင်းစသစ်ကိုင်းစများ ပါးစပ်ဖြင့် ကိုက်ချီလာကာ ရှာပေးတတ်၏။ ပြုပြီးသောအခါ အိမ်ဝိုင်းပေါက်ဝကို အလွတ်မပေးဘဲ နေတော့သည်။ တစ်ယောက်ယောက်ဝင်လာပါက တဝုတ်ဝုတ်ဟောင်ကာ အသံပြုတတ်သည်။

မျက်နှာစိမ်းဆိုပါက အဆက်မပြတ်ထိုးဟောင်သည်။ အိမ်ဝိုင်းထဲအဝင်မခံချေ။ အမယ်ကြီးက ဟန့်တားမှ အဟောင်ရပ်ကာ အဝင်ခံသည်။ အဝင်ခံသော်လည်း အမယ်ကြီးနားက မခွာဘဲစောင့်သည်။ စကားများပါက မာန်ဖီကာ ပြုသူအား ကိုက်ရန်ပြုပေသည်။ အကြောင်းသိသော ရွာသားများက အိမ်ဝိုင်းထဲဝင်ရန် အသံပြုတတ်သည်။ သူများတွေကျွေးတာလည်း ကောက်ရ မစားပါချေ။

မိမိတို့ အိမ်ဝိုင်းသည် ကောက်ရရှိ၍ လုံခြုံလှပေသည်။ ကောက်ရလေးမှ ကောက်ရကြီး ဖြစ်လာသည်။ ညအချိန်ဆို ခြံဝင်း ထဲမှာ ကင်းစောင့်ပေးသည်။ နွား များအသံကြားပါက တင်းကုပ် ဘက်ပြေးကာ လှည့်ပတ်ကြည့် တတ်၏။ မိမိတို့ရွာတွင် နွားသူခိုး များ ဝင်ခိုးတတ်၏။ အနောက်ရိုးမ တောစပ်နှင့်နီးသည်မို့ ဟင်းကောင် (ကျား)ကလည်း ရွာထဲဝင်တတ် ကာ ကျွဲနွားများကို ဆွဲတတ်၏။ ကောက်ရကတော့ မမှုပါချေ။

ညတစ်ညကတော့ မှတ်မှတ်ရရရှိသည့်ညပါပေ။ နွားများ အော်သံကြား၍ ကောက်ရ တင်းကုပ်ရှိရာ တစ်ဟုတ်ထိုးပြေးသွားခဲ့ သည်။ဟင်းကောင် (ကျား)အိမ်ဝိုင်း ထဲ ဝင်ရောက်ကာ နွားများဆွဲရန် ပြုနေသည်ကို ကောက်ရတွေ့ သည် နှင့်မာန်ဖီကာ ဟင်းကောင်ကြီးအား

အားမတန်ပေမည့် ဝင်ကိုက်ေ သည်။

နွားများက ဝရုန်းသုန်းဓ ဖြစ်နေတော့သည်။ ဟင်းကော ကိုက်ဆွဲချီရန် အခွင့်မသာတော့ ကောက်ရအားသာ ပြန်လည်တုံ့ ရတော့သည်။ ဟင်းကောင်၏ ထောက်ကို ကိုက်ငုံထားသ ဟင်းကောင်က သူ့ရှေ့လက်ဖြ ပုတ်ကာ ဖယ်သည်။ ကောက်ရမှ အရေခွံဆုတ်ပြဲရုံမက အသားထ များပင် ထွက်ရ၏။ မိမိဒဏ်ရာ မမှုဘဲ ဟင်းကောင်အား ခုန်အု ကာ ခါးကိုကိုက်ပြန်၏။

အိမ်ဝိုင်းထဲတွင် သွေးမျာ ဖြင့် ချင်းချင်းနီသွားတော့၏ နောက်ဆုံးအင်အားကြီးသူကသ နိုင်သွားခဲ့လေသည်။ ဦးသူတော် ရားဆွဲကာ ရောက်လာတော့ ဟင် ကောင်မရှိတော့ချေ။ ကောက်ရမှ တော့ သွေးအိုင်ထဲ အသက်ငွေ့ငွေ့





သာရှိတော့လေ၏။ နွားများက တော့ ဘာမှမဖြစ်ခဲ့ချေ။ ကောက်ရ ကယ်လိုက်ခြင်းပေတည်း။

နွားတစ်ကောင်၏ တန်ဖိုး ငွေမှာ မသေးလှချေ။ နွားတစ် ကောင်ပြန်ဝယ်ဖို့ပင် မလွယ်လှချေ။ အခုတော့ နွားမဆုံးရှုံးဘဲ ကောက် ရလေးကို ဆုံးရှုံးရတော့မည်ဖြစ်၏။ ကောက်ရသည်မျက်ရည်များစီးကျ လာကာ ကြည့်နေရှာသည်။ ဝေဒ နာပြင်းစွာ ခံစားရဟန်တူ၏။ မိမိ အား စိုက်ကြည့်ကာ အသက်ထွက် သွားတော့သည်။

× × × × ×

## ဝဋ်ကြွေးကျေပြီ အဘနော်

မောင်လူအေးသည် သူ ၏ဖြစ်စဉ်ဘဝကို ပြန်လည်ပြောပြ ခဲ့နိုင်သည်။ သူကြောင်လေးဘဝ၊ ခွေးကောက်ရဘဝတုန်းက နေရာ တွင်ပင် ပြနိုင်သည်။ သူ့အား အစာ ကျွေးခဲ့သည်နေရာ၊ အိပ်ခဲ့သည့် နေ ရာများပင် မှတ်မိနေခဲ့သည်။ ဦးသူ တော်မှာ အတိတ်ကို မြင်ယောင် ကာ မောင်လူအေးအား ပွေ့ဖက် ကာ မျက်ရည်ကျရတော့၏။

ဝဋ်ကြွေးများတင်ခဲ့သည် ကို သုံးဘဝတိုင်အောင် ဆပ်ခဲ့သော မောင်လူအေးအား ဝဋ်ကြွေးများ ကျေသွားပါပြီကွယ်ဟု သုံးကြိမ်သုံး ခါဆိုသည့်အခါတွင် အသံများ တုန် ယင်လိုက်မောစွာရှိရင် သာဓုသုံး ကြိမ်ဆိုသည့် အခါတွင်တော့ ဆို နင့်ရတော့သည်။ မောင်လူအေးက ဘုရားစင်ရှေ့က ကြေးစည်လေးကို ထုကာနေသည်။

မောင်လူအေးက အဘဦး သူတော်အား ကန်တော့ပြီး ကျွန်တော် ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါဟုဆိုကာ ဦးသူတော် အိမ်မှ ထွက်ခွာရန်ပြင်ဆင်တော့ သည်။ ဦးသူတော်က မောင်လူအေး

အား မွေးစားသားအဖြစ် စာချုပ်ချုပ်ဆိုကာ အမွေများ လွှဲပေးမည်ထွက်မသွားပါနဲ့ သားရယ်ဟု တားသော်လည်း မောင်လူအေးက ဝင့်ကြွေးဆပ်ရန် ကုန်ပြီမို့သွားတော့မည်ဖြစ်၏။ တားဆီးမရ၍ ဦးသူတော်မတားတော့ပေ။

ဦးသူတော်နှင့် မောင်လူအေးတို့ နှစ်ဦးသားခေါင်းချင်းဆိုင် တိုင်ပင်ကာလယ်ယာနွားများကအစ ပိုင်ဆိုင်သမျှရောင်းချသည်။ အိမ်ကြီးမှာ ချက်ချင်းရောင်းမရ၍ ရွာသူကြီးထံ အပ်နှံထားခဲ့၏။ ရောင်းချ၍ ရရှိသော ငွေသားတစ်ဝက်ကို ရွာဦးက ဘုန်းတော်ကြီးထံလှူဒါန်းခဲ့သည်။ ဦးသူတော်နှင့် မောင်လူအေးတို့သည် လူသူအိပ်မောကျချိန်တွင် ရွာမှထွက်ခွာသွားလေတော့သည်။ ဝတ်ဖြူစင်ကြယ်ဖြင့် လူကြီးတစ်ယောက်နှင့် ယောဂီရောင်ဝတ်လူငယ်တစ်ဦးနှင့်တွေ့သူက[...] သည်။ ရွာတွင် ပြောစမှတ်တွ[...] သော ဦးသူတော်နှင့် မောင်လူ[...] တို့မှန်း သိကြပါလျှင် . . . .

× × × × ×

*ဂန္ဓာရီမောင်မေ[...]*

ဝန်ခံချက်။ ။ နန်ကသူလိုက်[...] တော်မြတ်မှ ပြောပြခဲ့သော[...] ဦးသူတော်ဦးမဲအား ကျေးဇူးတ[...] ရှိပါသည်။